ကမ္ဘာ့အလှဆုံး လူမှုရေးတရား
ဒါနဖြင့် သင့်ဘဝ တင့်တယ်လှပချမ်းသာကြွယ်ဝလာလိမ့်မည်

တင့်တယ်လှပ ချမ်းသာကြွယ်ဝရေး

# မြတ်ဒါန

ဒါနအကြောင်းသိကောင်းစရာ စာပဒေသာ

## ဒေါက်တာမင်းတင်မွန်

လူပေါင်းများစွာကို ချမ်းသာကြီးပွားစေပြီ



ဒုတိယအကြိမ်

အမှတ် ၂၂၈၅၈
ရက်စွဲ

- ကမ္ဘာ့အလှဆုံး လူမှုရေးတရား၊
- ဒါနဖြင့် ကမ္ဘာလောကကို လှပတင့်တယ်စေနိုင်သည်၊
- ဒါနဖြင့် သင့်ဘဝကို လှပတင့်တယ်ချမ်းသာပြည့်ကြွယ်စေနိုင်သည်။

## တင့်တယ်လှပ ချမ်းသာကြွယ်ဝရေး

# မြတ်ဒါန

## ဒေါက်တာမင်းတင်မွန်

"ဒါနအကြောင်း သိကောင်းစရာ စာပဒေသာ"
ဘဝဆက်တိုင်း ချမ်းသာဖြိုးကြွယ် လှပတင့်တယ်စေမည့်
နည်းလမ်းကောင်းများ...

စာမူခွင့်ပြုချက်အမှတ် (၄၉၂/၉၉) (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၆၅၇/၉၉) (၁၂)

●

**ပုံနှိပ်ခြင်း**

၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ - ၅၀၀

●

**ထုတ်ဝေသူ**

မင်းတေဇာမွန်၊ ရတနာမင်းစာပေ (၃၄၅၅)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**အတွင်းစာသားနှင့် မျက်နှာဖုံး ပုံနှိပ်သူ**

ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ် (၁) ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**ကွန်ပျူတာစာစီ**

မျိုးမော်ကွန်ပျူတာ

●

**ဖြန့်ချိရေး**

မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၃၈၅၂၆၁၊ ၀၉-၇၃၂၀၅၀၀၅

●

တန်ဖိုး - ၁၃၀၀

# ပထမ

*"ဒါနံ သဗ္ဗတ္ထ သာဓကံ"*

*ဒါနသည် လောကီလောကုတ္တရာ ခပ်သိမ်းသောအကျိုးကို ပြီးစီးစေနိုင်၏။* ထို့ကြောင့် လောကီစည်းစိမ်ချမ်းသာနှင့် ပြည့်စုံလိုလျှင် လှူဒါန်းပါ။ ချမ်းသာကြွယ်ဝ အထက်တန်းကျသောဘဝများဖြင့် သံသရာ ကျင်လည်လိုလျှင် လှူဒါန်းပါ။ မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော လောကုတ္တရာချမ်းသာကို အလိုရှိလျှင် လှူဒါန်းပြီး ဆုတောင်းပါ။

မရှိလို့မလှူ၊ မလှူလို့မရှိ။ ယခုဘဝ ဆင်းရဲနွမ်းပါးနေသူများသည် အတိတ်က မပေးလှူခဲ့ခြင်းကြောင့်ဖြစ်သည်။ ယခုဘဝ မရှိလို့ မလှူပြန်လျှင် နောက်ဘဝ၌ ပိုဆင်းရဲရလိမ့်မည်။

မျက်မှောက်ခေတ်၌ ဒေါ်လာသန်းထောင်ကျော် ချမ်းသာကြွယ်ဝကြသော ဘီလျံနာသူဌေးအများစုသည် မိဘအမွေကို ဆက်ခံရသူများဖြစ်ကြသည်။ မမြင်နိုင်သော အတိတ်ဘဝ ကုသိုလ်ကံ၏ စွမ်းအားသည် မျက်မှောက်ဘဝ၌ အလိုဆန္ဒရှိသမျှကို ပြည့်ဝစေနိုင်၏။

ပေးကမ်းစွန့်ကြဲခြင်းဟူသော ဒါနသည် မျက်မှောက်ဘဝ၌လည်း ကိစ္စအဝဝကို လွယ်လင့်တကူ ပြီးစီးအောင်မြင်စေ၏။ ပေးကမ်းခြင်းသည် လူတိုင်းအား နှစ်သက်ရွှင်လန်းစေ၏။ ပေးကမ်းစွန့်ကြဲသူကို လူနတ်တို့ ချစ်ခင်ကြ၏။

*“ဒါနသည် အလှူပေး, အလှူခံနှစ်ဦးလုံး၏စိတ်ကို နူးညံ့ပျော့ပျောင်းစေ၏။ မလိမ္မာ, မယဉ်ကျေးသူကို လိမ္မာယဉ်ကျေးလာစေ၏။ မိမိစကား နားမထောင်သူကိုလည်း နားထောင်လာစေနိုင်၏။ မုန်းသူကိုပင် မုန်းစိတ်ပြေပျောက်၍ ချစ်ခင်လာစေနိုင်၏။”* (ဒီ၊ ဋ္ဌ၊ ၃။ ၂၂၇)

ပေးကမ်းခြင်းသည် မေတ္တာ၏ ရုပ်သွင်ဖြစ်သည်။ မေတ္တာတရားကို ကာယကံ, ဝစီကံတို့ဖြင့် ပီပီပြင်ပြင် ပုံဖော်ပေးသည်။ မေတ္တာရှိမှ ပေးကမ်းနိုင်သည်။ ပေးကမ်းနိုင်မှ မေတ္တာကြီးထွားလာသည်။ ထို့ကြောင့် ဒါနသည် ပေးသူနှင့် ယူသူတို့ကို မေတ္တာဖြင့် နှောင်ဖွဲ့ပေးသည်။

**ဒါနသည် အကောင်းဆုံး လူမှုရေးတစ်ရပ်ဖြစ်သည်။ ပေးသူနှင့် ယူသူ နှစ်ဦးလုံးအား ရွှင်ပြုံးဝမ်းမြောက်စေသည်။ ခင်မင်ချစ်ကြည်မှုကို ရှင်သန်ခိုင်မြဲလာစေ၏။ ချမ်းသာကြွယ်ဝသူများထံမှ ပစ္စည်းဥစ္စာကို ဆင်းရဲနွမ်းပါးသူများထံသို့ ဖြန့်ဝေပေး၏။**

ရေသည် မြင့်ရာမှ နိမ့်ရာသို့ ထာဝစဉ် စီးဆင်းနေသလို ဒါနသည်လည်း ရှိသူထံမှ မရှိသူထံသို့ အမြဲစီးဆင်းနေသင့်သည်။ထိုသို့ စီးဆင်းနေပါလျှင် လူမှုရေးပြဿနာအားလုံး ပပျောက်သွားကြလိမ့်မည်။

ဒါန၏အဓိပ္ပာယ်၊ ဒါန၏သဘော၊ ဒါန၏စွမ်းရည်၊ ဒါန၏

မွန်မြတ်သော အကျိုးတရားတို့ကို သိနားလည်လာလျှင် မလှူဘဲ မနေနိုင်ပါ။ မြစ်ရေတသွင်သွင်စီးနေသကဲ့သို့ အလိုအလျောက် ပေးကမ်းလှူဒါန်းလာလိမ့်မည်။

*"ဒါန၏အကျိုးကို ဘုရားရှင်တို့သာ အကုန်အစင် သိမြင်နိုင်၏။ ဒါနကောင်းမှုသည် မျက်မှောက်ချမ်းသာ၊ တမလွန်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့၏အကြောင်းဖြစ်၏။ လောက၌ သတ္တဝါတို့ ရရှိထားကြသော စည်းစိမ်ဥစ္စာဟူသမျှနှင့် ထိုစည်းစိမ်ဥစ္စာတို့ကို သုံးစွဲ၍ဖြစ်သော ချမ်းသာဟူသမျှတို့သည် ဒါန၏ အကျိုးတရားများ ဖြစ်ကြ၏"ဟု* မြတ်စွာဘုရား ဟောကြားတော်မူ၏။

(ဣတိဝုတ်၊ ဒါနသုတ်)

ရုပ်လောက၌ သက်ရောက်မှုတိုင်းတွင် တူညီသော တန်ပြန် သက်ရောက်မှုရှိသည်ဟု **နယူတန်နီယာမ**ကဆို၏။ ဤသဘာဝ သတ္တိကို သုံး၍ အသံထက်လျင်မြန်သော ဂျက်လေယာဉ်များ၊ တိုက်ချင်းပစ်ဒုံးပျံများနှင့် အာကာသဒုံးယာဉ်များကို တီထွင်နိုင်ခဲ့ကြ၏။

နာမ်လောက၌ **စိတ်ဖြစ်စဉ်နှင့် ကမ္မနိယာမ**ပေါ် အခြေပြု၍ ကုသိုလ်ကောင်းမှုတစ်ရပ်သည် အပြန်ကုဋေကုဋာမက မူလကံနှင့် တူညီသောကောင်းကျိုးကို ဖြစ်ထွန်းစေနိုင်ကြောင်း သိရသည်။ **ညောင်စေ့လောက်လှူရုံမျှဖြင့် ညောင်ပင်ကြီးထက်မက အကျိုးရနိုင်သည်။**

စိတ္တနိယာမနှင့် ကမ္မနိယာမတို့သည် သိပ္ပံနိယာမများထက် ပိုနက်နဲဆန်းကြယ်ပြီး ပိုတိကျသည်။ ဤနာမ်စွမ်းအားများကို အသုံးချနိုင်လျှင် သိပ္ပံစွမ်းအားထက် ပိုကြီးကျယ်သော ကောင်းကျိုးချမ်းသာများကို ရမည်မလွဲတည်း။

ဒါနသည် ကြီးပွားချမ်းသာကြောင်း **မင်္ဂလာတစ်ပါး**ဖြစ်ကြောင်းကို **မင်္ဂလာတရားတော်**၌ မြတ်စွာဘုရား ညွှန်ကြားထားသည်။ လှူနိုင်လျှင် သူဌေးဖြစ်ပြီး မလှူနိုင်လျှင် ခွေးဖြစ်မည့်သဘောတို့ကို ဤစာအုပ်တွင် တိတိကျကျ ရှင်းပြထားပါသည်။

ဒါနသည် ငါနှင့်မဆိုင်ဟု သဘောထား၍မရ။ ဒါနသည် လူတိုင်းနှင့် သက်ဆိုင်၏။ အောက်တန်းမကျဘဲ အထက်တန်းကျကျ သံသရာကျင်လည်နိုင်ဖို့အတွက် ဒါနသည် အလွန်အရေးကြီး၏။

ပေးကမ်းလှူဒါန်းရန်အရေးကြီးသလို လှူဒါန်းတတ်ဖို့ကလည်း ထပ်တူထပ်မျှအရေးကြီး၏။ များများလှူသော်လည်း အကျိုးနည်းပြီး နည်းနည်းလှူသော်လည်း အကျိုးကြီးရခြင်းအကြောင်းများကိုလည်း ဤစာအုပ်၌ အရင်းအမြစ်ကျကျ ဖြေရှင်းပြထား၏။

နယ်ချဲ့အရင်းရှင်များ စိုးမိုးနေစဉ်အခါက သားကိုရှင်ပြုဖို့အရေး အရင်းရှင်ထံမှငွေချေးပြီး ကျွန်ဖြစ်ရသော **သဒ္ဓါလွန်ကျွန်ဖြစ်**ပြီး ပူပင်သောကရောက်ရသည့် ဒါနမျိုးကို ရှောင်ရှား၍ ကျစ်ကျစ်လျစ်လျစ် လှူဒါန်းကာ တစ်သက်လုံး ရွှင်လန်းချမ်းမြေ့ရသော အကျိုးကြီးမားသည့် အလှူမျိုးကို လှူတတ်ရန်လည်း ဤစာအုပ်တွင် အပြည့်အစုံ နည်းညွှန်ပြထား၏။

ဘုရားလောင်း, သာဝကအလောင်းများ၏ စံနမူနာကောင်းများ ဖြစ်ကြသော ဒါနပြုပုံအမျိုးမျိုးနှင့် ဒါနအကျိုးတရား၏ အားကျစဖွယ် စီမံခြယ်လှယ်ပုံ ဘဝဇာတ်ခုံအမျိုးမျိုးတို့ကို ကြည်ညိုသဒ္ဓါပွားအောင် အတုယူနိုင်အောင် ဤစာအုပ်တွင် ဖတ်ရှုကြရပေမည်။

မပေးလျှင်မရ၊ ပေးမှရ၏။ ဒါနသည် အပြန်အလှန်စီးသော ရေစီးကြောင်းဖြစ်၏။

သင်...နေ့စဉ် ဒါနအမျိုးမျိုးပြုနေသည်ကို သင်သိပါသလား။ သင်ဒါနပြုနေမှန်း သင်မသိလျှင် ကုသိုလ်မရ။ သင် သိနားလည်က ကုသိုလ်အကြီးအကျယ်ရ၏။

ဤစာအုပ်တွင် ဒါနဆိုင်ရာသိမှတ်ဖွယ်ရာအလုံးစုံကို ရှင်းရှင်းလင်းလင်း တိတိကျကျ အကြောင်းအကျိုးနှင့်တကွ ရှင်းလင်းတင်ပြထားသည်။ သေသေချာချာဖတ်ရှု၍ သင်သဘောပေါက်သွားလျှင် တန်ဖိုးမဖြတ်နိုင်အောင် အကျိုးရရှိမည်ဖြစ်သည်။

ဘဝဆက်တိုင်း ကြီးပွားချမ်းသာလိုလျှင် လှူဒါန်းပါ။
ဆင်းရဲကိုကြောက်လျှင် မရှိတာကို မသိလိုလျှင် လှူဒါန်းပါ။
လူချစ်လူခင်ပေါ၍ အောင်မြင်ကျော်ကြားလိုလျှင် လှူဒါန်းပါ။
ရှင်သိဝလိလို လာဘ်လာဘပေါများလိုလျှင် လှူဒါန်းပါ။
အောက်တန်းမကျ အထက်တန်းကျကျ သံသရာကျင်လည်လိုလျှင် လှူဒါန်းပါ။
မဂ်, ဖိုလ်, နိဗ္ဗာန်ကို မြန်မြန်ထက်ထက် မျက်မှောက်ပြုလိုလျှင် လှူဒါန်းပါ။

**လှူဒါန်းပါမှ သင့်ဘဝ ပြည့်စုံတင့်တယ်လိမ့်မည်။**

**တစ်စတစ်စ စွန့်ဝံ့မှသာလျှင် ဘဝနောက်နောင်း ဆက်တိုင်း ကောင်းလိမ့်မည်။**

# တင့်တယ်လှပ ချမ်းသာကြွယ်ဝရေး

နှင်းဆီပျိုးပင်ကိုစိုက်မှ နှင်းဆီပန်းလှလှကို ပန်ရမည်။

သရက်စေ့ကို ပျိုးစိုက်မှ သရက်သီးချိုမြမြကို စားရမည်။

ဒါနမျိုးစေ့ကို ပျိုးစိုက်မှ ဘဝတင့်တယ်လှပချမ်းသာကြွယ်ဝ လိမ့်မည်။

ကမ္ဘာ့အလှဆုံး ဥမ္မာဒန္တီသည် ရဟန္တာအရှင်မြတ်ကို သင်္ကန်းလျာ လှူပြီး အလှဆုံးဆုကို တောင်းဆိုခဲ့သည်။

နတ်အထိအတွေ့ရှိသော ပဋ္ဌပါပီသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြေညက်လှူဒါန်းခဲ့သည်။

ကမ္ဘာ့အချမ်းသာဆုံး ဇောတိကသူဌေးကြီးသည် မြတ်စွာဘုရား၏ ဂန္ဓကုဋိတိုက်ကို ရတနာခုနစ်ပါးဖြင့် ခမ်းနားကြီးကျယ်စွာ ဆောက်လုပ် လှူဒါန်းခဲ့သည်။

ဦးပုဏ္ဏနှင့် ကာကဝလိယမောင်နှံတို့သည် နိရောဓသမာပတ်မှ ထလာသော အရှင်သာရိပုတ္တရာအား ယာဂုဆွမ်းမျှကို စေတနာ ထက်ထက်သန်သန်ဖြင့် လှူဒါန်းကြသည့်အတွက် ခုနစ်ရက်အတွင်း၌ ပင် ကြီးကျယ်မြင့်မောက်သော သူဌေးကြီးစည်းစိမ်ကို ရရှိခဲ့ကြသည်။

ကမ္မနိယာမသည် သိပ္ပံနိယာမထက် ပို၍ ထက်မြက်တိကျသည်။

ဒါနကောင်းမှုဖြင့် တင့်တယ်လှပ ချမ်းသာကြွယ်ဝသောဘဝကို ထူထောင်ကြပါ။

# မာတိကာ


| | |
|---|---|
| ပဏာမ | ၃ |
| နိဒါန်း | ၁၃ |
| ပါရမီအစ မြတ်ဒါန | ၁၃ |
| မြတ်ဒါန | ၂၁ |
| ရှေးသူတော်ကောင်းတို့၏ လမ်းရိုးလမ်းကောင်း | ၂၁ |
| ဒါန၏ကျေးဇူး ထူးထွေများပြားလှသည် | ၂၈ |
| အလှူရေစက် လက်နှင့်မကွာပါစေနှင့် | ၃၃ |
| ဒါနကထာ သိစေပါအံ့ | ၃၆ |
| မြတ်ဒါနအကြောင်း သိကောင်းစရာများ | ၃၈ |
| ဒါန၏အဓိပ္ပာယ် | ၃၈ |
| ဒါန၏သဘော | ၃၉ |
| ဒါန၏စွမ်းရည် | ၄၂ |
| ဘုရားရှင်ချီးမွမ်းသည့် မြတ်ဒါန | ၄၄ |
| ဒါန၏စွမ်းအား | ၄၅ |
| ဆွမ်းအလှူ၏ အကျိုး ၅ ပါး | ၄၇ |
| ရေအလှူ၏အကျိုး ၁၀ ပါး | ၄၇ |
| သင်္ကန်းနှင့်အဝတ်လှူရကျိုး | ၄၈ |
| ကျောင်းလှူရသည့်အကျိုးကျေးဇူး | ၄၈ |
| ဆေးလှူရသည့်အကျိုးကျေးဇူး | ၅၀ |
| သက်ရှည်ကျန်းမာ နည်းပဒေသာ | ၅၀ |
| ဝိနည်းဒေသနာအရ ဒါန ၄ မျိုး | ၅[illegible] |
| အဘိဓမ္မာနည်း ဒါန ၆ မျိုး | ၅[illegible] |

## မာတိကာ


သုတ္တန်နည်း ဒါန ၁၀ မျိုး ၅၇
အပါယ်ချမည့် ဒါန ၁၀ ပါး ၅၈
မြတ်လေးပန်းအလှူရှင် သုမနာ ၅၈
နိဗ္ဗာန်ဆော်အလုပ်ဖြင့် အသံပေးလှူသူ ၆၂
ဒါန၏ မျက်မှောက်အကျိုး ၅ ပါး ၆၅
အလှူရဲရင့်၍ အကျိုးကဲမြင့်သည် ၆၅
သဘာက်အလှူဖြင့် လက်ငင်းချမ်းသာ ၇၂
တစ်မတ်လှူပြီး မိလျံနာသူဌေးဖြစ် ၇၄
ဒါန၏အဟန့်အတားများ ၇၇
ဒါန၏အကျိုးမသိသူ မပေးလှူ ၇၈
အလှူမပေးသူ နှစ်ဦး ၈၄
မလှူလျှင်ဘာဖြစ်မလဲ ၈၆
စစ်နှင့်ဒါန တူညီစွ ၈၇
ဇိတ်မေ–ငါအောင်ပြီ ၈၉
ဒါနအတွက် အခက် ၄ ပါး ၉၃
ဒါနအမျိုးမျိုးမှ အကျိုးကြီးရာရွေးချယ်ပါ ၉၆
သူတော်ကောင်းတို့ လှူဒါန်းနည်း ၁၀၂
သပ္ပုရိသမြတ်ဒါန၏အကျိုး ၅ ပါးလင်္ကာ ၁၀၅
အခါမလပ်ကုသိုလ်တိုးပွားစေသော ကာလဒါန ၆ ပါး ၁၀၆
အလှူခံပုဂ္ဂိုလ်တစ်ကျိပ်လေးဦး ၁၀၇
သံဃိက ဒါန ၇ ပါး ၁၁၂
ဒါန၏ စင်ကြယ်ခြင်း ၄ ပါး ၁၁၄
ဒါန၏အကျိုး အဆင့်ဆင့်ဖွံ့ဖြိုးကြီးကျယ်ပုံ ၁၁၆

## မာတိကာ


သာသနာပအလှူနှင့် သာသနာတွင်းအလှူ ၁၁၇
ဒါနပြုသူနှင့်မပြုသူ အဆင့်အတန်းမတူ ၁၂၀
လှူဒါန်းပြီးလျှင် ဆုတောင်းသင့်သလား ၁၂၄
အမျှဝေခြင်းနှင့် သာဓုခေါ်ခြင်း ၁၂၆
ဒါနအကျိုးကို ဆွေမျိုးပြိတ္တာတို့ခံစားနိုင် ၁၂၉
ပြိတ္တာအသူရကာယ်တို့ကို ကယ်ချွတ်နိုင်သည့်မြတ်ဒါန ၁၃၂
လှူဖွယ်ဝတ္ထုလုယူစား ငရဲပြိတ္တာဘုံသွား ၁၃၆
ဒါနသည် သံသရာကိုရှည်စေပါသလား ၁၄၀
ဒါနသည် နိဗ္ဗာန်အထိအကျိုးပေးနိုင်သလား ၁၄၃
ဒါန၏ ထူးခြားသောအကျိုးတရားများ ၁၄၉
ပေါက်ပေါက်ပန်းနှင့်ရွှေဗိမာန် ၁၅၁
မရှိသည်ကိုမသိရသော ဒါနအကျိုး ၁၅၃
ရှင်သီဝလိကဲ့သို့ လာဘ်ရွှင်လန်းလိုလျှင် ၁၆၀
လှထက်လှ ယဉ်ထက်ယဉ်ပ ဘုရင်ခေါင်မှူး ၁၆၇
ပဋ္ဌပါဝီကဲ့သို့ အတွေ့ထူးခြားလိုလျှင် ၁၇၅
မင်းကုသနှင့်ပဘာဝတီတို့၏ဒါနစွမ်းရည် ၁၈၀
ဒါနပြုလိုစိတ်ကို မွေးမြူပါ ၁၉၈
မီးလောင်အိမ်မှ ပစ္စည်းဥစ္စာဆွဲထုတ်ပါ ၁၉၉
အလှူခံပုဂ္ဂိုလ်ကို ကြိုဆိုပါ ၂၀၀
အကျိုးပေးကြီးကျယ်အောင် လှူဒါန်းနည်း ၂၀၀
ပါရမီဒါနဖြစ်အောင် ကြိုးပမ်းကြ ၂၀၂
ကြွေးတင်ကျွန်ဖြစ် ရှင်သာမဏေမဖြစ် ၂၀၅
စံတော်ဝင်ဒါနကုသိုလ်ရှင်သူဌေးကြီးများ ၂၀၉

## မာတိကာ


| | |
|---|---|
| လယ်ထွန်စာများ ရွှေတုံးဖြစ်လာစေသည့်ဒါနကံ | ၂၁၁ |
| သမ္မဒါလေးချက်နှင့် လက်ငင်းအကျိုး | ၂၁၅ |
| သူ့ထက်သူသာလွန်၍ ချမ်းသာကြွယ်ဝကြသည် | ၂၁၇ |
| ဇောတိကသူဌေးလောင်း၏ အတုမဲ့ကျောင်းအလှူတော် | ၂၂၄ |
| ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်အောင်လှူနည်း | ၂၃၁ |
| ဇောတိကသူဌေးမင်း၏ အတုမရှိသောသူဌေးစည်းစိမ် | ၂၃၃ |
| ဘုရင့်စည်းစိမ်ထက်သာလွန်သော သူဌေးမင်းစည်းစိမ် | ၂၃၇ |
| ကောင်းမှုဆုတောင်း လုယူ၍မရကောင်း | ၂၄၁ |
| စံပြအလှူရှင်တေဒဂ်ဘွဲ့ရ အနာထပိဏ်သူဌေးကြီး | ၂၄၅ |
| ကြီးကျယ်ခမ်းနားသော ဇေတဝန်ကျောင်းအလှူ | ၂၅၁ |
| သာသနာတော်၌အလှူရဲသော်လည်း မဆင်းရဲနိုင် | ၂၅၇ |
| တေဒဂ်ဘွဲ့ချီးမြှင့်ခံရခြင်း | ၂၆၃ |
| စံပြအလှူရှင် တေဒဂ်ဘွဲ့ရ ဝိသာခါကျောင်းအမ | ၂၆၄ |
| မိဂါရမာတာ မြေးလေးရာ မြစ်ရှစ်ထောင် | ၂၇၅ |
| ရွှေဒင်္ဂါးအသပြာ ၂၇ ကုဋေတန် ပုဗ္ဗာရုံကျောင်းအလှူ | ၂၇၈ |
| တေဒဂ်ဘွဲ့ထူးကိုရရှိခြင်း | ၂၈၃ |
| မျက်မှောက်ကာလ စံပြအလှူရှင်များ | ၂၈၄ |
| တရားအလှူသည် အမြတ်ဆုံး | ၂၉၁ |
| လက်တွဲညီညာ သာသနာပြုကြစို့ | ၂၉၄ |

# နိဒါန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

## ပါရမီအစ မြတ်ဒါန

ဘုရားအလောင်း **သုမေဓာ**သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ထက်၌ အမရဝတီ မင်းနေပြည်တော်ဝယ် ချမ်းသာကြွယ်ဝသော ပုဏ္ဏားမျိုး၌ဖြစ်၏။ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တို့မှ ဆင်းသက်လာသော အမွေအနှစ်ဥစ္စာတို့သည် အလွန်များပြားလှ၏။ ရုပ်ရည်ချောမော ခန့်ညားသူဖြစ်သည့်အပြင် အသက် ၁၆ နှစ်၌ ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းခပ် တတ်မြောက်နေပြီဖြစ်၏။

ထိုအခါ ဘဏ္ဍာစိုးကြီးက အမွေဥစ္စာများကို စာရင်းဇယားနှင့်တကွ သုမေဓာအား အပ်နှင်း၏။ ရတနာတိုက်ခန်းများမှာ ရွှေ–ငွေ–ပတ္တမြား–ပုလဲ စသည့် ရတနာအမျိုးမျိုးနှင့် ပြည့်လျှမ်းနေ၏။ များပြားလှသည့် ရတနာဥစ္စာတွေ...။ တစ်သက်တာ မဆိုထားနှင့်၊ ဘဝတစ်ရာ သုံးစွဲ၍လည်း ကုန်ခန်းလိမ့်မည်မဟုတ်။

သုမေဓာ အလေးအနက်စဉ်းစားပြီ...“ငါ၏ မိဘ, ဘိုးဘွား, ဘီဘင်...တို့သည် များပြားစွာသော ဥစ္စာတို့ကို စုဆောင်းနိုင်ခဲ့ကြပါ၏။ သို့သော် သူတို့နှင့်အတူ တစ်ကျပ်တစ်ပြားကိုမျှ အပါမယူနိုင်ဘဲ ကွယ်လွန်သွားကြ၏။ ငါ သေသောအခါ၌လည်း ဤဥစ္စာတို့ကို ထားပစ်ခဲ့ရမည်သာ ဖြစ်သည်။

“ဘဝသစ်ဖြစ်ရခြင်း (ပဋိသန္ဓေနေရခြင်း)သည် ဆင်းရဲလှ၏။ ဖျားနာရခြင်း, အိုမင်းရခြင်းတို့သည်လည်း ဆင်းရဲလှ၏။ ခန္ဓာကိုယ်ပျက်စီးခြင်း(သေရခြင်း)သည်လည်း အလွန်ဆင်းရဲလှ၏။ ငါသည် မအိုရာ, မနာရာ, မသေရာ(နိဗ္ဗာန်)ကို ရှာမှီးသင့်လှ၏။

“ဆင်းရဲခြင်း(ဒုက္ခ)တရား ထင်ရှားရှိလတ်သော် ချမ်းသာခြင်း(သုခ)တရားသည် လောက၌ ထင်ရှားရှိဘိသကဲ့သို့ ဝဋ်ဆင်းရဲ၏ ဖြစ်ခြင်းသဘောရှိလျှင် ဝဋ်ဆင်းရဲ၏ ချုပ်ငြိမ်းခြင်းသဘော(နိဗ္ဗာန်) သည်လည်း ရှိမည်သာတည်း။

“တစ်ဖန် အပူရှိလျှင် အအေးရှိသကဲ့သို့ ရာဂမီး, ဒေါသမီး, မောဟမီးတို့ ထင်ရှားရှိလျှင် ဤမီးသုံးပါးတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန် သည်လည်း ဧကန်ရှိရပေမည်။ ထိုနိဗ္ဗာန်ကို ငါ ရှာမှီးပေတော့အံ့။

“ပစ္စည်းဥစ္စာတို့သည် ရန်သူမျိုးငါးပါးနှင့် ဆက်ဆံ၏။ ဤပစ္စည်းဥစ္စာတို့ကို တပ်မက်တွယ်တာနေလျှင် စိုးရိမ်ပူပန်ရ၏၊ ကြောင့်ကြ

စိုက်ရ၏။ ပစ္စည်းဥစ္စာတို့ ဆုံးရှုံးပျက်စီးသွားလေလျှင် အကြီးအကျယ် ပူဆွေးသောကဖြစ်ရ၏။ ငါသည် ဤပစ္စည်းဥစ္စာများကို ကြောင့်ကြ စိုက်၍ စိုးရိမ်ပူပန်စရာမလိုဘဲ နိဗ္ဗာန်တိုင်အောင် ချမ်းချမ်းသာသာ ယူဆောင်သွားနိုင်သော နည်းကောင်းတစ်ခုကို ပြုသင့်လှပေ၏။ ဤပစ္စည်းဥစ္စာအလုံးစုံကို ငါ စွန့်လွှတ်၍ လှူဒါန်းပါတော့အံ့"

သုမေဓာ သတို့သားသည် ဘုရင်မင်းမြတ်ထံမှောက်သို့ သွား ရောက်၍...

"အရှင်မင်းကြီး...အကျွန်ုပ်သည် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ နှိပ်စက်ပုံကို ဉာဏ်ထဲ ဆင်ခြင်မိ၍ ကြောက်ရွံ့ လှသဖြင့် အိမ်ရာတည်ထောင်သည့်လူ့ဘောင်မှထွက်ကာ ရှင်ရဟန်း ပြုပါတော့မည်။ အကျွန်ုပ်မှာ ကုဋေရာပေါင်းများစွာသော ဥစ္စာစု ရှိပါသည်။ ထိုဥစ္စာစုကို မင်းကြီး သိမ်းပိုက်တော်မူပါ"ဟု လျှောက် ထား၏။

မင်းကြီးက..."သင့်ဥစ္စာကို ငါအလိုမရှိ၊ သင်အလိုရှိတိုင်းပြုပါ"ဟု မိန့်ဆို၏။

သုမေဓာသည် အလှူစည်ကြီး ရိုက်တီးလှည့်လည် ကြေညာစေကာ လာလာသမျှသောလူတို့အား ဥစ္စာရတနာများကို စွန့်ကြဲပေးကမ်း လှူဒါန်းလေ၏။ အလှူကြီးပေးပြီးသောအခါ သုမေဓာသည် ဟိမဝန္တာ တောသို့ဝင်၍ ရဟန်း(ရသေ့)ပြုလေ၏။ သာသနာပရဟန်းကို ရသေ့ ဟုလည်း ခေါ်နိုင်၏။

သုမေဓာရသေ့သည် အလိုလိုကြွေကျသော သစ်သီးများကိုသာ စားသုံး၍ လျှောင်းစက်ခြင်းကို အလျဉ်းပင် ပြုတော်မမူဘဲ ထိုင်ခြင်း၊ ရပ်ခြင်း၊ စင်္ကြံသွားခြင်းဟူသော ဣရိယာပုထ်သုံးပါးဖြင့်သာ ကမ္မဋ္ဌာန်း

အလုပ်ကို အားထုတ်တော်မူ၏။ ခုနစ်ရက်အတွင်းမှာပင် လောကီ ချာန်ရှစ်ပါးနှင့် အဘိညာဉ်ငါးပါးတို့ကို ရတော်မူ၏။

ချာန်အဘိညာဉ်တန်ခိုးဖြင့် ပျံသန်းလှည့်လည်ကာ ရမ္မာဝတီပြည် ပေါ်သို့ ရောက်လျှင် ပြည်သူပြည်သားတို့ စုပေါင်း၍ လမ်းများ ပြုပြင်မွမ်းမံနေကြသည်ကို မြင်သဖြင့် မြေပြင်သို့ သက်ဆင်းပြီး မေးမြန်းစုံစမ်း၏။

"အရှင်ရသေ့...လောကဌ် တုနှိုင်းယှဉ်ပြိုင်သူမပေါ် မာရ်ငါးပါးကို အောင်မြင်တော်မူသော **ဒီပင်္ကရာမြတ်စွာဘုရားသည်** ပွင့်ထွန်း ပေါ်ပေါက်နေပါပြီ။ ဒီပင်္ကရာမြတ်စွာဘုရားနှင့် သံဃာတော်များ ကြွချီလာရန်အတွက် လမ်းများကို ပြုပြင်မွမ်းမံနေကြပါသည်"

"ဘုရား"ဟူသောအသံကို ကြားလိုက်ရလျှင် သုမေဓာရှင်ရသေ့ သည် နှစ်သက်ခြင်း–ပီတိ လွှမ်းစွာဖြစ်ပေါ်လျက် ဝမ်းမြောက်ဝမ်းသာစွာ "အို...ပြည်သူတို့၊ ငါသည်လည်း မြတ်စွာဘုရား ကြွလှမ်းတော်မူရန် လမ်းကို ပြုပြင်ပေးလိုပါသည်၊ ငါ့အား ပြုပြင်စရာလမ်းတစ်နေရာ ပေးကြပါလော့"

ရှင်ရသေ့၏တန်ခိုးတေဇော် အာနုဘော်ကို ယုံကြည်အားကိုးကြ သဖြင့် ပြင်ဆင်ရန်ခက်ခဲသည့် ရွှံ့ဗွက်ကြီးဖြစ်နေသည့်နေရာကို ပြည်သူတို့ ညွှန်ပြကြ၏။ သုမေဓာရသေ့သည် အဘိညာဉ်တန်ခိုးကို မသုံး၊ လုံ့လအားစိုက်မှ ကုသိုလ်ပိုရမည်ကို သိရှိသဖြင့် အဝေးမှ မြေကြီးတို့ကိုထမ်း၍ ရွှံ့ဗွက်အိုင်ကို ဖို့တော်မူ၏။

သုမေဓာမြေဖို့၍ မပြီးသေးမီပင် ဒီပင်္ကရာ မြတ်စွာဘုရားသည် ရဟန္တာအရှင်မြတ်လေးသိန်းနှင့်တကွ တင့်တယ်စွာ ကြွချီလာပါသည်။ လူနတ်အပေါင်းတို့သည် စည်များကို တီးခတ်၍ ကြိုဆိုကြကုန်၏။

ရောင်ခြည်တော်ဝန်းရံလျက် ကျက်သရေအပေါင်း ခညောင်းကာ အလွန်တင့်တယ်စွာ ကြွလှမ်းလာသော မြတ်စွာဘုရားကို ဖူးတွေ့ရလျှင် သုမေဓာ ကြံစည်ဆုံးဖြတ်လိုက်သည်မှာ...

"ယနေ့ ငါသည် မြတ်စွာဘုရားထံတော်၌ အသက်ကိုပေးလှူအံ့၊ မြတ်စွာဘုရားသည် ညွန်ပျောင်း၌ ဆင်းရဲစွာနင်းကြွတော်မမူပါစေလင့်၊ ပတ္တမြားပျဉ်တံတားကို နင်းကြွသွားသကဲ့သို့ ရဟန္တာလေးသိန်းနှင့်တကွ ငါ၏ကျောပြင်ကိုနင်း၍ ကြွတော်မူပါစေသတည်း။ ထိုသို့ နင်းကြွတော်မူခြင်းသည် ငါ့အတွက် တာရှည်စွာသော ကာလပတ်လုံး အစီးအပွားချမ်းသာကို ဧကန်ရဖို့ဖြစ်လိမ့်မည်"

နပျိုဆဲဖြစ်သော ရှင်ရသေ့သည် ဆံထုံးကိုဖြေ၊ သစ်နက်ရေ (သားရေ)နှင့် လျှော်တေသက်န်းတို့ကို ညွန်ပျောင်းပေါ် ဖြန့်ခင်း၍ ထိုအခင်းပေါ်၌ အလျားမှောက်ခုံ ဝပ်စင်းတော်မူ၏။

လူတကာတို့ ပြုနိုင်ခဲသော **ပရမတ္ထဒါနပါရမီခေါ်** အသက်ကို ပေးလှူခြင်းကို သုမေဓာရသေ့သည် ပြုလုပ်ရန် အသင့်ပြင်ဆင်ထားလေပြီ။ ဤထူးမြတ်သော ကောင်းမှုအတွက် အဘယ်ဆုကို ပန်ဆင်အံ့နည်း။

"ငါသည် အလိုရှိပါမူ ယနေ့ပင် ကိလေသာကုန်ခန်းစေ၍ ရဟန္တာအဖြစ်သို့ တက်လှမ်းနိုင်၏။ ဤမြတ်စွာဘုရားသာသနာ၌ မထင်ရှားသော သာဝကရဟန်းတစ်ပါးအသွင်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် ငါကဲ့သို့သော ယောကျာ်းမြတ်အား အဘယ် အကျိုးရှိအံ့နည်း။ သဗ္ဗညုဘုရားအဖြစ်သို့ရောက်အောင် ကြိုးကုတ်အားထုတ်ပြီးလျှင် နတ်လူအပေါင်းတို့အား သံသရာဝဋ်ဆင်းရဲမှ ငါကယ်တင်ပေအံ့။ ဤအဓိကာရကောင်းမှုကံကြောင့် သဗ္ဗညုဘုရား အဖြစ်သို့ ကိုယ်တိုင်ဆိုက်ရောက်ပြီးလျှင် များစွာသော သတ္တဝါ

အပေါင်းကို သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆယ်ပေအံ့"

ရှင်ရသေ့၏ ထူးခြားသောအပြုအမူကိုမြင်လျှင် လူအပေါင်းတို့ စုဝေးလာကြ၏။ **သုမိတ္တာ**မည်သော ပုဏ္ဏားပျိုမကလေးလည်း ပါဝင်၏။ သုမိတ္တာသည် သုမေဓာရသေ့ကိုမြင်လျှင် မေတ္တာပေမဓာတ်များစွာသက်ဝင်လတ်သဖြင့် လက်ဝယ်ရှိသည့် ကြာပန်းရှစ်လက်အနက်မှ ငါးလက်ကို ရှင်ရသေ့အား ကမ်းပေး၏။

ရှင်ရသေ့သည် ကြာပန်းငါးလက်ကို မြတ်စွာဘုရားအား လှူဒါန်းပူဇော်ပြီးလျှင် "သမ္မာသမ္ဗောဓိဆု"ကို ပန်ဆင်လေ၏။ သုမိတ္တာသည်လည်း ကြာပန်းသုံးလက်ကို လှူဒါန်းပူဇော်ပြီးလျှင် "အကျွန်ုပ်သည် ဤရသေ့နှင့်အတူတကွ ညီမျှသောသူဖြစ်၍ ပါရမီဖြည့်ဖော်ဖြည့်ဖက် ဖြစ်ရပါလို၏"ဆုတောင်း၏။

ဒီပင်္ကရာမြတ်စွာဘုရားသည် အနာဂတ်အဖို့ အပိတ်အပင်မရှိ မြင်သိသော အနာဂတံဉာဏ်တော်ကို စေလွှတ်၍ ရှုစမ်းဆင်ခြင်တော်မူပြီးသော်...

"ရဟန်းတို့...ဤ သုမေဓာရှင်ရသေ့သည် နောင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာညောင်းသောအခါ ဘဒ္ဒကမ္ဘာ၌ သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ် ကေန်ဖြစ်လိမ့်မည်။ အို...ရသေ့မြတ်၊ ဤသုမိတ္တာ အမျိုးသမီးသည် သင်၏ဘုရားဖြစ်ရန်အကျိုးငှာ စိတ်တူကံတူ အညီအမျှပြုလုပ်သူ၊ ကိုယ်နှုတ်နှလုံးသုံးပါးသောအမှုဖြင့် ချစ်ခင်နှစ်သက် အပ်သူ ဖြစ်ပေလိမ့်မည်...။ နောက်ဆုံးဘဝ၌ သင့်သာသနာဝယ် အရဟတ္တဖိုလ်ဟူသော လောကုတ္တရာအမွေကိုရပြီး တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော သာဝိကာမ ဖြစ်ပေလိမ့်မည်"

မည်မျှ ဝမ်းမြောက်စရာ ကောင်းလိုက်ပါသနည်း။ နတ်ဗြဟ္မာတို့

နှင့်တကွ လူအပေါင်းတို့သည် ရှင်ရသေ့အား လက်အုပ်ချီမိုး၍ ရှိခိုးကြကုန်၏၊ ပန်းများကြဲဖြန့်၍ ပူဇော်ကြ၏။ ဘုရားရှင်နှင့် ရဟန္တာလေးသိန်းတို့သည် သုမေဓာကို လက်ယာဘက်ထားကာ ကြွသွားကြကုန်၏။

မြတ်စွာဘုရားနှင့် သံဃာတော်များ လွန်မြောက်သွားကြလျှင် သုမေဓာရသေ့သည် ပန်းပုံကြီးပေါ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးလျှင် ဘုရားဖြစ်အောင်ပြုပေးနိုင်သည့် အကြောင်းတရားများကို ဆင်ခြင်တော်မူ၏။ ထိုအခါ ရှေးရှေးဘုရားအလောင်းတို့ အစဉ်မှီဝဲအမြဲလေ့လာပွားများအပ်သည့် ဘုရားဖြစ်ကြောင်း လမ်းကောင်းသဖွယ်ဖြစ်သော **ဒါနပါရမီကို** ဦးစွာမြင်တော်မူ၏။

"အမောင်သုမေဓာ...သင်သည် ဘုရားဖြစ်ရန် အလိုရှိပါမူ ဒါနပါရမီကို အစဦးစွာ အစွဲအမြဲပြုကာ ဆောက်တည်ပါလော့။ ရေပြည့်နေသောအိုးကို မှောက်သွန်လိုက်သကဲ့သို့ အယုတ်၊ အလတ်၊ အမြတ်မရွေး အလှူခံပုဂ္ဂိုလ်တို့ ရောက်လာလျှင် သင်၌ပေးလှူရန်ရှိသမျှကို အကြွင်းအကျန်မထားဘဲ အိတ်သွန်ဖာမှောက် လှူဒါန်းပါလော့"

ဤသို့ မိမိကိုယ်မိမိ ဆုံးမတော်မူပြီးလျှင် ဘုရားအလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ဒါနပါရမီကို အစထား၍ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူခဲ့သဖြင့် ဤဘဒ္ဒကမ္ဘာဝယ် **ဂေါတမမြတ်စွာဘုရားအဖြစ်** ထင်ရှားစွာပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့လေပြီ။

ထိုစဉ်က သုမိတ္တာပုဏ္ဏေးမသည်လည်း အလောင်းတော်၏ ပါရမီဖြည့်ဖက်ဖြစ်ကာ နောက်ဆုံးဘဝ၌ **ယသောဓရာထေရီဖြစ်ကာ**

အရဟတ္တဖိုလ်ဉာဏ်နှင့်တကွ ပဋိသမ္ဘိဒါလေးပါးနှင့် အဘိညာဉ် ခြောက်ပါးတို့ကို မျက်မှောက်ပြုနိုင်ခဲ့လေပြီ။

ဒါနပါရမီ၏ အရှိန်အဝါသည် ဘဝကုဋေကုဋာ ချမ်းသာကြွယ်ဝ ပြည့်စုံခြင်းဟူသော ဘောဂသမ္ပတ္တိကို ပြည့်စုံစေလျက် အရဟတ္တ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့နှင့်တကွ သဗ္ဗညုတဉာဏ်တော်အထိ ရရှိအောင် အကျိုးဆောင်ပေးနိုင်သည်တကား။

(မဟာဗုဒ္ဓဝင်၊ ပထမတွဲ၊ ပထမပိုင်း၊ ၄၀-၈၅)

❊ ❊ ❊

# ဗြဟ္မဒါန

## ရှေးသူတော်ကောင်းတို့၏ လမ်းရိုးလမ်းကောင်း

လွန်လေပြီးသော တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ **အရှင်သာရိပုတ္တရာသည်** ဗြာဟ္မဏမဟာသာလအမျိုး၌ဖြစ်၍ **သရဒ လုလင်**ဟု အမည်ရှိ၏။ **အရှင်မောဂ္ဂလာန်သည်** ဂဟပတိမဟာသာလ အမျိုး၌ဖြစ်၍ **သိရိဝဍ္ဎန**အမည်ရှိ၏။

ထိုသူနှစ်ဦးတို့သည် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ကစားဖော်များဖြစ်ခဲ့၍ အလွန်ချစ်ကျွမ်းဝင်ကြ၏။ အရွယ်ရောက်လတ်သော် သရဒလုလင်သည် ဖခင်ကွယ်လွန်သဖြင့် အမျိုးစဉ်ဆက်မှ လာသော ဥစ္စာစည်းစိမ်တို့ကို ရရှိ၏။ တစ်နေ့ဝယ် ဤသို့ အကြံ ဖြစ်ပေါ်၏ –

၂၂၈၇၈

"ငါသည် ဤမျက်မှောက်ဘ၀ကိုသာ သိ၏၊ တမလွန်ဘ၀ကို မသိ။ သတ္တ၀ါအားလုံးသည် သေရမည်မချွတ်တည်း။ သေလွန်သော အခါ ဥစ္စာ ရွှေငွေ၊ ဆန်ရေစပါးတို့ကို မယူဆောင်သွားနိုင်၊ ဇနီး သားသမီး ဆွေမျိုးတို့ကလည်း လိုက်၍ မပြုစုနိုင်။ မသေမီကာလ ပျော်နိုးကြသော ကာမချမ်းသာသည်လည်း အနှစ်သာရမရှိ။ ထိုအနှစ်မဲ့ သော ကာမချမ်းသာကို မှီ၀ဲပျော်ပါးနေခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ လူ့ဘောင်မှထွက်ခွာ၍ ရဟန်းဘ၀ဖြင့် နိဗ္ဗာန်ကို ရှာရမှု ကောင်း၏"

ဤသို့အကြံဖြစ်သည့်အတိုင်း မိတ်ဆွေ–သီရိ၀မနနှင့် တိုင်ပင်၏။ သီရိ၀မနက "အဆွေ...ငါသည် ရဟန်းပြုခြင်းငှာ မစွမ်းနိုင်၊ သင် စွမ်းနိုင်က ပြုပါလေ"ဟု ဆို၏။

သရဒလုလင်သည် ဥစ္စာပစ္စည်းအလုံးစုံကို ပြည်သူအပေါင်းတို့ အား လှူဒါန်းပြီးလျှင် ဟိမ၀န္တာတောင်အနီး လမ္ဗကမည်သောတောင်ကို မှီ၍ ရဟန်း(ရသေ့)ပြု၏။ သမထဘာ၀နာကို ကောင်းစွာရှုပွားသဖြင့် မကြာမြင့်မီပင် ဈာန်သမာပတ်ရှစ်ပါးနှင့် အဘိညာဉ်ငါးပါးတို့ကို ရရှိကြ၏။

ထိုအခါ မဇ္ဈိမဒေသ စန္ဒ၀တီပြည်၀ယ် **အနောမဒဿီမြတ်စွာ ဘုရား** ပွင့်ထွန်းတော်မူ၏။ တစ်နေ့၀ယ် မြတ်စွာဘုရားသည် မဟာ ကရုဏာသမာပတ်မှထ၍ လောကကို ရှုကြည့်တော်မူရာ သရဒရသေ့ နှင့် အခြံအရံရသေ့အပေါင်းကို တရားတော်မိုး ရွာသွန်းဖြိုးရန် အခါသင့်မြတ်သည်ကို မြင်တော်မူ၏။ သို့အတွက် ကိုယ်တော် တစ်ပါးတည်းပင် ကောင်းကင်ခရီးဖြင့် ကြွချီ၍ သရဒရသေ့အနီး၌ ဆင်းသက်တော်မူ၏။

သရဒရသေ့သည် ဗေဒင်ကျမ်းလာ လက္ခဏာတော်ကြီး လက္ခဏာတော်ငယ်များနှင့်တကွ အံ့ဖွယ်တစ်ဆယ့်ရှစ်စုံ ရောင်ခြည်တော်ခြောက်သွယ်တို့နှင့် တင့်တယ်ထွန်းပသော ကိုယ်တော်မြတ်၏ ပြည့်စုံခြင်းကိုမြင်လျှင် "ဤသူမြတ်ကား သဗ္ဗညုမြတ်စွာဘုရားပေတည်း"ဟု မှတ်ယူ၍ ခရီးကြိုဆို၏၊ သောက်သုံးရေ ထည့်၏၊ နေရာခင်း၏၊ ဝတ်ပြု၏၊ ရိုသေစွာရှိခိုး၏။

အခြံအရံ ရသေ့အပေါင်းသည် သစ်သီးများကို ဆောင်လျက်ပြန်လာကြသည့်အခါ တင့်တယ်စွာနေသော ဘုရားရှင်နှင့် မိမိတို့၏ ဆရာကို မြင်လေသော်..."ဆရာ...ကျွန်ုပ်တို့သည် ဤလောက ဓာတ်၌ ဆရာထက်လွန်မြတ်သောသူ မရှိပြီဟု ထင်မှတ်ကြကုန်၏။ ယခု ဆရာသည်ပင်ရှိခိုးရသော ဤပုဂ္ဂိုလ်ကား ဆရာထက်လွန်မြတ်သလော"ဟု မေးမြန်းကြ၏။

သရဒရသေ့က "တပည့်တို့...အသို့ ဆိုကုန်ဘိသနည်း၊ မုန်ညင်းစေ့နှင့် မြင်းမိုရ်တောင်ကို မနှိုင်းယှဉ်အပ်သကဲ့သို့ ငါနှင့်ဤပုဂ္ဂိုလ်မြတ်ကို မနှိုင်းယှဉ်အပ်ပါ။ ဤပုဂ္ဂိုလ်ကား လောကသုံးပါး၌ အထွတ်အထိပ်ဖြစ်သော မြတ်စွာဘုရားပေတည်း။ ငါတို့ကား သာသနာပအရည်းမျှသာတည်း"ဟု ဆို၏။

ရသေ့အပေါင်းသည် ဘုရားရှင်ကို ရှိခိုးကြ၏။ သရဒရသေ့သည် ဘုရားရှင်အား သစ်သီးအမျိုးမျိုးနှင့် လုပ်ကျွေးပြီးသော် တရားတော်ကိုနာ၍ သဗ္ဗညုတဉာဏ်တော်ကို ၁၂ ဂါထာတို့ဖြင့် ချီးမွမ်းပူဇော်၏။

မြတ်စွာဘုရားသည် အဂ္ဂသာဝကနှစ်ပါးတို့၏ လာခြင်းကို တောင့်တတော်မူ၏။ အဂ္ဂသာဝကနှစ်ပါးသည် သံဃာတော်တစ်သိန်းနှင့်တကွ ကြွလာပြီး ဘုရားရှင်ကို ခစားကြ၏။ သရဒရသေ့သည်

တပည့်အပေါင်းအား ပန်းမျိုးစုံကို ဆောင်ကြဉ်းစေ၍ ဘုရားရှင်၊ အဂ္ဂသာဝကနှစ်ပါးနှင့် သံဃာတော်အပေါင်းတို့ သီတင်းသုံးရန် မြင့်မားကြီးကျယ်သည့် ပန်းမွေ့ရာ ပန်းခင်းများကို ပြုလုပ်စေ၏။

မြတ်စွာဘုရားသည် ရသေ့တို့အား များမြောင်သော ကုသိုလ်ဖြစ်စိမ့်သောငှာ ပန်းနေရာထက်၌ ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။ အဂ္ဂသာဝကနှစ်ပါးနှင့် သံဃာတစ်သိန်းတို့ကလည်း သမာပတ်ဝင်စားကြ၏။ သရဒရသေ့သည် ခုနစ်ရက်ပတ်လုံးပင် ဘုရားရှင်အား ပန်းထီးမိုးလျက် အာဟာရမှီဝဲခြင်းမရှိ၊ ပီတိချမ်းသာဖြင့်နေ၏။

သမာပတ်မှ ထတော်မူလေလျှင် ဘုရားရှင်သည် လက်ယာရံ **နိသဘထေရ်**အား ပန်းနေရာ အနုမောဒနာ ပြုစေတော်မူ၏။ ထို့နောက် လက်ဝဲရံ **အနောမထေရ်**ကို အနုမောဒနာ ပြုစေတော်မူ၏။ အဂ္ဂသာဝကနှစ်ပါးတို့ တရားဟောကြားသည့်အတွက် ရသေ့တစ်ဦးမျှ မဂ်ဖိုလ်မရကြချေ။ ထို့နောက် မြတ်စွာဘုရားသည် ထူးပြားဆန်းကြယ်သော တရားတော်ဖြင့် အနုမောဒနာပြုတော်မူ၏။ ဒေသနာတော်၏ အဆုံး၌ သရဒရသေ့မှတစ်ပါး ၇၄၀၀၀ သောရသေ့တို့သည် ရဟန္တာများဖြစ်ကြ၏။

သရဒရသေ့ကား နိသဘထေရ်၏ တရားစကားကို ကြားနာရစဉ်ကပင် "ဤအရှင်ကဲ့သို့ နောင်ပွင့်တော်မူသော ဘုရားရှင်တို့၏ သာသနာတော်ဝယ် ငါဖြစ်လို၏"ဟု စိတ်အကြံရှိ၍ သမာဓိကို မရနိုင်သဖြင့် အရဟတ္တဖိုလ်သို့ မရောက်ချေ။ ထို့နောက် ဤသို့ လျှောက်ထား၏။

"အရှင်ဘုရား...အကျွန်ုပ်သည် သဗ္ဗညုတဉာဏ်တော်ကို ချီးကျူး

ပူဇော်ရသော ကောင်းမှု၊ ပန်းထိုးဆောင်းမိုးပေးရသော ကောင်းမှု၊ ဘုရားအမှူးရှိသော သံဃာတော်တို့ကို ရှိသေမြတ်လေး လုပ်ကျွေးရသော ကောင်းမှုအစုစုတို့ကြောင့် နိသဘာထေရ်ကဲ့သို့ နောင်ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တစ်ဆူဆူ၏ သာသနာ၀ယ် လက်ယာရံ အဂ္ဂသာဝက ဖြစ်ရပါလို၏"

ဘုရားရှင်သည် အနာဂတံသဉာဏ်ဖြင့် ရှုတော်မူပြီးသော် "ချစ်သားသရဒ...ဤကမ္ဘာမှစ၍ရေသော် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းလွန်မြောက်သောကာလ၌ ဘဒ္ဒကမ္ဘာ ဖြစ်ပေါ်လိမ့်မည်။ ထိုကမ္ဘာ၌ ကကုသန်, ကောဏာဂုံ, ကဿပဟူသော ဘုရားသုံးဆူ ပွင့်ပေါ်ပြီးနောက် '**ဂေါတမမြတ်စွာဘုရား**' ပွင့်တော်မူလိမ့်မည်။ ထိုအခါ သင်သည် သာဝကပါရမီ၏ အထွတ်အထိပ်သို့ရောက်၍ **သာရိပုတ္တရာ**အမည်ဖြင့် လက်ယာရံ အဂ္ဂသာဝကဖြစ်လိမ့်မည်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

သရဒရသေ့သည် မိမိ၏တပည့်များက ရဟန္တာဖြစ်၍ ဘုရားရှင်၏ နောက်တော်သို့ လိုက်ပါသွားကြသောအခါ သီရိဝဍ္ဎနသူကြွယ်ထံ ကြွသွား၏။ သူကြွယ်က ကောင်းမွန်စွာ ပြုစုလုပ်ကျွေးပြီး တပည့်များ မပါလာသည့်အကြောင်းကို မေးလျှောက်၏။

သရဒရသေ့သည် ဘုရားရှင်နှင့် ဆုံတွေ့ခဲ့ရသည်မှစ၍ ဗျာဒိတ်ရသည့်တိုင်အောင် အကြောင်းစုံကို ပြောပြပြီးလျှင် "ငါကား လက်ယာရံ အဂ္ဂသာဝကဆုကို ရပြီ၊ သင်သည်လည်း ငါနှင့်မကွဲမကွာ လက်ဝဲရံ အဂ္ဂသာဝကဆုကို တောင်းပြီး ပါရမီဖြည့်လော့"ဟု တိုက်တွန်း၏။

သူကြွယ်သည် သံဃာနှစ်သိန်းခန့် နေလောက်သော မဏ္ဍပ်ကြီးကို ဆောက်လုပ်စေ၏။ သရဒရသေ့အား ဘုရားရှင်နှင့် သံဃာတော်များကို

ပင့်ဖိတ်စေ၏။ ဘုရားရှင်နှင့် သံဃာတော်တစ်သိန်း ကြွလာကြသော အခါ သူကြွယ်သည် ခုနစ်ရက်ပတ်လုံး ဆွမ်းလုပ်ကျွေး၏။ နောက်ဆုံး နေ့၌ ဘုရားအမှူးရှိသော သံဃာတော်တို့အား တိစီဝရိတ်သင်္ကန်း, ဆွမ်း အဖျော်တို့ဖြင့် လှူဒါန်းပူဇော်၏၊ တရားတော်နာကြား၏၊ ထို့နောက် ဘုရားရှင်အား ဤသို့လျှောက်ထား၏။

"အရှင်ဘုရား...အကျွန်ုပ်၏ အဆွေဖြစ်သော သရဒရသေ့သည် နောင်ပွင့်လတ္တံ့သော ဂေါတမမြတ်စွာဘုရား၏ သာသနာတော်ဝယ် လက်ယာရံ အဂ္ဂသာဝကအဖြစ်ကို ရလိုကြောင်း ဆုတောင်း၏၊ အကျွန်ုပ်သည်လည်း ယခုပြုရသော ကုသိုလ်ကောင်းမှုကြောင့် ထို ဂေါတမ မြတ်စွာဘုရား၏ သာသနာတော်ဝယ် လက်ဝဲရံအဂ္ဂသာဝက အဖြစ်ကို ရလိုပါ၏"

အနောမဒဿီ မြတ်စွာဘုရားသည် အနာဂတံသဉာဏ်ဖြင့် ကြည့်တော်မူ၍ ပြည့်စုံအံ့သောအကြောင်းကို မြင်တော်မူလျှင် "ချစ်သား သိရိဝဍ္ဍန...ထိုအရှင် ဂေါတမဘုရားပွင့်ထွန်းသောအခါ သင်သည် **မဟာမောဂ္ဂလာန်**အမည်ဖြင့် လက်ဝဲရံအဂ္ဂသာဝကဖြစ်လတ္တံ့."ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

(ဓိနတ္ထပကာသနီကျမ်း၊ ၁၃၆-၁၄၁)

ဂေါတမမြတ်စွာဘုရား၏ လက်ယာရံ အဂ္ဂသာဝိကာ-**ခေမာထေရီ** သည် လွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်၌ **ပဒုမုတ္တရမြတ်စွာဘုရား** ပွင့်တော်မူသောအခါ ဟံသာဝတီပြည်ဝယ် ဥစ္စာ ၂၄ ကုဋေကြွယ်ဝသော သူဌေးသမီးဖြစ်၏။ ထိုသူဌေးသမီးသည် ဘုရားရှင်နှင့် သံဃာတော် များကို ခုနစ်ရက်ပတ်လုံး အလှူကြီးပေး၏။ ယင်းကောင်းမှုကြောင့် "နောင်ပွင့်တော်မူကုန်သော ဘုရားရှင်တို့၏ သာသနာဝယ် ပညာ

ကြီးကျယ်သည့် ဘိက္ခုနီမဖြစ်၍ အဂ္ဂသာဝိကာအရာကို ရလိုပါ၏”ဟု ဆုတောင်းခဲ့၏။ တောင်းသောဆုနှင့် ပြည့်စုံမည့်အကြောင်းကို ပဒုမုတ္တရ မြတ်စွာဘုရား မြွက်ကြားတော်မူခဲ့၏။

ဂေါတမမြတ်စွာဘုရား၏ လက်ဝဲရံ အဂ္ဂသာဝိကာ–**ဥပ္ပလဝဏ် ထေရီ**သည် ထိုပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်တွင် မဟောရဂမည်သော နဂါးမင်းကြီး၏ မိဖုရား ဝိမလာဒေဝီဖြစ်၏။ နဂါးမင်းကြီးနှင့် မိဖုရားတို့သည် မြတ်စွာဘုရားနှင့် သံဃာတော်တို့ကို နဂါးပြည်သို့ ပင့်ဆောင်၍ ရတနာပလ္လင်ခင်းပြီး ရတနာမဏ္ဍပ် တည်ဆောက်၍ နတ်သုဒ္ဓါဆွမ်းတို့ဖြင့် လှူဒါန်းပူဇော်ကြ၏။

ပဒုမုတ္တရမြတ်စွာဘုရားသည် ဝိမလာဒေဝီ၏ အားကြီးသော အထောက်အပံ့ပြည့်စုံမှု (ဥပနိဿယသမ္ပတ္တိ)ကို မြင်တော်မူသဖြင့် လက်ဝဲရံအဂ္ဂသာဝိကာကို တန်ခိုးအမျိုးမျိုးပြစေ၏။ ဝိမလာဒေဝီသည် တန်ခိုးပြခြင်းကို အလွန်နှစ်သက်ရကား အရှင်မကဲ့သို့ ဖြစ်လိုသောဆန္ဒ ပြင်းထန်စွာ ဖြစ်ပေါ်၏။ သို့အတွက် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ခံယူပြီးလျှင် ပူဇော်ဖွယ်အထူးထူးတို့ဖြင့် ဘုရားအမှူး ရှိသည့် သံဃာတော်တို့ကို လှူဒါန်းပူဇော်၏၊ နဂါးပြည်၌ဖြစ်သော “အရုဏ”မည်သော ကြာပန်းဖြင့်လည်း ဘုရားရှင်အား လှူဒါန်းပူဇော်၍ “နောင်သောအခါ ဤကြာပန်းအရောင်အဆင်းကဲ့သို့ ကိုယ်အဆင်းရှိသူ ဖြစ်စေသောဝ်၊ ဤတန်ခိုးကြီးသောထေရီမကဲ့သို့ နောင်ဘုရားတို့၏ သာသနာ၌ သာဝိကာမဖြစ်စေသော်ဝ်”ဟု ဆုတောင်း၏။ တောင်း သောဆုနှင့် ပြည့်စုံမည်ကို ဘုရားရှင်သည် ဗျာဒိတ်စကား မိန့်ကြား တော်မူ၏။

(ဇိနတ္ထပကာသနီကျမ်း၊ ၃၇၀–၃၇၁၊ ၄၅၆–၄၅၇)

ရှေးသူတော်ကောင်းတို့သည် ဘုရားအမှူးပြုသော သံဃာတော်တို့ကို အကြီးအကျယ် ဆွမ်း သက်န်းစသည် လှူဒါန်းပူဇော်ပြီးလျှင် မြင့်မြတ်သောဆုများကို ပန်ဆင်ခဲ့ကြ၏။ ပန်ဆင်သောဆုအသီးသီးနှင့် ပြည့်စုံမည့်အကြောင်းကိုလည်း ဘုရားရှင်တစ်ပါးပါးထံမှ ဗျာဒိတ်စကား ကြားသိခဲ့ကြရ၏။ လိုအပ်သော အတိုင်းအတာအထိ ပါရမီဆက်ဖြည့်ပြီးသောအခါ ဗျာဒိတ်တော်အတိုင်း ဖြစ်မြောက်ခဲ့ကြ၏။

ယခုအခါသည် မြတ်စွာဘုရား၏ သာသနာတော် ထွန်းတောက်ချိန်ဖြစ်၍ ဘုရားအမှူးပြုသော သံဃာတော်ကို ပစ္စည်းလေးပါးဖြင့် လှူဒါန်းပူဇော်နိုင်သေး၏။ သို့အတွက် စေတနာထက်ထက်သန်သန်ဖြင့် လှူဒါန်းပူဇော်၍ ယုံယုံကြည်ကြည် ဆုတောင်းမည်ဆိုလျှင် ဆုတောင်းတိုင်း ကောင်းစွာပြည့်စုံမည်သာတည်း။

## ဒါန၏ကျေးဇူး ထူးထွေများပြားလှသည်

မြတ်စွာဘုရားသည် ဝေနေယျသတ္တဝါတို့အား တရားဟောတော်မူလျှင် ဒါနကထာ–ဒါနအကြောင်းကို စတင်၍ ဟောတော်မူသည်။ ဒါနမှစတင်၍ ကုသိုလ်ကောင်းမှုပြုကြရန်ဖြစ်သည်။

***ဣတိဝုတ်–ဒါနသုတ်၌*** *"သတ္တဝါတို့သည် လှူဒါန်းခြင်း စေတနာ၏အကျိုးကို ငါဘုရား သိသကဲ့သို့ သိကြလျှင် မပေးလှူဘဲ မစားကုန်ရာ၊ ဝန်တိုမှုနှင့် ငြူစူမှု စသော အကုသိုလ်တို့သည် ထိုသူတို့၏စိတ်ကို သိမ်းကျုံးလွှမ်းမိုး၍ မတည်နိုင်ရာ၊ အလှူခံပုဂ္ဂိုလ်ရှိလျှင် နောက်ဆုံး ထမင်းလုတ်ကိုသော်မှ မလှူဒါန်းဘဲ မစားကုန်ရာ။ သတ္တဝါတို့သည် လှူဒါန်းခြင်း စေတနာ၏အကျိုးကို ငါဘုရား သိသကဲ့သို့*

*မသိကြသည့်အတွက် မပေးလှူဘဲစားကြကုန်၏။ ဝန်တိုမှုနှင့် ငြူစူမှုစသော အကုသိုလ်တရားတို့ကလည်း ထိုသူတို့၏ စိတ်ကို သိမ်းကျုံးလွှမ်းမိုး၍ တည်ကြကုန်၏”ဟု မြတ်စွာဘုရား ဟောကြားတော်မူသည်။*

*တစ်ဖန် “ဒါန၏အကျိုးကို ဘုရားရှင်တို့သာ အကုန်အစင် သိမြင်နိုင်၏။ ဒါနကောင်းမှုသည် မျက်မှောက်ချမ်းသာ၊ တမလွန်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့၏ အကြောင်းဖြစ်၏။ လောကဓ္ဓ သတ္တဝါတို့ ရရှိထားကြသော စည်းစိမ်ချမ်းသာဟူသမျှနှင့် ထိုစည်းစိမ်ဥစ္စာတို့ကို သုံးစွဲ၍ ဖြစ်ပေါ်လာသော ချမ်းသာဟူသမျှတို့သည် ဒါနအကျိုးကြောင့်သာ ဖြစ်ပေါ်လာကြကုန်၏”ဟူ၍လည်း ဘုရားရှင် မိန့်ကြားတော်မူ၏။*

**မင်္ဂလသုတ်**၌ လှူဒါန်းပေးကမ်းခြင်းသည် ကြီးပွားချမ်းသာကြောင်း မင်္ဂလာတစ်ပါးဖြစ်သည်ဟု ဘုရားရှင် ညွှန်ပြတော်မူ၏။ ပေးကမ်းစွန့်ကြဲခြင်းသည် ပေးသူနှင့်ယူသူနှစ်ဦးအား ရွှင်လန်းဝမ်းမြောက်စေ၏။ ရှိသူက မရှိသူသို့ ဝေငှပေးခြင်းဖြစ်၍ ပစ္စည်းသုံးစွဲမှုကို မျှတစေ၏။ ပေးကမ်းစွန့်ကြဲခြင်းသည် နှမြောတွန့်တိုသူကိုလည်း အောင်နိုင်၏၊ ရန်သူများကိုလည်း မိတ်ဆွေဖြစ်လာစေနိုင်၏၊ နတ်လူအပေါင်းတို့၏ ချစ်ခင်မြတ်နိုးခြင်းကိုလည်း ရရှိစေ၏။ ထို့ကြောင့် အလှူဒါနသည် **အကောင်းဆုံးလူမှုရေးတရားတစ်ပါး**ဖြစ်၏။

**စူဠကမ္မဝိဘင်္ဂသုတ်**တွင် အတိတ်က မလှူဒါန်းခဲ့ကြသည့်အတွက် မျက်မှောက်ဘဝတွင် ဆင်းရဲနွမ်းပါးကြရသည်။ အတိတ်က လှူဒါန်းခဲ့ကြသူများမှာ ချမ်းသာကြွယ်ဝကြသည်ဟု သုဘလုလင်အား မြတ်စွာ

ဘုရား ရှင်းပြတော်မူသည်။

**နိမိကဇ္ဇာသုတ်၌** ရွှေအိုးကြီးများ မြှုပ်နှံကြရန် မြတ်စွာဘုရား ညွှန်ကြားတော်မူသည်။ ပကတိရွှေအိုးများကို မြေ၌ နက်နက်တူး၍ မြှုပ်ထားလျှင်လည်း စိတ်မချရ၊ ရွှေအိုးသည် မြှုပ်ထားရာအရပ်မှ ရွေ့ရှားသွားတတ်၏၊ မြှုပ်နှံသူ၏ အမှတ်ထားမှုသည်လည်း မေ့လျော့ သွားတတ်၏၊ နဂါးတို့လည်း နေရာပြောင်းထားတတ်၏၊ ဘီလူး တို့လည်း ယူဆောင်သွားတတ်၏၊ မချစ်အပ်သောအမွေခံတို့လည်း တူးယူသွားတတ်၏။ မြှုပ်နှံသူ သေဆုံးသောအခါ၌လည်း ရွှေအိုးကို စွန့်ပစ်ခဲ့ရမည်ဖြစ်၏။

မည်သူတစ်ဦးတစ်ယောက်မျှ မလုယူနိုင်သော၊ မည်သည့်အခါမျှ မပျောက်မပျက်နိုင်သော ဘဝဆက်တိုင်း ထက်ကြပ်မကွာ လိုက်ပါစေ နိုင်သော ရွှေအိုးမြှုပ်နှံနည်းသည်ကား အလှူဒါန ပေးကမ်းခြင်းဖြစ်၏၊ သီလဆောက်တည်ခြင်းဖြစ်၏၊ ကိုယ်နှုတ်နှလုံးတို့ကို ကောင်းစွာ စောင့်စည်းနိုင်သော သမာဓိကို ပွားစေခြင်းဖြစ်၏၊ ဣန္ဒြေတို့ကို ဆုံးမနိုင်သော ပညာကို ပွားစေခြင်းဖြစ်၏၊ စေတီတော်, သံဃာတော်, မိဘ, အစ်ကို, အစ်မ, ဆွေမျိုး, ဧည့်သည်တို့အား လှူဒါန်းပူဇော်ခြင်း, အမှုကိစ္စ ဆောင်ရွက်ပေးခြင်းတို့ဖြစ်၏။

ဤကုသိုလ်ရွှေအိုးတို့သည် ရန်သူတို့ မလုယူနိုင် မဖျက်ဆီးနိုင် သည်ဖြစ်၍ ဘဝဆက်တိုင်း လိုက်ပါကြ၏။ လူနှင့်နတ်တို့ အလိုရှိသမျှ ပစ္စည်းဥစ္စာတို့ကို ပေးစွမ်းနိုင်ကြ၏၊ တောင့်တရာရာ ချမ်းသာ ဟူသမျှကို ပေးစွမ်းနိုင်ကြ၏၊ ရုပ်အသွင်သဏ္ဌာန် အချိုးကျ၍ အရေအဆင်းလှပခြင်း, အသံကောင်းခြင်း, အစိုးရခြင်း, အခြွေအရံ များခြင်းတို့ကိုလည်း စွမ်းဆောင်ပေးနိုင်၏။

ပဒေသရာဇ်မင်းအဖြစ်၊ ကေရာဇ်မင်းအဖြစ်၊ နှစ်သက်မြတ်နိုး အပ်သော စကြဝတေးမင်းအဖြစ်၊ နတ်မင်းအဖြစ် စသည့် အကျိုး အားလုံးကိုလည်း ထိုကုသိုလ်ရွှေအိုးတို့ကြောင့် ရနိုင်၏။

လူ့ပြည်ရှိ စည်းစိမ်ဥစ္စာများကိုလည်းကောင်း၊ နတ်ပြည်ရှိ နှလုံး မွေ့လျော်ဖွယ်ရာများကိုလည်းကောင်း၊ နိဗ္ဗာန်ချမ်းသာကိုလည်းကောင်း၊ ထိုကုသိုလ်ရွှေအိုးတို့ကြောင့် ရနိုင်၏။

ဒါနကုသိုလ်သည် လူနတ်နိဗ္ဗာန်–သုံးတန်သောချမ်းသာကို ပေးစွမ်းနိုင်ပေတကား။ ဒါနကုသိုလ်၏စွမ်းအားသည် အံ့မခန်းစဖွယ် ကြီးမားလှပေ၏။ အဏုမြူစွမ်းအင်ကို အသုံးချတတ်လျှင် ကြီးကျယ် သောအကျိုးများကို ရရှိသကဲ့သို့ ဒါနစွမ်းအားကို အသုံးချတတ်လျှင် အံ့မခန်းဖွယ်သော အကျိုးကျေးဇူးများကို ရရှိနိုင်ပေ၏။

သာဝတ္ထိပြည်မှ ပန်းသည်ကြီး၏သမီးဖြစ်သော **မလ္လိကာ**သည် မြတ်စွာဘုရားအား မုယောမုန့်သုံးခု လှူဒါန်းရသောအကျိုးကြောင့် ထိုလှူသည့်နေ့တွင်ပင် ကောသလမင်း၏ မိဖုရားခေါင်အဖြစ်သို့ ရောက်ခဲ့၏။

ရာဇဂြိုဟ်ပြည်၌ အလွန်ဆင်းရဲပင်ပန်းစွာ အသက်မွေးကြရသော **ကာကဝလိယ**ဇနီးမောင်နှံတို့သည် နိရောဓသမာပတ်မှ ထလာသော အရှင်သာရိပုတ္တရာမထေရ်အား ယာဂုဆွမ်းလှူရသည့်အကျိုးကြောင့် ခုနစ်ရက်အတွင်း၌ပင် ရွှေအိုးကြီးများစွာကို ရရှိပြီး သူဌေးကြီးအရာသို့ ရောက်ခဲ့ကြ၏။

သုမနသူဌေးကြီး၏လယ်ကို အခကြေးငွေဖြင့် ထွန်ယက်လုပ်ကိုင် ပေးရသော **ကိုပုဏ္ဏ**နှင့် ဇနီးတို့သည် နိရောဓသမာပတ်မှ ထလာသော အရှင်သာရိပုတ္တရာမထေရ်အား စေတနာဗလဝဖြင့် ယာဂုဆွမ်း

လောင်းခဲ့ရသည့်အတွက် ထိုလူ့သောနေ့၌ပင်လျှင် လယ်ထွန်စာများက ရွှေတုံးရွှေခဲများဖြစ်လာကြ၏။ ကိုပုဏ္ဏတို့လည်း သူဌေးကြီးအရာကို ရရှိခဲ့ကြ၏။

ဂေါတမမြတ်စွာဘုရားလက်ထက်တော်၌ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ဝယ် ကျော်စောထင်ရှားသော သူဌေးကြီးငါးဦး ရှိ၏။ **ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ကာကဝလိယနှင့်** ပုဏ္ဏတို့ဖြစ်ကြ၏။ **ဇဋိလ သူဌေးကြီး**သည် အတိတ်က ကဿပမြတ်စွာဘုရား၏ ဓာတ်တော် စေတီဌာပနာတိုက်တွင် တစ်ထွာစီမြင့်သော ရွှေပန်းခိုင်သုံးခုကို လှူဒါန်းပြီး ထိုစေတီ၌ ရွှေတစ်ဖျာစာ မလောက်မငဖြစ်နေသည်ကို လှူဒါန်းပူဇော်ခဲ့၏။ ဤကောင်းမှုကြောင့် ဇဋိလသူဌေးဘဝတွင် အိမ်တံခါးဝ၌ အတောင်ရှစ်ဆယ်မြင့်သော ရွှေတောင်ကြီး ပေါက်လာ၏။

**ဇောတိကသူဌေးကြီး**သည် ဝိပဿီမြတ်စွာဘုရား လက်ထက်တွင် ဗန္ဓုမတီပြည်၌ အပရာဇိတအမည်ဖြင့် သူကြွယ်ဖြစ်ခဲ့၏။ ထိုသူကြွယ် သည် ဝိပဿီဘုရားရှင် သီတင်းသုံးရန် ဂန္ဓကုဋီတိုက်ကို ရတနာ ခုနစ်ပါးဖြင့် ထူးထူးခြားခြား တည်ဆောက်လှူဒါန်းခဲ့၏။ ဤကုသိုလ်ကံ ကြောင့် ဇောတိကသူဌေးဘဝတွင် သူနေထိုင်ရန် ရတနာဗိမာန်ကြီး မြေမှ ပေါက်လာရ၏။

အပရာဇိတသူကြွယ်၏ တူတော်စပ်သည့် သူဌေးက ဝိပဿီ မြတ်စွာဘုရားနှင့် သံဃာတော်များ စည်းဝေးရန် ဆိတ်ရုပ်ခံသည့် ဇရပ်တစ်ဆောင်ကို ရတနာခုနစ်ပါးဖြင့် မွမ်းမံတည်ဆောက်ခဲ့၏။ ဤတူသူဌေးက **မေဏ္ဍကသူဌေးကြီး**ဖြစ်လာသည့်အခါ ရှစ်မင်းပယ်စာ မျှရှိသော မြေပြင်တွင် ဆင်ကြီးမြင်းကြီး အရွယ်မျှရှိသော ရွှေဆိတ်

ရုပ်များ ကျောချင်းထိကာ ပေါ်ပေါက်လာကြ၏။

ဒါနကုသိုလ်ကို ပါရမီမြောက် ပြုလုပ်ထားလျှင် လူချမ်းသာ နတ်ချမ်းသာတို့ကိုသာမက နိဗ္ဗာန်ချမ်းသာအထိ အကျိုးပေးနိုင်သဖြင့် အလွန်အားရဖွယ်ကောင်းလှပေသတည်း။

## အလှူရေစက် လက်နှင့်မကွာပါစေနှင့်

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် မြတ်စွာဘုရား၏ အဆုံးအမကို ခံယူခဲ့ကြရသဖြင့် အလှူအတန်းရက်ရောကြ၏။ **"တစ်ပဲရလို့ တစ်မူး လှူ၊ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား"**ဆိုစကားအရ ဝင်ငွေထက်ပင် ကျော်လွန်ပြီး ရှင်ပြုရဟန်းခံ စသည့် အခမ်းအနားများ၌ လှူဒါန်းနေကြ သည်ကို တွေ့ရ၏။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စေတီပုထိုး, ကျောင်း, ဇရပ်, တန်ဆောင်း, ရေတွင်း, ရေကန်များက စိတ်ကြည်နူးစရာ ဖူးပွင့်ဝေဆာ နေကြခြင်းသည် အလှူရှင်တို့၏ စေတနာကြောင့် ဖြစ်ပါသည်။

နိုင်ငံခြားတိုင်းပြည်များစွာတွင် ရေတစ်ခွက် သောက်ချင်လျှင် ရေအိုးစင် ရှာမတွေ့၊ ညဉ့်နက်၍ တည်းခိုစရာရှာလျှင် ဇရပ်တန်ဆောင်း မရှိ၊ အခက်အခဲရှိ၍ အကူအညီတောင်းခံလိုလျှင်လည်း ကူညီမည့်သူ မပေါ်၊ မသိကျွမ်းဘဲ ထမင်းတစ်နပ်မျှ ခေါ်ကျွေးမည့်သူ ဆိုသည်မှာ အိပ်မက်ပင်မမက်ရဲပါ။

မြန်မာပြည်တွင် အိမ်နီးချင်း ခင်မင်ကြသည်၊ စားစရာ သောက် စရာများ ပေးကမ်းကြသည်၊ ရိုင်းပင်းကူညီကြသည်၊ မသိကျွမ်းဘဲနှင့် အိမ်မှာတည်းခွင့်ပြုကြ, ကျွေးမွေးဧည့်ခံကြသည်။ ဘုရားပွဲတော်ချိန်တွင် လာသမျှဧည့်သည်များကို ကျွေးမွေးကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံ

သည် ပျော်စရာအကောင်းဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်၏။

ပေးကမ်းလှူဒါန်းဖို့ ဘာလိုအပ်သနည်း၊ ဤလောကတွင် မလှူဒါန်းနိုင်လောက်အောင် ဆင်းရဲမွဲတေသူများ ရှိလေသလော။

ဒါနဖြစ်မြောက်ရန် ပေးလှူသူ၊ အလှူခံပုဂ္ဂိုလ်၊ လှူဖွယ်ဝတ္ထုနှင့် လှူလိုသောစေတနာတို့ ပြည့်စုံရ၏။ ပထမသုံးမျိုးမှာ အမြဲတစေရနိုင်၏၊ လှူရန်စေတနာရှိဖို့ကသာ အဓိကဖြစ်၏။

အချို့က ဆင်းရဲနွမ်းပါးလို့ မလှူနိုင်ဟု ထင်မှတ်နေကြ၏။ အမှန်က စေတနာမရှိ၍ မလှူဖြစ်ခြင်းဖြစ်၏။ ဒါနအကြောင်းကို ကောင်းကောင်းသဘောပေါက်လျှင် လူတိုင်း ဒါနရှင်ဖြစ်နိုင်၏။

စေတနာထားတတ်လျှင် ထမင်းစားပြီးသောပန်းကန်ကို ကျင်းဆေးသည့်ရေ သွန်းလောင်းခြင်းသည် ဒါနဖြစ်၏။ ကျင်းဆေးရေတွင် ပါရှိသော ထမင်းဟင်းအကြွင်းအကျန်များကို မြေ၌ရှိကြသော မိုးမွှား ပုရွက်ဆိတ်များ စားသုံးကြပါစေဟု သဘောထားတတ်ဖို့လို၏။

ခွေး၊ ကြောင်၊ နွား စသည်ကို ရေတိုက်ခြင်း၊ အစာကျွေးခြင်းတို့သည်လည်း ဒါနဖြစ်၏။ **"အလှူခံတစ်ကျိပ်လေး၊ ခွေးတောင်ပါသည်"** ဆိုစကားအရ အလှူခံပုဂ္ဂိုလ်များတွင် တိရစ္ဆာန်များလည်း ပါဝင်ကြ၏။

မိဘတို့ကို လုပ်ကျွေးခြင်းသည် ကြွေးမြီဟောင်းကို ပြန်ဆပ်ခြင်းဖြစ်၏။ ၎င်းကို **မောက္ခဒါန**ဟုခေါ်၏။ သားသမီးတို့အား ကျွေးမွေးပေးကမ်းခြင်းသည် ကြွေးမြီသစ်ချခြင်းဖြစ်၏။ ၎င်းကို **ဣဏဒါန**ဟုခေါ်၏။ သက်ကြီးရွယ်အိုများအား ကျွေးမွေးပြုစုခြင်းသည် ရွှေအိုးမြှုပ်နှံခြင်းဖြစ်၏။ ၎င်းကို **နိဓိဒါန**ဟုခေါ်၏။ **ကေဒါရကျေးမင်း** ဝတ္ထုတွင် ကေဒါရကျေးမင်းသည် လယ်ကွင်းတွင် စပါးနှံများ စားသောက်ပြီးနောက် စပါးနှံများကို ချီပုံ့သွားကာ ဤဒါနသုံးမျိုးကို

အမြဲတစေပြုလုပ်၏။

အလွန်ဆင်းရဲသောသူသည် သောက်တော်ရေတစ်ခွက်မျှ တောပန်းတစ်ပွင့်လောက်မျှကို ဆင်းတုတော်, စေတီတော်တို့ကို မပူဇော်နိုင်ပါသလော။ ရွှေတိဂုံဘုရား ရင်ပြင်၌ရှိသော တန်ဆောင်းတစ်ခုတွင် ဤသို့ ကမ္ပည်းထိုးထား၏။

*"ရှင်တော်မြတ်ဘုရားအား အဖိုးများစွာမထိုက်သော ပန်းတစ်ပွင့်ဖြင့်သော်လည်းကောင်း၊ ရေတစ်ခွက်ဖြင့်သော်လည်းကောင်း၊ တစ်ကြိမ်မျှ လှူဒါန်းပူဇော်သူသည် ဘဝပေါင်းများစွာကောင်းကျိုးချမ်းသာကို ခံစားရ၏"*

*ပါဠိတော်၌ "ဧကပုပ္ဖံ စောဒတ္တံ ပူဇေနာမိ သုခံလဘေ၊ တသ္မာဟိ ဒါန မေသတ္တု မစ္စုရာဇေ အနာဂတေ"ဟု ဆိုထား၏။*

***အဓိပ္ပာယ်မှာ***– *"ပန်းတစ်ပွင့်ကိုဖြစ်စေ၊ ရေတစ်ပေါက်ကိုဖြစ်စေ၊ လှူဒါန်းပူဇော်သူသည် လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကိုမုချပိုင်ပိုင် ရရှိနိုင်၏။ များပြားလှသော အလှူဒါန၏အကျိုးကိုကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း။ ထို့ကြောင့် သင် သူတော်ကောင်းအပေါင်းတို့သည် မိမိထံမှောက်သို့ သေမင်းယုတ်မရောက်လာမီ ဘဝသံသရာမှာ မှီခိုရာအကြောင်းဖြစ်သည့်ဒါနကောင်းကို မရမနေ ရှာဖွေအားထုတ်ကြရာသတည်း"*

အလှူဒါနပြုရန် မမေ့လျော့ မပေါ့ဆကြပါနှင့်။

မလှူနိုင်မစွန့်ရက်အောင် စိတ်ကို လွှမ်းမိုးချယ်လှယ်နေကြသည့် လောဘ=တဏှာနှင့် နှမြောတွန့်တိုမှု=မစ္ဆရိယတို့ကို အသိပညာလက်နက်ဖြင့် နှိမ်နင်း၍ မတပ်မက်မတွယ်တာသော အလောဘစိတ်ဖြင့် လွတ်လွတ်ကျွတ်ကျွတ်လှူနိုင်အောင် ကြိုးစားပါ။

တစ်စတစ်စ စွန့်ဝံ့မှသာလျှင် ဘဝနောက်နှောင်း ဆက်တိုင်းကောင်းလိမ့်မည်။

ဒါန၏အကျိုးတရားသည် ကံအကျိုးတရားဖြစ်၍ ကမ္မနိယာမအရ **"ညောင်စေ့လောက်လှူလျှင် ညောင်ပင်မက အကျိုးရသည်"**ကို သိပ္ပံနည်းကျ ရှင်းပြနိုင်သည်။

ဒါနကို အရင်းတည်၍ ပြည့်စုံတင့်တယ်သောဘဝများကို ထူထောင်နိုင်အောင် ကြိုးပမ်းခြင်းသည် ဘဝသံသရာကို အထက်တန်းကျကျ ကျင်လည်နိုင်သော နည်းကောင်းဖြစ်ပေ၏။

ဒါနသည် သံသရာကို မရှည်စေပါ။ ဒါနကို အကြောင်းခံ၍ လွယ်ကူလျင်မြန်စွာ ဘဝလွတ်မြောက်ရေး (ဝါ) သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရေးကို ရယူနိုင်သည်။

ဒါန၏သဘာဝ...ဒါနစွမ်းရည်... ဒါနစွမ်းအားတို့ကို လေ့လာပါ။ ဒါနသဘောကိုသိလျှင် ဒါန၏အကျိုးကျေးဇူးကြီးမားအောင် လှူတတ်လာမည်။

**ဒါနသည် ဘဝကြီးပွားတိုးတက်ရေးအတွက် အကောင်းဆုံးနည်းပညာဖြစ်သည်။**

ဒါနနည်းပညာဖြင့် လူတိုင်း၏ဘဝ ပြည့်စုံတင့်တယ်နိုင်ပါစေ။

## ဒါနကထာ သိစေပါအံ့

မြတ်စွာဘုရားတို့သည် သတ္တဝါအပေါင်းတို့ အကျိုးစီးပွားရရှိခြင်း အကျိုးငှာ ဒါနအကြောင်း ဒါနကထာကို ဦးစွာ ဟောကြားတော်မူလေ့ရှိ၏။ ထို ဒါနအကြောင်းကို ပြည့်စုံမှန်ကန်စွာ သိမြင်ထားပါမှ မိမိတို့၏ဘဝ ကြီးပွားတိုးတက်ရေးနှင့် လူနတ်နိဗ္ဗာန်–သုံးတန်သော

ချမ်းသာကို ရယူခံစားနိုင်မည်ဖြစ်သည်။

* နှမြောတွန့်တို လူမိုက်ဆိုလျှင် ဒါနစကား နားဝင်ခါး၏။
* သဒ္ဓါရွှန်းစီ ပညာပိုက ဒါနကထာ ချိုဆိမ့်စွာ၏။
* မရှိဆင်းရဲ မလှူရဲက ဆင်းရဲတစ်ဖန် ကြုံရပြန်၏။
* သဒ္ဓါထူးကဲ လှူရက်ရဲက ထူးကဲချမ်းသာ ရမည်သာတည်း။

နဝေကဒရိယာ ဒေဝလောကံ ဝဇန္တိ၊
ဗာလာဟဝေ နပ္ပသံသန္တိ ဒါနံ၊
ဓီရောစဒါနံ အနုမောဒမာနော၊
တေနေဝ သော ဟောတိ သုခီပရတ္ထ။ (ဓမ္မပဒ-၁၇၇)

နှမြောတွန့်တို ဝန်တိုကြသောသူတို့သည် နတ်ပြည်သို့ စင်စစ် မရောက်နိုင်ကြပေ။ လူမိုက်တို့သည် အလှူဒါနကို စင်စစ် မချီးမွမ်းကြ။
ပညာရှိသည်ကား ချီးမွမ်း၏။ ထို့ကြောင့် ပညာရှိသည် နောက်ဘဝအဆက်ဆက် ချမ်းသာကို ရရှိပေသည်။

*Verily the misers go not to celestial realms; fools do not indeed praise generosity, the wise man rejoices in giving and thereby becomes happy life after life.*

*(Dhammapada-Verse 177)*

# မြတ်ဒါနအကြောင်း သိကောင်းစရာများ
## ဒါန၏အဓိပ္ပာယ်

မိမိ၏ပစ္စည်းဥစ္စာကို သူတစ်ပါးတို့၏ အကျိုးစီးပွားအလို့ငှာ ပေးကမ်းစွန့်ကြဲခြင်း၊ ချီးမြှင့်ခြင်း၊ ထောက်ပံ့ခြင်း၊ လှူဒါန်းခြင်း၊ ပူဇော်ခြင်းတို့ကို ဒါနဟုခေါ်၏။

(သာရတ္ထ၊ ၃။ ၁၉၃။ ဒီ၊ ဋ္ဌ၊ ၂။ ၆၈)

အင်္ဂလိပ်ဘာသာဖြင့် ဒါနကို charity, alms-giving, donation...စသည်ဖြင့် ခေါ်ဆိုနိုင်၏။

အလှူပေးခြင်းတွင် အလှူခံပုဂ္ဂိုလ်အား ချမ်းသာစေလိုသောသဘောလည်းပါ၏။ သို့အတွက် သတ္တဝါတို့အား ဘေးမဲ့ပေးခြင်း၊ သတ္တဝါတို့၏ အသက်အိုးအိမ် စည်းစိမ်တို့ကို သတ်ဖြတ်, လုယက်, ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဘေးရန်အမျိုးမျိုးမှ ကာကွယ်စောင့်ရှောက်ခြင်းတို့သည်လည်း ဒါနတွင် အကျုံးဝင်၏။ (စရိယာ၊ ၂၉၇)

ဒါနသည်

(က) လွတ်လွတ်စွန့်ကြဲခြင်း လက္ခဏာရှိ၏။

(ခ) လှူဖွယ်ဝတ္ထု၌ ငြိတွယ်တပ်မက်သောလောဘကို ဖျက်ဆီးခြင်းကိစ္စရသနှင့် အပြစ်ကင်းခြင်း သမ္ပတ္တိရသရှိ၏။

(ဂ) လှူဖွယ်ဝတ္ထု၌ ငြိတွယ်မှုမရှိခြင်းဟူသောအခြင်းအရာနှင့် ဘဝစည်းစိမ်နှင့် ပြည့်စုံခြင်းဟူသော အကျိုးရှိ၏။

(ဃ) စွန့်ကြဲအပ်သော ဝတ္ထုပစ္စည်းနှင့် အလှူခံပုဂ္ဂိုလ်ဟူသော နီးစွာသောအကြောင်းရှိ၏။ (စရိယာ၊ ၄၊ ၂၇၃)

## ဒါန၏သဘော

ဒါနဖြစ်မြောက်ရန် အကြောင်း ၄ ပါးပြည့်စုံရ၏။

(၁) လှူဒါန်းသူ၊

(၂) လှူဖွယ်ဝတ္ထု၊

(၃) လှူလိုသော စေတနာနှင့်

(၄) အလှူခံပုဂ္ဂိုလ်တို့ပြည့်စုံမှ လှူဒါန်းနိုင်၏။

ဤအကြောင်း ၄ ပါးတွင် လှူဖွယ်ဝတ္ထုနှင့် လှူဒါန်းလိုသော စေတနာတို့သည် ပဓာနဖြစ်ကြ၏။ လှူဖွယ်ဝတ္ထုပစ္စည်းလည်းရှိမှ လှူဒါန်းလိုသောစေတနာလည်းရှိမှ အလှူဖြစ်မြောက်သည်။

သို့အတွက် လှူဖွယ်ဝတ္ထုကို **ဝတ္ထုဒါန**ဟုခေါ်၏၊

လှူဒါန်းလိုသော စေတနာကို **စေတနာဒါန**ဟုခေါ်၏။

ထပ်မံ၍ ဆန်းစစ်လျှင် အလှူရှင်၊ လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့သည် ပညတ်တရားများဖြစ်ကြ၏။ လှူလိုသောစေတနာကသာလျှင် ပရမတ်တရားဖြစ်၏။ စေတနာကို ကံဟုခေါ်၍ ကံကသာလျှင် ပစ္စုပ္ပန်အကျိုးနှင့် တမလွန်အကျိုးတို့ကို ဖြစ်ထွန်းစေ၏။

ထိုစေတနာသည် အလှူခံပုဂ္ဂိုလ်၏ အကျိုးစီးပွားကို ရှေးရှုလျှင် အပြစ်ကင်းသဖြင့် ကုသိုလ်ကံဟုခေါ်ဆိုရပြီး ကောင်းကျိုးပေးလိမ့်မည်။

ထိုစေတနာသည် အလှူခံပုဂ္ဂိုလ်အား ထိခိုက်နစ်နာစေလိုသော ရည်ရွယ်ချက်ရှိလျှင် အပြစ်ရှိသဖြင့် အကုသိုလ်ကံဟု ခေါ်ဆိုရပြီး မကောင်းကျိုးပေးလိမ့်မည်။

အပြစ်ကင်းသောအလှူပေးခြင်းစေတနာကိုဖြစ်ပေါ်စေသော အကြောင်းရင်း ၂ ပါးမှာ အလောဘနှင့် အဒေါသတို့ဖြစ်ကြ၏။ **အလောဘ**သည်

လောဘ၏ ဆန့်ကျင်ဘက်ဖြစ်ပြီး မကပ်ငြိမတွယ်တာခြင်း၊ လွှတ်လွှတ်စွန့်ကြဲနိုင်ခြင်း၊ (non-attachment, generosity)သဘောရှိ၏။

**အဒေါသ**သည် ဒေါသ၏ဆန့်ကျင်ဘက်ဖြစ်ပြီး မထိခိုက်မနစ်နာစေလိုခြင်း၊ မပြစ်မှားလိုခြင်း၊ ချမ်းသာစေလိုခြင်း (goodwill, loving kindness)သဘောရှိ၏။

အလောဘနှင့် အဒေါသတို့သည် **ကုသိုလ်ဟိတ်**=ကောင်းမှုဖြစ်စေသော အကြောင်းရင်းများ ဖြစ်ကြ၏။ ဤဟိတ်နှစ်ပါးအကြောင်းစုံ၍ အလှူပေးလျှင် **ဒွိဟိတ်ကုသိုလ်**ဖြစ်၏။

ကံ-ကံ၏အကျိုးကိုသိမြင်သော **ပညာ=အမောဟ**သည်လည်း ကုသိုလ်ဟိတ်တစ်ပါးဖြစ်၏။ ကံ-ကံ၏အကျိုးသဘောကို ဆင်ခြင်သိမြင်ပြီးဒါနပြုလျှင် ထိုအလှူစေတနာသည် အလောဘ, အဒေါသ, အမောဟဟူသော ဟိတ်သုံးပါးတို့နှင့်ယှဉ်သဖြင့် **တိဟိတ်ကုသိုလ်**ဖြစ်၏။

တိဟိတ်ကုသိုလ်သည် ဒွိဟိတ်ကုသိုလ်ထက် အကျိုးပိုကြီး၏။ ထို့ကြောင့် အလှူပေးရာတွင် တိဟိတ်ကုသိုလ်ဖြစ်ရန် ကံ-ကံ၏အကျိုးသဘောကို ယုံယုံကြည်ကြည် ဆင်ခြင်၍ ပေးလှူရမည်။ အလှူရှင်+လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့သည် မတည်မြဲခြင်း-အနိစ္စသဘော၊ ဆင်းရဲခြင်း-ဒုက္ခသဘော၊ အစိုးမရခြင်း-အနတ္တသဘောတို့ ရှိကြသည်ကို ဆင်ခြင်၍ လောဘဖြင့် ကပ်ငြိတပ်မက်ခြင်းမရှိဘဲ လွှတ်လွှတ်ကျွတ်ကျွတ် စွန့်ကြဲလှူဒါန်းနိုင်လျှင် ပို၍ကောင်းပါသည်။

**မိုးကုတ်ဆရာတော်ဘုရား**သည် လှူဒါန်းပူဇော်ခြင်းမပြုမီ အလှူရှင်

တို့အား ငါးမိနစ်ကြာ တရားရှုမှတ်စေပြီး ခန္ဓာကိုယ်၌ ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာမှတစ်ဆင့် ဒုက္ခသစ္စာသဘောကို ဆင်ခြင်စေ၏။ ထို့နောက် ဝင်ဆင်းရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်သို့ ဝင်ရောက်ရန် ရည်မှန်းလျက် လှူဒါန်းစေ၏။ အလှူဒါန၏အကျိုးကို နိဗ္ဗာန်သို့ တန်းတန်းမတ်မတ် ဦးတည်စေခြင်းဖြစ်သည်။

ထို့အပြင် ဒါနသဘောတွင် အပြစ်ကင်းမှု၊ သူတစ်ပါးတို့အား ဘေးရန်ကင်းစေမှုတို့ ပါဝင်သည့်အတွက် ဒါနသည် **ဝိရတိစေတသိက် ၃ ပါး**ကိုလည်း ကိုယ်စားပြု၏။ ဝိရတိစေတသိက် ၃ ပါးမှာ အောက်ပါ သီလမဂ္ဂင် ၃ ပါးပင်ဖြစ်သည်။

**သမ္မာဝါစာ** = ကောင်းစွာပြောဆိုခြင်း။ ဝစီဒုစရိုက် ၄ ပါးမှ ရှောင်ကြဉ်၍ မှန်ကန်အကျိုးရှိသောစကားကို ပြောဆိုရန်ဖြစ်၏။

**သမ္မာကမ္မန္တ** = ကောင်းစွာပြုလုပ်ခြင်း။ ကာယဒုစရိုက် ၃ ပါးမှ ရှောင်ကြဉ်၍ အပြစ်ကင်းသောအလုပ်ကို ပြုလုပ်ရန်ဖြစ်၏။

**သမ္မာအာဇီဝ** = ကောင်းစွာအသက်မွေးခြင်း။ ကာယဒုစရိုက် ၃ ပါးနှင့် ဝစီဒုစရိုက် ၄ ပါးတို့မှ လွတ်ကင်းသော အသက်မွေးမှုအလုပ်ဖြင့် အသက်မွေးမြူရန်ဖြစ်၏။

ဤသီလမဂ္ဂင် ၃ ပါးကို ငါးပါးသီလ စောင့်ထိန်းခြင်းဖြင့် ဖြည့်ကျင့်နိုင်၏။ သို့အတွက် ငါးပါးသီလကို **မဟာဒါန**ငါးပါးဟု ခေါ်၏။ ငါးပါးသီလတွင် ဒါနသဘောပါဝင်ပြီး ဒါနတွင် သီလသဘောပါဝင်ခြင်းကို ဖော်ပြ၏။

## ဒါန၏စွမ်းရည်

ဒါန၏စွမ်းရည်သတ္တိသည် လှူဒါန်းခိုက်ဖြစ်သော **စေတနာ**၏ စွမ်းရည်သတ္တိပင်ဖြစ်၏။ စေတနာထက်သန်လျှင် အလှူ၏အကျိုး ကြီးမားပြီး စေတနာပျော့ညံ့လျှင် အလှူ၏အကျိုး ယုတ်လျော့၏။

ဒါန၏အကျိုးကြီးမားရန် အလှူပေးသည့်အခါ **စေတနာသုံးတန်** ထက်သန်စင်ကြယ်ရမည်။

(၁) **ပုဗ္ဗစေတနာ** = မလှူမီဖြစ်သောစေတနာ။ လှူဖွယ်ဝတ္ထုကို ရှာဖွေသည့်အခါမှစ၍ "ငါသည် လောကီစည်းစိမ်နှင့် လောကုတ္တရာချမ်းသာတို့၏ အကြောင်းဖြစ်သော အနုဂါမိက (ဘဝစဉ်ဆက်လိုက်တတ်သော) အလှူကို လှူရတော့မည်"ဟု ဝမ်းမြောက်မှု။

(၂) **မုဉ္စစေတနာ** = လှူဆဲလှူခိုက်၌ဖြစ်သော စေတနာ။ လှူဖွယ် ဝတ္ထုကို အလှူခံပုဂ္ဂိုလ်၏လက်ထဲသို့ထည့်၍ စွန့်လွှတ် လှူဒါန်းစဉ် "အနှစ်သာရမရှိသော ပစ္စည်းဥစ္စာမှ အနှစ် သာရရှိသည့် ကုသိုလ်မျိုးစေ့ကို ထုတ်ယူနေရပါတကား" ဟု စိတ်ကြည်လင်ရွှင်ပျမှု။

(၃) **ပရစေတနာ** = ပေးလှူပြီးနောက်ဖြစ်သောစေတနာ။ "ငါ သည် ပညာရှိတို့ ချီးမွမ်းအပ်သော လှူဒါန်းမှုကို ပြုလုပ် ရပေပြီ၊ ကောင်းလေစွ"ဟု အဖန်ဖန် အထပ်ထပ် အောက်မေ့၍ ဝမ်းမြောက်မှု။

ပုဗ္ဗ–မုဥ္စ–ပရ–စေတနာသုံးတန် ဖြူစင်ထက်သန်လျှင် အလှူ၏ အကျိုးကြီး၏။ ဤသို့ပြုသောကုသိုလ်ကို **ဥက္ကဋ္ဌကုသိုလ်** အမြတ်စား ကုသိုလ်ဟု ခေါ်၏။

မလှူမီက နှမြောတွန့်တိုနေလျှင် ပုဗ္ဗစေတနာသည် မစ္ဆရိယနှင့် ယှဉ်သော အကုသိုလ်စေတနာဖြစ်မည်။ လှူပြီးသည့်နောက်၌ နှောင်တ တစ်ဖန် ပူပန်နေလျှင် ပရစေတနာသည်လည်း အကုသိုလ်စေတနာ ဖြစ်မည်။ ထိုအခါ စွန့်လှူခိုက်ဖြစ်သော မုဉ္စစေတနာကို အကုသိုလ် စေတနာတို့က ခြံရံနေသည့်အတွက် ထိုအလှူကုသိုလ်မျိုးကို **ဩမက ကုသိုလ်**=အညံ့စားကုသိုလ်ဟု ခေါ်၏။

**အလှူရှင်**သည် သီလဆောက်တည်ပြီးမှလှူဒါန်းလျှင် ကုသိုလ် စေတနာသည် သီလပေါ် ရပ်တည်ရသဖြင့် ပို၍အားကြီးလာသည်။ ထို့ကြောင့် အလှူ၏အကျိုး ပိုကြီး၏။

**လှူဖွယ်ဝတ္ထု**သည်လည်း လှူဒါန်းသောစေတနာကို ပြုပြင်ပေး နိုင်သည်။ တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်းဝတ္ထု (ဓမ္မိယလဒ္ဓ)ကို ပေးလှူခြင်းသည် မတရားသောနည်းဖြင့် ရှာဖွေရရှိသော ပစ္စည်းဝတ္ထု (အဓမ္မိယလဒ္ဓ)ကို ပေးလှူသည်ထက် ပို၍အကျိုးကြီးမား၏။ အလှူရှင် က လှူဖွယ်ဝတ္ထုကို ပို၍တန်ဖိုးထားလေလေ ပို၍မြတ်နိုးလေလေ စွန့်လှူသည့်မုဉ္စစေတနာက ပို၍အားကြီးထက်သန်လေလေဖြစ်သဖြင့် အကျိုးပိုကြီးကျယ်လေလေဖြစ်သည်။

**အလှူခံပုဂ္ဂိုလ်**ကိုမှီ၍လည်း အလှူ၏အကျိုး ပြောင်းလဲနိုင်သည်။ အလှူခံပုဂ္ဂိုလ်၏ သီလ, သမာဓိ, ပညာကြီးလေလေ အလှူ၏အကျိုး ကြီးလေလေဖြစ်သည်။

**အလှူခံပုဂ္ဂိုလ်၌ရှိအပ်သော အစိကအင်္ဂါ ၃ ပါးမှာ–**

(၁) ရာဂကင်းပြီးသူ သို့မဟုတ် ရာဂကင်းရန် ကျင့်ကြံအား ထုတ်နေသူဖြစ်ခြင်း၊

(၂) ဒေါသကင်းပြီးသူ သို့မဟုတ် ဒေါသကင်းရန် ကျင့်ကြံ အားထုတ်နေသူဖြစ်ခြင်း၊

(၃) မောဟကင်းပြီးသူ သို့မဟုတ် မောဟကင်းရန် ကျင့်ကြံအားထုတ်နေသူဖြစ်ခြင်းတို့တည်း။ ဤအင်္ဂါသုံးပါးနှင့် ညီညွတ်လျှင် အလှူ၏အကျိုး ကြီးမား၏။

## ဘုရားရှင်ချီးမွမ်းသည့် မြတ်ဒါန

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ် ဝေဠုကဏ္ဍကီမြို့၌ **နန္ဒမာတာ**သည် အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် အမှူးရှိသော ရဟန်းသံဃာတို့အား ဆွမ်းလှူဒါန်းနေသည်ကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်တော်မူ၏။ ထိုအခါ ရဟန်းတော်တို့အား မိန့်တော်မူသည်မှာ–

"ရဟန်းတို့…ဝေဠုကဏ္ဍကီမြို့၌ နန္ဒမာတာသည် အဂ္ဂသာဝကနှစ်ပါးနှင့် သံဃာတော်များကို အင်္ဂါ ၆ တန်နှင့် ပြည့်စုံသော ဆွမ်းကို လှူဒါန်းနေ၏။

**အလှူရှင်ဘက်၌ ရှိအပ်သောအင်္ဂါ ၃ ပါးမှာ–**

(၁) မလှူမီ ရှေးအဖို့၌ ကြိုတင်ဝမ်းမြောက်ခြင်း၊

(၂) လှူဆဲအခိုက်၌ စိတ်စေတနာကြည်လင်ခြင်း၊

(၃) လှူဒါန်းပြီးနောက် ဝမ်းမြောက်သောစိတ်ရှိခြင်းတို့တည်း။

**အလှူခံဘက်၌ရှိအပ်သော အင်္ဂါ ၃ ပါးမှာ…**

(၄) ရာဂ(လောဘ)ကင်းပြီးသူ သို့မဟုတ် ရာဂကင်းရန် ကျင့်ကြံအားထုတ်နေသူဖြစ်ခြင်း၊

(၅) ဒေါသကင်းပြီးသူ သို့မဟုတ် ဒေါသကင်းရန် ကျင့်ကြံအားထုတ်နေသူဖြစ်ခြင်း၊

(၆) မောဟကင်းပြီးသူ သို့မဟုတ် မောဟကင်းရန် ကျင့်ကြံအားထုတ်နေသူဖြစ်ခြင်းတို့တည်း။

"ရဟန်းတို့…သမုဒ္ဒရာရေသည် ကွမ်းစားမည်မျှရှိသည်ဟူ၍ ခြင်တွယ်ခြင်းငှာ မစွမ်းနိုင်၊ စင်စစ်သော်ကား မရေတွက်နိုင် မနှိုင်းယှဉ်နိုင်သော ရေအစုကြီးဟူ၍သာ ပြောဆိုရသကဲ့သို့ ဤအတူသာလျှင် ဤအင်္ဂါ ၆ ပါးနှင့်ပြည့်စုံသော အလှူဒ္ဓ ကောင်းမှုအထုကုသိုလ်ပမာဏသည် မည်မျှအတိုင်းအရှည်အထိ ကောင်းကျိုးချမ်းသာ ပေးမည်ကို မသတ်မှတ်နိုင်၊ စင်စစ်သော်ကား မရေတွက်နိုင်၊ မနှိုင်းယှဉ်နိုင်သော ကောင်းမှုကုသိုလ်ကြီးဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏" (အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒါနသုတ်)

## ဒါန၏စွမ်းအား

အင်္ဂါ ၆ ပါးနှင့် ပြည့်စုံသော ဒါနသည် အတိုင်းအတာ အကန့်အသတ်မရှိ အကျိုးပေးနိုင်သော စွမ်းအားရှိရခြင်းမှာ အဘယ်အကြောင်းကြောင့်နည်း။

သဘာဝဖြစ်ရပ်များသည် သဘာဝနိယာမများအတိုင်းသာ ဖြစ်ကြရသည်။ သဘာဝနိယာမဟူသည်မှာ အကြောင်းအကျိုးညီညွတ်သော ဖြစ်မြဲဓမ္မတာကို ဆိုလိုသည်။ ဒါန၏ အကျိုးတရား အလွန်ကြီးမားရခြင်းအကြောင်းမှာ စိတ်၏စွမ်းရည်ကြောင့်ဖြစ်သည်။

"စိတ္တေန နီယတေ လောကော"

စိတ်သည် ကမ္ဘာလောကကို လွှမ်းမိုးသည်၊ ဦးဆောင်နေသည်။ စိတ်သည် အရာရာကို ဦးဆောင်၍ လုပ်ဆောင်ပေးသလို ဒါနဖြစ်ပေါ်ရန်နှင့် ဒါန၏ အကျိုးတရားဖြစ်ထွန်းရန်တို့ကိုလည်း စိတ်ကပင် ဦးဆောင်၍ အကောင်အထည်ဖော်ပေးသည်။ လှူဒါန်းစွန့်ကြဲခြင်း စေတနာသည် စိတ်ကို မှီ၍သာ ဖြစ်ပေါ်ရသည်။

စိတ္တနိယာမအရ စိတ်သည် လက်တစ်ဖျစ် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ကာလအတွင်း၌ ကုဋေတစ်သိန်းကျော် ဖြစ်ပျက်သွားနိုင်သည်။ စိတ်နှင့်အတူ စေတနာလည်း ဖြစ်ပျက်သွားသဖြင့် စေတနာသည်လည်း လက်တစ်ဖျစ်တွင် ကုဋေတစ်သိန်းကျော်ပင် ဖြစ်ပျက်သွားသည်။

သို့အတွက် ရေဝတ်သူတစ်ဦးအား ရေတစ်ခွက်ကမ်းပေးသည့် အခါ၌ဖြစ်စေ ရဟန်းတစ်ပါးအား ဆွမ်းတစ်ဇွန်း လောင်းလှူသော အခါ၌ဖြစ်စေ အပြစ်ကင်းသည့် ကုသိုလ်စေတနာတို့သည် ကုဋေသိန်းပေါင်းများစွာ ဖြစ်ပျက်သွားနိုင်ကြသည်။

ကုသိုလ်စေတနာတစ်ခုစီသည် မိမိမချုပ်ငြိမ်းမီ မိမိ၏ အစွမ်းသတ္တိကို နောက်စိတ်သို့ လက်ဆင့်ကမ်းသွားသည်။ ထို နောက်စိတ်က မချုပ်ငြိမ်းမီ မိမိ၌ရှိသော အစွမ်းသတ္တိအားလုံးကို နောက်နောက်စိတ်သို့ လက်ဆင့်ကမ်းသွားပြန်သည်။

စေတနာ၏အစွမ်းသတ္တိကို ကံဟုခေါ်သည်။ ထိုကံသည် စိတ်အစဉ်၌ လိုက်ပါသွားသည်။ ကံသည် သစ်မျိုးစေ့နှင့်တူသည်။ မျိုးစေ့တစ်စေ့တစ်စေ့စီမှ အပင်သစ်တစ်ပင် တစ်ပင်ပေါက်လာသည့် နည်းတူ ကုသိုလ်ကံမျိုးစေ့တစ်ခုစီမှ သုဂတိဘဝတစ်ခုစီ ပေါက်ဖွားလာသည်။

ဆွမ်းတစ်ဇွန်းလောင်းလှူချိန်၌ ကုသိုလ်ကံ ကုဋေသိန်းပေါင်းများစွာ ဖြစ်ပေါ်ကြသည့်အတွက် ထိုကံတို့သည် သုဂတိဘဝများ (လူ့ဘဝနှင့် နတ်ဘဝ) ကုဋေပေါင်းမြောက်မြားစွာကို ဖြစ်ပေါ်စေနိုင်ကြသည်။

တစ်ဖန် **'သဒိသံ ပါကံဒေနေတိ'** ကံသည် မူလစေတနာနှင့် တူသော အကျိုးကို ပေး၏။ သရက်စေ့မှ သရက်ပင်ပေါက်၍ မရန်းစေ့မှ မရန်းပင်ပေါက်သကဲ့သို့တည်း။

## ဆွမ်းအလှူ၏ အကျိုး ၅ ပါး

ရဟန်းသံဃာတို့သည် ဆွမ်းကို မှီဝဲရသည့်အတွက် ကျန်းမာ၍ အသက်ရှည်လာကြသည်၊ ခွန်အားဗလပြည့်ဝ၍ ရုပ်ရည်အဆင်းလှပလာကြသည်၊ ဆာလောင်မှုပျောက်ကင်း၍ ချမ်းသာလာကြသည်၊ ပရိယတ်–ပဋိပတ်အလုပ်တို့ကို လုပ်ဆောင်နိုင်သည့်အတွက် ဉာဏ်ပညာတိုးမြင့်လာကြသည်။ ဆွမ်းအလှူရှင်သည် တူသောအကျိုးကို ရသဖြင့် (၁) အာယု=အသက်ရှည်ခြင်း၊ (၂) ဝဏ္ဏ=အဆင်းလှခြင်း၊ (၃) သုခ=ချမ်းသာခြင်း၊ (၄) ဗလ=ခွန်အားကြီးခြင်း၊ (၅) ပဋိဘာန=ဉာဏ်ပညာကြီးခြင်းဟူသော အကျိုးငါးမျိုးကို ဘဝမြောက်မြားစွာ၌ ရရှိမည်ဖြစ်သည်။ ခွေး၊ ကြောင်၊ နွား စသည်တို့ကို ချမ်းသာစေလိုသော စေတနာဖြင့် ကျွေးမွေးလျှင်လည်း ဤအကျိုး ၅ မျိုးကို ထိုက်တန်သလောက် ရရှိမည်ဖြစ်သည်။

***လင်္ကာ***– *"သက်ရှည်, ဆင်းလှ၊ ချမ်းသာရ၊ ဗလ,ဉာဏ်ပညာ။*
*ဆွမ်းလှူအကျိုး၊ ဤငါးမျိုး၊ တန်ခိုးကြီးလှစွာ။"*

## ရေအလှူ၏အကျိုး ၁၀ ပါး

"**ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်**"ဟု ဆိုရိုးရှိသည်နှင့်အညီ ရေသည် ထမင်းထက်ပင် ပိုအရေးကြီးသည်။ ရေကို မသောက်သုံးရလျှင် အသက်မရှည်၊ အဆင်းမလှ၊ ချမ်းသာမရ၊ ခွန်အားမရှိ၊ ပညာမဆည်းပူးနိုင်၊ လျင်မြန်သွက်လက်မှုမရှိ၊ စင်ကြယ်သန့်ရှင်းမှုမရှိ၊ မကျော်စော၊ အခြွေအရံနည်းပါး၍ ရေမွတ်သိပ်ခြင်းဖြစ်၏။ ရေသောက်သုံးရသည့်အခါ ဤမကောင်းကျိုးများ ပယ်ပျောက်သွားကြသည်။ ထို့ကြောင့် ရေအလှူရှင်သည် တူသောအကျိုး ၁၀ ပါးကို ဘဝများစွာတွင် ရရှိမည်ဖြစ်သည်။

*လင်္ကာ-“သက်ရှည်,ဆင်းလှ၊ ချမ်းသာရ၊ ဗလ,ဉာဏ်ပညာ၊*
*စင်ကြယ်သန့်ရှင်း၊ ကျော်စောခြင်း၊ ခပင်းခြွေရံကာ၊*
*ရေမင်တော်ငြား၊ လျှင်မြန်သွား၊ ဆယ်ပါးရေကျိုးလာ။”*

ရေအလှူကြီးကျယ်သဖြင့် စေတီတော် ဆင်းတုတော်များကို ရေကပ်လှူခြင်း၊ ကျောင်းဇရပ်များ၌ ရေဖြည့်ထည့်ခြင်း၊ လမ်းသွား လမ်းလာများ သောက်သုံးရန် ရေချမ်းစင်တည်ခြင်းတို့ကို ကြိုးစား ရွက်ဆောင်သင့်ကြပေသည်။

## သင်္ကန်းနှင့် အဝတ်လှူရကျိုး

**“လူမှာအဝတ် တောင်းမှာအကွပ်”** ဆိုသည့်အတိုင်း အဝတ်မရှိလျှင် ဖြစ်စေ၊ အဝတ်ဟောင်းနွမ်း ညစ်ပေနေလျှင်ဖြစ်စေ၊ မတင့်တယ်ပါ။ အဝတ်အဆင်လှလှ ဝတ်ဆင်ရှလျှင် တင့်တယ်လှပလာ၏။ ထို့ကြောင့် အဝတ်အထည်နှင့် သင်္ကန်းလှူခြင်းသည် အဆင်းကို လှူဒါန်းသည်နှင့် တူ၏။ (သံ၊ ၁။ ၂၉။ သံ၊ ၄၊ ၁။ ၇၈)။

အလှူရှင်သည် တူသောအကျိုးကို ရမည်ဖြစ်၏။ အဝတ်အစား လှူသူသည် ဘဝအဆက်ဆက်၌ အဝတ်အစား ပြည့်စုံမည်ဖြစ်သည်။ သင်္ကန်းလှူသူသည် အလားတူ အကျိုးရရှိမည့်အပြင် မြတ်စွာဘုရား ‘ဧဟိဘိက္ခု’ခေါ်လျှင် သင်္ကန်းပရိက္ခရာအပြည့်အစုံ ရရှိနိုင်သည်။
(ဓမ္မ၊ ၄၊ ၁။ ၂၄၉)

## ကျောင်းလှူရသည့် အကျိုးကျေးဇူး

အရပ်လေးမျက်နှာ၌ရှိ သံဃာတော်ကိုရည်စူး၍ လှူဒါန်းသော ကျောင်းသည် သစ်ရွက်မိုးကျောင်းပင်ဖြစ်စေ အလွန်အကျိုးကြီးမား၏။

ကျောင်းအလှူ၏ အကျိုးကြီးမားပုံကို မြတ်စွာဘုရားတို့သာ ဟောပြနိုင်စွမ်း၏။ (ဒီ၊ ၁၊ ၁၃၈။ ဗုဒ္ဓဝင်၊ ၃၊ ၂၅)

ဆွမ်းခံလှည့်လည်ပြီးပြန်လာကြသော ရဟန်းတို့သည် ကျောင်းသို့ဝင်၍ နားနေလိုက်ရလျှင် ခွန်အားပြည့်လာကြ၏။ ကျောင်းပြင်ပ၌ လှည့်လည်သွားလာစဉ် လေပူနေပူလောင်မြိုက်ခံရ၍ ရုပ်အဆင်းဖောက်ပြန်လာ၏။ ကျောင်းတွင်းသို့ဝင်၍ ခေတ္တမျှ လျောင်းစက်လိုက်လျှင် ရုပ်ဆင်းကြည်လင်လာမြဲဖြစ်၏။

ကျောင်းပြင်ပ၌ လှည့်လည်သွားလာနေသည့်အခါ ခြေ၌ ဆူးစူးခြင်း၊ သစ်ငုတ်, ခလုတ်ထိတိုက်မိခြင်းတို့အပြင် မြွေ, သားရဲတိရစ္ဆာန်, သူခိုး စသော ဘေးရန်တို့နှင့် တွေ့ကြုံရတတ်၏။ ကျောင်းတွင်းသို့ရောက်လျှင် ထိုဘေးရန်တို့ ကင်းရှင်းသွားကြသဖြင့် ကိုယ်ချမ်းသာမှုကိုရ၏။ ပရိယတ်စာပေကို လေ့လာရွတ်အံလျှင် သို့မဟုတ် ပဋိပတ်အလုပ်ကို အားထုတ်လျှင် တရား၌နှစ်သက်သော 'ဓမ္မပီတိ' ချမ်းသာသည် ဖြစ်ပေါ်၏။

ကျောင်းပြင်ပ၌ လှည့်လည်သွားလာစဉ် ချွေးထွက်ခြင်း, မျက်စိကျိန်းစပ်ခြင်းတို့ ဖြစ်တတ်၏။ ကျောင်းတွင်းသို့ ဝင်လာစဉ် ဘာမျှမမြင်ရသော်လည်း ခေတ္တထိုင်နေလိုက်လျှင် မျက်စိကြည်လင်လာ၏။

ထို့ကြောင့် ကျောင်းကိုလှူဒါန်းခြင်းသည် ကာယခွန်အား၊ အဆင်း၊ ချမ်းသာ၊ မျက်စိတို့ကို လှူဒါန်းသည်မည်၏။

(သံ၊ ၁၊ ၂၉။ ဝိ၊ ၃၊ ၄၊ ၅၈)

## ဆေးလှူရသော အကျိုးကျေးဇူး

ဆေးသည် ရောဂါကို ပျောက်ကင်းစေ၏၊ အသက်ရှည်စေ၏၊ အဆင်းလှစေ၏၊ ဆင်းရဲကင်း၍ ချမ်းသာစေ၏၊ ဘေးဥပဒ်ကင်းစေ၏၊ အခြံအရံပေါ၍ ကျော်စောစေ၏။ ဆိဦး၊ ထောပတ်နှင့် ဗီတာမင်စသော အားဆေးများသည် ခွန်အားကို တိုးစေ၏။ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းသူသည် စာပေကျမ်းဂန်များကို ကောင်းစွာလေ့လာနိုင်ပြီး နက်နဲစွာ စဉ်းစားနိုင်သဖြင့် ဉာဏ်ပညာ ကြီးမားလာ၏။ ဆေးအလှူရှင်များသည် တူညီသောအကျိုးတရားများကို ခံစားရမည်ဖြစ်သည်။

အနာရောဂါကင်းရှင်းပြီး အသက်ရှည်စေခြင်း အကြောင်းငါးပါးတွင် ဆေးအလှူ၊ ရေစစ်အလှူ၊ ကျောင်းအလှူ၊ စေတီပုထိုးကျောင်းအဟောင်းများ ပြုပြင်ခြင်းနှင့် ရှစ်ပါးသီလစောင့်ထိန်းခြင်းတို့ ပါဝင်၏။ ဤအကြောင်းကို မန်လည်ဆရာတော်ဘုရားက ဤသို့ လင်္ကာသီကုံးထားခဲ့သည်–

*"ရေစစ်, ဆေး, ကျောင်း၊ အဟောင်းပြုပြင်၊ ပဥ္စင်အဋ္ဌ၊ ဤငါးဝကား၊ လောကလူပေါင်း၊ သက်ရှည်ကြောင်းတည်း"*

## သက်ရှည်ကျန်းမာ နည်းပဒေသာ

"**အာရောဂျ ပရမာ လာဘာ**=အနာရောဂါကင်းရှင်း၍ ကျန်းမာခြင်းသည် အမြတ်ဆုံး လာဘ်တစ်ပါးဟု ဗုဒ္ဓရှင်တော် ဟောဖော်ညွှန်ပြခဲ့သည်နှင့်အညီ ကျန်းမာ၍ အသက်ရှည်ခြင်းကို လူသားတို့ အလိုရှိကြသည်။

သတ္တဝါတို့ကို ညှဉ်းပန်းနှိပ်စက်, သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း

သည် ကျန်းမာသက်ရှည်ခြင်း၏ အဓိကအကြောင်းတစ်ခုဖြစ်ကြောင်း ကို **ရှင်ဥက္ကမ္မဝိဘင်္ဂသုတ်၌** မြတ်စွာဘုရား ဟောကြားတော်မူသည်။

ထို့အပြင် သီလဆောက်တည်ခြင်း၊ စေတီပုထိုး, ဇရပ်, တန်ဆောင်း, ကျောင်းအဟောင်းများကို ပြုပြင်ခြင်း၊ ဆေး, ကျောင်း, ရေစစ် လှူဒါန်းခြင်းတို့လည်း ကျန်းမာသက်ရှည်ခြင်းအကျိုးကို ဖြစ်ထွန်းစေကြောင်းကို အထက်၌ ဆိုခဲ့ပြီ။ '**အသက်ကို ဉာဏ်စောင့်၊ ဥစ္စာကို ကံစောင့်**'ဟူသော စကားအတိုင်း စားသောက်, နေထိုင်, သွားလာ, လုပ်ကိုင်ရာတို့တွင် ဘေးအန္တရာယ်ကင်းဝေးရန် ဉာဏ်ပညာဖြင့် ဆင်ခြင်ပြုမူရပေမည်။

ဂေါတမမြတ်စွာဘုရား၏ သာသနာ၌ ကျန်းမာအသက်ရှည်ခြင်း အရာ၌ တေဒဂ်ဘွဲ့ရရှိသူမှာ **အရှင်ဗာကုလမထေရ်** ဖြစ်သည်။ အရှင်ဗာကုလသည် အနာရောဂါကင်းရှင်းပြီး အသက် ၁၆၀ နှစ်အထိ ချမ်းချမ်းသာသာ နေထိုင်သွားခဲ့ရ၏။ အဘယ်ကုသိုလ်ကံ၏အကျိုး ကြောင့်နည်း။

လွန်လေပြီးသော တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ အရှင်ဗာကုလ အလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ ဗေဒင်သုံးရပ်ကို တတ်မြောက်သည်။ သို့သော် ဗေဒင်အတတ်ပညာ၌ ဘဝ၏အနှစ်သာရ ကို မတွေ့မြင်ရသည့်အတွက် ရသေ့ရဟန်းပြုသည်။ အဘိညာဉ်ငါးရပ် နှင့် သမာပတ်ရှစ်ပါးတို့ကို ရရှိသဖြင့် ဟိမဝန္တာအနီး သောဘိတအမည် ရှိသည့် တောင်ခြေ၌ နှလုံးမွေ့လျော်ဖွယ်ရာ ကျောင်းသခ်မ်းကို ဖန်တီးလျက် ရှာန်ချမ်းသာဖြင့်နေ၏။

ထိုအခါ **အနောမဒဿီမြတ်စွာဘုရားသည်** လောက၌ ထင်ရှားစွာ

ပွင့်ထွန်းပေါ်ပေါက်လာ၏။ အရှင်ဗာကုလအလောင်း ရသေ့မြတ်သည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ တရားတော်ကို နာကြားပြီးသော် သရဏဂုံသုံးပါးကို ခံယူဆောက်တည်၏။ တောင်ခြေကျောင်းသခ်မ်းကို မစွန့်နိုင်သဖြင့် ထိုကျောင်း၌ ဆက်လက်နေထိုင်၏။

တစ်နေ့တွင် ရသေ့မြတ်က မြတ်စွာဘုရားကိုဖူးမြော်ရန် လာသည့်အခါ မြတ်စွာဘုရား၌ လေနာရောဂါဖြစ်ပွားနေသည်ကို ကြားသိရ၏။ ရသေ့မြတ်သည် မိမိလှည့်လည်ကျက်စားရာ တောင်ခြေသို့ အလျင်အမြန် ပြန်သွားပြီးနောက် အထူးထူးသော ဆေးကို ဖော်စပ်၏။ ထိုဆေးကို မြတ်စွာဘုရား၏ အလုပ်အကျွေးရဟန်းမှတစ်ဆင့် မြတ်စွာဘုရားသို့ ဆက်ကပ်၏။ ထိုဆေးကို သုံးဆောင်လိုက်သည်နှင့်တစ်ပြိုင်နက် မြတ်စွာဘုရား၏လေနာရောဂါသည် လုံးဝပျောက်ကင်းသွားလေ၏။

ရသေ့မြတ်သည် "ဤ ဆေးဒါနကြောင့် ဖြစ်လေရာသံသရာဘဝ၌ အနာရောဂါ လုံးဝကင်းစင်သူ ဖြစ်ရပါလို၏"ဟု ဆုတောင်း၏။ ရသေ့ဘဝမှ စုတေသောအခါ ဗြဟ္မာဖြစ်ရ၏။ ထို့နောက် အလွန်ရှည်လျားသော တစ်အသင်္ချေကာလ၌ အပါယ်လေးပါးသို့ မကျရောက်ရဘဲ နတ်ပြည် လူ့ပြည်တို့၌ အကြိမ်ကြိမ်ကျင်လည်ရ၏။ ဧကရာဇ်မင်း, စကြဝတေးမင်း, နတ်မင်းတို့လည်း အကြိမ်ကြိမ်ဖြစ်ခဲ့ရ၏။ ဖြစ်လေရာဘဝ၌ အနာရောဂါကင်းရှင်း၏။

ဤဘဒ္ဒကမ္ဘာမတိုင်မီ ကမ္ဘာတစ်သိန်းထက်၌ ဟံသာဝတီမင်းနေပြည်တော်ဝယ် အမျိုးကောင်းသားဖြစ်ရ၏။ ဤဘဝ၌ **ပဒုမုတ္တရမြတ်စွာဘုရားကို** ဖူးတွေ့ရ၏။ ဘုရားရှင်က ရဟန်းတော်တစ်ပါးအား အနာရောဂါကင်းရှင်းသော အရာဝယ် အသာဆုံး အမြတ်ဆုံးဟူသည့်

စေတဒဂ်ရာထူး၌ ထားတော်မူသည်ကို အလွန်အားကျ၏။ သို့အတွက် ဘုရားရှင်နှင့် သံဃာတော်များကို ဆွမ်းလှူခြင်း, ဆေးလှူခြင်းဟူသော အဓိကာရကုသိုလ်ကောင်းမှုကို ပြုလုပ်ပြီးလျှင် "နောင်ဘုရားတစ်ဆူဆူ ၏ သာသနာတွင် အနာရောဂါကင်းရှင်းသော စေတဒဂ်ဘွဲ့ထူးကို ရယူလိုပါ၏"ဟု ဆုတောင်း၏။

ပဒုမုတ္တရဘုရားရှင်သည် ဂေါတမမြတ်စွာဘုရား၏ သာသနာတော်ဝယ် ထိုတောင်းသော စေတဒဂ်ဆုနှင့် ပြည့်စုံလိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူ၏။ တစ်ဖန် နတ်ပြည်လူ့ပြည်တို့၌ ကျင်လည် ကျက်စားလျက် ၉၁ ကမ္ဘာထက်၌ **ဝိပဿီမြတ်စွာဘုရား** ပွင့်ထွန်း ပေါ်ပေါက်လာသောအခါ အရှင်ဗာကုလအလောင်းသည် ဗန္ဓုမတီပြည် ဝယ် ပုဏ္ဏားမျိုး၌ဖြစ်၏။ ဤဘဝတွင်လည်း ရှေးနည်းအတူ ရသေ့ ရဟန်းပြု၍ ဈာန်အဘိညာဉ်ရကာ တောင်ခြေ၌ ချမ်းသာစွာနေထိုင်၏။

ဝိပဿီမြတ်စွာဘုရားသည် ရဟန်း သံဃာ ၆ သန်း ၈ သိန်း ခြံရံလျက် ဗန္ဓုမတီမင်းနေပြည်တော်ကို အမှီပြုကာ ခမည်းတော် ဗန္ဓုမတီမင်းကို ချီးမြှောက်လျက် ခေမမည်သော မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူ၏။

အရှင်ဗာကုလအလောင်းရသေ့သည် ဘုရားရှင်အား ဖူးမြော်၍ တရားတော်ကိုနာကြားကာ သရဏဂုံကိုဆောက်တည်နေ၏။ မိမိ၏ တောင်ခြေသခ်မ်းကျောင်းကို မစွန့်ချေ။ တစ်နေ့သ၌ ဟိမဝန္တာဝယ် အဆိပ်ပင်များပွင့်သဖြင့် ထိုအဆိပ်ပွင့်များကို ဖြတ်သန်းလာသော လေသည် ရဟန်းသံဃာများ၌ ပြင်းထန်သောခေါင်းကိုက်ရောဂါကို ဖြစ်ပေါ်စေ၏။

ထိုရသေ့မြတ်သည် ဘုရားရှင်အား ဖူးမြော်ရန် လာရောက်သော

အခါ ရဟန်းတော်များ ခေါင်းမြီးခြုံ၍ လျှောင်းစက်နေကြသည်ကို မြင်တွေ့သဖြင့် အကြောင်းကို မေးမြန်းစုံစမ်း၏။

"ငါ့ရှင်ရသေ့...ရဟန်းသံဃာတို့မှာ အဆိပ်မြက်ပွင့်ဘေးဒဏ် သင့်သော ရောဂါဖြစ်နေကြသည်"ဟု ကြားသိရလေလျှင် "ဤအခါ ကား ငါ့အဖို့ရာ ကိုယ်တိုင်ကိုယ်ကျ ဝေယျာဝစ္စပြု၍ ကောင်းမှု ဆည်းပူးရန် လျော်ကန်သင့်မြတ်သောအခါပေတည်း"ဟု မှတ်ယူလျက် မိမိအာနုဘော်ဖြင့် ဆေးအမျိုးမျိုးကို စုဆောင်းဖော်စပ်၏။ ထိုဆေးတို့ကို ရဟန်းသံဃာများ နမ်းရှုရုံမျှဖြင့်ပင် ရဟန်းတော်အားလုံး တစ်ခဏချင်း ရောဂါပျောက်ကင်းကြကုန်၏။

ထိုရသေ့မြတ်သည် လူ့ပြည်၌ အသက်တမ်းအတိုင်းနေ၍ စုတေ လေလျှင် ဗြဟ္မာပြည်သို့ရောက်၏။ ထိုမှတစ်ဖန် ၉၁ ကမ္ဘာ အခါ ကာလပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ကျက်စားရ၏။ ကဿပမြတ်စွာဘုရားလက်ထက်တော်တွင် ဗာရာဏသီပြည်၌ အမျိုး ကောင်းသားဖြစ်ရ၏။ ဤဘဝတွင် ကျောင်းဟောင်း ပြုပြင်တည် ဆောက်ခြင်း၊ ကျောင်းသစ်များတည်ဆောက်လှူဒါန်းခြင်း၊ သံဃာတော် များအား စားဆေး, သောက်ဆေး, ရှုဆေးအမျိုးမျိုး လှူဒါန်းခြင်း စသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ခဲ့ပြန်သည်။

အရှင်ဗာကုလ အလောင်းတော်သည် အနောမဒဿီမြတ်စွာဘုရား ၏ လေနာရောဂါကို ပျောက်ကင်းအောင် ဆေးလှူဒါန်းခဲ့ရသည်မှစ၍ တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး အပါယ်လေးဘုံသို့ မလားရောက်ရတော့ဘဲ ဗြဟ္မာပြည်၊ နတ်ပြည်၊ လူ့ပြည်တို့၌သာ ကောင်းမွန်ပြည့်စုံသော ဘဝများဖြင့် ကျင်လည်ခဲ့ရသည်။ ဖြစ်လေရာ ဘဝမှာ အနာရောဂါကင်းရှင်းပြီး အသက်ရှည်သည်။ နောက်ဆုံးဘဝ

တွင် ကောသမ္ဗီပြည် သူဌေးကြီး၏သား ဖြစ်ပြီးလျှင် ကုဋေ ၈၀-ကြွယ်ဝသော ဗာရာဏသီပြည် သူဌေးကြီးက သားအရင်းပမာ မွေးစားသည်။ ရပ်ရည်တင့်တယ်ပြီး ရွှေအဆင်းရှိသည်။

အရွယ်ရောက်သော် သာသနာ့ဘောင်သို့ဝင်ရောက်၍ အရှင်ဗာကုလမထေရ်အဖြစ် ထင်ရှားသည်။ သက်တမ်း ၁၀၀ နှစ်ကို ကျော်လွန်၍ ၁၆၀ နှစ်အထိ အသက်ရှည်သည်။ တစ်သက်တာပတ်လုံး အနာရောဂါ ကင်းရှင်းသည်။ ထို့အတွက် ဂေါတမမြတ်စွာဘုရားက အနာရောဂါကင်းရှင်းသောအရာဝယ် အသာဆုံး အမြတ်ဆုံးဟူသည့် ဧတဒဂ်ဘွဲ့ကို ချီးမြှင့်တော်မူသည်။

(ထေရာပဒါန်မြန်မာပြန်၊ ပ။ ၃၉၆-၈။ မဟာဗုဒ္ဓဝင်၊ ၅၀၁-၅၁၉)

မြတ်စွာဘုရားနှင့် သံဃာတော်သည် ကုသိုလ်မျိုးစေ့ပျိုးစိုက်ကြရန် အကောင်းဆုံးလယ်ယာမြေနှင့်တူသည်။ ယခုအခါသည် သာသနာတွင်းအခါဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်ကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးကို လှူနိုင်ခွင့်ရှိနေသည်။ **လသာတုန်း မိုင်းငင်၊ အခွင့်သာတုန်း လှူဒါန်းကြခြင်းဖြင့်** ဘဝဆက်တိုင်းလိုက်ပါမည့် **အနုဂါမိကရွှေအိုး**ကို ပျိုးထောင်ကြကုန်လော့။

## ဝိနည်းဒေသနာအရ ဒါန ၄ မျိုး

(၁) စီဝရဒါန = အဝတ်သင်္ကန်းလှူဒါန်းခြင်း၊
(၂) ပိဏ္ဍပါတဒါန = ဆွမ်း, ခဲဖွယ်, ဘောဇဉ်လှူဒါန်းခြင်း
(၃) သေနာသနဒါန = ကျောင်း, အိပ်ရာ, နေရာလှူဒါန်းခြင်း
(၄) ဘေသဇ္ဇဒါန = ဆေးပစ္စည်းလှူဒါန်းခြင်း။

"အရှင်ဘုရား...တပည့်တော်ကို ပစ္စည်းလေးပါး ဒကာအဖြစ်

အသိအမှတ်ပြုတော်မူ၍ လိုအပ်သောပစ္စည်းတို့ကို လိုအပ်သည့်အချိန်တွင် အလှူခံတော်မူပါ"

## အဘိဓမ္မာနည်း ဒါန ၆ မျိုး

(၁) ရူပဒါန = အဆင်းအလှူ (ပန်း၊ သစ်သီး၊ အဝတ်၊ သင်္ကန်း၊ ဆွမ်း စသည်)
(၂) သဒ္ဒဒါန = အသံအလှူ (ကြေးစည်၊ ခေါင်းလောင်း၊ နိဗ္ဗာန်ဆော် စသည်)
(၃) ဂန္ဓဒါန = အနံ့အလှူ (နံ့သာ၊ ရေမွှေး၊ ပန်းရနံ့ စသည်)
(၄) ရသဒါန = အရသာအလှူ (ဆွမ်း၊ အဖျော်၊ ခဲဖွယ်စသည်)
(၅) ဖောဋ္ဌဗ္ဗဒါန = အတွေ့အထိအလှူ (အတွေ့အထိကောင်းသည့် အဝတ်၊ အခင်း၊ ညောင်စောင်းစသည်)
(၆) ဓမ္မဒါန = တရားအလှူ (တရားဟောပြောခြင်း၊ တရားစာအုပ်လှူခြင်း စသည်)

(ဒီ၊ ဋ္ဌ၊ ၃။ ၁၈၀။ အဘိ၊ ဋ္ဌ၊ ၁။ ၂၀၁)

အဘိဓမ္မာနည်းအရ လှူဖွယ်ဝတ္ထုများကို အာရုံ ၆ ပါးအဖြစ် ခွဲခြားသည်။ ပန်း,သစ်သီး,အဝတ်,သင်္ကန်း စသည်ကို လှူသည့်အခါ အဆင်းကိုလှူသည်ဟု အာရုံပြု၍လှူပါ။ ကြေးစည်, ခေါင်းလောင်း စသည်ကို လှူသည့်အခါ အသံကိုလှူသည်ဟု အာရုံပြုပြီးလှူပါ။ မွှေးကြိုင်သောပန်း, နံ့သာ, ရေမွှေး စသည်ကို လှူသောအခါ အနံ့ကို လှူသည်ဟု အာရုံပြု၍ လှူပါ။ ဆွမ်း, ခဲဖွယ်, ဘောဇဉ်တို့ကို လှူသည့်အခါ အရသာကို လှူသည်ဟု အာရုံပြု၍လှူပါ။ နူးညံ့သည့် အဝတ်, သင်္ကန်း, အခင်း, ဖိနပ် စသည်ကို လှူသောအခါ အထိအတွေ့-ဖောဋ္ဌဗ္ဗာရုံကို လှူသည်ဟု အာရုံပြု၍လှူပါ။

ဓမ္မဒါနသည် သိမ်မွေ့သောအာရုံ (ဓမ္မာရုံ)နှင့် တရားဓမ္မကို ပေးလှူခြင်းဖြစ်၏။ ဆိဦးထောပတ်, ဆွမ်း, အဖျော်, ဆေး စသည်ကို လှူဒါန်းသည့်အခါ ခွန်အားဖြစ်စေသော ဩဇာကို လှူသည်၊ အနာရောဂါကင်းခြင်းကို လှူသည်ဟု အာရုံပြုလျှင် ဓမ္မာရုံလှူသည် မည်၏။ အနှောင်အဖွဲ့မိနေသော ကြက်, ငှက်, ငါး စသည်တို့ကို ဘေးမဲ့လွှတ်ပေးခြင်းသည် အသက်ဇီဝိတကို ပေးလှူခြင်းဖြစ်၍ ဓမ္မဒါန အလှူတွင် အကျုံးဝင်သည်။

## သုတ္တန်နည်း ဒါန ၁၀ မျိုး

(၁) အန္နဒါန = စားဖွယ်အမျိုးမျိုးကို လှူဒါန်းခြင်း၊
(၂) ပါနဒါန = သောက်ဖွယ်အမျိုးမျိုးကို လှူဒါန်းခြင်း၊
(၃) ဝတ္ထဒါန = အဝတ်အထည်အမျိုးမျိုးကို လှူဒါန်းခြင်း
(၄) ယာနဒါန = စီးနင်းစရာ ယာဉ်,ဖိနပ် လှူဒါန်းခြင်း၊
(၅) မာလာဒါန = ပန်းအမျိုးမျိုးကို လှူဒါန်းခြင်း။
(၆) ဂန္ဓဒါန = နံ့သာအမျိုးမျိုးကို လှူဒါန်းခြင်း။
(၇) ဝိလေပနဒါန = လိမ်းခြယ်စရာအမျိုးမျိုးကို လှူဒါန်းခြင်း။
(၈) သေယျဒါန = အိပ်ရာနေရာကို လှူဒါန်းခြင်း။
(၉) အာဝသထဒါန = အိမ်, ကျောင်း စသည်ကို လှူဒါန်းခြင်း၊
(၁၀) ပဒီပေယျဒါန = မီးထွန်းရန် ဆီ,ဖယောင်းတိုင်ကို လှူဒါန်းခြင်း။

(ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ ပ။ ၂၉၁-၂၉၂)

## အပါယ်ချမည့် ဒါန ၁၀ ပါး

(၁) မဇ္ဇဒါန = သေရည်အရက်ကို ပေးလှူခြင်း၊
(၂) သမဇ္ဇဒါန = ပွဲသဘင်ဖြင့် လှူဒါန်းပူဇော်ခြင်း၊
(၃) ဣတ္ထိဒါန = မိန်းမကို ပေးလှူခြင်း၊
(၄) ဥသဘဒါန = နွားမအပေါင်း၏အလယ်၌ နွားလား ဥသဘကို လွှတ်ပေးခြင်း၊
(၅) စိတ္တကမ္မဒါန = မိန်းမ, ယောကျ်ားတို့၏ မေထုန်မှီဝဲပုံ စသည့်ကိလေသာဖြစ်ခြင်း၏ အကြောင်း ဖြစ်သော ပန်းချီ, ဓာတ်ပုံများကို ပေးလှူခြင်း၊
(၆) သတ္ထဒါန = လက်နက်ကို ပေးလှူခြင်း၊
(၇) ဝိသဒါန = အဆိပ်ကို ပေးလှူခြင်း၊
(၈) သင်္ခလိကဒါန = သံခြေချင်းကို ပေးလှူခြင်း၊
(၉) ကုက္ကုဋသူကရဒါန= ကြက်ဝက်တို့ကို ပေးလှူခြင်း၊
(၁၀) တုလာကူဋမာန ကူဋဒါန = ချိန်စဉ်းလဲ, တောင်းစဉ်းလဲကို ပေးလှူခြင်း။

အထက်ပါအလှူမျိုးကို မပေးလှူသင့်ပါ။ လှူသူ အပါယ်ကျနိုင်သည်။

(မိလိန္ဒ။ ၂၇၀။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ ပ။ ၃၁၄)

## မြတ်လေးပန်းအလှူရှင် သုမနာ

လွန်လေပြီးသော ၉၁ ကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရား ပွင့်ပေါ်သောအခါ ဘုရားရှင်၏ ခမည်းတော်ဖြစ်သည့် ဗန္ဓုမမင်းသည်

ဘုရားအမှူးရှိသော သံဃာတော်ကို သူတစ်ဦးတည်း လှူဒါန်း၏၊ အခြားသူတို့အား အလှူပေးခြင်းကို ခွင့်မပြု။ ဗန္ဓုမတိပြည်သူများသည် စစ်သူကြီးနှင့် တိုင်ပင်ညှိနှိုင်းကြ၍ ဘုရားရှင်အား လှူဒါန်းခွင့်ရရန် အရေးဆိုကြ၏။ ဘုရင်မင်းမြတ်က ခွင့်ပြု၏။

စစ်သူကြီးသည် ဘုရားရှင်အား ဦးစွာလှူဒါန်းလိုသဖြင့် အခြားသူတို့ ဆွမ်းတစ်ဇွန်း၊ တစ်ယောက်မျှ မလောင်းလှူရအောင် သူ့ငယ်သားများကို အစောင့်ချထား၏။ သူဌေးကတော်တစ်ဦးက ငိုယိုလျက် သမီး သဒ္ဒါသုမနအား ပြော၏– "ချစ်သမီး...အကယ်၍ သင့်အဖေသာ အသက်ရှင်နေလျှင် ဘုရားအမှူးရှိသော သံဃာတော်ကို ငါတို့ဦးစွာ ဆွမ်းကျွေးခွင့်ရရာ၏"

သမီးက "အို မိခင်...မစိုးရိမ်ပါလင့်၊ ဘုရားရှင်သည် ယနေ့ အကျွန်ုပ်တို့၏ဆွမ်းကို ဘုဉ်းပေးရပေအံ့"ဟု ဆို၏။

သူဌေးသမီးသည် တစ်သိန်းတန်ရွှေခွက်၌ ရေမရောသော ဃနာနို့ဆွမ်းကို အပြည့်ထည့်၏၊ ထောပတ်, ပျားသကာတို့ဖြင့် မွှမ်းမံ၏၊ တစ်သိန်းတန်ရွှေခွက်ဖြင့် ဖုံးအုပ်၍ မြတ်လေးပန်းကုံးတို့ဖြင့် အပြင်မှဝန်းရံ၏၊ ပန်းကုံးအသွင်ရှိအောင် ဖန်တီး၏။ လမ်းသို့ ထွက်လာလျှင် အစောင့်တို့က ဟန့်တား၏။

"အို...အမျိုးသမီး...ဤအရပ်သို့ မလာပါနှင့်"

"ဦးလေး, ဦးကြီးတို့...အဘယ့်ကြောင့် လာခွင့်မပြုပါသလဲ"

"စစ်သူကြီးက မြတ်စွာဘုရားနှင့် သံဃာတော်တို့အား မည်သူမျှ ဆွမ်းမလောင်းရန် တားမြစ်ထားပါတယ်"

"ဦးလေး,ဦးကြီးတို့...အကျွန်ုပ်လက်တွင် ခဲဖွယ်ဘောဇဉ်ကို မြင်ပါသလော။ စစ်သူကြီးက ပန်းကုံးကိုမျှ လောင်းလှူခွင့်မပေးသလော"

"ပန်းကုံးလောက်တော့ လှူခွင့်ပြုပါတယ်"

ဘုရားရှင် ကြွလာသောအခါ သူဌေးသမီးသည် ရိုသေစွာရှိခိုးပြီး ဃနာနို့ဆွမ်းကို ပန်းကုံးအသွင်ဖြင့် လှူ၏၊ အဆင်းကို လှူသည်ဟု ဆိုနိုင်၏။

"မြတ်စွာဘုရား...ဘဝသံသရာဖြစ်လေရာဝယ် အကျွန်ုပ်အား ပင်ပန်းဆင်းရဲစွာ အသက်မွေးရမှု ကင်းပါစေသား၊ မကြောင့်မကြ မတောင့်မတ နေရပါစေသား၊ အကျွန်ုပ် ယခုလှူဒါန်းသော မြတ်လေး ပန်းကဲ့သို့ ဖြစ်လေရာဘဝ၌ လူအများ ချစ်ခင်နှစ်သက်အပ်သော အမျိုးသမီး ဖြစ်ရပါလို၏၊ အမည်အားဖြင့်လည်း 'သုမနာ'ဟူ၍သာ ခေါ်တွင်စေလိုပါ၏"ဟု ဆုတောင်း၏။

"လိုရာဆုနှင့်ပြည့်စုံပါစေ"ဟု ဘုရားရှင် ဆုပေးပြီး စစ်သူကြီး အိမ်သို့ ဆက်ကြွတော်မူ၏။ စစ်သူကြီးက ယာဂုဆွမ်းကပ်လှူသော အခါ "ငါတို့အား လမ်းခရီးမှ ဆွမ်းရခဲ့၏"ဟု ဘုရားရှင် မိန့်တော်မူ၏။

စစ်သူကြီးသည် ယာဂုမှတစ်ပါး အခြားခဲဖွယ်ဘောဇဉ်နှင့် လှူဖွယ်ဝတ္ထုတို့ကို လှူ၏။ ဘုရားရှင် အနုမောဒနာတရားဟောကြားပြီး ပြန်ကြွတော်မူ၏။

"လမ်းခရီးက မြတ်စွာဘုရားကို ဆွမ်းလောင်းတာ ဘယ်သူလဲ"ဟု စစ်သူကြီးက အစောင့်များကို မေးမြန်း၏။

"သူဌေးသမီးပါ"ဟု အစောင့်တို့ ဖြေကြ၏။

"ဤအမျိုးသမီးသည် ပညာရှိ၏။ ဤသို့လိမ္မာသောအမျိုးသမီးက အိမ်၌ရှိနေလျှင် ခင်ပွန်းယောက်ျားအား နတ်ပြည်ချမ်းသာရဖို့ မခဲယဉ်း" ဟု စစ်သူကြီး ကြံစည်၍ သူဌေးသမီးအား သိမ်းပိုက်၏၊ အိမ်၌ အကြီးအကဲအရာတွင် ထား၏။

သုဇွေးသမီးသည် စစ်သူကြီးအိမ်မှလည်းကောင်း၊ မိခင်အိမ်မှလည်းကောင်း၊ ပစ္စည်းဥစ္စာတို့ကို သင့်သလိုလှူဒါန်း၏။ သေလွန်သည့်အခါ နတ်ပြည်၌ဖြစ်၏။ နတ်ဖြစ်လာသည့်အချိန်၌ မြတ်လေးပန်းမိုးရွာသဖြင့် သူမအား **"သုမနာနတ်သမီး"**ဟု ခေါ်၏။

သုဇွေးသမီးသည် ကုသိုလ်ကောင်းမှုများကြောင့် ၉၁ ကမ္ဘာတိုင်တိုင် အပါယ်မလားရောက်ဘဲ လူ့ပြည်နတ်ပြည်တို့၌သာ ကျင်လည်ရ၏။ ဖြစ်လေရာဘဝ၌ ဖွားမြင်သောအချိန်တွင် မြတ်လေးပန်းမိုးရွာသဖြင့် "သုမနာ"ဟူ၍သာ အမည်တွင်ခဲ့၏။ နောက်ဆုံးဘဝတွင် သာဝတ္ထိပြည်၌ ကောသလမင်းကြီး၏ သမီးတော် ဖြစ်လာ၏။ ဖွားမြင်ချိန်၌ မြတ်လေးပန်းမိုးရွာသဖြင့် သူမအား **"သုမနာ"**ဟုပင် အမည်မှည့်၏။

သုမနာ ၇ နှစ်သမီးအရွယ်တွင် ဂေါတမမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်ကို အလှူခံရန် သာဝတ္ထိသို့ ကြွတော်မူ၏။ သုမနာသည် ဘုရားရှင်အား ကြိုဆိုရေးအဖွဲ့တွင် ပါဝင်၏။ ဘုရားရှင်အား ရိုသေမြတ်နိုးစွာရှိခိုး၍ နံ့သာပန်းတို့ဖြင့် ပူဇော်၏။ ဘုရားရှင်၏ တရားတော်ကို နာကြားရသောအခါ သောတာပန်တည်လေ၏။

ဒါန၏စွမ်းအားဖြင့် ဘဝဆက်တိုင်း ပင်ပင်ပန်းပန်းအလုပ်မလုပ်ရဘဲ ချမ်းသာစွာနေနိုင်၏။ ဒါန၏စွမ်းအားကို အလိုဆန္ဒရှိသလို အသုံးချနိုင်သည့်အပြင် ဒါနသည် လွယ်ကူလျင်မြန်စွာ တရားထူးရရေးကိုပါ အထောက်အကူပေးနိုင်သည်။ အားရစရာကောင်းလှပေစွ။

(မဟာဗုဒ္ဓဝင်၊ တ။ ၂၁၄-၂၁၆)

## နိဗ္ဗာန်ဆော်အလုပ်ဖြင့် အသံပေးလှူသူ

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ် **သန္တတိအမတ်ကြီး**သည် တိုက်ပွဲအောင်မြင်သဖြင့် သူ့အား ကောသလမင်းကြီးက မင်းစည်းစိမ်ကို ၇ ရက် ခံစားခွင့်ပြု၏၊ ကခုန်သီဆိုမှု၌ ကျွမ်းကျင်လိမ္မာ၍ ချောမောလှပသော ကချေသည် အမျိုးသမီးငယ်တစ်ယောက်ကိုလည်း ပေး၏။

သန္တတိအမတ်ကြီးသည် ၇ ရက်တိုင်တိုင် မင်းစည်းစိမ်ခံစားစဉ် သောက်စားမူးယစ်၍ ကချေသည်မလေး၏ ကပြသီဆိုမှုကို ရှုစား၏။ ကချေသည်မလေးသည် အာဟာရနည်းပါး လှုပ်ရှားမှုများ၍ လေနာပွားထသဖြင့် အရပ်ကြိုးပြတ်သလို ကခုန်ရင်း ပုံကျသွားကာ သေဆုံးသွားလေ၏။

အမတ်ကြီးသည် ကချေသည်မအား အလွန်နှစ်သက်မြတ်နိုးသဖြင့် ကြီးစွာသော ပူဆွေးသောကဖြစ်၏။ "ငါ၏သောကကို ဘုရားရှင်မှတစ်ပါး အခြားသူတို့ မငြိမ်းစေနိုင်ကြောင်း"ကို တွေးမိ၍ ဗိုလ်ပါအပေါင်းခြံရံလျက် ဘုရားရှင်ထံသို့ သွား၏။

"အရှင်ဘုရား...အရှင်ဘုရားသည် အကျွန်ုပ်၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူပါလော့၊ အကျွန်ုပ်၏သောကကို ငြိမ်းအေးပေးပါလော့"

"အမတ်ကြီး...သင်၏ ကချေသည်မကလေး ဤနည်းဖြင့်သေ၍ သင်ငိုခဲ့ရသော မျက်ရည်တို့သည် သမုဒ္ဒရာလေးစင်းရေထက်မကများလှပေ၏။ အတိတ်ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့ကို မတပ်မက်မတွယ်တာပါလင့်။ အနာဂတ်ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့ကိုလည်း မတောင့်တ မတွယ်တာပါနှင့်။ ဖြစ်ဆဲ ပစ္စုပ္ပန်ရုပ်နာမ်တရားတို့၌လည်း မငြိကပ် မတွယ်တာပါနှင့်။ ထိုသို့မတွယ်တာ, မစွဲယူလျှင် သင်၏ သောက ငြိမ်းအေးလိမ့်မည်"

ဤတရားဒေသနာအဆုံး၌ သန္တတိအမတ်ကြီး ရဟန္တာဖြစ်၏။ အံ့ဩစရာပင်တည်း။ သူ၏အသက်ကို သူဆင်ခြင်လေလျှင် နာရီပိုင်းအတွင်း ကုန်ဆုံးတော့မည်ကို သိသဖြင့်…

"မြတ်စွာဘုရား…အကျွန်ုပ်အား ပရိနိဗ္ဗာန်ပြုခွင့်ပေးတော်မူပါ"ဟု လျှောက်ထား၏။

"သို့ဖြစ်လျှင် သင်၏အတိတ်ဘဝက ပြုခဲ့သော ကုသိုလ်ကို ထန်းခုနစ်ဆင့် အမြင့် ကောင်းကင်၌ တည်၍ ပြောကြားလော့"

"မြတ်စွာဘုရား…ကောင်းပါပြီ"ဟု သူဝန်ခံ၍ ထန်းတစ်ဆင့်မျှ ကောင်းကင်သို့ပျံတက်၏။ ပြန်ဆင်းလာပြီး ဘုရားရှင်၏ခြေတော်ကို ဦးခိုက်၏။ ထို့နောက် ထန်းနှစ်ဆင့်တက်၍ ပြန်ဆင်းလာပြီး ရှိခိုး၏။ ဤနည်းဖြင့် ထန်းခုနစ်ဆင့်အမြင့်သို့ ပျံတက်ပြီးသော် ကောင်းကင်၌တည်၍ "မြတ်စွာဘုရား–အကျွန်ုပ်၏ ရှေးအတိတ်ကုသိုလ်ကို နာတော်မူပါ"ဟု လျှောက်ထား၏။

"အကျွန်ုပ်သည် လွန်ခဲ့သည့် ၉၁ ကမ္ဘာက **ဝိပဿီမြတ်စွာဘုရား** ပွင့်ထွန်းတော်မူသောအခါ ဗန္ဓုမတီပြည်၌ လူဖြစ်ခဲ့ပါ၏။ သူတစ်ပါးတို့အား ညှဉ်းဆဲသတ်ဖြတ်ခြင်းကို မပြုရဘဲ ကုသိုလ်ရသောအလုပ်ကား အဘယ်နည်းဟု စူးစမ်းဆင်ခြင်သော် တရားကြွေးကြော်သောအလုပ်ကို မြင်၏။"

"ကောင်းမှုပြုကြလော့၊ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်ကြလော့၊ ဒါနပြုကြလော့၊ သီလစောင့်ကြလော့၊ တရားနာကြလော့၊ ရတနာသုံးပါးနှင့်တူသော တစ်ပါးရတနာသည် မရှိ၊ ရတနာသုံးပါးအား ပူဇော်ကြကုန်လော့"ဟု အကျွန်ုပ်သည် လူအပေါင်းတို့အား တိုက်တွန်း, နိုးဆော်, ကြွေးကြော်, လှည့်လည်ခဲ့ပါ၏။ အကျွန်ုပ်၏ကြွေးကြော်သံကို

ဗန္ဓုမတီမင်းကြီး ကြားလျှင်...

"အချင်းယောကျ်ား...သင်သည် အဘယ်ကိုကြွေးကြော်၍ လှည့်လည်ဘိသနည်း"ဟု မေး၏။

"အရှင်မင်းကြီး...ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုပြ၍ လူအပေါင်းတို့အား ကုသိုလ်ကောင်းမှုပြုလုပ်ရန် ကြွေးကြော်လှည့်လည်ပါသည်"

"အဘယ်၌တည်၍ လှည့်လည်ဘိသနည်း"

"အရှင်မင်းကြီး...ခြေလျင်ပင် လှည့်လည်ပါ၏"

"အချင်းယောကျ်ား...သင်သည် ခြေလျင်လှည့်လည်ရန် မသင့်၊ ဤပန်းကုံးကို ဆင်ယင်၍ မြင်းစီးပြီး လှည့်လည်လော့"

"မင်းကြီးသည် အကျွန်ုပ်အား ပုလဲကုံးနှင့်တူသော ပန်းကုံးနှင့် ယဉ်ကျေးသော မြင်းတစ်ကောင်ကို ပေး၏။ ဤမြင်းဖြင့် လှည့်လည်ကြွေးကြော်၍ မကြာမီတွင် မင်းကြီးတစ်ဖန်ခေါ်၍ အကျွန်ုပ်အား သိန္ဓောမြင်းလေးကောင်ကသော ရထားကို ပေး၏။ နောင်မကြာမြင့်မီ ရတနာတန်ဆာများ ဆင်ယင်ထားသော ဆင်နှင့် စည်းစိမ်ဥစ္စာများစွာကို ပေး၏။

"မြတ်စွာဘုရား...အကျွန်ုပ်သည် တန်ဆာအစုံဆင်ယင်လျက် ဆင်စီး၍ နှစ်ပေါင်းရှစ်သောင်းကြာအောင် တရားကြွေးကြော်သော ကောင်းမှုကို ပြုလုပ်ခဲ့ပါ၏။ ထိုကောင်းမှုကြောင့် ဖြစ်လေရာဘဝတွင် အကျွန်ုပ်၏ ကိုယ်မှ စန္ဒကူးနံ့သင်းပျံ့၍ ခံတွင်းမှ ကြာညိုရနံ့သင်းပျံ့၏။ ဤကား အကျွန်ုပ်၏ ရှေးကုသိုလ်ကံပါတည်း"

သူသည် ဘုရားရှင်အား လျှောက်ထားပြီး ကောင်းကင်၌ ထိုင်လျက်ပင် တေဇောဓာတ်လောင်ကျွမ်း၍ ပရိနိဗ္ဗာန်စံလေ၏။

## ဒါန၏ မျက်မှောက်အကျိုး ၅ ပါး

ဝေသာလီပြည် မဟာဝုန်တော၌ စုလစ်မွန်းချွန် အထွတ်တင်သည့် ကျောင်းဝယ် မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် **သီဟစစ်သူကြီး** မေးလျှောက်သဖြင့် ဒါန၏ မျက်မှောက်အကျိုးငါးပါးကို ဘုရားရှင် ဟောတော်မူ၏ ...

(၁) အလှူရှင်၏ မျက်နှာကိုမြင်လျှင် လူအများ ချစ်ခင်နှစ်သက်ကြ၏၊

(၂) သူတော်ကောင်းတို့ မှီခိုဆည်းကပ်လာကြ၏၊

(၃) ကောင်းသောဂုဏ်သတင်း ပျံ့နှံ့ကျော်ကြား၏၊

(၄) ပရိသတ်လေးပါးသို့ ကြောက်ရွံ့ခြင်းမရှိဘဲ ရဲရဲ့စွာ ချဉ်းကပ်နိုင်၏၊

(၅) သေလွန်သည့်အခါ နတ်ပြည်သို့လားရောက်ရမည်ကိုသိ၍ စိတ်ချမ်းသာရ၏။

(အံ၊ ၂။ ၃၃-၃၅)

ထို့အပြင် ဒါနကောင်းမှုကြောင့် မျက်မှောက်ဘဝ၌ပင် ကြီးပွားချမ်းသာသွားကြသော သာဓကများ မြောက်မြားစွာရှိခဲ့သည်။ သာဓကအချို့ကို ထုတ်ဆောင်ပါအံ့။

## အလှူရဲရင့်၍ အကျိုးကဲမြင့်သည်

ရာဇဂြိုဟ်ပြည်သား သုမနမည်သောပန်းသည်သည် ဗိမ္ဗိသာရမင်းကြီးအား နေ့စဉ်မြတ်လေးပန်းရှစ်ကွမ်းစား(ရှစ်စလယ်)ကို ဆက်သရ၏။ တစ်နေ့တွင် ပန်းသည်သည် မြတ်လေးပန်းတို့ကို ယူဆောင်ကာ မြို့တွင်းသို့ဝင်လာစဉ် ရဟန်းအပေါင်းခြံရံ၍ ရောင်ခြည်တော်ခြောက်

သွယ်ကွန့်မြူးလျက် မြတ်စွာဘုရားကြွလာသည်ကို ဖူးမြင်ရလေလျှင် ကြည်ညိုသဒ္ဓါလွန်စွာဖြစ်လာ၏။

"ငါသည် မြတ်စွာဘုရားအား အဘယ်သို့သော အဓိကာရ ကောင်းမှုကို ပြုရအံ့နည်း။ ဤငါ့လက်ဝယ်ရှိသော မြတ်လေးပန်းတို့ဖြင့် မြတ်စွာဘုရားကို ပူဇော်ပါအံ့။ ဤပန်းတို့ကို မဆက်သသည့်အတွက် ဗိမ္ဗိသာရမင်းသည် ငါ့ကို သတ်လိုမူလည်း သတ်စေ၊ နှောင်ဖွဲ့လိုမူလည်း နှောင်ဖွဲ့စေ၊ တိုင်းပြည်မှ နှင်ထုတ်လိုမူလည်း နှင်ထုတ်စေ။ မြတ်စွာ ဘုရားအား ပူဇော်ခြင်းသည်ကား ငါ့အတွက်တာ များလှစွာသော ကမ္ဘာအကုဋေတို့၌ ချမ်းသာစီးပွားကို ကေန်စွမ်းဆောင်ပေးလိမ့်မည်"

ဤသို့ ရဲရဲတောက်ကြံစည်ပြီး မိမိအသက်ကို မြတ်စွာဘုရားအား စွန့်လှူရန် ဆုံးဖြတ်လိုက်လေ၏။ ရှေးဦးစွာမြတ်လေးပန်းနှစ်ဆုပ်ကို မြတ်စွာဘုရား၏အထက်သို့ ပစ်မြှောက်ပူဇော်လိုက်၏။ ထိုမြတ်လေး ပန်းတို့သည် ဘုရားရှင်၏ဦးခေါင်းတော်အထက်၌ ဗိတာန်မျက်နှာ ကြက်သဖွယ် တည်နေကြ၏။

နောက်ထပ် မြတ်လေးပန်းနှစ်ဆုပ်ကို ပစ်မြှောက်လိုက်သောအခါ ထိုပန်းတို့သည် လက်ယာဘက်လက်တော်နံပါးဝယ် ပန်းကန့်လန့်ကာ အသွင်ဖြင့် သက်ဆင်းကျရောက်ကာ တည်ကြလေ၏။ နောက်ထပ် မြတ်လေးပန်းနှစ်ဆုပ်ကို ပစ်မြှောက်လိုက်သောအခါ ထိုပန်းတို့သည် မြတ်စွာဘုရား၏ ကျောဘက်သို့ သက်ဆင်းကျရောက်ကာ ပန်း ကန့်လန့်ကာအသွင်ဖြင့် တည်ကြလေ၏။

နောက်ထပ်မြတ်လေးပန်းနှစ်ဆုပ်ကို ပစ်မြှောက်ပြန်သောအခါ ထိုပန်းတို့သည် မြတ်စွာဘုရား၏ လက်ဝဲဘက်လက်တော်နံပါးဝယ် ပန်းကန့်လန့်ကာအသွင်ဖြင့် သက်ဆင်းကျရောက်ကာ တည်ကြလေ၏။

ဤသို့လျှင် မြတ်လေးပန်းရှစ်ကွမ်းစားတို့သည် ပန်းရှစ်ဆုပ်အဖြစ် သို့ရောက်ကာ မြတ်စွာဘုရား၏ အထက်ဘက် ကျောဘက် လက်ယာဘက် လက်ဝဲဘက်တို့၌ ပန်းမျက်နှာကြက် ပန်းကန့်လန့်ကာများ ဖြစ်ကာ မြတ်စွာဘုရား ကြွသွားတော်မူရာနောက်သို့ လိုက်ပါကြကုန်၏။ မြတ်စွာဘုရားအား ငွေထည်ဝတ်လွှာနှင့် ဝန်းရံအပ်သကဲ့သို့ဖြစ်၏။ မြတ်စွာဘုရား ရပ်တော်မူသောအခါ မြတ်လေးပန်းတို့လည်း ရပ်ကြကုန်၏။ မြတ်စွာဘုရား၏ ကိုယ်တော်မှာလည်း အသိန်းမကသော လျှပ်နွယ်လျှပ်စီးတို့ ဖြတ်သန်းသည့်ပမာ ရောင်ခြည်တော်တို့သည် ကွန့်မြူးထွက်ကြွလာကြကုန်၏။

ရာဇဂြိုဟ်တစ်ပြည်လုံး အုန်းအုန်းကြွက်မျှ ရင်သပ်ရှုမော အံ့သြချီးမွမ်း၍မဆုံး ဖြစ်ကြကုန်၏။ မြို့တွင်း ၉ ကုဋေ၊ မြို့ပ ၉ ကုဋေ အားဖြင့် ၁၈ ကုဋေသော လူဦးရေတို့အနက် မိန်းမယောကျ်ား တစ်ဦးတစ်ယောက်မျှ ဆွမ်းကို ကိုင်ဆောင်လျက် ဆွမ်းလောင်းရန် မထွက်လာသူဟူ၍ မရှိ။

လူအပေါင်းတို့သည် ပုဆိုး, ဦးရစ်ခေါင်းပေါင်းတို့ကို ပစ်မြှောက်ကြလျက် ကောင်းချီးသြဘာ ဟစ်အော်ကြွေးကြော်ကာ မြတ်စွာဘုရား၏ ရှေ့မှ နောက်မှ သွားကြကုန်၏။ မြတ်စွာဘုရားသည် သုမနပန်းသည်၏ ဂုဏ်ကျေးဇူးကို ထင်ရှားအောင် ပြုတော်မူခြင်းငှာ သုံးဂါဝုတ်ကျယ်ဝန်းသော ရာဇဂြိုဟ်ပြည်အတွင်းဝယ် လမ်းမကြီးအစဉ်အတိုင်း ကြွချီတော်မူ၏။ ပန်းသည်၏ တစ်ကိုယ်လုံးသည် ပီတိငါးမျိုးဖြင့် ပြည့်ဖြိုးလျှံဝေလျက်ရှိပေ၏။

သူသည် ပန်းတစ်ပွင့်မျှမပါသော ခြင်းတောင်းကို စွဲကိုင်လျက် အိမ်သို့ပြန်လာ၏။ ဇနီးက "ပန်းတွေဘယ်မှာလဲ"ဟု မေး၏။

"ရှင်မ…ငါသည် ပန်းများကို မြတ်စွာဘုရားအား ပူဇော်ခဲ့လေပြီ"

"ထိုသို့ဖြစ်လျှင် မင်းကြီးအား ဆက်သရန် ပန်း အဘယ်မှာ ရမလဲ"

"မင်းကြီးသည် ငါ့ကို သတ်လိုမူလည်း သတ်စေ၊ တိုင်းပြည်မှ နှင်ထုတ်လိုမူလည်း နှင်ထုတ်စေ၊ ငါကား အသက်ကို စွန့်လွှတ်၍ မြတ်စွာဘုရားအား ပန်းများဖြင့် ပူဇော်ခဲ့လေပြီ။ ဤသို့ဤပုံ အံ့ဖွယ်စုံသည့် ပူဇော်မှုကား ဖြစ်ခဲ့လေပြီ"ဟု မိမိတွေ့မြင်ခဲ့သမျှကို အကျယ်ပြောပြလေ၏။

"သင်…ယခုကြားနေရသည့်အသံသည် လူအပေါင်းက သာဓု ဟစ်အော်, ကြွေးကြော်ကြသောအသံပင်တည်း"

ပန်းသည်၏ ဇနီးကား အလွန်မိုက်မဲသူဖြစ်၏။ အံ့ဖွယ်သရဲ ထူးကဲ လှသည့် တန်ခိုးပြာဋိဟာ၌ သဒ္ဓါရွှန်းစိုကြည်ညိုခြင်းကို မဖြစ်စေနိုင်။ မိမိခင်ပွန်းအား ဆဲဆိုရေရွတ်ပြီးလျှင် "မင်းတို့မည်သည် ကြမ်းတမ်း လှကုန်၏၊ တစ်ကြိမ်မျှ အမျက်တော်ရှလျှင်ပင် လက်ခြေ စသည်တို့ကို ဖြတ်ကာ များစွာသောအကျိုးမဲ့ကို ပြုတတ်ကြကုန်၏၊ သင်ပြုလုပ်သော အမှုသည် ငါ့အားလည်း အကျိုးမဲ့ဖြစ်နိုင်ရာ၏"ဟူ၍ ရေရွတ်၏။

ထို့နောက် သားသမီးများကို ခေါ်၍ မင်းကြီးထံသို့ သွား၏။ မင်းကြီးက ခေါ်မေးသောအခါ–

"အရှင်မင်းကြီး…ကျွန်တော်မ၏ ခင်ပွန်း– သုမနပန်းသည်သည် အရှင်မင်းကြီးအား ဆက်သရမည့် ပန်းတို့ကို မြတ်စွာဘုရားအား ပူဇော်ခဲ့လေပြီ။ သူပြုသောအမှုသည် ကောင်းသည်ပင်ဖြစ်စေ၊ ဆိုးသည် ပင်ဖြစ်စေ သူ၏အမှုသာဖြစ်ပါသည်။ အကျွန်ုပ်သည် ထိုလင်ယောကျာ်း အား စွန့်ပစ်အပ်ပြီဖြစ်သည်ကို အရှင်မင်းကြီးအား ကြိုတင်လျှောက် ထားအပ်ပါသည်ဘုရား"

"ဩော်...ဤမိန်းမသည် အလွန်အကဲမိုက်မဲလှဘိ၏၊ အံ့ဖွယ်သရဲ ထူးကဲသော တန်ခိုးပြာဋိဟာ၌ ကြည်ညိုသဒ္ဓါ မဖြစ်စေနိုင်ပေ"ဟု မင်းကြီးနှလုံးသွင်း၍ "အမိ...သင်သွားလော့၊ မောင်သုမနအား ထိုက်သင့်သော မင်းပြစ်မင်းဒဏ်ကို ငါစဉ်းစားအံ့"ဟု မိန့်ဆိုလေ၏။

ဗိမ္ဗိသာရမင်းကြီးသည် သောတာပန်ဖြစ်သည်နှင့်အညီ မြတ်စွာဘုရားအား အလွန်ကြည်ညို၏။ အံ့ဖွယ်သရဲ ထူးကဲသော တန်ခိုးပြာဋိဟာအကြောင်းကို ကြားသိလေလျှင် မြတ်စွာဘုရားထံသို့ လျင်မြန်စွာသွား၍ ရှိခိုး၏။ မြတ်စွာဘုရား၏ လက်တော်မှ သပိတ်ကို ယူဆောင်၍ မြတ်စွာဘုရားနှင့် သံဃာတော်တို့အား နန်းတော်သို့ ပင့်ဆောင်လာ၏။

မြတ်စွာဘုရားသည် ရွှေနန်းတော်သို့ မဝင်ဘဲ မင်းရင်ပြင်၌ပင် သီတင်းသုံးတော်မူမည့် အခြင်းအရာကို ပြတော်မူ၏။ မင်းကြီး သိနားလည်သဖြင့် ရတနာမဏ္ဍပ်ကို အမြန်ဆောက်လုပ်စေ၏။ ဘုရားရှင်နှင့် သံဃာတော်တို့သည် ရတနာမဏ္ဍပ်အတွင်း ခင်းထား အပ်သည့်နေရာတို့၌ ထိုင်တော်မူကြ၏။

(ရွှေနန်းတော်အတွင်းသို့ မကြွဝင်လိုသည့်အကြောင်းကား ၁၈ ကုဋေ ဗိုလ်ခြေလူထုတို့ ဘုရားရှင်ကို ဖူးမြော်နိုင်ရန်နှင့် သုမနပန်းသည်၏ ဂုဏ်ကျေးဇူးကို ပေါ်လွင်ထင်ရှားစေလိုသောကြောင့်ဖြစ်သည်။)

မြတ်စွာဘုရား ထိုင်တော်မူလျှင် ပန်းဝတ်လွှာကြီး လေးချပ်တို့သည် အသက်ရှိသည့်အလား ပရိသတ်၏ အစွန်အဖျား အရပ်လေးမျက်နှာ၌ သွားရောက်တည်နေကြ၏။ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားအမှူးရှိသော ရဟန်းတော်အပေါင်းကို မွန်မြတ်သည့် ဆွမ်းခဲဖွယ် ဘောဇဉ်ဖြင့် ပြုစုလုပ်ကျွေး၏။

မြတ်စွာဘုရားသည် ဆွမ်း အနုမောဒနာတရား ဟောကြားတော်မူပြီးသော် ရှေးနည်းအတူ ပန်းဝတ်လွှာလေးချပ်တို့ ခြံရံလျက် ဝေဠုဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။ လူအပေါင်းတို့လည်း ချီးမွမ်းဟစ်အော်လျက် လိုက်ပါကြကုန်၏။

မြတ်စွာဘုရားအား လိုက်ပို့ပြီးနောက် မင်းကြီးပြန်လာသည့်အခါ သုမနပန်းသည်ကို ခေါ်မေး၏။

"ငါ့အတွက် ယူလာသောပန်းတို့ကို သင် အဘယ်သို့ ပြုလုပ်လိုက်သနည်း"

"အရှင်မင်းကြီး...'ငါ့ကို မင်းကြီးသည် သတ်လိုမူလည်းသတ်စေ၊ တိုင်းပြည်မှ နှင်ထုတ်လိုမူလည်း နှင်ထုတ်စေ'ဟု အောက်မေ့ကာ အသက်ကိုစွန့်၍ ဘုရားရှင်အား အကျွန်ုပ် ပူဇော်ခဲ့ပါပြီ"

"သင်ကား ရဲစွမ်းသတ္တိရှိသော ယောကျ်ားမြတ်ပေတည်း"ဟု ဝမ်းမြောက်ဝမ်းသာ မိန့်ကြားပြီးလျှင် ဆင်တော်ရှစ်စီး၊ မြင်းတော်ရှစ်စီး၊ ကျွန်ယောကျ်ား ရှစ်ယောက်၊ ကျွန်မိန်းမရှစ်ယောက်၊ အဆင်တန်ဆာကြီးရှစ်စုံ၊ အသပြာရှစ်ထောင်၊ ဝတ်စားစုံလင် တန်ဆာဆင်ပြီးသော အမျိုးသမီးရှစ်ယောက်၊ ရွာကြီးရှစ်ရွာ၊ ဤသို့ စသည်ဖြင့် အလုံးစုံ ရှစ်မျိုး ရှစ်မျိုးစီရှိသော သဗ္ဗဋ္ဌကဆုကြီးကို ပေးသနားတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံ လျှောက်ထား၏ –

"အရှင်ဘုရား...သုမနပန်းသည်သည် အနည်းငယ်မျှသော ကောင်းမှုကံကို ပြုလုပ်လိုက်ခြင်းဖြင့် ထူးကဲစွာသော အံ့ဖွယ်သူရဲတို့ ဖြစ်ပေါ်ကုန်၏။ သုမနပန်းသည်၏ ခံစံရမည့်အကျိုးကား အဘယ်သို့ ရှိမည်နည်း"

"အာနန္ဒာ...ဤသုမန ပန်းသည်သည် အနည်းငယ်မျှသော

ကောင်းမှုကံကို ပြုအပ်ပြီဟူ၍ မမှတ်လင့်။ သုမနပန်းသည်သည် မိမိအသက်ကို ရက်ရက်ကြည်ဖြူစွန့်လှူ၍ ငါဘုရားအား ပန်းပူဇော်မှုကို ပြုပေ၏။ ထိုပန်းသည်သည် ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်ဘုံသို့ မလားရောက်ရဘဲ နတ်ပြည် လူ့ပြည်တို့၌သာ အဖန်ဖန်ကျင်လည်၍ ထိုမြတ်လေးပန်းအလှူကုသိုလ်ကံ၏ အကျိုးကို ခံစံရလတ္တံ့။ နောက်ဆုံးဘဝ၌ သုမနအမည်ရှိသော ပစ္စေကဗုဒ္ဓါ ဖြစ်ပေလတ္တံ့"ဟု ဗျာဒိတ်စကားကို မိန့်ကြားတော်မူ၏။

ထိုနေ့ ညနေချမ်းအခါ၌ ရဟန်းတို့သည် ဓမ္မသဘင်၌ စည်းဝေးကြ၏။

"ငါ့ရှင်တို့... သုမနပန်းသည်၏ ကောင်းမှုကုသိုလ်ကံကား လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ။ သက်တော်ထင်ရှား မြတ်စွာဘုရားအား မိမိအသက်ကို စွန့်လှူ၍ မြတ်လေးပန်းတို့ဖြင့် ပူဇော်သောကြောင့် ထိုခဏတွင်ပင် ဒိဋ္ဌဓမ္မအကျိုးပေးကာ သဗ္ဗဋ္ဌကဆုကြီးကို မင်းကြီးထံမှ ရပေ၏"ဟု ချီးမွမ်းစကား ပြောကြားကြကုန်၏။

မြတ်စွာဘုရား ကြွလာတော်မူပြီး "ရဟန်းတို့...အကြင်အမှုကို ပြုလုပ်ပြီးသော် နောင်တတစ်ဖန် မပူပန်ရ၊ အကြင်အမှု၏ အကျိုးကို နှစ်သက်ဝမ်းမြောက်လျက် ထိုအမှုရှင်သည် ခံစားမှီဝဲ သုံးစွဲရ၏။ ပြုအပ်သော ထိုအမှုကား အပြစ်မရှိ ကောင်းမြတ်လှပေ၏"ဟူသော တရားဂါထာကို ဟောကြားတော်မူ၏။

ဒေသနာအဆုံးတွင် ပရိသတ် ရှစ်သောင်းလေးထောင်တို့ တရားသိမြင်၍ ကျွတ်တမ်းဝင်ကြလေ၏။

## သဘက်အလှူဖြင့် လက်ငင်းချမ်းသာ

ကုန်းဘောင်ခေတ် ဘကြီးတော်မင်းတရားလက်ထက်တွင် မိဖုရားခေါင် နန်းမတော်မယ်နုသည် အင်းဝ၌ မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးကို တည်ဆောက်ပြီး **ညောင်ကန်ဆရာတော်ဦးဗုဓ်** (၁၁၄၉–၁၂၀၄)အား လှူဒါန်း၏။ ညောင်ကန်ရွာမှ ဆရာတော်ဦးဗုဓ်၏ မယ်တော်သည် သတင်းကြားသိရသဖြင့် သားတော်ထံ လာ၏။ ကြီးကျယ်ခမ်းနားလှသော တိုက်ကျောင်းကြီးကို မြင်တွေ့ရသောအခါ မယ်တော်သည် လွန်စွာပီတိဖြစ်မိ၏။

မယ်တော်သည် ပေစာဖတ်ရှုနေသော ဆရာတော်ထံ ချဉ်းကပ်၍ ဦးချကန်တော့၏။ ဆရာတော်သည် တစ်ချက်မျှ မျက်လုံးလှန်ကြည့်ပြီးလျှင် ပေစာကို ဖတ်မြဲဖတ်နေ၏။ မည်သည့်စကားမျှ မမိန့်ဆိုချေ။ ကြာသော် မယ်တော်သည် ဟိုကြည့် သည်ကြည့်...အားကိုးစရာ မမြင်၍ အားငယ်ကာ တရှုပ်ရှုပ်ငိုကြွေးလေ၏။

ဆရာတော်သည် ပေစာကိုကိုင်လျက်..."ခင်ဗျားကြီး...ဘာဖြစ်လို့ ဒီမှာလာငိုရတာတုံး"ဟု မေး၏။

"မောင်ပဥ္စင်းကို ဖူးမြင်ချင်လွန်းလို့ နေပြည်တော်ကို လာခဲ့ပါ၊ ဝမ်းမြောက်ဝမ်းသာတွေ့ရမယ် အောက်မေ့ပါ...ခြေတော်ရင်းကို ဦးခိုက်တာတောင် ဒကာမကြီးလို့ တစ်ခွန်းကလေးမျှ နှုတ်ဆက်ဖော်မရဘူး။ မယ်တော် ဝမ်းနည်းလွန်းလို့ ငိုပါတယ်ဘုရား"

"ဒကာမကြီး...ဒီလိုငိုခဲ့ရတဲ့ဘဝတွေ မရေတွက်နိုင်တော့ဘူး၊ တရားနှလုံးသွင်းပါ"ဟု မိန့်တော်မူပြီး ကပ္ပိယကိုခေါ်၍ မယ်တော်ကို စောင့်ရှောက်ရန် အပ်နှံလိုက်၏။

ကပ္ပိယသည် ကျောင်းအလှူရှင် မိဖုရားခေါင်ကြီးကို လျှောက်ထား

သောအခါ မိဖုရားခေါင်က မယ်တော်ကို စောင့်ရှောက်ထားလိုက်၏။ မယ်တော်က မပျော်ပိုက်ဘဲ ရွာပြန်ချင်သောအခါ မိဖုရားခေါင်က လက်ဆောင်ပစ္စည်းများစွာ ပေးသနားလိုက်၏။

နောက် ၂ နှစ်ကျော် ကြာသောအခါ မယ်တော် တစ်ခေါက်လာပြန်၏။ မိဖုရားခေါင်သည် မယ်တော်အား နန်းတော်အရှေ့ရပ်ကွက်၌ အိမ်တစ်အိမ်မှာ နေရာချထားပေး၏။ တစ်နေ့ဝယ် မယ်တော် ရေချိုးနေစဉ် အရှေ့ရပ်ကွက် မီးလောင်သဖြင့် မယ်တော်နေသည့် အိမ်သည်လည်း မီးထဲပါသွား၏။

မယ်တော်သည် ရေချိုးခိုက် ထွက်ပြေးရသဖြင့် ထဘီရင်ရှားနှင့် သဘက်တစ်ထည်သာ ပါလာ၏။ ဝမ်းနည်းပက်လက်နှင့် အားကိုးရာမဲ့သွားသဖြင့် ဘယ်သွားလို့ ဘာလုပ်ရမှန်းမသိ၊ သားတော်ကို ဦးဆုံး သတိရသည်နှင့်...အုဘ်ကျောင်းတော်ပေါ်သို့ တက်လာ၏။

"သားတော်ဘုရား...မယ်တော်ရဲ့ နေအိမ် မီးလောင်သွားပြီ၊ ပစ္စည်းတွေလည်း အကုန်မီးထဲပါသွားပြီ၊ မယ်တော် ဘယ်လို လုပ်ရမလဲ"

မယ်တော်သည် ဘောဂဗျသနကြောင့် ပူဆွေးသောကဖြစ်ကာ တရှုပ်ရှုပ်ငိုကြွေးလေ၏။ ဆရာတော်က–

"ဒကာမကြီး...တစ်သံသရာလုံး လောင်လာတဲ့မီးကို ကျုပ် မတားပေးနိုင်ဘူး။ ကုသိုလ်ကံကပဲ အေးငြိမ်းအောင် တားပေးနိုင်မယ်။ ဒကာမကြီးက ခုမှ ဆင်းရဲတာမဟုတ်ဘူး၊ တစ်သံသရာလုံး ဆင်းရဲခဲ့ရပြီ၊ ချမ်းသာချင်ရင်...ပခုံးထက်က သဘက်ကလေး...ကျုပ်ကို လှူခဲ့..."

မယ်တော် ခက်ကပြီ။ သားတော်ကို အားကိုးပါတယ်ဆိုပါမှ

ရှိတဲ့သဘာက်ကလေး…အလှူခံနေပါပြီ။ မနေသာတော့သဖြင့် သဘာက်ကို ကိုယ်မှ အသာခွာ၍ ဆရာတော်အား ပေးလှူလိုက်၏။

ဤသဘာက်အလှူသတင်းသည် တစ်မုဟုတ်ချင်း နန်းတော်တွင်းသို့ ပျံ့နှံ့သွား၏။ မိဖုရားခေါင်ကြီးမှအစ မိဖုရားငယ်များ၊ မောင်းမများကပါ ဝိုင်းဝန်းပေးကမ်းထောက်ပံ့ကြသဖြင့် မယ်တော်သည် ယခင်ကထက် များစွာ ပို၍ချမ်းသာသွားလေ၏။

(ဆရာတော်ဦးဗုဓ်၏ ထေရုပ္ပတ္တိ)

## တစ်မတ်လှူပြီး မီလျံနာသူဌေးဖြစ်

ကံစီမံလှည့်စားပုံကလေးများသည် အလွန်ဆန်းကြယ်၏။ ပုံမှန်သဘာဝအတိုင်း ဖြစ်ပျက်သွားတတ်သဖြင့် သတိမမူလျှင် ကံစီမံပုံကို မမြင်သိပါ။

ဤနှစ်ဆယ်ရာစုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ ဒေါ်လာသန်းပေါင်း ၃၀၀၀ ကျော် ချမ်းသာကြွယ်ဝသော ဘီလျံနာသူဌေးကြီး **ဟောင်းဝဒ်ဟု(ချ်) (Howard Hugh)**ရှိခဲ့၏။ သူသည် လူပျိုကြီး …ရုပ်ချော၊ သဘောကောင်း၊ သူ့ကိုစိတ်ဝင်စားသည့် အမျိုးသမီးများကလည်း ဝိုင်းဝိုင်းလည်…။ သို့သော် သူ မိန်းမ,မယူပေ။ တစ်ယောက်စီး ကိုယ်ပိုင်လေယာဉ်ငယ်ကလေးဖြင့် ဝေဟင်၌ လွတ်လွတ်လပ်လပ် ပျံသန်းနေရသည်ကို သူနှစ်သက်၏။

တစ်နေ့တွင် သူ့လေယာဉ်ငယ် ပျက်ကျသဖြင့် သူအကြီးအကျယ် ထိခိုက်ဒဏ်ရာရသွားသည်။ လုံးဝသတိမေ့မြောသွားသည်။ သူအသက်ရှင်အောင် ဆရာဝန်များက သေမင်းနှင့် ဘတစ်ပြန်ကျားတစ်ပြန် တိုက်ပွဲဝင်ကြရသည်။ အကြီးအကျယ် ခွဲစိတ်ကုသရသဖြင့် သူ့အား

အကိုက်အခဲသက်သာရန် ပက်သာဒင်း ထိုးပေးရသည်။ ရက်ရှည်လများ ကုသရပြီး ပက်သာဒင်းထိုးပေးရသဖြင့် ဆေးစွဲသွားသည်။ ပက်သာဒင်း ဟူသည် မူးယစ်ဆေးဝါးတစ်မျိုးပင်တည်း။

ပက်သာဒင်း အထိုးများလာသောအခါ အစားအသောက်ပျက် လာ၏၊ အအိပ်ပျက်လာ၏၊ ပိန်ချုံးပြီး အသားအရေများ ကွဲအက် လာ၏၊ လူလုံးမလှတော့။ ဟောင်းဝဒ်ဟု(ဂျ်) လူပျိုကြီးက အလွန် ရှက်တတ်သဖြင့် လူတောထဲမသွားဝံ့တော့။ စိတ်ပြေလက်ပျောက် ဖြစ်အောင် အပန်းဖြေဟိုတယ်ကြီးများ၌ ဟိုတယ်တစ်ခုပြီးတစ်ခု လှည့်လည်၍ နေထိုင်၏။

ဟိုတယ်တစ်ခုသို့ ပြောင်းတော့မည်ဆိုလျှင် အထက်ထပ် တစ်ထပ် လုံးကို ကြိုတင်ငှားရမ်း၍ သီးသန့်ဖြစ်အောင် စီမံခိုင်းသည်။ သူနှင့် သူ့လူစု ပြောင်းလာသည့်အခါ အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ မနီးနှောရ။ ဟောင်းဝဒ်ဟု(ဂျ်)သည် မည်သည့်အစာကိုမျှ စားမဝင်သည့် အတွက် သူ အလွန်နှစ်ခြိုက်သည့် ရေခဲမုန့်တစ်မျိုးကိုသာ စား၏။ အိပ်လျှင်လည်း အိပ်မပျော်သည့်အတွက် ဗွီဒီယိုဇာတ်လမ်းများကို တစ်ကားပြီးတစ်ကားကြည့်၏။ ဗွီဒီယိုဇာတ်လမ်းတွေ... သီချင်းဂီတ တွေ... ဝတ္ထုမဂ္ဂဇင်းတွေ... ဒါတွေက ခဏတစ်ဖြုတ်သာ ပျော်ရွှင်စေ နိုင်၏၊ စိတ်ချမ်းသာမှုအစစ်ကို မပေးနိုင်ကြပါ၊ ကြာလာသောအခါ ငြီးငွေ့ပျင်းရိစရာဖြစ်လာကြ၏။

သို့အတွက် ဟောင်းဝဒ်ဟု(ဂျ်)သည် လူပုံလူပန်း သဲသဲကွဲကွဲ မမြင်မသိရသည့် နေဝင်ရီတရောအချိန်တွင် ဟိုတယ်အထက်ဆုံးထပ်မှ အောက်သို့ဆင်းလာကာ တစ်နာရီခန့် လမ်းလျှောက်လေ့ရှိ၏။

ဟိုတယ်အထက်ထပ်သို့ ပြန်တက်သည့်အခါ ဓာတ်လှေကားမောင်းသူကို ဒေါ်လာတစ်မတ်တန် မတ်စေ့တစ်စေ့ကို အမြဲဆုချ၏။

တစ်နေ့တွင် လမ်းလျှောက်ထွက်ရာ... မတ်စေ့တစ်စေ့ ယူလာဖို့ မေ့သွားသည်၊ စည်းကမ်းကြီးသူဖြစ်၍ ဓာတ်လှေကားမောင်းသူအား ဝတ္တရားမပျက် မတ်စေ့တစ်စေ့ဆုချချင်သည်။ သူ ဘယ်လိုလုပ်ရပါ့... ဟိုတယ်ရှေ့တွင်ရပ်ထားသော ဆလွန်းကားများအနီးသို့ သူ ချဉ်းကပ်လာသည်။ ကားတစ်စီးတွင် လူတစ်ယောက်ထိုင်နေသည်ကို မြင်သဖြင့် အနီးသို့သွားကာ...

"မိတ်ဆွေ...ကျွန်တော့်ကို မတ်စေ့တစ်စေ့လောက် ကူညီစေချင်ပါတယ်"။ ဘီလျံနာသူဌေးကြီးက ပိုက်ဆံတစ်မတ်တောင်းရသည့်အဖြစ်...။ ကားထဲလူကလည်း ရှောရှောရှူရှူပင် "ဟာဗျာ...ရပါတယ် ...ရော့ယူပါ"ဆိုပြီး လှမ်းပေးလိုက်၏။

"ဒါနဲ့...မိတ်ဆွေရဲ့ နာမည်က ဘယ်လိုခေါ်ပါသလဲ၊ ဘယ်မှာနေပါသလဲ"ဟု သူဌေးကြီးက စိတ်ဝင်စားစွာမေးသည်ကို ထိုလူကလည်း ရင်းနှီးစွာ မိတ်ဆက်၍ ပြောကြား၏။

ဤဓာတ်လမ်းကလေးသည် အမှတ်မထင် ဖြစ်တတ်သည့် ဖြစ်ရပ်တစ်ခုပင်...။ ကားထဲလူက အမှတ်မထားပါ။ သို့သော်...သူဌေးကြီးသေဆုံးသောအခါ၌ သူ့အား ဒေါ်လာတစ်သန်းပေးရန် သေတမ်းစာတွင် ရေးသားခဲ့၏။ ဤအကြောင်းကို ကြားသိရသည့်အခါ ထိုလူ အံ့သြ၍မဆုံး...ဝမ်းမြောက်၍မဆုံး...။

စေတနာထက်ထက်သန်သန်နှင့် ပေးလှူလိုက်သော ငွေတစ်မတ်သည် မီလျံနာသူဌေးဖြစ်အောင် အကျိုးဆောင်ပေးနိုင်သည်တကား။

(ဟောင်းဝဒ်ဟု(ချ်)၏ အတ္ထုပ္ပတ္တိမှ)

## ဒါန၏ အဟန့်အတားများ

အလှူဒါနဖြစ်မြောက်ရေးတွင် ပေးလှူသောစေတနာသည် ပဓာနဖြစ်၏။ ထိုစေတနာကို ဆုတ်ယုတ်ပျက်ပြားစေသောအကြောင်းများသည် ဒါန၏ အဟန့်အတားများဖြစ်ကြ၏။ ထိုအဟန့်အတားများတွင် ပြင်ပပုဂ္ဂိုလ်တို့၏ အတားအဆီးများထက် မိမိကိုယ်တွင်း အတားအဆီးများက ပို၍ အားကြီးကြ၏။ ထိုအတားအဆီးတို့ကား–

(၁) လောဘ = မိမိပစ္စည်းဥစ္စာကို မစွန့်လွှတ်နိုင်အောင် လိုချင်တပ်မက်နေသည့်တဏှာ၊
(၂) ဒေါသ = အမျက်ထွက်မှု၊ ပူဆွေးသောကဖြစ်မှု၊
(၃) မောဟ = ဒါန၏အကျိုးကြီးမားပုံကို မသိ၍ တွေဝေမှု၊
(၄) ဣဿာ = ကိုယ့်ထက်သာ မနာလိုမှု၊ ငြူစူမှု၊
(၅) မစ္ဆရိယ = နှမြောတွန့်တိုမှု၊ ဝန်တိုမှု၊
(၆) မာန = ထောင်လွှားဝင့်ကြွားမှု၊ မာန်ယစ်မှု

စသည်တို့တည်း။ (ဒီ၊ ဋ္ဌ၊ ၁။ ၃၂၉)

မစ္ဆေရ(မစ္ဆရိယ) ပြောထူ–နှမြောဝန်တိုသူတို့သည် ပစ္စည်းဥစ္စာများစွာရှိသော်လည်း မလှူရက်ကြ၊ သူတော်ကောင်းတို့၏လှူပုံကို အတုယူ၍ မလှူနိုင်ကြ။ (သံ၊ ၁။ ၁၈)။

မလှူဒါန်းနိုင်ခြင်းသည် အလှူခံပုဂ္ဂိုလ်တို့အပေါ်၌ အမျက်ထွက်မုန်းတီးခြင်း(ဒေါသ)ကြောင့်လည်း ဖြစ်တတ်၏၊ လှူဖွယ်ဝတ္ထု၌ တပ်မက်ငြိတွယ်မှု (လောဘ)ကြောင့်လည်း ဖြစ်တတ်၏။

(ဣတိဝုတ်၊ ၄။ ၂၂၇)

ထို့အပြင် ပေးလှူလိုက်လျှင် ငါ့ဥစ္စာကုန်သွားလိမ့်မည်၊ ငါနှင့် ငါ့မိသားစု စားကြရတော့မည်မဟုတ်ဟု နှမြောတွန့်တိုမှု(မစ္ဆေရ)

မေ့လျော့မှု(ပမာဒ)ဟူသော အကြောင်းနှစ်ပါးကြောင့်လည်း မလှူနိုင်ကြချေ။ (သံ၊ ၁။ ၁၇)

## ဒါန၏အကျိုးမသိသူ မပေးလှူ

မြတ်စွာဘုရားလက်ထက်တော်က အလှူဝါသနာကြီးသော ရဟန်းတစ်ပါးရှိ၏။ ထိုရဟန်းသည် မည်သည့်ပစ္စည်းကိုပင် ရခဲ့သည်ဖြစ်စေ သူတစ်ပါးတို့အား ခွဲဝေလှူဒါန်းပြီးမှ သုံးစွဲလေ့ရှိ၏။ ဤရဟန်း၏ အကြောင်းကို အခြားရဟန်းများက ဘုရားရှင်ထံ လျှောက်ထားကြသောအခါ–

"ရဟန်းတို့...ဤရဟန်းသည် ရှေးဘဝက ဒါန၏ အကျိုးကို မသိသည့်အတွက် ဘာတစ်ခုကိုမျှ မပေးလှူခဲ့ဘူး၊ ဒါန၏ အကျိုးကျေးဇူးကိုပြပြီး ငါဆုံးမခဲ့တဲ့အတွက် အလှူအတန်း ဝါသနာပါလာခြင်းဖြစ်တယ်"ဟု ဘုရားရှင် မိန့်တော်မူ၏။

ရဟန်းတော်များက တောင်းပန်ကြသည့်အတွက် ဒသနိပါတ်တော်မှ **ဗိဠာရကောသိယဇာတ်ကို** ဘုရားရှင် ဟောကြားတော်မူ၏။

ရှေးအခါက ဗာရာဏသီပြည်တွင် ဗိဠာရကောသိယအမည်ရှိသည့် သူဌေးတစ်ဦးရှိ၏။ ဤသူဌေးသည် မိမိ၏ပစ္စည်းဥစ္စာကို တပ်မက်တွယ်တာ၍ နမြောဝန်တိုတတ်သည့်အတွက် ဘာတစ်ခုမျှ မပေးလှူချေ။ အလှူခံပုဂ္ဂိုလ်တို့အား အတင်းမောင်းနှင်ထုတ်လေ့ရှိ၏။

သူသာ မပေးလှူခြင်းဖြစ်သည်၊ သူ့အဖေ, အဘိုး, အဘေး, အဘိ, အဘင်တို့က ရက်ရက်ရောရော ပေးလှူခဲ့ကြသူများဖြစ်ကြ၏။ အလှူ၏အကျိုးကြောင့် သူ့အဖေသည် ပဉ္စသိခနတ်သားဖြစ်နေ၏၊ သူ့အဘိုးသည် မာတလိနတ်သားဖြစ်နေ၏၊ သူ့အဘေးသည် သူရိယ

နတ်သားဖြစ်နေ၏၊ သူ့အဘိသည် စန္ဒနတ်သားဖြစ်နေ၏၊ သူ့အဘင်သည် သိကြားမင်းဖြစ်နေ၏။

သိကြားမင်းသည် သူ့အနွယ်အစဉ်အဆက်ကို ရှုကြည့်သည့်အခါ သူ၏သားစဉ်မြေးဆက်တို့သည် ဒါနကောင်းမှုကံကြောင့် နတ်သားများ ဖြစ်နေကြသည်ကို မြင်၏။ ခြောက်ဆက်မြောက် ဗိဠာရကောသိယမှာ ကပ်စေးနဲကော်တရာ ဖြစ်နေသည်။ သူ့အား ဆုံးမရန်လိုသည်။ ထို့ကြောင့် အတိတ်က သူ၏သား,မြေး, မြစ်,တီဖြစ်ခဲ့ကြသော နတ်သားလေးဦးတို့နှင့် တိုင်ပင်၏။ သူတို့အားလုံး အလှူခံပုဏ္ဏားအသွင် ဖန်ဆင်း၍ ကောသိယသူဌေးထံ လာကြ၏။

သိကြားမင်း–ပုဏ္ဏားက ရှေးဦးစွာဝင်၍ "သူဌေး...အကျွန်ုပ်ကို ထမင်းလှူပါ"ဟု ဆို၏။ သူဌေးက "ဘယ်ကထမင်းလဲ၊ ပေးစရာ မရှိဘူး၊ ထွက်သွား"ဟု နှင်ထုတ်၏။

"အို..သူဌေး၊ သူတော်ကောင်းတို့ဟာ အလှူခံပုဂ္ဂိုလ်တို့လာလျှင် မလှူဘဲမနေဘူး။ သင့်မှာ ပစ္စည်းတွေပြည့်စုံတယ်၊ ဘာ့ကြောင့်မလှူချင်ရတာလဲ။ လောကမှာ မပေးလှူတဲ့လူဟာ နှစ်ယောက်တည်းရှိတယ်။ တစ်ယောက်က မိမိပစ္စည်းကို နှမြောတွန့်တိုတဲ့လူ၊ တစ်ယောက်က ကာမဂုဏ်ပျော်ပါးပြီး မေ့လျော့နေတဲ့လူ။ ဒါနအကျိုးကို သိနားလည်တဲ့ ပညာရှိမှန်လျှင် ဒါနပြုသင့်လှပါတယ်"

သိကြားမင်း–ပုဏ္ဏား အဟောကောင်းလို့ အနည်းငယ်ပေးလှူရန် သူဌေးက စဉ်းစားခိုက်...စန္ဒနတ်သား–ပုဏ္ဏားရောက်လာ၏။ "ထမင်း နည်းနည်းလှူပါ"ဟု အလှူခံ၏။

"ဟော့...ဟော့...မလှူနိုင်ဘူး၊ လာမတောင်းနဲ့၊ သွား...သွား"

"ကျွန်ုပ်က ဟိုပုဏ္ဏားကြီးကိုမြင်လို့ ပုဏ္ဏားတွေကို ကျွေးမွေး

လှူဒါန်းနေတယ်လို့ ထင်မိတာ။ အို...သူဌေးကြီး၊ အချို့က လှူရင် ကုန်မယ်၊ ကုန်ရင် ငတ်ရချေရဲ့လို့ ငတ်မှာကြောက်ပြီး မလှူကြဘူး။ အမှန်တော့ လှူတဲ့လူတွေက မငတ်ဘူး၊ မလှူတဲ့လူတွေကသာ ငတ်ကြတယ်။ ဒါကြောင့် ဝန်တိုလောဘ, မစ္ဆေရစိတ်ကို ပယ်ဖျောက်ပြီး တတ်နိုင်သလောက် လှူဒါန်းသင့်ပါတယ်"

"အင်း...အင်း...သင်လည်း အပြောကောင်းတော့ နည်းနည်းပေး ရတာပေါ့၊ ဟိုပုဏ္ဏားကြီးအနားမှာ ခဏထိုင်စောင့်ပါ"ဟု လက်ညှိုး ထိုး၍ သူဌေးက ဆို၏။

ထိုအခိုက် သုရိယနတ်သား-ပုဏ္ဏားရောက်လာပြီး အလှူခံပြန်၏-

"အို...သူဌေးကြီး၊ ပုဏ္ဏားတို့ကို ပေးလှူပါ၊ အချို့သော လူယုတ်မာ များက သူတော်ကောင်းကို အရေးမယူဘဲ ဝန်တိုတပ်မက်တဲ့ မစ္ဆေရ- လောဘစိတ်နဲ့ မပေးလှူကြဘူး။ ဒီလူယုတ်မာတွေ သေကြတဲ့အခါ အပါယ်ဘုံသို့ လားရောက်ကြရတယ်။ လှူဒါန်းပေးကမ်းလေ့ရှိတဲ့ သူတော်ကောင်းတွေ သေကြတဲ့အခါ နတ်ပြည်သို့ လားရောက်ကြ ရတယ်"

သူဌေးက "အသင်ပုဏ္ဏားလည်း အပြောမညံ့ဘူး၊ နည်းနည်း လှူပေးရတာပေါ့၊ ဟိုပုဏ္ဏားကြီးတွေနဲ့အတူ ခဏထိုင်ပါ"ဟု ပြော၏။

ထိုအခိုက် မာတလိနတ်သား-ပုဏ္ဏားရောက်လာပြီး "ထမင်း နည်းနည်းပေးပါ"ဟု အလှူခံပြန်၏။

"ဟော့...ဟော့...မင်းတို့ပုဏ္ဏားတွေဟာ သူတောင်းစားတွေ ဝိုင်း တောင်းသလိုဖြစ်နေပြီ။ မပေးနိုင်ဘူးကွာ သွားဟော့..."

"အိုသူဌေး...အချို့သော သူတော်ကောင်းတွေဟာ ပစ္စည်း နည်းနည်းသာချမ်းသာပေမယ့် ပေးလှူကြတယ်။ သူယုတ်မာများက

တော့ ပစ္စည်းအများကြီးရှိပေမယ့် မပေးလှူကြဘူး။ စေတနာ–သဒ္ဓါ ရှေ့ထားပြီး ပေးလှူရင် ညောင်စေ့လောက်လှူပေမယ့် ညောင်ပင်မက အကျိုးရတယ်။ ဒါကြောင့်...နည်းနည်းလောက်တော့ ဖဲ့လှူပါ"

"ကဲ...ကဲ...ဒါလောက်ရချင်ရင် ဟိုပုဏ္ဏားတွေဆီသွားပြီး ခဏ စောင့်ပါ"

ထိုအခိုက် ပဉ္စသိခနတ်သား–ပုဏ္ဏားရောက်လာပြီး ထမင်းတောင်း ပြန်၏။

သူဌေးက "ဟိုပုဏ္ဏားတွေကိုတောင် ဘာမှမပေးရသေးဘူး၊ ခင်ဗျားက ထပ်ရောက်လာပြန်ပြီ၊ မပေးနိုင်ဘူး၊ ထွက်သွား"ဟု မောင်းနှင်၏။

"သူဌေးကြီးရယ်...သူဌေးကြီးရဲ့ပစ္စည်းတွေဟာ မိဘဘိုးဘေး လက်ထက်က ဆင်းသက်လာတဲ့ အမွေပစ္စည်းတွေမို့ သိပ်စင်ကြယ် တယ်။ စင်ကြယ်တဲ့ပစ္စည်းကို ပေးလှူတာ အလွန်အကျိုးကြီးမားပါ တယ်။ ဒါကြောင့် နည်းနည်းတော့ပေးလှူပါ"

"စင်ကြယ်တဲ့ပစ္စည်းနဲ့ မစင်ကြယ်တဲ့ပစ္စည်း ဘာများထူးခြား လို့လဲ"

"ဟာ...သိပ်ထူးတာပေါ့။ မစင်ကြယ်တဲ့ပစ္စည်း ဆိုတာက သူတစ်ပါးတွေကို နှိပ်စက်ညှဥ်းပန်း၊ လိမ်လည်လှည့်စားပြီး သူတစ်ပါး မျက်ရည်ယိုမှ ရလာတဲ့ပစ္စည်းမဟုတ်လား။ မစင်ကြယ်တဲ့ပစ္စည်းကို ပေးလှူရင် စင်ကြယ်တဲ့ပစ္စည်းကို ပေးလှူတာလောက် ဘယ်မှာ အကျိုးပေး ထက်မြက်နိုင်ပါ့မလဲ"

"အင်း...အင်း...အသင်ပုဏ္ဏားလည်း အပြောမညံ့ဘူး၊ နည်းနည်း တော့ ပေးလှူရတာပေါ့၊ ကဲ–ဟိုပုဏ္ဏားတွေနဲ့အတူ ခဏစောင့်ပါ"

ထို့နောက် သူဌေးသည် အိမ်ကျွန်မကိုခေါ်၍ "ဒီပုဏ္ဏားတွေကို မနင်းနယ်ရသေးတဲ့ စပါးနှံနည်းနည်းစီပေးလိုက်ပါ"ဟု ပြော၏။

ပုဏ္ဏားတို့က "ဟော့...ဟော့...သူဌေး၊ ငါတို့ဟာ စပါးနှံကို မကိုင်ကောင်းဘူး၊ စပါးနှံတော့ မပေးနဲ့"ဟု ပြောဆိုကြ၏။

"ဒီလိုဆိုရင် ဆန်နည်းနည်းစီ ကော်ပေးလိုက်ပါ"

"ဟော့...သူဌေး၊ ငါတို့ဟာ ဆန်စိမ်းကို မခံယူဘူး"

"ဆန်စိမ်းကို အလှူမခံရင် နွားစာထမင်း နည်းနည်းစီပေးလိုက်..."

ကျွန်မသည် သူဌေးအမိန့်အတိုင်း နွားစာထမင်းကြမ်းကို ခူးခပ်ပြီး ပုဏ္ဏားတို့ကိုကျွေး၏။ ပုဏ္ဏားတို့သည် ထမင်းကြမ်းကို လက်နှင့်ဆုပ်၍ အလုတ်အလွေ့ပြုကာ စားလိုက်ကြ၏။ စားပြီးမကြာမီ အားလုံး ထမင်းနင်သည့်ဟန်ဖြင့် မျက်လုံးများပြူး၍ လဲကြကုန်၏။ ကျွန်မက သူဌေးထံပြေးသွားပြီး "ပုဏ္ဏားတွေ ထမင်းနင်လို့ သေကုန်ပြီ"ဟု ပြောပြ၏။

"ခက်ပြီ...သိမ်မွေ့နူးညံ့တဲ့ ပုဏ္ဏားကြီးတွေကို ထမင်းကြမ်းကျွေး သတ်တယ်လို့ အများက ငါ့ကို ကဲ့ရဲ့စွပ်စွဲကြလိမ့်မယ်၊ ဒီလိုမကဲ့ရဲ့နိုင် အောင် ထမင်းပွဲထဲက ထမင်းကြမ်းကို ထမင်းနုနဲ့ အလဲခိုင်းထား လိုက်မှပဲ"

သူဌေးသည် ဤသို့တွေးတောမိပြီး ကျွန်မအား ထမင်းလဲခိုင်း၏။ ထို့နောက် လူတို့ကိုခေါ်၍ ပြော၏။

"ကြည့်ကြစမ်းပါမိတ်ဆွေတို့...ကျွန်ုပ်ဟာ သဒ္ဓါတရားရှေ့ထားပြီး ပုဏ္ဏားတွေကို မွန်မွန်မြတ်မြတ် ကျွေးမွေးပါတယ်။ ပုဏ္ဏားကြီးတွေ အစားကြီးလို့ စားပိုးနင့်ပြီး သေကုန်ကြပြီ။ ဒီလိုသေကြရတာ ပုဏ္ဏားယုတ်တို့ရဲ့အပြစ်ပါပဲ"

ထိုအခိုက် ပုဏ္ဏားတို့ လူးလွန့်ထလာကြပြီးလျှင် ပြိုင်တူပြောဆိုကြ၏။

"အို...လူအများတို့...ဤသူဌေးသည် မမှန်သောစကားကို ပြောဆို၏။ ငါတို့ကို နွားစာ ထမင်းကြမ်းကျွေးပြီး သလေးထမင်းနနဲ့ လဲခိုင်းတယ်၊ မယုံရင်ကြည့်ကြ၊ ငါတို့ထွေးပြမယ်"

ပုဏ္ဏားတို့သည် ထမင်းကြမ်းများကို ထွေးအန်ပြကြ၏။ လာလာ သမျှလူအပေါင်းတို့သည် အကြောင်းမှန်ကိုသိလာကြသဖြင့် သူဌေးအား ကဲ့ရဲ့ရှုတ်ချကြ၏။

"ဟယ်...သူဌေးမိုက်၊ သင်ဟာ မိဘတို့ရဲ့ အလှူကျင့်ဝတ်ကို ဖျက်ဆီးပစ်တယ်၊ အလှူခံပုဂ္ဂိုလ်တွေကို မောင်းထုတ်တယ်၊ ယခုလည်း ကြည့်စမ်း...ပုဏ္ဏားကြီးတွေကို ထမင်းကြမ်းကျွေးပြီး ထမင်းနကျွေး တယ်လို့ ကြောင်လိမ်တယ်။ သင် မသေဘူးလို့ ထင်နေသလား။ သင်သေရင် သင့်ပစ္စည်းတွေကို လည်ပင်းမှာဆွဲပြီး ယူသွားမှာလား"

ပုဏ္ဏားများက နတ်အသွင် ဖန်ဆင်းပြကြပြီး သိကြားမင်းက ရှင်းပြ၏။

"အို...လူအပေါင်းတို့...ဒီအိမ်မှာရှိတဲ့ပစ္စည်းတွေဟာ ဘယ်သူ့ ပစ္စည်းတွေထင်သလဲ။ ငါတို့သူဌေးဘဝက အစဉ်အဆက် ချန်ပေးခဲ့တဲ့ ပစ္စည်းတွေပဲ။ ငါတို့ဟာ လူ့ဘဝက ဒါနမပြတ်ပေးခဲ့ကြလို့ အခု နတ်သားအသီးသီးဖြစ်နေကြတယ်။ ငါဟာ သိကြားမင်းပဲ။ ပညာ ရှိသူမှန်ရင် ကောင်းကျိုးချမ်းသာ ကေန်ပေးစွမ်းနိုင်တဲ့ ဒါနနှင့်သီလကို အားသွန်ခွန်စိုက် အားထုတ်သင့်တယ်။ တို့အနွယ်ကို ဖျက်ဆီးပြီး အပါယ်သွားမယ့် ဒီသူဌေးယုတ်ကို တို့သနားလို့လာပြီး ဆုံးမခြင်း ဖြစ်တယ်"

လူအပေါင်းတို့က အလွန်အားရဝမ်းသာကြ၏။ ဗိဋ္ဌာရကောသိယ သူဌေးသည် နောင်တရ၍ "အရှင်သိကြားမင်း...ယနေ့မှစပြီး ဆွေမျိုးကျင့်ဝတ်ကို မဖျက်ဆီးဘဲ အလှူဒါနကို မပြတ်ပြုပါတော့မယ်။ အလှူဦးကို မပေးလှူဘဲ ရေတံပူကိုတောင် မသုံးဆောင်တော့ပါဘူး"ဟု ဝန်ခံကတိပြု၏။

ဒေသနာဆုံးသည့်အခါ မြတ်စွာဘုရားသည် ဇာတ်ပေါင်းတော်မူလိုသဖြင့် "ရဟန်းတို့...ထိုအခါက ကောသိယသူဌေးသည် ယခု အလှူမွေ့လျော်သော ရဟန်းဖြစ်လာ၏။ စန္ဒနတ်သားသည် အရှင်သာရိပုတ္တရာ၊ သူရိယနတ်သားသည် အရှင်မောဂ္ဂလာန်၊ မာတလိနတ်သားသည် အရှင်မဟာကဿပ၊ ပဉ္စသိခနတ်သားသည် အရှင်အာနန္ဒာ၊ သိကြားမင်းသည် ငါဘုရားဖြစ်လာကြပေ၏"ဟု မိန့်တော်မူ၏။

## အလှူမပေးသူနှစ်ဦး

ဗိဋ္ဌာရကောသိယဇာတ်၌လာသော အလှူမပေးနိုင်သူ ၂ ဦးမှာ–

(၁) မိမိ၏ပစ္စည်းဥစ္စာကို နှမြောတွန့်တိုနေသော မစ္ဆရိယပုဂ္ဂိုလ်၊

(၂) ကာမဂုဏ်အာရုံ၌ မွေ့လျော်ပျော်ပိုက်၍ ကုသိုလ်ပြုရန် မေ့လျော့နေသော ပမာဒပုဂ္ဂိုလ်–တို့ဖြစ်ကြသည်။

**မစ္ဆရိယပုဂ္ဂိုလ်**သည် မိမိ၏ပစ္စည်းဥစ္စာကို စွန့်လွှတ်ရန် နှမြောတွန့်တိုတတ်သော ကပ်စေးနှဲသူ ဖြစ်သည်။ မိမိ၏ ပစ္စည်းဥစ္စာကို သူတစ်ပါးတို့နှင့် မဆက်ဆံစေလိုဘဲ ဝန်တိုနေသူဖြစ်သည်။ မိမိကဲ့သို့ သူတစ်ပါး ကြီးပွားချမ်းသာလာမည်ကို မလိုလား၊ မိမိနှင့် မိမိ၏ မိသားစုတို့သာ ကြီးပွားချမ်းသာနေလိုသော တစ်ကိုယ်ကောင်းစိတ်ရှိသူ ဖြစ်သည်။

မစ္ဆရိယသည် စည်းစိမ်ဥစ္စာကို ရခြင်း၏အကြောင်းဖြစ်သော ပေးကမ်းလှူဒါန်းမှုကို တားမြစ်တတ်၏။ ထို့ကြောင့် နမြောဝန်တိုမှု "မစ္ဆရိယ"နှင့်တူသော ယုတ်ညံ့သော အခြားတရားဆိုး မရှိပြီ။

(သံ၊ ဋီ၊ ၁။ ၁၂၅)

နမြောဝန်တိုသူမှန်သမျှသည် ငတ်မှာကြောက်၍ မပေးမလှူကြ၊ မပေးမလှူခြင်းကြောင့် ငတ်ကြရ၏။ တကယ်စင်စစ် ငတ်မည့်ဘေးကို ကြောက်လျှင် နမြောတွန့်တိုမှု "မစ္ဆေရ"ကို ပယ်ဖျောက်ဖျက်ဆီးကာ စွန့်ကြဲပေးကမ်းလှူဒါန်းရာ၏။

(သံ၊ ၁။ ၁၈၊ ၃၀။ ဇာ၊ ၁။ ၂၁၈)

**ပမာဒပုဂ္ဂိုလ်**သည် ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေသူဖြစ်သည်။ မေ့လျော့ရသည့်အကြောင်းတရား ၂ ပါးရှိ၏။

(၁) အချို့သောပုဂ္ဂိုလ်တို့သည် တိရစ္ဆာန်များကဲ့သို့ ကုသိုလ်-အကုသိုလ်တို့ကိုလည်း မသိ။ ကုသိုလ်၏ကောင်းကျိုးနှင့် အကုသိုလ်၏ဆိုးကျိုးကိုလည်း မသိ။ တစ်နည်းဆိုသော် ကံနှင့်ကံ၏အကျိုးတို့ကို မသိနားမလည်ချေ။ မသိသည့်အတွက် ကုသိုလ်မပြုချေ။ ဤပုဂ္ဂိုလ်မျိုးသည် '**အဝိဇ္ဇာကြောင့် မေ့လျော့သူ**'ဖြစ်၏။

(၂) အချို့သောပုဂ္ဂိုလ်တို့သည် ကံ,ကံ၏အကျိုးတို့ကို သိသင့်သလောက် သိကြ၏။ သို့သော် စားဝတ်နေရေးအတွက် ရုန်းကန်နေရသဖြင့် ကုသိုလ်အမှုကို မပြုလုပ်နိုင်။ အချို့မှာ ကာမဂုဏ်ခံစားမှု၌ မူးယစ်နေသဖြင့် ကုသိုလ်ပြုရန် သတိမရချေ။ ဤပုဂ္ဂိုလ်မျိုးမှာ '**တဏှာကြောင့်မေ့လျော့သူ**'ဖြစ်၏။

**အင်္ဂုတ္တရကေနိပါတ်ပါဠိတော်**၌ "ရဟန်းတို့...ဤ မေ့လျော့ခြင်း

ပမာဒတရားသည် များစွာအကျိုးမဲ့ခြင်းငှာ ဖြစ်စေ၏။ ဤအတူ များစွာအကျိုးမဲ့ခြင်းငှာ ဖြစ်စေသော အခြားတရားကို ငါဘုရား မြင်တော်မမူ၊ ရဟန်းတို့…မေ့လျော့ခြင်း–ပမာဒတရားသည် များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်၏"ဟု ဟောတော်မူ၏။

## မလှူလျှင် ဘာဖြစ်မလဲ

မိမိ၏ပစ္စည်းဥစ္စာကို ပြင်းထန်စွာ စွဲလမ်းကပ်ငြိနေသော လောဘ နှင့် နမြောတွန့်တိုသည့် မစ္ဆရိယတို့ကြောင့် မလှူဒါန်းနိုင်သူ၊ အဝိဇ္ဇာနှင့် တဏှာအကြောင်း တစ်ပါးပါးကြောင့် မေ့လျော့ကာ အလှူမပေးသူတို့ သည် သေလွန်သောအခါ အောက်တန်းစားဘဝသို့ ဆိုက်ရောက်ကြ၏။

သာဝတ္ထိပြည်နှင့် မနီးမဝေးရှိ တုဒိရွာစား **တောဒေယျပုဏ္ဏားသည်** ကုဋေ ၄၀ ကျော် ချမ်းသာကြွယ်ဝပါသော်လည်း ပစ္စည်းဥစ္စာကုန်မည် စိုး၍ မည်သူ့အားမျှ မပေးလှူ၊ သားဖြစ်သူ သုဘလုလင်ကိုလည်း မပေးမလှူဖို့ရန်သာ သင်ကြား၏၊ ခန္ဓာပျက်ကြွေသေလွန်သောအခါ မိမိအိမ်၌ပင် ခွေးဖြစ်ရ၏။

(ဒီ၊ ဋ္ဌ၊ ၁။ ၃၁၇။ မ၊ ဋ္ဌ၊ ၄။ ၁၇၅)

ရာဇဂြိုဟ်ပြည်၌ **မဟာနန္ဒသူဌေးသည်** လှူဒါန်းလျှင် ပစ္စည်းဥစ္စာ ကုန်သွားမည်စိုး၍ တစ်ကျပ်တစ်ပြားမျှ မလှူခဲ့ချေ။ ကွယ်လွန်သည့်အခါ အလွန်အကျည်းတန်သော ဒွန်းစဏ္ဍားကလေးဖြစ်ရ၏။ တောင်းစား သောအခါ ပေးလှူသူ မရှိအောင် လာဘ်နည်း၏။

လောဘ,မစ္ဆရိယနှင့် ပမာဒတရားတို့သည် အောက်တန်းစားဘဝ သို့ တွန်းပို့ပေးသော တရားတို့ဖြစ်ကြ၏။ ကြက်, ဝက်, ခွေး, နွား စသည့် တိရစ္ဆာန်ဘဝဖြစ်ရခြင်း၊ ပြိတ္တာ, အသူရကာယ်, ငရဲသားဘဝ

ဖြစ်ရခြင်း၊ လူဖြစ်လျှင်လည်း လူစဉ်မမီသော အောက်တန်းစားဘဝ ဖြစ်ရခြင်းတို့သည် ဒါန, သီလ စသည့် ကုသိုလ်ကောင်းမှုပြုလုပ်ရန် မေ့လျော့သွားခြင်းကြောင့်ဖြစ်သည်။ သို့အတွက် **မမ္မပဒအဋ္ဌကထာ၌**

မနုဿဒေါ ဘဂ္ဂ ဝါ ဟိ အပါယုပ္ပတ္တိ ဝါ

သဗ္ဗံ ပမာဒမူလကံ ယေဝ။

ဘုန်းကံမဲ့သော အောက်တန်းစားလူအဖြစ်သည်လည်းကောင်း၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ်၌ဖြစ်ရခြင်းသည်လည်း ကောင်း၊ အလုံးစုံသောပျက်စီးခြင်းသည် ကုသိုလ်ကောင်းမှု၌ မေ့လျော့ ခြင်းလျှင် အကြောင်းရင်းရှိပေ၏။

တစ်ဖန် အကြင်ပုဂ္ဂိုလ်တို့သည် မိမိပစ္စည်းကို ဝန်တိုရုံ–မစ္ဆရိယ မျှမက သူတစ်ပါးအလှူကို တားမြစ်တတ်သည့် **ကဒရိယအဆင့်**၊ အလှူခံပုဂ္ဂိုလ်ကို ဆဲရေးကြိမ်းမောင်းတတ်သော **ပရိဘာသကအဆင့်သို့** ဆိုက်ရောက်ခဲ့သော် ခွေးစားငရဲ၌ ကျရောက်ကြောင်းကို **နေမိဇာတ်တော်** ၌ ပြဆိုထား၏။

## စစ်နှင့်ဒါန တူညီစွ

ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်းသည် စစ်တိုက်ခြင်းနှင့် တူ၏။ လောက၌ အသက်သေရမည်ကို ကြောက်ရွံ့နေသူသည် စစ်မတိုက်ဝံ့။ ထို့အတူ မိမိပစ္စည်းဥစ္စာကုန်မှာကြောက်ရွံ့နေသူသည် မပေးမလှူနိုင်။

"အသက်ကိုလည်း စောင့်ရှောက်မည်၊ စစ်ကိုလည်းတိုက်မည်"ဟု ဆိုသောသူသည် မည်သည့်အခါမျှ စစ်မတိုက်ဖြစ်။ အသက်ကို မငဲ့ကွက်ဘဲ "သေချင် သေပါစေ"ဟု စွန့်လွှတ်နိုင်မှသာ စစ်တိုက်ဝံ့၏။ ထို့အတူ "မိမိပစ္စည်းဥစ္စာကိုလည်း စောင့်ရှောက်ထိန်းသိမ်းမည်၊

အလှူလည်းပေးမည်”ဟု ဆိုသောသူသည် မည်သည့်အခါမျှ မလှူဖြစ်။ “ပစ္စည်းဥစ္စာတွေ ကုန်ချင်ကုန်ပါစေ”ဟု ပစ္စည်းဥစ္စာ၌ တွယ်တာကပ်ငြိမှု “အာလယ”ပြတ်မှသာ ပေးလှူနိုင်၏။

ထို့အပြင် စစ်တိုက်သည့်အခါ စစ်သည် အနည်းအများသည် လိုရင်းပဓာနမဟုတ်၊ ရဲစွမ်းသတ္တိ, လက်ရုံးရည်, နှလုံးရည် ရှိ,မရှိသာ ပဓာနဖြစ်သည်။ စစ်သည်အင်အားနည်းသော်လည်း ရဲစွမ်းသတ္တိရှိလျှင် ရဲစွမ်းသတ္တိညံ့ဖျင်းသည့်ရန်သူစစ်သည် အမြောက်အမြားကို အောင်နိုင်၏။

မဟာသမ္မတသည် စစ်သည်ဦးရေ အနည်းငယ်ဖြင့် စူဠနီဗြဟ္မဒတ်မင်း၏ ၁၈ ခေါဘိဏီတပ်ကို အောင်နိုင်ခဲ့၏။

သက္ကရာဇ် ၁၁၃၁ ခုနှစ် ဆင်ဖြူရှင်မင်းတရား လက်ထက်၌ လူအရေအတွက် အနည်းငယ်မျှသာရှိသော မြန်မာတပ်က သိန်းပေါင်းများစွာသော တရုတ်စစ်သည်တို့ကို အောင်နိုင်ခဲ့ဖူး၏။

ထို့နည်းအတူ ယုံကြည်မှု“သဒ္ဓါ”နှင့် ထက်မြက်သော “စေတနာ” ရှိသူသည် အနည်းငယ်သော လှူဖွယ်ဝတ္ထုကို လှူသော်လည်း များစွာသော တပ်မက်ကပ်ငြိမှု “လောဘ”နှင့် နှမြောဝန်တိုမှု “မစ္ဆရိယ”ရန်သူကို အောင်နိုင်၏။ ယုံကြည်မှု“သဒ္ဓါ”စသည်ကို အခြေခံ၍ လှူဒါန်းလျှင် ညောင်စေ့လောက်လှူသော်လည်း ညောင်ပင်ကြီးပမာ များစွာသော အကျိုးကို ရနိုင်၏။

ရာဇဂြိုဟ်မြို့မှ သုမနပန်းသည်သည် ရှစ်ကွမ်းစားမျှသော မြတ်လေးပန်းတို့ကို ဘုရားရှင်အား လှူသော်လည်း အသက်ကိုပင် စွန့်ဝံ့သော စေတနာ, သဒ္ဓါတို့နှင့် လှူဒါန်းပူဇော်သည့်အတွက် အံ့ဖွယ်သရဲ ထူးကဲသည့်တန်ခိုးပြာဋိဟာ ဖြစ်ပေါ်လာ၏။ ဤဘ၀

တွင်ပင် အလုံးစုံသော သက်ရှိသက်မဲ့ ဝတ္ထုတို့၌ အရေအတွက် ၈ ခုစီပါဝင်သော သဗ္ဗဋ္ဌကဆုကြီးကို ရ၏။ တမလွန်ဘဝများ၌လည်း ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်မလားရောက်ဘဲ နတ်ပြည် လူ့ပြည်တို့၌ အဖန်ဖန် ကျင်လည်ပြီးလျှင် နောက်ဆုံးဘဝ၌ ပစ္စေကဗုဒ္ဓါ ဖြစ်မည်ဟု မြတ်စွာဘုရား ဗျာဒိတ်ပေးတော်မူ၏။

စစ်သည်တစ်ဦးသည် စစ်မြေပြင်၌ ရန်သူတစ်သန်းကို အောင်နိုင်ရာ၏။ အခြားတစ်ဦးသည်ကား မိမိသန္တာန်၌ လောဘ စသည့် ကိလေသာရန်သူကို အောင်သဖြင့် မိမိတစ်ဦးတည်းကိုသာ အောင်နိုင်၏။ စင်စစ် ထိုသူသည်သာ အောင်နိုင်သူတကာတို့ထက် ပို၍မြတ်၏။

**"စစ်ပွဲတစ်ရာအောင်နိုင်သည်ထက် မိမိကိုယ်ကို အောင်နိုင်သည်က ပိုမြင့်မြတ်၏"**

(သံ၊ ၁။ ၂၀။ ၈၁၊ ၁။ ၁၈၃။ သံ၊ ၄၊ ၁။ ၅၈)

## "ဇိတံမေ–ငါအောင်ပြီ"

သာဝတ္ထိပြည်၌ ဆင်းရဲနွမ်းပါးသော ပုဏ္ဏားဇနီးမောင်နှံတို့ရှိ၏။ သူတို့တွင် လွှမ်းရုံအပ်သော အပေါ်တင်ပုဆိုးတစ်ထည်သာရှိသဖြင့် **ဧကသာဋက**ဟု အမည်တွင်၏။

တစ်နေ့တွင် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား၏ တရားပွဲရှိကြောင်း ကြွေးကြော်လာသဖြင့် ပုဏ္ဏားကြီးက 'အိုး...ရှင်မ၊ အသင်သည် တရားနာရန်နေ့အခါသွားမည်လော၊ ညဥ့်အခါသွားမည်လော၊ ငါတို့မှာ အပေါ်ရုံပုဆိုးတစ်ထည်သာရှိသဖြင့် နှစ်ယောက် အတူတကွ သွားခြင်းငှာ မတတ်ကောင်း'ဟုပြော၏။

ပုဏ္ဏေးမက 'အရှင်...ကျွန်မ နေ့အခါသွားပါအံ့'ဟု ဆို၍

အပေါ်တင်ပုဆိုးကို ရုံပြီးလျှင် သွား၏။ ပုဏ္ဏားကြီးသည် အိမ်တွင် စောင့်ဆိုင်းနေရ၏။ ညဥ့်ရောက်သော် ပုဏ္ဏားကြီးသည် အပေါ်တင် ပုဆိုးကိုရုံ၍ ဘုရားကျောင်းတော်သို့ သွား၏။ ဘုရားရှင်၏ ရှေ့တည့် တည့်၌ ထိုင်လျက် တရားနာ၏။ တရားကို နှစ်သက်လှသဖြင့် ပီတိငါးမျိုး ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား တစ်ခုခုပေးလှူပြီး ပူဇော်လို၏။ လှူစရာဟူ၍ အပေါ်တင်ပုဆိုးသာရှိသည်။

"အကယ်၍ အပေါ်တင်ပုဆိုးကို ငါ လှူလိုက်လျှင် ငါတို့မှာ ဝတ်ရုံစရာရှိတော့မည်မဟုတ်၊ ပုဏ္ဏေးမရော ငါရော အပြင်သွားလာနိုင် တော့မည်မဟုတ်"ဟု ကြံ၍ မပေးလှူလို ဝန်တိုသော မစ္ဆေရစိတ် ဖြစ်ပေါ်လာ၏။ တရားနာရင်း လှူချင်သော သဒ္ဓါစိတ် ဖြစ်ပေါ်လာ ပြန်၏။ ထိုသဒ္ဓါစိတ်ကို မလှူလိုသော မစ္ဆေရစိတ်က တွန်းလှန်လိုက် ပြန်၏။ ဤနည်းအားဖြင့် အားကြီးသော မစ္ဆေရစိတ်သည် နှောင်ဖွဲ့၍ ယူဘိသကဲ့သို့ သဒ္ဓါစိတ်ကို နှိပ်စက်တားမြစ်၏။ ညဥ့်၏ပထမယာမ် လွန်မြောက်သွား၏။

မဇ္ဈိမယာမ်၌လည်း သဒ္ဓါစိတ်နှင့် မစ္ဆေရစိတ်တို့ ဘတစ်ပြန် ကျားတစ်ပြန် အားချင်းပြိုင်ကြပြန်၏။ မစ္ဆေရစိတ်က အသာစီးရသဖြင့် ပုဏ္ဏားကြီးမလှူနိုင်သေးချေ။ မိုးသောက်ယာမ်သို့ ရောက်လာလေပြီ။

*'ဤမစ္ဆေရစိတ်၏ အနှောင်အဖွဲ့မှ ငါ မရုန်းထွက်နိုင် လျှင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်...အပါယ်လေးဘုံ မှ ငါ ဦးခေါင်းဖော်နိုင်တော့မည်မဟုတ်။ သဒ္ဓါကို ရှေ့တန်. တင်မှ သုဂတိဘုံသို့ ငါ တက်လှမ်းနိုင်လိမ့်မည်။ မြတ်စွာ ဘုရားအား ငါ၏ အပေါ်ရုံပုဆိုးကို ပေးလှူတော့အံ့"*

ပုဏ္ဏားကြီးသည် အပေါ်ရုံပုဆိုးကို ခေါက်သိမ်း၍ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ချထား၏။ "အရှင်ဘုရားတို့အား လှူဒါန်းပါ၏"ဟု

ဆို၍ လက်ကို ရုပ်သိမ်းလိုက်၏။ ထို့နောက် "ဇိတံမေ ဇိတံမေ= ငါအောင်ပြီ၊ ငါအောင်ပြီ"ဟု သုံးကြိမ် ကြွေးကြော်လိုက်၏။

အသံကျယ်ကျယ်ဖြင့် ပုဏ္ဏား ကြွေးကြော်လိုက်သည့်အတွက် တရားနာနေသည့် ပသေနဒီ ကောသလမင်းကြီး ကြားလိုက်၏။ မင်းချင်းယောကျ်ားတို့ကို စုံစမ်းစေ၏။ မင်းချင်းတို့က အကြောင်းစုံကို လျှောက်ထားသည့်အခါ ကောသလမင်းက "ဤပုဏ္ဏားသည် ပြုနိုင်ခဲလှသောအမှုကို ပြုပေ၏။ ပုဏ္ဏားအား ငါချီးမြှောက်ထိုက်၏"ဟု နှလုံးသွင်းပြီးလျှင် ပုဆိုးတစ်စုံကို ပေးစေ၏။

ပုဏ္ဏားသည် ပုဆိုးအစုံကို လက်ခံယူပြီး မြတ်စွာဘုရားအား ပေးလှူ၏။ မင်းကြီးသည် ပုဆိုးနှစ်စုံကို ပုဏ္ဏားအား ပေးစေ၏။ ဤပုဆိုးတို့ကိုလည်း မြတ်စွာဘုရားအား ပုဏ္ဏား ပေးလှူ၏။ မင်းကြီးက ပုဆိုးလေးစုံ၊ ရှစ်စုံ၊ တစ်ဆယ့်ခြောက်စုံအထိ နှစ်ဆတိုး၍တိုး၍ပေး၏။ ပုဏ္ဏားက ပုဆိုးအားလုံးကို မြတ်စွာဘုရားအား လှူဒါန်း၏။ မင်းကြီးသည် ပုဆိုး ၃၂ စုံကို ပေးပြန်၏။

"ပေးတိုင်း လှူပစ်သည်"ဟု အကဲ့ရဲ့လွတ်အောင် ပုဏ္ဏားသည် မိမိအတွက် ပုဆိုးတစ်စုံ၊ ဇနီးအတွက် ပုဆိုးတစ်စုံတို့ကို ချန်လှပ်၍ ကျန်အစုံ ၃၀ ကို မြတ်စွာဘုရားအား လှူဒါန်း၏။ ကောသလမင်းကြီးသည် ပုဏ္ဏားအား ထပ်မံ၍ချီးမြှောက်လိုရကား အဖိုးတစ်သိန်းစီထိုက်သော ကမ္ဗလာနှစ်ထည်ကို ချီးမြှင့်၏။

ပုဏ္ဏားသည် ကမ္ဗလာတစ်ထည်ကို မြတ်စွာဘုရား လျောင်းအိပ်တော်မူရာနေရာအထက်၌ ဗိတာန်ကြက်၏၊ ကျန်တစ်ထည်ကို မိမိအိမ်၌ ရဟန်းတစ်ပါး အမြဲဆွမ်းစားရာ နေရာအထက်၌ ဗိတာန်ကြက်၏။

ညချမ်းအချိန်တွင် ကောသလမင်းကြီးသည် မြတ်စွာဘုရားထံ ဆည်းကပ်လာသောအခါ ဗိတာန်ကြက်ထားသော ကမ္ဗလာကိုမြင်၍ အလွန်နှစ်သက်ဝမ်းမြောက်၏။ နန်းတော်သို့ ပြန်ရောက်သော် ပုဏ္ဏား အား ခေါ်၍ ဆင်လေးစီး၊ မြင်းလေးစီး၊ အသပြာလေးထောင်၊ မိန်းမလေးယောက်၊ ယောကျ်ားလေးယောက်၊ ကျွန်မလေးယောက်၊ ရွာလေးရွာတည်းဟူသော **သဗ္ဗစတုက္ကဆုကို** ချီးမြှင့်၏။

ရဟန်းတို့သည် တရားသဘင်၌ စုဝေး၍ "ငါ့ရှင်တို့...အံ့သြဖွယ်ရှိစွတကား၊ ကေသာင္ဆကပုဏ္ဏားသည် ယနေ့ ကုသိုလ်ကောင်းမှုပြုပြီး ယနေ့ပင်လျှင် သဗ္ဗစတုက္ကဆုကို ရရှိပေ၏"ဟု ပြောဆိုကြ၏။ မြတ်စွာဘုရား ကြွလာတော်မူပြီး ပုဏ္ဏား၏အလှူအကျိုးကို ဆွေးနွေး နေကြောင်း သိတော်မူလျှင်–

"ရဟန်းတို့...ကေသာင္ဆကပုဏ္ဏားသည် ပထမယာမ်၌ ငါဘုရား အား အကယ်၍ ပေးလှူခြင်းငှာ စွမ်းနိုင်ခဲ့သော် သဗ္ဗသောဠသကဆု (အလုံးစုံသော သက်ရှိသက်မဲ့ ၁၆ ခုစီ)ကို ရပေရာ၏။ မဇ္ဈိမယာမ်၌ အကယ်၍ ပေးလှူခြင်းငှာ စွမ်းနိုင်ခဲ့သော် သဗ္ဗဋ္ဌကဆု(အလုံးစုံသော သက်ရှိသက်မဲ့ ၈ ခုစီ)ကို ရပေရာ၏။ ယခုအခါ ပုဏ္ဏားသည် ပစ္ဆိမယာမ်၌သာလျှင် လှူဒါန်းနိုင်ခြင်းကြောင့် သဗ္ဗစတုက္ကဆုကို ရပေ၏။

*"ချစ်သား ရဟန်းတို့... ကုသိုလ်ကောင်းမှု ပြုလုပ်ရန် ကြံစည်အားထုတ်သဖြင့် ဖြစ်ပေါ်လာသောစိတ်ကို မယုတ် စေမူ၍ ကြံစည်ဖြစ်ပေါ်သောခဏ၌သာလျှင် ပြုစု အားထုတ် အပ်၏။ နှံ့နှေးကြန့်ကြာခဲ့သော် ပြုစုအားထုတ်သည့် ကုသိုလ်ကံသည် အကျိုးပေး နှံ့နှေးတတ်၏။ ထို့ကြောင့်*

*ကုသိုလ်ကောင်းမှုကို အဆောတလျင်ပြုလုပ်ရာ၏။ ပြုလုပ်ရန် နှောင့်နှေးကြန့်ကြာခဲ့သော် စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်သဖြင့် အကုသိုလ်စိတ်တို့ ဖြစ်ပွားကာ ကုသိုလ်ကောင်းမှုကို မပြုဖြစ်တော့ချေ။ မကောင်းမှုမှ စိတ်ကို တားမြစ်ရာ၏။*

(ဓမ္မ၊ ၄၊ ၂။ ၂)

ဝိပဿိမြတ်စွာဘုရား လက်ထက်တော်၌လည်း ကောသာဠက အမည်ရသော ပုဏ္ဏားဇနီးမောင်နှံရှိခဲ့ဖူး၏။ ထိုပုဏ္ဏားသည် တရားနာရင်း မြတ်စွာဘုရားအား အပေါ်ရုံပုဆိုးကို လှူဒါန်းရန် ညဥ့်ဦးယာမ်၊ သန်းကောင်ယာမ် နှစ်ယာမ်တိုင်တိုင် မစွန့်ရရန်သူကို ရင်ဆိုင်တိုက်ခိုက်လျက် မိုးသောက်ယာမ်ရောက်မှ အောင်မြင်စွာ လှူဒါန်းနိုင်သဖြင့် ဗန္ဓုမမင်း၏ဝတ်စုံ ၃၂ စုံဖြင့် ချီးမြှောက်ခံရ၏။ ထိုပုဏ္ဏားကို "မဟာကောသာဠကပုဏ္ဏား"ဟု ခေါ်၍ ဂေါတမမြတ်စွာဘုရား လက်ထက်မှ ပုဏ္ဏားကို "စူဠကောသာဠကပုဏ္ဏား"ဟုခေါ်၏။

## ဒါနအတွက် အခက် ၄ ပါး

ဒါနပြုရန် လောဘ, ဒေါသ, မောဟ, မာန, ဣဿာ, မစ္ဆရိယ စသည့် အကုသိုလ်တရားတို့က အဟန့်အတား ပြုကြသဖြင့် ဒါနအတွက် အခက် ၄ ပါးရှိသည်ဟု ပညာရှိတို့ သတ်မှတ်ခဲ့ကြ၏။

(၁) မိမိနှစ်သက်သော ပစ္စည်းဥစ္စာကို သဒ္ဓါကြည်ဖြူစွာ ပေးလှူအံ့ဟု စိတ်၌ ကြံစည်ဖို့ရာ ခက်ခဲ၏။

(၂) ထိုသို့ ကြံစည်ထားစေကာမူ ပေးလှူအံ့ဟု နှုတ်ထွက်စကား ပြောဆိုနိုင်ခြင်းသည် ၃၃ လက်သစ်ရှိသော သန်လျက်ကို

မျိုးရခြင်းထက် ပိုခက်ခဲ၏။

(၃) ထိုသို့ပေးလှူအံ့ဟု နှုတ်ထွက်စကား ပြောကြားနိုင်စေကာမူ ရက်ရက်ရောရော လက်တွေ့ပေးလှူနိုင်ဖို့က ပို၍ခက်၏။

(၄) ယင်းသို့ ရက်ရက်ရောရော လက်တွေ့ ပေးလှူနိုင်ခြင်းထက် ပေးလှူပြီးနောက် နောင်တတစ်ဖန် မပူပန်ဖို့က ပို၍ခက်ခဲလှ၏။

ဤအကြောင်းနှင့်စပ်၍ **မန်လည်ဆရာတော်ဘုရားကြီးက–**

*"မိမိဥစ္စာ၊ နှစ်သက်စွာကို၊ သဒ္ဓါကြည်ဖြူ၊ ပေးအံ့လှူ၍၊ လှူမည် ဝမ်းထဲ၊ ကြံမရဲရှင့်၊ ကြံခဲစွာဘိ၊ ကြံသည်ရှိလည်း၊ မငြိမနား၊ မန္တန်အားဖြင့်၊ အသွားမတုံး၊ ထိလျှင်ဆုံးမျှ၊ သုံးဆယ့်သုံးတန်၊ လက်သစ်ပြန်သည်၊ သန်လျက်ဓားကို၊ ထင်ရှားပြက်ပြက်၊ မျိုသောထက်လျှင်၊ နှုတ်ထွက်ငါသည်၊ ပေးမည်မြွက်ခဲ၊ မြွက်တပဲလျက်၊ ရဲရဲရက်ရက်၊ အပေးခက်ရှင့်၊ ဆက်ဆက်မုချ၊ ပေးပြီးမှလည်း၊ နောင်တမပူ၊ ခဲစွာဟူ၏"ဟု စပ်ဆိုတော်မူခဲ့၏။* (မဃဒေဝလင်္ကာသစ်)

ရှေးသရောအခါ ဗာရာဏသီပြည်ဝယ် **မဒ္ဒဝမင်း** စိုးမိုးအုပ်ချုပ်စဉ် ဘုရားလောင်းတော်သည် မဒ္ဒဝမင်း၏ ပုရောဟိတ်–**သေနကပညာရှိ** ဖြစ်၏။ တစ်နေ့တွင် ပုရောဟိတ်သားသည် မင်းခစားရန်လာသော အခါ အဆင်းတန်ဆာစုံလင်စွာ ဆင်ယင်ထားသည့် အဂ္ဂမဟေသီ ဒေဝီကိုမြင်လျှင် လွန်စွာ တပ်မက်နှစ်သက်ရကား အိမ်ပြန်ရောက်သော် "အဂ္ဂမဟေသီဒေဝီကို မရလျှင် သေအံ့"ဟု အစာမစားဘဲ အိပ်လေ၏။ မင်းကြီးက "ပုရောဟိတ်သား မမြင်ပါလား"ဟု မေး၏။ အကြောင်းစုံ ကို ကြားသိရလျှင် ပုရောဟိတ်သားကို ခေါ်၍ "ငါသည် သင့်အား

အဂ္ဂမဟေသီဒေဝီကို ခုနစ်ရက်ပေးအံ့၊ ရှစ်ရက်မြောက်နေ့၌ ပြန်ပို့ပါ”ဟု မှာကြား၍ အဂ္ဂမဟေသီဒေဝီကို ပေးလိုက်၏။

ပုရောဟိတ်သားနှင့် အဂ္ဂမဟေသီဒေဝီတို့သည် အချင်းချင်း တပ်မက်နှစ်သက်သောစိတ်ရှိ၍ တစ်စုံတစ်ယောက်ကိုမျှ အသိမပေးဘဲ ထွက်ပြေးကာ အခြားတိုင်းပြည်တွင် နေထိုင်ကြ၏။ မင်းကြီးသည် အဂ္ဂမဟေသီဒေဝီကို လွမ်းဆွတ်၍ သောကကြီးစွာဖြစ်၏။ နှလုံး သွေးအန်၏။ မင်းဆရာတို့ပင် မကုသနိုင်တော့ချေ။

သေနကပညာရှိသည် **အာယုရနှင့် ပုက္ကုသအမတ်**တို့နှင့် တိုင်ပင်၍ မင်းကြီးအား သံတော်ဦးတင်၏– “အရှင်မင်းကြီး...မင်းရင်ပြင်၌ ပွဲသဘင်ကျင်းပပါ၏။ ထိုပွဲသဘင်ကိုကြည့်သော် ဆင်းရဲပျောက်ပါ လိမ့်မည်။ ကြွပါ အရှင်မင်းကြီး”

မင်းကြီးသည် လေသာပြတင်းကိုဖွင့်၍ ပွဲသဘင်ကိုကြည့်ရှု၏။ သဘင်သည်တို့သည် အတတ်ပညာမျိုးစုံဖြင့် ဖြေဖျော်၏။ ထိုတွင် ယောကျ်ားတစ်ယောက်သည် ၃၃ လက်သစ်ရှည်သော ထက်မြသည့် သန်လျက်ကို မျို၍ပြ၏။ မင်းကြီး အံ့သြသဖြင့် အာယုရပညာရှိကို မေး၏–

“အာယုရပညာရှိ...ဤယောကျ်ားသည် သန်လျက်ကို မျို၍ပြ၏။ ဤသန်လျက်မျိုခြင်းထက် ပိုခက်သောအရာ ရှိသေးသလား”

“အရှင်မင်းကြီး...မိမိနှစ်သက်သောပစ္စည်းကို ပေးလှူအံ့ဟု နှုတ်က ပြောဆိုခြင်းသည် ထိုသန်လျက်ကို မျိုခြင်းထက် ပိုခက်ပါသည်”

မင်းကြီးသည် စိတ်အသင့်အတင့် သက်သာသွား၏။ ထိုအခါ ပုက္ကုသပညာရှိကို မေးပြန်၏။ “ပုက္ကုသ...မိမိနှစ်သက်သော ပစ္စည်း ဥစ္စာကို ပေးအံ့ဟု နှုတ်က ပြောဆိုခြင်းထက် တစ်စုံတစ်ရာပို၍ ခက်ခဲသည့်အရာ ရှိသေးသလား”

"အရှင်မင်းကြီး...ပေးအံ့ဟု နှုတ်ကပြောဆိုခြင်းထက် ရက်ရက်ရောရော ပေးကမ်းခြင်းက ပို၍ခက်ပါသည်"

ပုက္ကုသပညာရှိ၏စကားကို ကြားရသောအခါ မင်းကြီးသည် သောကများစွာ သက်သာရာရ၏။ ထို့နောက် သေနကပညာရှိကို မေးပြန်၏။

"သေနကပညာရှိ...မိမိနှစ်သက်သောပစ္စည်းဥစ္စာကို ရက်ရက်ရောရောပေးကမ်းခြင်းထက် ပို၍ခက်ခဲသောအရာ ရှိသေးသလား"

"အရှင်မင်းကြီး...ရက်ရက်ရောရောပေးကမ်းပြီးနောက် နောင်တတစ်ဖန် မပူပန်ခြင်းသည် ပို၍ခက်ပါသည်"

သေနကပညာရှိ၏စကားကို ကြားရလျှင် မင်းကြီးစဉ်းစား၏။ "ငါသည် ငါ၏စိတ်သဘောအတိုင်းသာလျှင် ပုရောဟိတ်၏သားအား အဂ္ဂမဟေသီဒေဝီကို ပေးခဲ့၏။ ပေးပြီးနောက် ငါ့စိတ်ကို ငါမနိုင်၍ သောကကြီးစွာရောက်ရ၏။ ငါ၏အလုပ်သည် မဟုတ်လေစွတကား။ မိဖုရားသည် အကယ်၍ ငါ့ကို ချစ်မြတ်နိုးလျှင် မင်းမိဖုရား၏ စည်းစိမ်ကို စွန့်၍ မပြေးရာ။ ငါ့ကို မချစ်၍သာ ပြေးခြင်းဖြစ်သည်။ မိဖုရားကို စွဲမက်ပြီး ပူဆွေးသောကဖြစ်ကာ ငါ အဘယ့်ကြောင့် အပင်ပန်းခံနေရတာလဲ"

ထိုအခါ မင်းကြီးထံမှ ပူဆွေးမှုသောကတို့ ကင်းပျောက်သွားလေ၏။

## ဒါနအမျိုးမျိုးမှ အကျိုးကြီးရာ ရွေးချယ်ပါ

**၁။ အာမိသဒါန၊ ဓမ္မဒါန**

ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး စသော ပစ္စည်းဝတ္ထုကို

လှူဒါန်းခြင်းသည် အာမိသဒါနဖြစ်၏။ မြတ်စွာဘုရား၏ တရားတော်ကို သူတစ်ပါးတို့အကျိုးငှာ ဟောပြောပြသခြင်းသည် ဓမ္မဒါနမည်၏။ ဓမ္မဒါနသည် အာမိသဒါနထက် သာလွန်မွန်မြတ်၏။

(အံ၊ ၁။ ၉၀။ ဣတိဝုတ်၊ ၂၆၀-၁)

## ၂။ ဝတ္ထုဒါန၊ အဘယဒါန

ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းသည် ဝတ္ထုဒါနမည်၏။ သတ္တဝါတို့၏ အသက်စည်းစိမ်ကို ဘေးမဲ့ပေးခြင်းသည် အဘယဒါနမည်၏။ အဘယဒါနသည် ဝတ္ထုဒါနထက် ပိုမြတ်၏။ ငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်း၍ သတ္တဝါတို့၏ အသက်စည်းစိမ်ကို ဘေးမဲ့ပေးခြင်းသည် မဟာဒါနမည်၏။ (အံ၊ ၃၊ ၇၆။ ဒီ၊ ၄၊ ၁။ ၂၇၃)

## ၃။ ဝဋ္ဋနိဿိတဒါန ဝိဝဋ္ဋနိဿိတဒါန

လောကီစည်းစိမ်ချမ်းသာကို တောင့်တ၍ ပေးလှူခြင်းသည် ဝဋ္ဋနိဿိတဒါနဖြစ်၏။ ဝဋ်ဆင်းရဲကင်းရာနိဗ္ဗာန်ကို တောင့်တ၍ လှူဒါန်းခြင်းသည် ဝိဝဋ္ဋနိဿိတဒါနဖြစ်၏။ ဝဋ္ဋနိဿိတဒါနသည် ဝဋ်ဆင်းရဲမှ မလွတ်မြောက်စေနိုင်။ ဝိဝဋ္ဋနိဿိတ ဒါနကသာ ဝဋ်ဆင်းရဲမှ လွတ်မြောက်စေနိုင်သဖြင့် ပိုမြတ်၏။

## ၄။ သာဝဇ္ဇဒါန၊ အနဝဇ္ဇဒါန

သားငါးစသောသတ္တဝါများကိုသတ်ဖြတ်၍ ကျွေးမွေးလှူဒါန်းခြင်းသည် အပြစ်နှင့်တကွဖြစ်သောကြောင့် သာဝဇ္ဇဒါနမည်၏။ သတ္တဝါများကို သတ်ဖြတ်ခြင်းမှ ကင်းရှင်းသောဒါနမျိုးသည် အပြစ်မရှိသောကြောင့် အနဝဇ္ဇဒါနမည်၏။ အပြစ်ကင်းသော အကုသိုလ်မခြံရံသော ဒါနကိုသာ ပေးလှူသင့်၏။

## ၅။ သာဟတ္ထိကဒါန၊ အာဏတ္တိကဒါန

ကိုယ်တိုင်ကိုယ်ကျ လက်ဖြင့်ကိုင်တွယ်၍လှူဒါန်းလျှင် သာဟတ္ထိကဒါန ဖြစ်၏။ သူတစ်ပါးကိုစေခိုင်း၍ (ကိုယ်စားလှယ်လွှဲ၍) လှူဒါန်းလျှင် အာဏတ္တိကဒါနဖြစ်၏။

ရှေးအခါက **ပါယာသိမြို့စား**သည် မိစ္ဆာဒိဋ္ဌိအယူမှ ဗုဒ္ဓဘာသာအယူသို့ ကူးပြောင်းလာပြီးနောက် ပစ္စည်းဥစ္စာများစွာကို စွန့်လွှတ်လှူဒါန်း၏၊ သို့သော် ကိုယ်ထိလက်ရောက်မလှူ၊ **ဥတ္တရလုလင်**ကို ကိုယ်စားအဖြစ် လှူစေ၏။ ပါယာသိမြို့စား ကွယ်လွန်သောအခါ အောက်တန်းကျသော စတုမဟာရာဇ်နတ်ပြည်၌ဖြစ်၏၊ အခြံအရံ နတ်သား နတ်သမီးများ မရှိချေ။ ဥတ္တရလုလင်သည် မိမိပစ္စည်းကဲ့သို့ သဘောထား၍ လေးလေးစားစားပေးလှူသောကြောင့် ကွယ်လွန်သည့်အခါ တာဝတိံသာနတ်ပြည်၌ ဖြစ်၏၊ ကြီးကျယ်ခမ်းနားသော ဘုံဗိမာန်နှင့် အခြံအရံများစွာကို ရ၏။

(ဒီဃနိကာယ်၊ ပါယာသိသုတ်)။

## ၆။ သက္ကစ္စဒါန၊ အသက္ကစ္စဒါန

လှူဖွယ်ဝတ္ထုကို ကောင်းမွန်စွာပြုပြင်၍ ရိုရိုသေသေ လှူဒါန်းလျှင် သက္ကစ္စဒါနဖြစ်၏။ လှူဖွယ်ဝတ္ထုကို ကောင်းမွန်စွာ မပြုပြင်ဘဲ မလေးမစား လှူဒါန်းလျှင် အသက္ကစ္စဒါနဖြစ်၏။ ပန်းကို ခူးဆွတ်၍ ရေဆေးပြီး လှလှပပသီကုံး၍ လှူဒါန်းလျှင် သက္ကစ္စဒါနဖြစ်၏။ ပန်းကို ခူးခဲ့ရင်းအတိုင်း လှူဒါန်းလျှင် အသက္ကစ္စဒါနဖြစ်၏။

ကံသည် တူညီသောအကျိုးကို ပေးတတ်သဖြင့် အမွန်အမြတ်ပြု၍ လှူလျှင် မွန်မြတ်သောအကျိုးကိုရ၏၊ ရိုရိုသေသေလှူလျှင် ပြန်၍ အရိုအသေခံရ၏၊ မလေးမစားလှူလျှင် မိမိကို သူတစ်ပါးတို့ မလေးစားချေ။

### ၇။ ဓမ္မိယဒါန၊ အဓမ္မိယဒါန

တရားသဖြင့်ရှာဖွေရရှိသောပစ္စည်းဥစ္စာကို လှူဒါန်းခြင်းသည် ဓမ္မိယဒါနဖြစ်၏။ မတရားသောနည်းဖြင့် ရှာဖွေရရှိသည့်ပစ္စည်းဥစ္စာကို လှူဒါန်းခြင်းသည် အဓမ္မိယဒါနဖြစ်၏။ ဓမ္မိယဒါနက ပိုမြတ်၏။

### ၈။ သပရိဝါရဒါန၊ အပရိဝါရဒါန

အခြံအရံနှင့်တကွလှူလျှင် သပရိဝါရဒါန၊ အခြံအရံမပါဘဲ လှူလျှင် အပရိဝါရဒါန၊ ဥပမာ ဆွမ်းချည်းသက်သက် လောင်းလှူလျှင် အပရိဝါရဒါန၊ ဆွမ်းဟင်းနှင့်တကွ လောင်းလှူလျှင် သပရိဝါရဒါန ဖြစ်၏။ သင်္ကန်းသက်သက်လှူလျှင် အပရိဝါရဒါန၊ သင်္ကန်းနှင့် တွဲဖက်၍ အပ်,အပ်ချည်, ဆပ်ပြာ, မျက်နှာသုတ်ပဝါ, စသည်တို့ကိုပါ လှူလျှင် သပရိဝါရဒါနဖြစ်၏။

အခြံအရံမပါဘဲလှူသော အပရိဝါရဒါနသည် အကျိုးပေးသော အခါ ထမင်းကိုလိုလျှင် ထမင်းချည်းသက်သက်ရတတ်၏၊ ဟင်း မရတတ်။ အခြံအရံနှင့်လှူသော သပရိဝါရဒါနသည် အကျိုးပေး သောအခါ ထမင်းကိုလိုလျှင် ထမင်း၏ အခြံအရံဖြစ်သော ဟင်းလျာ, ခဲဖွယ်ဘောဇဉ်, ကွမ်း, လက်ဖက်, ရေနွေးကြမ်း စသည်ဖြင့် အစုံအလင်ရရှိတတ်၏။

### ၉။ ကာလဒါန၊ အကာလဒါန

အချိန်အခါနှင့် သင့်လျော်ညီညွတ်အောင် လှူဒါန်းလျှင် ကာလဒါန ဖြစ်၏။ အချိန်အခါကို မရွေးချယ်ဘဲ လှူဒါန်းလျှင် အကာလဒါန ဖြစ်၏။

ဥပမာ ကထိန်သင်္ကန်း၊ ဝါဆိုသင်္ကန်း၊ ဖျားနာသော ရဟန်း အတွက်ဆွမ်း (ဂိလာနဘတ်)၊ ဧည့်သည်ရဟန်းအတွက် ဆွမ်း

(အာဂန္တုကဘတ်)၊ ခရီးထွက်မည့်ရဟန်းအတွက်ဆွမ်း(ဂမိကဘတ်) စသည်တို့သည် ကာလဒါနဖြစ်၏။

ကာလဒါနသည် အကာလဒါနထက် အကျိုးပေးပိုထူး၏။ ထူးပုံမှာ အချိန်အခါနှင့် ညီညွတ်အောင် အကျိုးပေးခြင်းဖြစ်၏။ ဆာလောင်မွတ်သိပ်သည့်အခါ ထူးသောအစားအစာရရှိခြင်း၊ အဝတ်အထည်လိုအပ်နေသည့်အခါ ထူးသောအဝတ်အထည်များ ဖြစ်ပေါ်လာခြင်း စသည်တို့တည်း။

**၁၀။ နိဗဒ္ဓဒါန၊ အနိဗဒ္ဓဒါန**

နေ့စဉ်မပြတ် ဆွမ်းလောင်းခြင်း၊ ဘုရားပန်း ရေချမ်းကပ်လှူခြင်း စသည်ဖြင့် အမြဲမပြတ် ဝတ်ထား၍ ပြုလုပ်သောဒါနသည် နိဗဒ္ဓဒါနမည်၏။ နေ့စဉ်မဟုတ်ဘဲ တတ်နိုင်သည့်အခါ ပြုလုပ်သောဒါနသည် အနိဗဒ္ဓဒါနမည်၏။ နိဗဒ္ဓဒါနက ပို၍မြတ်၏။

**၁၁။ ထာဝရဒါန၊ အထာဝရဒါန**

နေရာတည်မြဲသည့် ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် စသည်တို့ကို လှူဒါန်းခြင်းသည် ထာဝရဒါနမည်၏။ ခဏခေတ္တမျှသာ သုံးစွဲရသော ဆွမ်း, သင်္ကန်း စသည့်ပစ္စည်းကို လှူဒါန်းခြင်းသည် အထာဝရဒါနမည်၏။ ထိုတွင် ထာဝရဒါနသည် အကျိုးပေးကြီးကျယ်နိုင်မြဲ၏။

**၁၂။ ပုဂ္ဂလိကဒါန၊ သံဃိကဒါန**

ပုဂ္ဂိုလ်တစ်ဦးနှစ်ဦးစသည်ကို ပိုင်းခြားသတ်မှတ်၍ လှူဒါန်းခြင်းသည် ပုဂ္ဂလိကဒါနဖြစ်၏။ သံဃာတော်အား ရည်မှန်း၍လှူဒါန်းခြင်းသည် သံဃိကဒါနဖြစ်၏။ ထိုနှစ်ပါးတွင် သံဃိကဒါနက ပိုမြတ်၏။

## ၁၃။ ဟီနဒါန၊ မဇ္ဈိမဒါန၊ ပဏီတဒါန

အလှူဒါနပြုရာ၌ လိုလားမှုသဘောဆန္ဒ၊ ပိုင်းခြား၍ သိမြင်မှုသဘော စိတ္တ၊ အားထုတ်မှုသဘော–ဝီရိယ၊ ထိုးထွင်း၍ သိမြင်မှုသဘော–ဝီမံသ၊ ဤတရား ၄ ပါးတို့ အညံ့စားဖြစ်လျှင် ဟီနဒါန= ညံ့သောအလှူဖြစ်၏။ ထိုတရားလေးပါးတို့ အလတ်စားဖြစ်လျှင် မဇ္ဈိမဒါန=အလတ်စားအလှူဖြစ်၏။ ထိုတရားလေးပါးတို့ အမြတ်စားဖြစ်လျှင် ပဏီတဒါန–မြတ်သောအလှူဖြစ်၏။

တစ်နည်းအားဖြင့် ကျော်စောထင်ရှားမှုကို တောင့်တ၍ လှူဒါန်းခြင်းသည် ဟီနဒါနဖြစ်၏။ လူချမ်းသာ, နတ်ချမ်းသာ ဟူသော လောကီအကျိုးကို တောင့်တ၍ လှူဒါန်းခြင်းသည် မဇ္ဈိမဒါနဖြစ်၏။ သူတော်ကောင်းတို့၏ အလေ့အကျက်ကို အလေးဂရုပြု၍ လှူဒါန်းခြင်းသည် ပဏီတဒါနဖြစ်၏။

## ၁၄။ သပ္ပုရိသဒါနငါးပါး

(သူတော်ကောင်းတို့၏ ပေးလှူခြင်း ၅ မျိုး)

(၁) သက္ကစ္စဒါန = လှူဖွယ်ဝတ္ထုကို စင်ကြယ်ကောင်းမွန်အောင်ပြုပြင်၍ ရိုရိုသေသေပေးလှူခြင်း၊

(၂) စိတ္တီကတဒါန = စိတ်ထဲမှာ ရိုသေလေးမြတ်မှုရှိ၍ လှူဒါန်းခြင်း၊

(၃) သဟတဒါန = မိမိကိုယ်တိုင်ကိုင်တွယ်၍ လှူဒါန်းခြင်း၊

(၄) အနပဝိဒ္ဓဒါန = ထမင်းကျန်,ဟင်းကျန်ကို စွန့်ပစ်သည့်ပုံစံမျိုးမဟုတ်ဘဲ ဂရုတစိုက်လှူဒါန်းခြင်း၊

(၅) အာဂမနဒိဋ္ဌိကဒါန= ဤလှူဒါန်းမှုကြောင့် နောင်အခါဝယ်ကောင်းကျိုးကျေနပ်ရလိမ့်မည်ဟု သိနား

လည်သော ကမ္ဗဿကတဉာဏ်ကို
ရှေ့သွားပြု၍ လှူဒါန်းခြင်း။

အထက်ပါနည်းငါးမျိုးကို ဆန့်ကျင်ဘက်ပြု၍ လှူဒါန်းလျှင် အသပ္ပုရိသဒါန–သူတော်ကောင်းမဟုတ်သူတို့၏ လှူခြင်း ၅ မျိုး ဖြစ်သည်။ (အံ၊ ၂။ ၁၅၂။ အံ၊ ၄၊ ၃။ ၅၃)

## သူတော်ကောင်းတို့လှူဒါန်းနည်း

မြတ်စွာဘုရားသည် ကိုယ်တော်တိုင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလအတွင်းမှာ ဒါနပါရမီတော်ကို ဖြည့်ကျင့်သည့်အခါ **သပ္ပုရိသဒါနသုတ်**လာ မှု ၅ ချက်နှင့်အညီ ဖြည့်ကျင့်ခဲ့သည့်အတွက် ထူးထူးခြားခြား ဒါန၏အကျိုးကို တွေ့ကြုံခံစားခဲ့ရ၏။ ဘုရားအလောင်း သူတော်ကောင်းတို့ ကျင့်သုံးအပ်သည့် ဒါနမှု ၅ မျိုးကား...

(၁) သဒ္ဓါဒါန = ရတနာသုံးပါး၏ဂုဏ်၊ ကံ–ကံ၏အကျိုး၊ ဤနှစ်မျိုးကို ယုံကြည်သောသဒ္ဓါတရား ဖြင့် လှူဒါန်းခြင်း၊

(၂) သက္ကစ္စဒါန = လှူဖွယ်ဝတ္ထုကို သပ်သပ်ရပ်ရပ် မွန်မြတ်အောင်ပြုလုပ်၍ အလှူခံပုဂ္ဂိုလ်ကို ရိုသေလျက်လှူခြင်း၊

(၃) ကာလဒါန = အချိန်အခါနှင့်သင့်လျော်အောင် လှူဒါန်းခြင်း၊

(၄) အနုဂ္ဂဟိတဒါန = လှူဖွယ်ဝတ္ထုအပေါ် မတွယ်တာ မကပ်ငြိဘဲ အလှူခံပုဂ္ဂိုလ်ကို ချီးမြှောက်လိုသော စိတ်ထားဖြင့် လွတ်လွတ်စွန့်ကြဲလှူဒါန်းခြင်း၊

(၅) အနုပဟစ္စဒါန = မိမိ သူတစ်ပါး မည်သူအားမျှ ဂုဏ်မပျက်
ပြားအောင် မထိပါးစေဘဲ လှူဒါန်းခြင်း၊

တိပိဋကဓရဆရာတော် **ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသသည်** သပ္ပုရိသဒါနမှု ၅ ချက်ကို ဤသို့ လင်္ကာသီကုံးပေးတော်မူခဲ့၏။

(၁) သဒ္ဓါကြည်ညို၊ (၂) ရိုသေလှစွာ၊
(၃) အခါကိုသိ၊ (၄) မစွန်းငြိဘဲ၊
(၅) မထိမပါး၊ လှူတုံငြား၊
ငါးပါးသပ္ပုရိသ မြတ်ဒါန။

ဤမှု ၅ ချက်နှင့်အညီ ပေးလှူသည့် စေတနာသည် စီးပွားဥစ္စာ, အသုံးအဆောင်, အခြံအရံပြည့်စုံသော မင်း,ပုဏ္ဏား,သူဌေး,သူကြွယ်, နတ်သား, နတ်သမီး စသည် ဖြစ်အောင်အကျိုးပေး၏။ ဤကား ဒါန၏ ရမြဲအကျိုးတည်း။

သဒ္ဓါကြည်ဖြူစွာ ပေးလှူသည့် စေတနာ(သဒ္ဓါဒါန)ကြောင့် အဆင်းလှပခြင်း၊ ကြည့်ချင်စဖွယ် တင့်တယ်ပြေပြစ်ခြင်း၊ သူတစ်ပါး၏ စိတ်ကို ကြည်လင်စေနိုင်ခြင်းဟူသော ဥပမိသမ္ပတ္တိ ကောင်းကျိုးကို ရ၏။ ဥပမိသမ္ပတ္တိသည် မိမိတွင် ဘဝတိုင်းလိုက်ပါနေသော အပရာပရိယဝေဒနီယကံတို့နှင့် ပေါင်းစပ်ကာ သံသရာမှာ မဆင်းရဲရဘဲ ချမ်းချမ်းသာသာ ကျင်လည်ရပြီးလျှင် နောက်ဆုံး နိဗ္ဗာန်ချမ်းသာ အကျိုးကို ရရှိစေနိုင်၏။

လှူဖွယ်ဝတ္ထုကို သပ်ရပ်တင့်တယ်အောင် စီမံပြီး အလှူခံပုဂ္ဂိုလ်ကို ရိုသေစွာပေးလှူသည့်စေတနာ (**သက္ကစ္စဒါန**)ကြောင့် သားသမီး, ဇနီး, ကျေးကျွန်, အစေခံ, အလုပ်သမားတို့၏ ရိုသေလေးစားမှုဟူသော အကျိုးကို ရ၏။ သားသမီး, အခြံအရံ, ကျေးကျွန်တို့က

မိမိအား မရှိသေခြင်း၊ မိမိစကားကို မလေးစားခြင်း စသည်တို့သည် အသက္ကစ္စဒါနပြုခဲ့သည့်အကျိုးကြောင့်ဟု မှတ်သားသင့်၏။

အချိန်အခါကို သိ၍ လှူသော စေတနာ(**ကာလဒါန**)ကြောင့် အိမ်မင်းရင့်ရော်ချိန်မှမဟုတ် သင့်လျော်လျောက်ပတ်ရာ ငယ်စဉ်အခါက ပင်လျှင် ဖွံ့ဖွံ့ဖြိုးဖြိုး များစွာသောအကျိုးထူးကို ရရှိ၏။ လိုအပ်သော အချိန်အခါ၌ လိုအပ်သည့်ကောင်းကျိုးသည် မိုးရွာချသလို ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးပေး၏။

လှူဖွယ်ဝတ္ထုအပေါ် မကပ်ငြိဘဲ လွတ်လွတ်စွန့်ကြဲခြင်းစေတနာ (**အနဂ္ဂဟိတဒါန**)ကြောင့် ငါးပါးအာရုံကာမဂုဏ်တို့ကို သုံးဆောင်ခံစားဖို့ရန် စိတ်ညွတ်ခြင်းဟူသောအကျိုးကို ရ၏။ ဤအကျိုးကြောင့် ကောင်းသောအဝတ်အစားကို ဝတ်ရ၏၊ ကောင်းမွန်သောအစားအသောက်ကို သုံးဆောင်ရ၏၊ ကောင်းသောယာဉ်ရထားကို စီးရ၏၊ လှပတင့်တယ်သော တိုက်တာတွင် ချမ်းချမ်းသာသာနေရ၏။

လှူဖွယ်ဝတ္ထုကိုတွယ်တာသည့် လောဘစွန်းငြိလျှင် ကျိကျိတက်ချမ်းသာပါသော်လည်း မစားရက် မသုံးစွဲရက်ဖြစ်ရ၏။ ရှေးအခါက **ဗာရာဏသီ** သူဌေးတစ်ဦးသည် ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူခွင့်ရ၏၊ သို့သော် ဆွမ်းအပေါ် ကပ်ငြိသည့်လောဘဖြစ်မိ၏။ ဂေါတမမြတ်စွာဘုရား လက်ထက်တော်၌ သာဝတ္ထိပြည်တွင် **အာဂန္တုကသူဌေး** ဖြစ်လာ၏၊ အလွန်ချမ်းသာကြွယ်ဝ၏၊ သို့သော် အကောင်းဆိုဘာမျှမသုံးဆောင်ရက်၊ စားသည့်ထမင်းဟင်းလျာက ဆန်ကွဲထမင်းနှင့် ဆန်ပုန်းရည်၊ ဝတ်သည့်အထည်က သုံးလွှာစပ်မှ လုံချည်တစ်ထည်ဖြစ်သည့် ဘန်ချည်အဝတ်၊ စီးသည့်ရထားက သူတကာ စွန့်ပစ်လိုက်သော ချုံးချုံးကျ ဟောင်းနွမ်းစုတ်ပြတ်နေသည့် ရထားအိုကြီး၊ သူ

ကွယ်လွန်တော့ အမွေစားမကျန်ရစ်သဖြင့် သူ့ပစ္စည်းဥစ္စာကို မင်းဘဏ္ဍာအဖြစ် သိမ်းယူရာ ရထားယာဉ်များဖြင့် ခုနစ်ရက်တိုင်တိုင် သယ်ဆောင်ရ၏။ ဤသို့ ကျိကျိတက် ချမ်းသာပါသော်လည်း မသုံးဆောင်ရက်၊ မလှူဒါန်းရက်လျှင် ဘာအကျိုးရှိတော့အံ့နည်း။

ထို့ကြောင့် လှူဒါန်းသည့်အခါ အလှူဝတ္ထုအပေါ် မတွယ်တာဘဲ လွတ်လွတ်စွန့်လှူရာ၏။

မိမိနှင့်သူတစ်ပါးတို့အား မထိပါးမူ၍ ယှဉ်ပြိုင်ကြွားဝါလိုသောစိတ်မရှိဘဲ လှူဒါန်းသည့်စေတနာ(**အနုပဟစ္စဒါန**)ကြောင့် ရရှိခံစားရသော စည်းစိမ်ဥစ္စာတို့သည် ဘေးရန်ကင်း၍ တည်မြဲ၏၊ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သော အမွေခံဆိုးအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးခြင်း မရှိချေ။ (အံ၊ ၂။ ၁၅၂။ အံ၊ ၄၊ ၃။ ၅၃)

## သပ္ပုရိသမြတ်ဒါန၏အကျိုး ၅ ပါး လင်္ကာ

*(၁) သဒ္ဓါကြည်လင်၊ လှူဒါန်းလျှင်၊ ဆင်းပြင်ရုပ်ရည်လှ။*

*(၂) ရှိသေလှူငြား၊ သူ့စကား၊ အများနာယူရ။*

*(၃) အခါသိသဖြင့်၊ လှူတုံလင့်၊ ချိန်သင့်ကောင်းကျိုးရ။*

*(၄) မစွန်းငြိတောင်း၊ လှူတုံရှောင်း၊ အကောင်းသုံးဆောင်ရ။*

*(၅) မထိမပါး၊ လှူတုံငြားမူ၊ ထိုသည့်သူ၏၊ ပြောထူများပြား၊ စည်းစိမ်အား၊ ငါးပါးရန်မခ။*

*သပ္ပုရိသ၊ ဒါနငါးချက်၊ အကျိုးဆက်ကို၊ နှုတ်တက်အရ၊ ဆောင်ကုန်ကြ။*

*(တိပိဋကဓရ ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ)*

## အခါမလပ်ကုသိုလ်တိုးပွားစေသော ထာဝရဒါန ၆ ပါး

(၁) အာရာမရောပဒါန = ပန်းဥယျာဉ်, သစ်သီးဥယျာဉ်များကို လှူဒါန်းခြင်း၊

(၂) ဝနရောပ ဒါန = အရိပ်ကောင်းသော သစ်ပင်များကို စိုက်ပျိုးလှူဒါန်းခြင်း၊

(၃) သေတုကာရကဒါန = တံတားခင်း၍ လှူဒါန်းခြင်း၊

(၄) ပပါဒါန = ရေအိုးစင်တည်၍ လှူဒါန်းခြင်း၊

(၅) ဥဒပါန ဒါန = ရေတွင်း, ရေကန်တူး၍ လှူဒါန်းခြင်း၊

(၆) ဥပဿယဒါန = ဇရပ်, တန်ဆောင်း, ကျောင်း, ပြာသာဒ် လှူဒါန်းခြင်း။

ဤ ဒါန ၆ ပါးအနက် တစ်မျိုးမျိုးကိုလှူဒါန်းသူသည် နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကုသိုလ်တရားပွားများ၏။ သေလွန်သောအခါ နတ်ပြည်သို့ လားရောက်ရ၏။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူစဉ် ညဉ့်သန်းခေါင်ယံအချိန်ဝယ် **နတ်သားတစ်ပါး** မေးလျှောက်၏။

"အရှင်ဂေါတမ...အဘယ်သူတို့အား နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကောင်းမှုတိုးပွားပါသနည်း၊ အဘယ်သူတို့သည် တရား၌ တည်ကုန်ပါသနည်း၊ အဘယ်သူတို့သည် သီလနှင့်ပြည့်စုံပါကုန်သနည်း၊ အဘယ်သူတို့သည် နတ်ပြည်သို့ သွားကြရပါကုန်သနည်း"

"အို...နတ်သား၊ အကြင်သူတို့သည် သစ်သီးဥယျာဉ်, ပန်းဥယျာဉ်, အရိပ်ကောင်းသောသစ်ပင်များကို စိုက်ပျိုးလှူဒါန်းကြကုန်၏၊ တံတားခင်းကြကုန်၏၊ ရေအိုးစင် တည်ခင်းကြကုန်၏၊ ရေတွင်း

ရေကန်နှင့် နေရာကောင်းတို့ကို လှူဒါန်းကြကုန်၏။ ထိုသူတို့အား နေ့ရောညဥ့်ပါ အခါခပ်သိမ်း ကောင်းမှုတိုးပွား၏။ ထိုသူတို့သည် တရား၌ တည်ကုန်၏၊ အလေ့အထ စာရိတ္တ သီလနှင့်ပြည့်စုံကုန်၏။ ထိုသူတို့ သေလွန်သော် နတ်ပြည်သို့သွားကြရကုန်၏"ဟု မြတ်စွာဘုရား ဖြေကြားတော်မူ၏။

(သံ၊ ၁။ ၃၀-၃၁။ သံ၊ ၄၊ ၁။ ၈၃)

## အလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေးဦး

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ **မဟာပဇာပတိဂေါတမီ**သည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ရိုသေစွာရှိခိုးပြီးလျှင် ဤစကားကို လျှောက်ထား၏။

"မြတ်စွာဘုရား...အကျွန်ုပ်သည် အသစ်ဖြစ်သောအဝတ်အစုံကို မြတ်စွာဘုရားအားရည်စူး၍ ကိုယ်တိုင်ငင် ကိုယ်တိုင်ရက်ထားပါ၏၊ မြတ်စွာဘုရားသည် သနားညှာတာလျက် ဤအဝတ်အစုံကို အလှူခံတော်မူပါလော့"

"ဂေါတမီ...သံဃာအားပေးလှူလော့၊ သင်သည် သံဃာကို ပေးလှူသည်ရှိသော် ငါ့ကိုလည်း ပူဇော်ပြီး ဖြစ်လတ္တံ့၊ သံဃာကိုလည်း ပူဇော်ပြီးဖြစ်လတ္တံ့."

မြတ်စွာဘုရား ဤသို့မိန့်ဆိုလေလျှင် မဟာပဇာပတိဂေါတမီသည် အထက်ကစကားဖြင့် နှစ်ကြိမ်မြောက်လျှောက်ထား၏။ မြတ်စွာဘုရားသည်လည်း ဆိုပြီးသည့်အတိုင်း ထပ်မံ၍မိန့်ဆိုတော်မူ၏။ မဟာပဇာပတိဂေါတမီက သုံးကြိမ်မြောက် ထပ်မံလျှောက်ထားလေလျှင်

မြတ်စွာဘုရားသည်လည်း ဆိုပြီးသည့်အတိုင်း ထပ်မံမိန့်ဆိုတော်မူပြန်၏။

ထိုအခါ အရှင်အာနန္ဒာက မြတ်စွာဘုရားအား လျှောက်ထား၏။

"မြတ်စွာဘုရား...မြတ်စွာဘုရားသည် မဟာပဇာပတိဂေါတမီ၏ အသစ်ဖြစ်သော အဝတ်အစုံကို အလှူခံတော်မူပါလော့။ မဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရားအား ကျေးဇူးများပါ၏၊ မိထွေးဖြစ်ပါ၏၊ မြတ်စွာဘုရားကို နို့ရည်တိုက်ကျွေးခဲ့ပါ၏၊ ပြုစုယုယခဲ့ပါ၏၊ ကြီးပွားစေပါ၏။ မြတ်စွာဘုရားသည်လည်း မဟာပဇာပတိဂေါတမီအား ကျေးဇူးများပါ၏။ မြတ်စွာဘုရားကို အကြောင်းပြု၍ မဟာပဇာပတိဂေါတမီသည် ဘုရားကို ဆည်းကပ်ပါ၏၊ တရားကိုဆည်းကပ်ပါ၏၊ သံဃာကို ဆည်းကပ်ပါ၏၊ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်ပါ၏၊ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ မုသားပြောခြင်းမှ ရှောင်ကြဉ်ပါ၏၊ သေရည်သေရက်ကိုသောက်ခြင်းမှ ရှောင်ကြဉ်ပါ၏။

"မြတ်စွာဘုရား...မြတ်စွာဘုရားကို အကြောင်းပြု၍ မဟာပဇာပတိဂေါတမီသည် ဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်၏၊ တရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်၏၊ သံဃာ၌ မတုန်မလှုပ် သက်ဝင်ယုံကြည်၏။ အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏၊ ဒုက္ခသစ္စာ၌ ယုံမှားခြင်းကင်း၏၊ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ၌ ယုံမှားကင်း၏၊ ဒုက္ခချုပ်ရာ...နိရောဓသစ္စာ၌ ယုံမှားကင်း၏၊ ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သော မဂ္ဂသစ္စာ၌ ယုံမှားကင်း၏။ မြတ်စွာဘုရား...မြတ်စွာဘုရားသည် မဟာပဇာပတိဂေါတမီအား ကျေးဇူးများပါ၏"

ထိုအခါ မြတ်စွာဘုရားသည် ဤသို့မိန့်ကြားတော်မူ၏-

"အာနန္ဒာ...သင်ပြောကြားသည့်အတိုင်းမှန်ပါ၏။ အာနန္ဒာ... တပည့်ဖြစ်သူသည် ဆရာဖြစ်သောပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘုရားကို ဆည်းကပ်၏၊ တရားကိုဆည်းကပ်၏၊ သံဃာကို ဆည်းကပ်၏။ (ဤသို့ ဆည်းကပ်သည့်အတွက် အလွန် အကျိုးကျေးဇူးများ၏၊ ကျေးဇူးတုံ့ပြန်သောအားဖြင့်) တပည့်ဖြစ်သူသည် ဆရာဖြစ်သူအား ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ အရိုအသေပြုခြင်း၊ သင်္ကန်း, ဆွမ်း, ကျောင်း, အိပ်ရာ, နေရာ, ဆေး, ပေးကမ်းခြင်းတို့ကိုပြု၏။ ဤသို့ ကျေးဇူးတုံ့ပြန်ခြင်းကို ကောင်းသောကျေးဇူးတုံ့ပြန်ခြင်းဟု ငါမဟော။

"အာနန္ဒာ...တပည့်ဖြစ်သူသည် ဆရာဖြစ်သောပုဂ္ဂိုလ်ကို အကြောင်းပြု၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သေရည်သေရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏။ (ဤသို့ ရှောင်ကြဉ်ခြင်းအတွက် အလွန်အကျိုးကျေးဇူးများ၏၊ ကျေးဇူးတုံ့ပြန်သောအားဖြင့်) တပည့်ဖြစ်သူသည် ဆရာဖြစ်သူအား ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ အရိုအသေပြုခြင်း၊ သင်္ကန်း, ဆွမ်း, ကျောင်း, အိပ်ရာ, နေရာ, ဆေး, ပေးကမ်းခြင်းတို့ကိုပြု၏။ ဤသို့ ကျေးဇူးတုံ့ပြန်ခြင်းကို ကောင်းသောကျေးဇူးတုံ့ပြန်ခြင်းဟု ငါမဟော။

"အာနန္ဒာ...တပည့်ဖြစ်သူသည် ဆရာဖြစ်သောပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်၏၊ တရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်၏၊ သံဃာ၌ မတုန်မလှုပ် သက်ဝင်ယုံကြည်၏၊ အရိယာတို့နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။

(ဤသို့ ပြည့်စုံခြင်းအတွက် အလွန်အကျိုးကျေးဇူးများ၏၊ ကျေးဇူး တုံ့ပြန်သောအားဖြင့်) တပည့်ဖြစ်သူသည် ဆရာဖြစ်သူအား ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ အရိုအသေပေးခြင်း၊ သင်္ကန်း, ဆွမ်း, ကျောင်း, အိပ်ရာ, နေရာ, ဆေး, ပေးကမ်းခြင်းတို့ကိုပြု၏။ ဤသို့ ကျေးဇူး တုံ့ပြန်ခြင်းကို ကောင်းသောကျေးဇူးတုံ့ပြန်ခြင်းဟု ငါမဟော။

"အာနန္ဒာ... တပည့်ဖြစ်သူသည် ဆရာဖြစ်သောပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဒုက္ခသစ္စာ၌ ယုံမှားကင်း၏၊ ဒုက္ခဖြစ်ကြောင်း–သမုဒယသစ္စာ၌ ယုံမှားကင်း၏၊ ဒုက္ခ၏ချုပ်ရာ–နိရောဓသစ္စာ၌ ယုံမှားကင်း၏၊ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သော မဂ္ဂသစ္စာ၌ ယုံမှားကင်း၏။ (ဤသို့ သစ္စာလေးပါးကို ယုံမှားမှုကင်းစွာ ထိုးထွင်းမြင်သိသည့်အတွက် အလွန်အကျိုးကျေးဇူးများ၏၊ ကျေးဇူး တုံ့ပြန်သောအားဖြင့်) တပည့်ဖြစ်သူသည် ဆရာဖြစ်သူအား ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ အရိုအသေပြုခြင်း၊ သင်္ကန်း, ဆွမ်း, ကျောင်း, အိပ်ရာ, နေရာ, ဆေး, ပေးကမ်းခြင်းတို့ကိုပြု၏။ ဤသို့ ကျေးဇူးတုံ့ပြန် ခြင်းကို ကောင်းသောကျေးဇူးတုံ့ပြန်ခြင်းဟု ငါမဟော။

"အာနန္ဒာ...ပုဂ္ဂလိကဖြစ်သောအလှူတို့သည် ဤ ၁၄ ပါးတို့ တည်း။ အဘယ် ၁၄ ပါးတို့နည်းဟူမူ...

( ၁ ) မြတ်စွာဘုရားအား လှူဒါန်းခြင်း၊

( ၂ ) ပစ္စေကဗုဒ္ဓါအား လှူဒါန်းခြင်း၊

( ၃ ) ရဟန္တာပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

( ၄ ) အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

( ၅ ) အနာဂါမ်ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

( ၆ ) အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
( ၇ ) သကဒါဂါမ်ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
( ၈ ) သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
( ၉ ) သောတာပန်ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၁၀) သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်သောပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၁၁) သာသနာပအခါ ဈာန်အဘိညာဉ်ရသော ရသေ့တို့အား လှူဒါန်းခြင်း၊
(၁၂) သီလရှိသော လူပုထုဇဉ်တို့အား လှူဒါန်းခြင်း၊
(၁၃) သီလမရှိသော လူပုထုဇဉ်တို့အား လှူဒါန်းခြင်း၊
(၁၄) တိရစ္ဆာန်တို့အား လှူဒါန်းခြင်းတို့တည်း။

"အာနန္ဒာ...ထိုတစ်ဆယ့်လေးပါးသော အလှူတို့တွင် တိရစ္ဆာန်အား ပေးလှူသော အလှူ၏အကျိုးသည် အဆအရာမချွတ်ဖြစ်လတ္တံ့။ သီလမရှိသော ပုထုဇဉ်အား ပေးလှူသောအလှူ၏အကျိုးသည် အဆအထောင်မချွတ်ဖြစ်လတ္တံ့။ သီလရှိသောပုထုဇဉ်အား ပေးလှူသောအလှူ၏အကျိုးသည် အဆပေါင်း ကုဋေအသိန်း မချွတ်ဖြစ်လတ္တံ့။ သာသနာပအခါ ဈာန်ရသောရသေ့အား ပေးလှူသောအလှူ၏အကျိုးသည် အဆပေါင်းကုဋေအသိန်း မချွတ်ဖြစ်လတ္တံ့။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်အား ပေးလှူသည့် အလှူ၏အကျိုးသည် မရေမတွက်နိုင် မနှိုင်းယှဉ်နိုင်အောင် များပြောင်လတ္တံ့။ သောတာပန်ပုဂ္ဂိုလ်အား ပေးလှူသောအလှူ၏အကျိုးသည် အဘယ်

ဆိုဖွယ်ရာရှိအံ့နည်း။ သကဒါဂါမ်...အနာဂါမ်... ရဟန္တာ... ပစ္စေကဗုဒ္ဓါ မြတ်စွာဘုရားအား ပေးလှူသော အလှူ၏အကျိုးသည် အဘယ် ဆိုဖွယ်ရာရှိအံ့နည်း"

(ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏာဝိဘင်္ဂသုတ်)

(အလှူခံပုဂ္ဂိုလ် ၁၄ ပါးတွင် တိရစ္ဆာန်ပင်ပါဝင်သည့်အတွက် **"အလှူခံ တစ်ကျိပ်လေး ခွေးတောင်ပါသည်"**ဟု ဆိုစမှတ်ပြုကြ၏။ ခွေးတစ်ကောင်ကို ထမင်းတစ်နပ်ကျွေးလျှင် ဘဝတစ်ရာတိုင်တိုင် အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာနဟူသော အကျိုးငါးပါးကို ရနိုင်၏။ သီလမရှိသော ပုထုဇဉ်တစ်ဦးကို ထမင်းတစ်နပ်လှူလျှင် ဘဝတစ်ထောင်တိုင်တိုင် အဆိုပါအကျိုးငါးပါးကို ရနိုင်၏။ သီလ ရှိသော ပုထုဇဉ်အား ထမင်းတစ်နပ်လှူလျှင် ဘဝကုဋေတစ်သိန်း တိုင်တိုင် အဆိုပါအကျိုးငါးပါးကိုရနိုင်၏။ သောတာပတ္တိမဂ်ဖိုလ်ရရန် သမထဝိပဿနာ ရှုပွားနေသူအား ပေးလှူသောဒါန၏ အကျိုးသည် မရေမတွက်နိုင်အောင် များပြောင်၏။ အလှူခံပုဂ္ဂိုလ်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် ကြီးမားလေလေ အလှူ၏အကျိုးသည်လည်း ကြီးကျယ်လေလေဖြစ်၏။)

## သံဃိကဒါန ၇ ပါး

မြတ်စွာဘုရားသည် အရှင် အာနန္ဒာအား ဆက်လက် မိန့်ကြား တော်မူ၏ ...

"အာနန္ဒာ...သံဃိကဖြစ်သောအလှူတို့သည် ဤခုနစ်ပါးတို့ တည်း။ အဘယ်ခုနစ်ပါးတို့နည်းဟူမူ...

(၁) မြတ်စွာဘုရားအမှူးရှိသော ဘိက္ခုသံဃာနှင့် ဘိက္ခုနီသံဃာအား လှူဒါန်းခြင်း၊

(၂) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ ဘိက္ခုသံဃာနှင့် ဘိက္ခုနီသံဃာအား လှူဒါန်းခြင်း၊
(၃) ဘိက္ခုသံဃာ(ရဟန်းယောကျ်ားသံဃာ)အားပေးလှူခြင်း၊
(၄) ဘိက္ခုနီသံဃာ (ရဟန်းမိန်းမသံဃာ)အားပေးလှူခြင်း၊
(၅) ဤမျှလောက်အရေအတွက်ရှိသော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့ကို သံဃာမှ ညွှန်းချပါဟု လျှောက်ထား၍ နှစ်ဖက်သံဃာက ညွှန်းချပေးသူတို့အား လှူဒါန်းခြင်း၊
(၆) ဤမျှ အရေအတွက်ရှိသော ရဟန်းယောကျ်ားတို့ကို ဘိက္ခုသံဃာမှ ညွှန်းချပါဟု လျှောက်ထား၍ ညွှန်းချပေးသူတို့အား လှူဒါန်းခြင်း၊
(၇) ဤမျှအရေအတွက်ရှိသော ရဟန်းမိန်းမတို့ကို ဘိက္ခုနီသံဃာမှ ညွှန်းချပါဟုလျှောက်ထား၍ ညွှန်းချပေးသူတို့အားလှူဒါန်းခြင်း။

"အာနန္ဒာ...စင်စစ် အနာဂတ်ကာလ၌ ရဟန်းဟူသော အနွယ်မျှကို ဆောင်ကုန်သော လည်ပင်း၌ သင်္ကန်းရောက်၍ သီလမရှိကုန်သော ယုတ်မာသည့် တရားရှိသူတို့သည် ဖြစ်ကုန်လတ္တံ့။ ထိုသီလ မရှိကုန်သောသူတို့၌ သံဃာကို ရည်ညွှန်း၍ အလှူကို ပေးလှူကုန်လတ္တံ့။ အာနန္ဒာ...ထိုအခါ၌သော်လည်း သံဃိကအလှူကို မရေတွက်နိုင်မနှိုင်းယှဉ်နိုင်သောအကျိုးရှိ၏ဟု ငါဟော၏။ အာနန္ဒာ...မည်သည့်နည်းပရိယာယ်နှင့်မျှ သံဃိကဒါနထက် ပုဂ္ဂလိကဒါနကို အထူးသဖြင့် အကျိုးများ၏ဟု ငါမဟော"

ဤဒက္ခိဏာဝိဘင်္ဂသုတ်တော်ကို ထောက်ရှု၍ သံဃိကအလှူသည် ပုဂ္ဂလိကအလှူထက် ပို၍အကျိုးကြီးကြောင်း သိနိုင်၏။ သံဃာတော်ကို လှူဒါန်းရသည်မှာ လွန်စွာအကျိုးကြီးမားကြောင်းနှင့် နောင်လာ

နောက်သားတို့ သံဃိကအလှူကို လှူတတ်စိမ့်သောငှာ မြတ်စွာဘုရားသည် မဟာပဇာပတိဂေါတမီအား စံနမူနာဖြစ်စေရန် သံဃာတော်ကို လှူဒါန်းရန် တိုက်တွန်းတော်မူခြင်းဖြစ်သည်။

ယခုအခါ သံဃာတော်တစ်ပါးကိုဖြစ်စေ နှစ်ပါး, သုံးပါး စသည်တို့ကိုဖြစ်စေ သံဃာတော်အဖြစ် ရည်မှန်း၍ လှူဒါန်းလျှင် သံဃိကဒါနဖြစ်ပြီး အကျိုးကြီးမားသည်။

## ဒါန၏ စင်ကြယ်ခြင်း ၄ ပါး

မြတ်စွာဘုရားသည် ဒက္ခိဏာဝိဘင်္ဂသုတ်တော်ကို ဆက်လက်၍ ဟောကြားတော်မူ၏ ...

"အာနန္ဒာ...အလှူ၏ စင်ကြယ်ခြင်းတို့သည် ဤလေးပါးတို့တည်း၊ အဘယ်လေးပါးတို့နည်းဟူမူ...

(၁) လှူသူဘက်မှစင်ကြယ်၍ အလှူခံသူဘက်မှ မစင်ကြယ်သောအလှူ၊
(၂) အလှူခံဘက်မှ စင်ကြယ်၍ လှူသူဘက်မှ မစင်ကြယ်သောအလှူ၊
(၃) လှူသူဘက်မှလည်း မစင်ကြယ် အလှူခံဘက်မှလည်း မစင်ကြယ်သောအလှူ၊
(၄) လှူသူဘက်မှလည်းစင်ကြယ်၍ အလှူခံဘက်မှလည်း စင်ကြယ်သောအလှူ၊

"အာနန္ဒာ...လှူသူဘက်မှစင်ကြယ်၍ အလှူခံဘက်မှ မစင်ကြယ်သောအလှူသည် အဘယ်နည်း။ အာနန္ဒာ...ဤလောက၌ လှူသူသည် သီလရှိ၏၊ စင်ကြယ်သောတရားရှိ၏၊ အလှူခံတို့သည် သီလမရှိကုန်၊ ယုတ်ညံ့သောတရားရှိကုန်၏။ အာနန္ဒာ...ဤသို့လျှင် အလှူသည် လှူသူဘက်မှသာ စင်ကြယ်၍ အလှူခံသူဘက်မှ မစင်ကြယ်။

"အာနန္ဒာ...အလှူခံဘက်မှစင်ကြယ်၍ လှူသူဘက်မှ မစင်ကြယ်သောအလှူသည် အဘယ်နည်း။ အာနန္ဒာ...ဤလောက၌ လှူသူသည် သီလမရှိ၊ ယုတ်ညံ့သောအကျင့်တရားရှိ၏၊ အလှူခံသူတို့သည် သီလရှိကုန်၏၊ စင်ကြယ်သောတရားရှိကုန်၏။ အာနန္ဒာ...ဤသို့လျှင် အလှူသည် အလှူခံသူဘက်မှသာစင်ကြယ်၍ လှူသူဘက်မှ မစင်ကြယ်"

ဤနည်းအတိုင်း ကျန်အလှူစင်ကြယ်မှု ၂ မျိုးကို မြတ်စွာဘုရားရှင်းပြပြီးလျှင် ဆက်လက်၍ မိန့်ကြားတော်မူသည်မှာ–

"အကြင် သီလရှိသောပုဂ္ဂိုလ်သည် တရားသဖြင့် ရအပ်သောပစ္စည်းကို ကောင်းစွာ ကြည်လင်သောစိတ်ရှိ၍ ကြီးကျယ်မြင့်မြတ်သောကံ၏အကျိုးကို အလွန်ယုံကြည်လျက် သီလမရှိသောပုဂ္ဂိုလ်တို့အားပေးလှူ၏။ ထိုအလှူသည် လှူသောပုဂ္ဂိုလ်ဘက်မှသာ စင်ကြယ်၏။

"အကြင်သီလမရှိသောပုဂ္ဂိုလ်သည် မတရားသဖြင့် ရအပ်သောပစ္စည်းကို မကြည်မလင်သောစိတ်ရှိ၍ ကြီးကျယ်မြင့်မြတ်သောကံ၏အကျိုးကို မယုံကြည်ဘဲ သီလရှိသောပုဂ္ဂိုလ်တို့အား ပေးလှူ၏။ ထိုအလှူသည် အလှူခံပုဂ္ဂိုလ်ဘက်မှသာ စင်ကြယ်၏။

"အကြင်သီလမရှိသောပုဂ္ဂိုလ်သည် မတရားသဖြင့် ရအပ်သောပစ္စည်းကို မကြည်လင်သောစိတ်ရှိ၍ ကြီးကျယ်မြင့်မြတ်သောကံ၏အကျိုးကို မယုံကြည်ဘဲ သီလမရှိသောပုဂ္ဂိုလ်တို့အား ပေးလှူ၏။ ထိုအလှူကို ကြီးကျယ်ပြန့်ပြောသောအကျိုးရှိ၏ဟု ငါမဟော။

"အကြင်သီလရှိသောပုဂ္ဂိုလ်သည် တရားသဖြင့်ရအပ်သောပစ္စည်းကို ကြည်လင်သောစိတ်ရှိ၍ ကြီးကျယ်မြင့်မြတ်သော ကံ၏အကျိုးကို အလွန်ယုံကြည်လျက် သီလရှိသောပုဂ္ဂိုလ်တို့အား ပေးလှူ၏။ ထိုအလှူကို စင်စစ်ကြီးကျယ်ပြန့်ပြောသောအကျိုးရှိ၏ဟု ငါဟော၏"

"အကြင် ရာဂကင်းပြီးသောပုဂ္ဂိုလ်သည် တရားသဖြင့် ရအပ်သော ပစ္စည်းကို ကြည်လင်သောစိတ်ရှိ၍ ကြီးကျယ်မြင့်မြတ်သောကံ၏ အကျိုးကို အလွန်ယုံကြည်လျက်၊ ရာဂကင်းပြီးသောပုဂ္ဂိုလ်တို့အား ပေးလှူ၏။ ထိုအလှူကိုစင်စစ် ရာဂမကင်းသောပုဂ္ဂိုလ်တို့၏အလှူဒါန တို့ထက် မြတ်၏ဟု ငါဟော၏"

ပေးလှူသူသည် သီလရှိ၍ စင်ကြယ်၏၊ လှူဖွယ်ဝတ္ထုကလည်း တရားသဖြင့် ရရှိထားသည်ဖြစ်၍ စင်ကြယ်၏၊ အလှူခံပုဂ္ဂိုလ်ကလည်း သီလရှိ၍ စင်ကြယ်၏။ ဤသုံးပါးစုံညီလျှင် အလှူ၏အကျိုး လွန်စွာကြီးမြတ်ကြောင်း မှတ်သားအပ်၏။ ဤသို့သောအလှူမျိုးကို ပေးနိုင်ရန် ကြိုးစားအပ်၏။

## ဒါန၏အကျိုး အဆင့်ဆင့် ဖွံ့ဖြိုးကြီးကျယ်ပုံ

အလောင်းတော် ဝေလာမပုဏ္ဏားသည် ငွေနှင့်ပြည့်သော ရွှေခွက်၊ ရွှေနှင့်ပြည့်သောငွေခွက်၊ ရတနာ ၇ ပါးနှင့် ပြည့်သော ကြေးခွက်၊ ရွှေတန်ဆာ, ရွှေတံခွန်, ရွှေကွန်ရက်တို့ဖြင့် တန်ဆာဆင်ထားသော ဆင်၊ ခြင်္သေ့ရေ, ကျားရေ, သစ်ရေ စသည်တို့ဖြင့် တန်ဆာဆင်ထား သော ရထား၊ ဘွဲ့ဖြူပုဆိုး၊ အခင်း၊ နို့ရည်ခံ ငွေခွက်နှင့်တကွသော နွားမ၊ ပတ္တမြားနားဍောင်းဝတ်ဆင်ထားသော အမျိုးသမီးကညာ၊ အမွေးရှည်သော ကော်ဇောကြီး စသည်တို့ဖြင့် တန်ဆာဆင်ထားသော ပလ္လင်၊ သိမ်မွေ့နူးညံ့သော ခေါမပုဆိုး၊ ပိုးချည်အဝတ်၊ ကမ္ဗလာထည်၊ ဝါချည်အဝတ်အထည် ၈၄ဝဝဝ စသည်တို့ကို ၇ နှစ် ၇ လပတ်လုံး လှူဒါန်း၏။ ထမင်း၊ အဖျော်၊ ခဲဖွယ်ဘောဇဉ်၊ လျက်ဖွယ်သောက်ဖွယ် တို့၏ အတိုင်းအတာ ပမာဏကား ဖော်ပြခြင်းငှာ မတတ်နိုင်၊ မြစ်ရေစီးဆင်းသည့်ပမာ အကြီးအကျယ်လှူဒါန်း၏။

ဤသို့ အကြီးအကျယ်လှူဒါန်းပါသော်လည်း သာသနာပအခါ ဖြစ်၍ အလှူခံပုဂ္ဂိုလ်များတွင် သရဏဂုံနှင့်တကွ သီလရှိသူတစ်ဦးမျှ မပါဝင်ချေ။ သာမန်လူအပေါင်းအားသာ ပေးလှူခဲ့ရသဖြင့် သောတာပန် ရဟန်းတစ်ပါးအား ဆွမ်းတစ်နပ်လှူရခြင်းလောက် အကျိုးမများချေ။

သောတာပန်ရဟန်းတစ်ရာကို ဆွမ်းလှူရခြင်းထက် သကဒါဂါမ် ရဟန်းတစ်ပါးကို ဆွမ်းလှူရခြင်းက ပို၍အကျိုးများ၏။

သကဒါဂါမ်ရဟန်းတစ်ရာကို ဆွမ်းလှူရခြင်းထက် အနာဂါမ် ရဟန်းတစ်ပါးကို ဆွမ်းလှူရခြင်းက ပို၍အကျိုးများ၏။

အနာဂါမ်ရဟန်းတစ်ရာကို ဆွမ်းလှူရခြင်းထက် ရဟန္တာတစ်ပါးကို ဆွမ်းလှူရခြင်းက ပိုအကျိုးများ၏။

ရဟန္တာတစ်ရာကို ဆွမ်းလှူရခြင်းထက် ပစ္စေကဗုဒ္ဓါတစ်ဆူအား ဆွမ်းလှူရခြင်းက ပိုအကျိုးများ၏။

ပစ္စေကဗုဒ္ဓါတစ်ရာကို ဆွမ်းလှူရခြင်းထက် သမ္မာသမ္ဗုဒ္ဓဘုရားရှင် တစ်ဆူအား ဆွမ်းလှူရခြင်းက ပိုအကျိုးများ၏။

သမ္မာသမ္ဗုဒ္ဓဘုရားရှင်တစ်ဆူကို ဆွမ်းလှူရခြင်းထက် ဘုရားအမှူး ရှိသောရဟန်းသံဃာအား ဆွမ်းလှူရခြင်းက ပိုအကျိုးများ၏။

ထို့ထက်လည်း အရပ်လေးမျက်နှာမှလာသော သံဃာတို့ကို ရည်စူး၍ စတုဒ္ဒိသ သံဃိကကျောင်း ဆောက်လုပ်လှူဒါန်းရခြင်းက သာလွန်အကျိုးများ၏။

(အံ ၃။ ၁၉၅-ရ။ အံ၊ ဋ္ဌ၊ ၃။ ၂၆၈-၂၇၁)

## သာသနာပအလှူနှင့် သာသနာတွင်းအလှူ

မြတ်စွာဘုရားသည် အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူ ရန် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းအပ်သော

ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်ဝယ် ဖွဲ့ခွေထိုင်တော်မူ၏။ မယ်တော် ဖြစ်ခဲ့ဖူးသော **သန္တုသိတနတ်သား**သည် တုသိတာဘုံမှ ဆင်းသက်လာ ပြီးလျှင် မြတ်စွာဘုရား၏ ရှေ့တော်ဝယ် လက်ယာနံပါးဘက်၌ထိုင်၏။ **ဣန္ဒကနတ်သား**သည် မြတ်စွာဘုရား၏ လက်ယာနံပါးဘက်၌ပင် ထိုင်၏။ **အင်္ကုရနတ်သား**သည် လက်ဝဲနံပါးဘက်၌ ထိုင်၏။

စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် အဘိဓမ္မာတရားတော်ကို နာယူကြရန် ဝန်းရံဆည်းကပ်လာကြကုန်၏။ တန်ခိုးကြီးသော နတ်ဗြဟ္မာတို့ လာတိုင်းလာတိုင်း အင်္ကုရနတ်သား သည် နောက်သို့ဆုတ်၍ဆုတ်၍ နေရာပေးရသဖြင့် မြတ်စွာဘုရားမှ ၁၂ ယူဇနာဝေးကွာသောအရပ်၌ နေရ၏။ ဣန္ဒကနတ်သားကမူ မူလရှိရင်းနေရာ၌ပင် မရွှေ့မပြောင်းရဘဲ ထိုင်မြဲထိုင်နေရ၏။

အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့ အဘယ်ကြောင့် တန်ခိုး ကွာခြားရသနည်း။ အင်္ကုရနတ်သားသည် ကဿပမြတ်စွာဘုရား သာသနာကွယ်ပြီးသည့်အခါ၌ ဇမ္ဗူဒီပ်ကျွန်းဝယ် အင်္ကုရမင်းသား ဖြစ်ခဲ့၏။ အင်္ကုရမင်းသားသည် ကုန်ရောင်းကုန်ဝယ်အလုပ်ဖြင့် ချမ်းသာစွာနေထိုင်၏။ တစ်ကြိမ်တွင် လှည်းအစီးငါးရာဖြင့် ကုန်ရောင်း သွားရာ သဲကန္တာရအတွင်း၌ မျက်စိလည်လမ်းမှား၍ စားနပ်ရိက္ခာ ပြတ်၏၊ ဒုက္ခကြီးစွာရောက်၏။

ထိုသဲကန္တာရ၌ လက်ယာလက်တစ်ဖက်တည်းဖြင့် လိုသမျှ အသုံးအဆောင်ဝတ္ထုပစ္စည်းတို့ကို ပေးစွမ်းနိုင်သော ညောင်စောင့်နတ် တစ်ဦး ရှိ၏။ ဤညောင်စောင့်နတ်သည် ရှေးလူဖြစ်စဉ်က အင်္ကုရ မင်းသား၏ ပြုစုစောင့်ရှောက်မှုကို ရရှိခဲ့ဖူးသဖြင့် ကျေးဇူးသိတတ်၏။ အင်္ကုရမင်းသားနှင့် လှည်းသမားအားလုံးတို့အား လိုသမျှ အသုံး အဆောင်များကို လက်ယာလက်ဖြင့် ညွှန်ပြ၍ ပေးလှူ၏။

အကုံ့ရမင်းသားက ရှေးကောင်းမှုကို မေးလတ်သော် ရှေးလူဖြစ်စဉ်ဘဝက ရောရုဝမြို့၌ အသယှသူဌေး၏အိမ်အနီးဝယ် ဆင်းရဲသား အပ်ချုပ်သမား ဖြစ်ခဲ့၏။ အသယှသူဌေး အလှူကြီးပေးသောအခါ ရောက်လာသမျှသော အလှူခံပုဂ္ဂိုလ်တို့အား ဝမ်းမြောက်ဝမ်းသာ ရှိသေစွာ လက်ယာလက်ကိုဆန့်တန်း၍ အလှူမဏ္ဍပ်ရှိရာဌာနကို ညွှန်ပြခဲ့၏။ ဤကောင်းမှုကြောင့် ယခုနတ်ဘဝတွင် လက်ယာလက်မှ အလိုရှိသမျှ လူ့အသုံးအဆောင်, စားဖွယ်သောက်ဖွယ်, ဝတ်ဖွယ်တို့သည် တသွင်သွင်ယိုစီး၍ ကျနေကြောင်းဖြင့် ညောင်စောင့်နတ်က ဖြေကြား၏။

ထိုညောင်စောင့်နတ်ကို အားကျ၍ အကုံ့ရမင်းသားသည် ဒွါရာဝတီပြည်သို့ရောက်သောအခါ ဇမ္ဗူဒီပ်ကျွန်းလုံး ထွန်တုံးပိတ်အလှူကြီးကို ပေးလှူ၏။ နောင်တော်ဖြစ်သောမင်းတို့က အခွန်အတုတ် မရ၍ ညီတော် အကုံ့ရမင်းသားအား တိုင်းတိုင်းရှည်ရှည်လှူဖို့ရန် မေတ္တာရပ်ခံ၏။ အကုံ့ရမင်းသားသည် ဒက္ခိဏာပထတိုင်းသို့ ပြောင်းရွှေ့ကာ ဒမိဠနိုင်ငံတွင် သမုဒ္ဒရာအနီးဝယ် ၁၂ ယူဇနာပေါက် မြေတစ်လျှောက်၌ ခုံလောက်ချင်းဆက်ကာ အနှစ်တစ်သောင်းကြာ ကြီးကျယ်သော အလှူကို ပေးလှူ၏။

ထိုသို့ ကာလရှည်ကြာစွာ အလှူကြီးကို ပေးလှူခဲ့ပါသော်လည်း သီလမရှိသည့် ဒုဿီလအလှူခံများကိုသာ လှူခဲ့ရသဖြင့် မြေညံ့၌ စိုက်ပျိုးအပ်သောမျိုးစေ့ကဲ့သို့ အကျိုးဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းချေ။ အကုံ့ရမင်းသား ကွယ်လွန်သောအခါ အကုံ့ရနတ်သား ဖြစ်လာ၏။

ဣန္ဒကနတ်သားသည် ရှေးဘဝက ဤမြတ်စွာဘုရားလက်ထက်တွင် ဣန္ဒကလုလင်ဖြစ်ခဲ့၏၊ ဆွမ်းခံကြွလာတော်မူသော အရှင်အနုရုဒ္ဓါ

မထေရ်အား သဒ္ဓါကြည်ဖြူစွာ ဆွမ်းတစ်ယောက်ချိုမျှကို လောင်းလှူခဲ့ရ၏။ သာသနာတည်းဟူသော လယ်မြေကောင်း၌ ဆွမ်းတစ်ယောက်ချို အလှူဒါနတည်းဟူသော ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးခဲ့ရကား ကွယ်လွန်သည့်အခါ တန်ခိုးအာနုဘော်ကြီးသော ဣန္ဒကနတ်သားဖြစ်ရ၏။

သာသနာတွင်းအလှူနှင့် သာသနာပအလှူတို့သည် အကျိုးပေးနိုင်သောစွမ်းရည် အလွန်ကွာခြားကြ၏။ သာသနာတော်တည်းဟူသော လယ်မြေကောင်း၌ ကုသိုလ်မျိုးစေ့ပျိုးစိုက်နိုင်ကြသော အခါသမယကောင်းနှင့် ကြုံကြိုက်နေသည့်အခါ စေတနာသဒ္ဓါ ထက်ထက်သန်သန်ဖြင့် လှူဒါန်းစွန့်ကြဲကြပါကုန်လော့။

အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့နှစ်ဦးလုံးပင် မြတ်စွာဘုရားထံမှ တရားစကားကို နာကြားရသည့်အခါ သောတာပန်များဖြစ်ကြ၏။ (မဟာဗုဒ္ဓဝင်။ တ။ ၅၄၀-၅၅၂)

## ဒါနပြုသူနှင့်မပြုသူ အဆင့်အတန်းမတူ

ကဿပမြတ်စွာဘုရားသာသနာတွင် ချစ်ခင်ရင်းနှီးကြသော ရဟန်းနှစ်ပါးရှိ၏။ တစ်ပါးသည် အလှူအတန်း ဝါသနာပါ၏။ ဆွမ်းခံ၍ရသည့် ခဲဖွယ်ဘောဇဉ်ကို သူတစ်ပါးတို့အား ပေးလှူပြီးမှ သုံးဆောင်လေ့ရှိ၏။ ကျန်တစ်ပါးမှာ သီလကျင့်ဝတ်နှင့်ပြည့်စုံ၏။ သို့သော် အလှူအတန်းဝါသနာမပါချေ။

အလှူဝါသနာပါသည့်ရဟန်းက “ကိုယ်တော်...မပေးလှူတဲ့သူဟာ ဘာအကျိုးထူးမှမရဘူး၊ တတ်အားသမျှ ပေးလှူပါ”ဟု တိုက်တွန်း၏။

အလှူဝါသနာမပါသည့်ရဟန်းက “ငါ့ရှင်...သူတစ်ပါးက လောင်းလှူလိုက်တဲ့ ခဲဖွယ်ဘောဇဉ်ကို ကိုယ်ကတစ်ဆင့် လှူနေလို့

ဘာအသုံးကျမလဲ။ ရဟန်းဆိုတာ မျှတရုံဆွမ်းခံပြီး ကိုယ့်အကျင့်သီလ မကျိုးပေါက်အောင် စောင့်ရှောက်ဖို့သာ သင့်လျော်တယ်”ဟု ပြန်ပြော၏။

တစ်ပါးကို တစ်ပါးက နိုင်အောင်မပြောနိုင်ကြ။ အသက်အတိုင်း နေကြပြီး ကွယ်လွန်ကြသည့်အခါ နတ်ပြည်၌ဖြစ်ကြ၏။ သူတို့ နှစ်ဦးလုံးပင် နတ်ပြည် လူ့ပြည် အဖန်ဖန်ကျင်လည်ကြပြီးသော် ဂေါတမမြတ်စွာဘုရားလက်ထက်တော်၌ သာဝတ္ထိပြည်တွင် ပြိုင်တူ လူဖြစ်လာကြ၏။ ဒါနဝါသနာပါသူက ကောသလမင်းကြီး၏ မိဖုရား ဝမ်း၌ ဖြစ်၏၊ ဒါနဝါသနာမပါသူက အလုပ်အကျွေးမိန်းမ၏ဝမ်း၌ ဖြစ်၏။

အမည်မှည့်သည့်နေ့တွင် မင်းသားငယ်ကို ရေချိုး၊ အမွှေးအထုံများ လိမ်းကျံပြီး ကျက်သရေတိုက်ခန်း–ထီးဖြူရိပ်မှာ သိပ်ထား၏။ အလုပ်အကျွေး၏ကလေးကို မင်းသားငယ်၏အနီးတွင် ပုခက်ကလေးနှင့် သိပ်ထား၏။

မင်းသားငယ်သည် မျက်စိကိုဖွင့်၍ ကြည့်ရှုလေလျှင် နောက်ဘဝများကို သိမြင်သော ဇာတိဿရဉာဏ် ဖြစ်ပေါ်လာ၏။ “အင်း...ငါဟာ ကျက်သရေရှိတဲ့တိုက်ခန်း ထီးဖြူရိပ်အောက် ရောက်နေတာကို ထောက်တော့ မင်းမျိုးမှာဖြစ်လာတာပဲ။ ဘာကြောင့် မင်းမျိုးမှာဖြစ်လာ တာလဲ...” ဆက်ဆင်ခြင်ကြည့်တဲ့အခါ ကဿပဘုရားရှင် သာသနာ တော်၌ တတ်အားသမျှ လှူဒါန်းခဲ့သော ဒါန၏အကျိုးကြောင့် ဖြစ်ကြောင်း သိလာ၏။

“ငါ့ရဲ့သူငယ်ချင်းက ဘယ်မှာဖြစ်ပါလိမ့်”လို့ ဆက်ပြီးကြည့်လေ ရာ သူ၏အနီးအပါး ယုတ်နိမ့်သည့်အိပ်ရာထက်မှာ ပက်လက်ကလေး အိပ်နေသည်ကို မြင်၏။

"အင်း…ငါ့သူငယ်ချင်းဟာ ရှေးဘဝတုန်းက လူ့ပါလို့ ငါ တိုက်တွန်းတာ နားမထောင်ဘူး၊ ခုတော့ ယုတ်နိမ့်တဲ့နေရာ ရောက်နေ ရရှာပြီ။ ဒီအခါဟာ အခါကောင်းပဲ၊ သင်းကို ဒါနရဲ့ လက်တွေ့ အကျိုးကို ပြောပြီး အနိုင်ယူရမယ်"ဟု တွေးဆမိသဖြင့်–

"အို ချစ်ဆွေ…သင်ဟာ လူ့ပါတန်းပါလို့ ငါပြောတဲ့စကားကို နားမထောင်ခဲ့ဘူး။ ကိုင်း…အခု ဘယ့်နှယ်ရှိစ။ သင်…ဆင်းရဲတဲ့ဘဝကို ရောက်နေပြီမဟုတ်လား။ ကဲ…ငါ့ကိုကြည့်စမ်း…။ ငါက ဒါနပြုခဲ့တဲ့ အကျိုးကြောင့် သင့်ထက်သာလွန်တဲ့ စည်းစိမ်ကို ခံစားနေရပြီ။ ကိုင်း…သင်ဘာပြောချင်သေးသလဲ"ဟုဆို၏။

ဆင်းရဲသားကလေးငယ်က "အိုချစ်ဆွေ…သင်ဆိုတဲ့စကားဟာ လူပြိန်းတွေ အထင်ကြီးလောက်တဲ့စကားပဲ။ သင်တို့…ငါတို့ဟာ တရားသဘောကို အသင့်အတင့် နားလည်သိရှိထားကြပြီပဲ။ ဘာဖြစ်လို့ စည်းစိမ်ဂုဏ်သိန်ကို အမှီပြုပြီး ကြွားဝါတဲ့စကား ပြောချင်ရသလဲ။ အမှန်စင်စစ်က သင့်ပတ်ဝန်းကျင်မှာရှိတဲ့ ရွှေ, ငွေ, မြ, ဖန်စတဲ့ စည်းစိမ်တွေဟာ ပထဝီဓာတ်စုတွေပဲ။ ငါအိပ်နေတဲ့ ပုဆိုးနွမ်းနဲ့ ဝါးခြမ်းစိတ်တွေကလည်း ပထဝီဓာတ်စုတွေပဲ။ဘာများထူးခြား လို့လဲကွာ"ဟု ပြန်ချေပ၏။

ကလေးငယ်နှစ်ဦး အပြန်အလှန်ပြောဆိုနေကြသည်ကို **အစ်မတော် သုမနာမင်းသမီး**က ကြားရ၏။ ကောသလဘုရင်၏သမီးတော် သုမနာသည် ၇ နှစ်သမီးအရွယ်တွင် သောတာပန်ဖြစ်ခဲ့ကြောင်းကို ရှေ့၌ ဖော်ပြခဲ့ပြီးဖြစ်သည်။

သုမနာမင်းသမီး စဉ်းစား၏–"ဒီကလေးတွေ ပြောဆိုနေကြတဲ့ စကားတွေဟာ သာသနာတော်ရဲ့ အတွင်းပိုင်းကျတဲ့စကားတွေပဲ။

ဒီကလေးနှစ်ယောက်ဟာ ရဟန်းဘဝက နတ်ဖြစ်ပြီး၊ နတ်ဘဝက လာသူတွေဖြစ်ရမယ်။ ဒီအကြောင်းကို အခြားသူတို့အား ပြောကြားခဲ့လျှင် ဒီကလေးတွေဟာ ဘီလူးတွေပဲလို့ ပြောကြလိမ့်မယ်။ ဒါကြောင့် ဘယ်သူ့ကိုမျှမပြောပြဘဲ ဘုရားရှင်ထံ လျှောက်ထားမှ တော်ပေမယ်"

သုမနာမင်းသမီးသည် အခြံအရံငါးရာ, ရထားငါးရာနှင့် ဘုရားရှင်ထံသို့ သွား၏။ ဘုရားရှင်အား ရိုသေစွာ ရှိခိုးပြီးနောက် လျှောက်ထား၏။

"အရှင်ဘုရား...မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ရဟန်းနှစ်ပါးတို့ဟာ ညီမျှတဲ့ သဒ္ဓါ, သီလ, ပညာရှိကြတယ်၊ တစ်ပါးက ပေးကမ်းလှူဒါန်းတတ်တယ်၊ တစ်ပါးက မပေးကမ်း မလှူဒါန်းတတ်ဘူး။ ထိုပုဂ္ဂိုလ်နှစ်ဦး ကွယ်လွန်ပြီး နတ်ပြည်သို့ရောက်တဲ့အခါ ဘယ်လိုထူးခြားမှုများ ရှိပါသလဲဘုရား"

"ချစ်သမီး သုမနာ...ပေးလှူတဲ့သူက မပေးလှူတတ်သူကို နတ်ဖြစ်တဲ့ဘဝမှာ အကြောင်းငါးမျိုးနှင့် လွှမ်းမိုးနိုင်တယ်။ အကြောင်းငါးမျိုးဆိုတာက–(၁)အသက်ရှည်တယ်၊ (၂)အဆင်းလှတယ်၊ (၃)ကိုယ်စိတ်နှစ်ပါးချမ်းသာတယ်၊ (၄)အခြံအရံပေါ်များပြီး ကျော်စောထင်ရှားတယ်၊ (၅)အစိုးရတဲ့ တန်ခိုးအာဏာကြီးတယ်။ ဒီအကြောင်းငါးမျိုးနှင့် ပေးလှူသူက မပေးလှူသူထက် သာလွန်တယ်"

"အရှင်ဘုရား...အကယ်၍ ထိုပုဂ္ဂိုလ်နှစ်ဦးဟာ နတ်ဘဝက စုတေပြီး လူဖြစ်လာကြတဲ့အခါ ထူးခြားချက်များ ရှိပါဦးမလား"

"ချစ်သမီး သုမနာ...လူဖြစ်လျှင်လည်း ပေးလှူသူက မပေးလှူသူကို အထက်ပါအကြောင်းငါးမျိုးနှင့် လွှမ်းမိုးနိုင်တယ်"

"အရှင်ဘုရား...အကယ်၍ ထိုပုဂ္ဂိုလ်နှစ်ဦးတို့ဟာ ရဟန်းပြုကြတယ်ဆိုလျှင် ရဟန်းဘဝမှာ ကွာခြားချက်များ ဖြစ်ကောင်းသေးသလားဘုရား"

"ချစ်သမီး...ရဟန်းဖြစ်ချင်းတူပေမယ့်၊ ဒါနပြုခဲ့တဲ့သူဟာ ဒါနမပြုခဲ့တဲ့ပုဂ္ဂိုလ်အပေါ် အထက်ပါအကြောင်းငါးမျိုးနှင့် လွှမ်းမိုးနိုင်တယ်"

"အရှင်ဘုရား...အကယ်၍ ထိုပုဂ္ဂိုလ်နှစ်ဦးတို့ဟာ ရဟန္တာအဖြစ်သို့ ရောက်ကြမယ်ဆိုရင် ထူးခြားချက်များ ဖြစ်ကောင်းပါသေးသလားဘုရား"

"ချစ်သမီး...သူတစ်ဦးရဲ့ ကိလေသာမှလွတ်မြောက်မှု (အရဟတ္တဖိုလ်)နှင့် အခြားသူတစ်ဦးရဲ့ ကိလေသာမှလွတ်မြောက်မှု (အရဟတ္တဖိုလ်)တို့ကို အနည်းငယ်မျှ ကွာခြားကြတယ်လို့ မဆိုကောင်းဘူး"

"အရှင်ဘုရား...အံ့ဖွယ်ရှိပေစွ၊ မဖြစ်ဖူးမြဲ ဖြစ်ပါပေစွ။ ဒါနရဲ့အကျိုးဟာ အရဟတ္တဖိုလ်ရောက်သည်အထိ ငါးပါးသော ကောင်းကျိုးချမ်းသာဖြင့် သာလွန်လွှမ်းမိုးနိုင်ပေတယ်။ ဒါနအကျိုးကို သိမြင်တဲ့သူတိုင်း နည်းများမဟူ ပေးလှူသင့်လှပေတယ်ဘုရား"

"ချစ်သမီး...သင်လျှောက်ထားတဲ့အတိုင်း မှန်တယ်။ ဒါနတရားဟာ ဘဝပေါင်းမြောက်မြားစွာ ကျေးဇူးပြုနိုင်တဲ့အတွက် ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း တတ်အားသမျှ ပေးလှူသင့်ကြပေတယ်"

(သုမနသုတ်)

## လှူဒါန်းပြီးလျှင် ဆုတောင်းသင့်သလား

ပေးလှူပြီးလျှင် ဆုတောင်းသင့်ပါသည်၊ အမျှအတမ်းလည်း ပေးဝေသင့်ပါသည်။ ဆုတောင်းခြင်းသည် ရသင့်ရထိုက်သည်ကို

ရယူရန်ဖြစ်သည်။ အလုပ်လုပ်၍ ငွေတစ်ထောင်ရရှိသူက မိမိ ကြိုက်နှစ်သက်ရာ တစ်ထောင်တန်ပစ္စည်းကို ဝယ်ယူသည်နှင့်တူသည်။

ဒါန၏စွမ်းအားသည် အလွန်ကြီးမားသည်။ ထိုစွမ်းအားကို မိမိအလိုရှိရာသို့ ဦးတည်ပေးလိုက်လျှင် ထိုအလိုရှိသောအရာ ဖြစ်ထွန်း လာနိုင်သည်။ ဒါနပြုပြီးနောက် ဆုတောင်းခြင်းသည် ထိုဒါန၏ စွမ်းအားကို မိမိတောင်းသည့်ဆု အကောင်အထည်ပေါ်လာဖို့အတွက် ဦးတည်ပေးခြင်း၊ အသုံးချခြင်းဖြစ်သည်။ ထို့ကြောင့် မိမိလိုရှိသည်ကို ရယူလိုလျှင် ဆုတောင်းသင့်ပါသည်။

"သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ(စွန့်ကြဲခြင်း)၊ ပညာဟူသော တရားငါးပါး တည်ရှိ၍ ဆုတောင်းမှုလည်းရှိသောသူ၏ လားရာဂတိ သည် မြဲ၏။ ဆုတောင်းမှုမရှိမှုကား အထက်ကောင်းကင်သို့ မြှောက် တင်ပစ်လွှင့်အပ်သော တုတ်လုံးတံသည် အောက်မြေပြင်သို့ အဖျားပိုင်း ဖြင့်ကျမည်၊ အလယ်ပိုင်းဖြင့်ကျမည်၊ အရင်းပိုင်းဖြင့်ကျမည်ဟု တိတိကျကျညွှန်ပြ၍ မရသကဲ့သို့ လားရာဂတိမမြဲနိုင်ပေ။ ထို့ကြောင့် ကုသိုလ်ကောင်းမှုတစ်ခုခုပြုခဲ့သော် သုဂတိဘုံဌာနတစ်ခုခုသို့ ဆု တောင်း၍ ပြုသင့်ကြပေသည်။ (မ၊ ၄၊ ၄။ ၁၀၄)

ဒါနပြုပြီးနောက် လောကီစည်းစိမ်များကို တောင့်တ၍ ဆုတောင်းလျှင် ထိုလောကီစည်းစိမ်များကို ဘဝအကြိမ်ကြိမ် ရရှိနိုင်ပါ သည်။ သို့သော် ထိုဒါနသည် လောကီအကျိုးစီးပွားကိုသာ ပေးဆောင် ၍ လောကုတ္တရာအကျိုးစီးပွားကို ပေးဆောင်မည်မဟုတ်ပါ။ လောကီ အကျိုးစီးပွားမျှကို တောင့်တလျှင် သံသရာကျင်လည်စေသော ဝဋ္ဋနိဿိတဒါန ဖြစ်သွားလိမ့်မည်။

ဒါနပြုပြီးတိုင်း လောကုတ္တရာအကျိုးစီးပွားကိုသာ တောင့်တ၍ ဆုတောင်းသင့်သည်။ သာဝကဗောဓိဆု၊ မဟာသာဝကဗောဓိဆု၊ အဂ္ဂမဟာသာဝကဗောဓိဆု စသည်ဖြင့် မိမိအလိုရှိရာကို ဆုတောင်းပါ။ သို့မဟုတ် နိဗ္ဗာန်ကိုဆုတောင်းပါ။

**ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု။**

မေ၊ တပည့်တော်၏။ ဣဒံပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရားလေးပါးတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မြတ်နိဗ္ဗာန်ကို ကေန် ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

**ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။**

မေ၊ ကျွန်ုပ်၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ ပစ္စယော၊ အကြောင်းအထောက်အပံ့သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ရန်ကုန်မှ မန္တလေးသို့ မီးရထားလက်မှတ်ယူပြီး ခရီးသွားသူသည် ကြားဘူတာများကို ဖြတ်သန်းသွားရသည်။ ကြားဘူတာတစ်ခုခု၌ လည်း ဆင်းနေနိုင်သည်။ ထို့အတူပင် နိဗ္ဗာန်ကို ဆုတောင်းထား သူသည် နိဗ္ဗာန်မရောက်မီ သံသရာကျင်လည်နေသောကာလ၌ လောကီ စည်းစိမ်ချမ်းသာတို့ကို ခံစားရမည်ဖြစ်သည်။

## အမျှဝေခြင်းနှင့် သာဓုခေါ်ခြင်း

လှူဖွယ်ဝတ္ထုကို စွန့်ကြဲပေးကမ်းလှူဒါန်းသကဲ့သို့ မိမိရပြီးသော ကုသိုလ်စေတနာကို စွန့်ကြဲပေးကမ်း အမျှအတမ်းဝေသင့်၏။ ဤသို့ အမျှအတမ်းဝေခြင်းကို "ဒါနမယ" ကုသိုလ်ကံဟူ၍ပင် ခေါ်ဆိုရ၏။

(ပေတ၊ ၄။ ၉)

လှူဖွယ်ဝတ္ထုပစ္စည်းစုကို စွန့်ကြဲပေးကမ်း လှူဒါန်းပြီးနောက် "သတ္တဝါဟူသမျှအား ဤကုသိုလ်အဖို့ကို ပေးဝေပေါ်၏၊ ကုသိုလ်အမျှရကြပါစေ"ဟု အမျှပေးဝေခြင်းသည် "ပတ္တိဒါန"ကုသိုလ်မည်၏။

(ဒီ၊ ၄၊ ၃။ ၁၈၂။ အဘိ၊ ၄၊ ၁။ ၂၀၂)။

မိမိပြုသောကုသိုလ်ကောင်းမှုကို သူတစ်ပါးတို့အား အမျှပေးဝေလိုက်သည့်အတွက် အလှူရှင်၏ကုသိုလ်ကောင်းမှုသည် ကုန်မသွားပေ၊ စင်စစ်မှာ တိုးပွားရှိသာလာ၏။ ဥပမာ–အိမ်ခြေတစ်ရာရှိသော ကျေးရွာ၌ တစ်အိမ်သာမီးရှိ၍ ကျန်အိမ်တို့၌ မီးမရှိသဖြင့် ကိုယ်စီကိုယ်ငဆီနှင့်မီးစာကိုယူကြ၍ မီးရှိသောအိမ်မှမီးကို ကူးယူထွန်းညှိကြရာ ပထမအိမ်ရှိမီးရောင်သည် ယုတ်လျော့ကုန်ခန်းသွားခြင်းမရှိ၊ အသစ်ဖြစ်သောမီးရောင်၏အကူအညီရ၍ ပို၍သာထွန်းလင်းတောက်ပလာ၏။

ထို့အတူပင်လျှင် မိမိပြုသောကုသိုလ်ကောင်းမှုကို သူတစ်ပါးတို့အား အမျှပေးဝေလိုက်ခြင်းကြောင့် အလှူရှင်၏ ကုသိုလ်မှာ ယုတ်လျော့သွားသည်မရှိ၊ ပို၍ပင် တိုးပွားလာပါသည်။

(အံ၊ ၄၊ ၁။ ၁၄၇)

"ဤအလှူဒါနကို ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့ သုံးဆောင်ကြပါစေ၊ ကုသိုလ်အမျှ ရကြပါစေ"ဟု ကွယ်လွန်သူတို့ကို ရည်စူး၍ ပေးလှူလျှင် ထိုကွယ်လွန်သူတို့သည် ပြိတ္တာဘဝ၌ဖြစ်နေပါက အလှူဒါနကို သုံးဆောင်နိုင်ကြသည်။ ကွယ်လွန်သူတို့က မကောင်းမှုဒုစရိုက်ကို ပြုကျင့်ခဲ့ကြသဖြင့် ငရဲ, တိရစ္ဆာန်ဘဝတို့၌ ဖြစ်နေကြလျှင်သော်လည်းကောင်း၊ မကောင်းမှုဒုစရိုက်မှ ရှောင်ကြဉ်ခဲ့သဖြင့် လူ,နတ်ဘဝတို့၌ ဖြစ်နေကြလျှင်သော်လည်းကောင်း ရည်စူးသည့်အတိုင်း အလှူဒါနကို မသုံးဆောင် မခံစားရချေ။

ကွယ်လွန်သူတို့သည် ပြိတ္တာဘုံ၌ မဖြစ်ခဲ့သော် အဘယ်သူတို့သည် အလှူဒါနကို သုံးဆောင်ခံစားပါအံ့နည်းဟူမူ ဤမျှရှည်လျားစွာသော အချိန်အခါဝယ် ကွယ်လွန်သူဆွေမျိုးသားချင်းတို့မှ ကင်းဆိတ်ရာ အရပ်ဌာနဟူ၍ မရှိနိုင်ပြီ၊ သို့ဖြစ်၍ တစ်ပါးသောဆွေမျိုးပြိတ္တာများ သုံးဆောင်နိုင်ကြ၏။

ယင်းသို့ ပြိတ္တာဘဝဖြစ်ရာ၌လည်း-(၁)ပြိတ္တာကိုယ်တိုင်က ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နိုင်ခြင်း၊ (၂) အလှူရှင်ပုဂ္ဂိုလ်ကရည်စူး၍ အမျှပေးဝေခြင်း၊ (၃) မြတ်သောအလှူကို ခံယူထိုက်သော သီလဝန္တ အလှူခံပုဂ္ဂိုလ်ဖြစ်ခြင်း၊ ဤအကြောင်းသုံးပါးနှင့်ပြည့်စုံပါမှ တစ်ခဏချင်း အကျိုးဖြစ်ထွန်း၍ သုံးဆောင်ခံစားရသည်။

(ခုဒ္ဒက။ ၈၊ ၉။ ပေတ။ ၁၂၉၊ ၁၃၀။ ခုဒ္ဒက၊ ၄၊ ၁၇၅-၁၈၂)

သူတစ်ပါးတို့ပေးဝေသော ကုသိုလ်အဖို့ကို ဝမ်းမြောက်စွာ သာဓုခေါ်ခြင်းကို **ပတ္တာနုမောဒန**ဟု ခေါ်၏။ သာဓုခေါ်သူသည် အမျှပေးဝေသူ၏ ကုသိုလ်အကျိုးတရားကို ဆင်ခြင်၍ ဝမ်းမြောက်ဝမ်းသာဖြစ်နေလျှင် အဘိဓမ္မာဒေသနာအရ သာဓုတစ်ကြိမ်ခေါ်တိုင်း မဟာကုသိုလ်စိတ် ကုဋေတစ်သိန်းကျော်ဖြစ်ပြီး မဟာကုသိုလ်ကံ ကုဋေတစ်သိန်းကျော်ကို ဆည်းပူးရရှိမည်ဖြစ်သည်။

အရှင်မဟာမောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်၌ အလွန်ကြီးကျယ်ခမ်းနားသော ဘုံဗိမာန်သစ်တစ်ခုကိုမြင်ရာ စုံစမ်းကြည့်၏။ ဗိမာန်ရှင်သည် လူ့ဘဝ၌ ဝိသာခါကျောင်းအမ၏ ပုဗ္ဗာရုံကျောင်း အလှူကို ဝမ်းမြောက်ဝမ်းသာ သာဓုနမော် ခေါ်ဆိုခဲ့သည့် ကုသိုလ်ကံကြောင့် ထိုဗိမာန်ပေါ်ပေါက်ကြောင်း မထေရ်ကျော် သိရှိတော်မူသည်။

ပတ္တိဒါနနှင့် ပတ္တာနုမောဒနတို့သည် ဒါနအုပ်စုတွင်ပါဝင်သော

ကောင်းမြတ်သည့်အကျိုးတို့၏တည်ရာ "ပုညကြိယဝတ္ထု"များ ဖြစ်ကြ၏။ ထို့ကြောင့် အလှူယ်တကူ ကုသိုလ်ရရှိနိုင်သော ဤကောင်းမှုနှစ်မျိုးကို မမေ့မလျော့ ပြုကျင့်ထိုက်ပေ၏။

*တိုတိုကျဉ်းကျဉ်း လိုရင်းရောက်အောင် အမျှပေးဝေလိုသော် ...*

***ဣဒံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ။***

*ဣဒံ ပုညဘာဂံ၊ ဤကောင်းမှုကုသိုလ်အဖို့ကို။ သဗ္ဗသတ္တာနံ၊ အလုံးစုံသော သတ္တဝါအပေါင်းတို့အား။ ဒေမ၊ အမျှပေးဝေပါကုန်၏။*

*သို့မဟုတ် "ယနေ့ယခု၊ ပြုပြုသမျှ၊ မြတ်ဘာဂကို၊ မိဘဆရာ၊ မျိုးသဟာနှင့်၊ ကိုယ်မှာစောင့်ကြပ်၊ ကိုယ်စောင့်နတ်က၊ အရင်းစ၍၊ ရှိသမျှလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျတို့၊ ရကြပါစေ၊ ပေးငှဝေသည်၊ များထွေသာခုခေါ်စေသောဝ်"။*

*သူတော်ကောင်းအပေါင်းတို့ ပေးဝေငှသော ကုသိုလ်အဖို့ကိုလည်း ဝမ်းမြောက်နမော် သာခုခေါ်ပါ၏။*

*အမျှ–အမျှ–အမျှ ယူတော်မူကြပါကုန်လော့။ သာခု–သာခု–သာခု။*

## ဒါနအကျိုးကို ဆွေမျိုးပြိတ္တာတို့ ခံစားနိုင်

အခါတစ်ပါး၌ ဇာဏုသောဏိပုဏ္ဏားသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးလျှင် ဤသို့လျှောက်ထား၏။

"အရှင်ဘုရား...တပည့်တော်တို့ ပုဏ္ဏားများသည် ဆွေမျိုးသားချင်းထဲက တစ်ဦးဦး ကွယ်လွန်သွားလျှင် ထိုကွယ်လွန်သူကို ရည်မှန်းပြီး အလှူပေးတတ်ကြပါ၏၊ ထိုအလှူသည် ကွယ်လွန်သူထံသို့ ရောက်ပါသလား:"

"အို ပုဏ္ဏား၊ ရောက်သင့်သည့်သူထံသို့ ရောက်၏၊ မရောက်သင့်သောသူထံသို့ မရောက်"ဟု မြတ်စွာဘုရား ဖြေကြားတော်မူ၏။

"အရှင်ဘုရား...ရောက်သင့်သည့်သူနှင့် မရောက်သင့်သောသူတို့ကား အဘယ်နည်း:"

"အို ပုဏ္ဏား...ဤလောက၌ အချို့သူတို့သည် သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း စသည့် မကောင်းမှုဒုစရိုက်များကို ပြုကျင့်လေ့ရှိကြ၏။ ထိုသူတို့ ကွယ်လွန်ကြသည့်အခါ ငရဲဘုံသို့ ရောက်ကြရ၏၊ သို့မဟုတ် တိရစ္ဆာန်ဘုံသို့ရောက်ကြရ၏။ ထိုသူတို့ထံသို့ ဒါနသည်မရောက်။

"အို ပုဏ္ဏား၊ ဤလောက၌ အချို့သူတို့သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းချောသောစကားမှ ရှောင်ကြဉ်၏၊ ရန့်ရင်းကြမ်းတမ်းသောစကားမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်၏၊ အဘိဇ္ဈာမများ၊ မဖျက်ဆီးလိုသောစိတ်ရှိ၏၊ မှန်ကန်သောအယူရှိ၏၊ ဤသို့ ကောင်းမှုသုစရိုက်ပြုသောသူတို့ ကွယ်လွန်ကြသည့်အခါ လူ့ဘုံသို့ရောက်ကြရ၏၊ သို့မဟုတ် နတ်ဘုံသို့ရောက်ကြရ၏။ ထိုသူတို့ထံသို့လည်း ဒါနသည် မရောက်။

"အို...ပုဏ္ဏား၊ ဤလောက၌ အချို့သူတို့သည် မကောင်းမှု ဒုစရိုက်များကို ပြုလုပ်ထားသည့်အတွက် သေလွန်ကြသည့်အခါ ပြိတ္တာဘုံသို့ ရောက်ကြရ၏။ ထိုသူတို့ထံသို့ ဒါနသည် ရောက်၏" (အလှူပေး၍ အမျှပေးဝေလျှင် ထိုပြိတ္တာတို့ သာဓုခေါ်နိုင်သဖြင့် အလှူ၏အကျိုးကို ရရှိနိုင်ကြ၏)။

"ဤသို့ဆိုလျှင် ကွယ်လွန်သည့်ဆွေမျိုးသားချင်းများက ပြိတ္တာ မဖြစ်လျှင် ထိုသူတို့အတွက် ရည်စူး၍ ပေးလှူသောဒါနသည် အချည်းနှီးဖြစ်သွားပါသလားဘုရား"

"ပုဏ္ဏား...ပြိတ္တာဘုံသို့ရောက်ကုန်သော အခြားသော ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့သည် ထိုဒါနကို သုံးဆောင်ခံစားရ၏"

"အရှင်ဂေါတမ...အကယ်၍ ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့ ကလည်း ပြိတ္တာဘုံသို့မရောက်၊ အခြားသောကွယ်လွန်သူ ဆွေမျိုး သားချင်းတို့ကလည်း ပြိတ္တာဘုံ၌ မရှိကြလျှင် ထိုဒါနကို မည်သူ သုံးဆောင်မည်နည်း"

"ပုဏ္ဏား...ဤမျှရှည်လျားသော သံသရာဝယ် ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့မှ ကင်းဆိတ်ရာဌာနဟူ၍ မရှိ (ဆွေမျိုးပြိတ္တာတို့ ရှိသည်သာတည်း)။ အမှန်စင်စစ်အားဖြင့် အလှူရှင်သည်လည်း အကျိုးမဲ့မဖြစ်နိုင်"

"အလှူရှင်က ဒါန၏အကျိုးကို အဘယ်သို့ ခံစားခွင့်ရှိပါသလဲ"

"အို...ပုဏ္ဏား၊ ဤလောက၌ အချို့သူတို့သည် အသက်ကို သတ်ခြင်း၊ မပေးသည်ကိုယူခြင်း စသော မကောင်းမှုဒုစရိုက်များကို ပြုကျင့်၏၊ အလှူအတန်းကိုလည်း ပြုလုပ်၏။ ထိုသူတို့ ကွယ်လွန်ကြ သောအခါ ဆင်ဖြစ်ကြ၏၊ မြင်းဖြစ်ကြ၏၊ ခွေးဖြစ်ကြ၏၊ ထိုသို့

တိရစ္ဆာန်ဘဝသို့ ရောက်သွားသော်လည်း ပြုစုအားထုတ်ခဲ့သော ဒါနက ပဝတ္တိအကျိုးကိုပေးသောကြောင့် အဆင်းလှ၏၊ ချစ်ခင်သူ ပေါများ၏၊ အစားအသောက်ပြည့်ပြည့်ဖြိုးဖြိုးရ၏၊ အဆင်တန်ဆာ အမျိုးမျိုးကို ရ၏။

"အို ပုဏ္ဏား...ဤလောက၌ အချို့သူတို့သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်၏၊ ဤသို့စသည်ဖြင့် ကောင်းမှုသုစရိုက်များကိုပြုကျင့်၏၊ အလှူအတန်းကိုလည်း ပြုလုပ်၏။ ထိုသူတို့ ကွယ်လွန်ကြသောအခါ လူဖြစ်ကြ၏၊ နတ်ဖြစ်ကြ၏၊ ထိုလူ့ဘဝ၊ နတ်ဘဝတို့၌ ဒါနအကျိုးအဖြစ် ကာမဂုဏ်ငါးပါးတို့ကို ရရှိကြ၏။ ပုဏ္ဏား...အလှူရှင်သည်လည်း အလှူ၏အကျိုးကို ခံစားရသည်သာတည်း"

"အရှင်ဘုရား...ဒါန၏ အကျိုးတရားသည် အံ့ဖွယ်ကောင်းပေစွ၊ အလှူရှင်သည်လည်း အချည်းနှီးမဖြစ်သည့်အတွက် ပုဂ္ဂိုလ်တိုင်း အလှူပေးသင့်၏"

(အင်္ဂုတ္တိုရ်မြန်မာပြန်၊ ဇာဏုသောဏိသုတ်)

## ပြိတ္တာ အသူရကာယ်တို့ကို ကယ်ချွတ်နိုင်သည့် မြတ်ဒါန

ပျဉ်းမနားမြို့၊ အင်ကြင်းမြိုင်တောရ၌ **လယ်တီဆရာတော်ဘုရား** သိတင်းသုံးနေစဉ် ဦးထွန်းလှိုင်ဆိုသူက သက်န်းလှူ၏။

"အရှင်ဘုရား...တပည့်တော်ကိုးကွယ်တဲ့ ဘုန်းကြီးတစ်ပါး ပျံလွန်ပြီး ပြိတ္တာဖြစ်နေပါတယ်။ တပည့်တော်ကို ခဏခဏအိပ်မက်ပေးပြီး 'ငါမစားရ, မဝတ်ရဘူး၊ ကုသိုလ်လုပ်ပြီး အမျှပေးဝေစမ်းပါ'လို့ ပြောပါတယ်။ ထိုဘုန်းကြီးပြိတ္တာအား ရည်မှန်း၍ ဤသက်န်းကို

သံဃာတော်အား လှူပါတယ်ဘုရား။ ဤကောင်းမှု၏ အဖို့ဘာဂကို ထိုဘုန်းကြီးပြိတ္တာအား အမျှ-အမျှ-အမျှ-ပေးဝေပါ၏"

"မောင်ထွန်းလှိုင်၊ တို့များသီလက ဒါလောက်တော့ ကယ်နိုင်ပါသေးတယ်ကွယ်"ဟု ဆရာတော် မိန့်တော်မူ၏။

မှန်ပေသည်။ မကြာမီပင် ထိုဘုန်းကြီးပြိတ္တာသည် နတ်ဝတ်တန်ဆာဖြင့်လာ၍ ဦးထွန်းလှိုင်အား အိပ်မက်ထဲ၌ ဝမ်းသာစကားပြောကြားလေ၏။

**ဝမ္မာနအရပ်၌နေသော** မုဆိုးတစ်ယောက်သည် ပြိတ္တာတို့ကို ရည်စူး၍ အလှူဒါနသုံးကြိမ်ပြု၏။ သီလမရှိသော=ဒုဿီလပုဂ္ဂိုလ်အား လှူမိသဖြင့် ပြိတ္တာက "ငါ့ပစ္စည်းတွေကို ဒုဿီလပုဂ္ဂိုလ် လုယူထားသည်"ဟု ဟစ်အော်၏။ မုဆိုးသည် သီလရှိသော သီလဝန္တ ရဟန်းတော်တစ်ပါးအား ပင့်၍ တစ်ဖန် လှူဒါန်းပြီးလျှင် အမျှပေးဝေ၏။ ဤအလှူ၏ အကျိုးကို ထိုပြိတ္တာ ချက်ချင်းခံစားရပေ၏။ ထို့ကြောင့် အလှူခံပုဂ္ဂိုလ်သည် သီလရှိရန် လိုအပ်၏။ (မ၊ ဠ၊ ၄၊ ၂၂၇)

ဂေါတမမြတ်စွာဘုရားသည် ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ အမည်ရှိကြသည့် ရသေ့ညီနောင်သုံးဦးနှင့် တပည့်ရသေ့တစ်ထောင်တို့ကို ချေချွတ်တော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၏။ ဗိမ္ဗိသာရမင်း အမှူးပြုသော ပုဏ္ဏားသူဌေးပေါင်း ၁ သိန်း ၂ သောင်းတို့အား တရားဟောကြားတော်မူရာ ဗိမ္ဗိသာရမင်းနှင့်တကွ ပုဏ္ဏားသူဌေးပေါင်း ၁ သိန်း ၁ သောင်းတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။ ကျန်သည့်ပုဏ္ဏားသူဌေးပေါင်း ၁ သောင်းတို့ကား သရဏဂုံ၌ တည်ကြကုန်၏။

ဗိမ္ဗိသာရမင်းသည် မိမိ၏နန်းတော်၌ ဘုရားအမှူးပြုသော သံဃာတော်တို့အား မွန်မြတ်သည့် ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို လှူဒါန်း၏။ ထို့နောက် ဝေဠုဝန်ဥယျာဉ်ကို ကျောင်းအရံအဖြစ် လှူဒါန်း၏။ မြတ်စွာဘုရားသည် ကျောင်းအလှူ အနုမောဒနတရား ဟောကြားချီးမြှောက်တော်မူပြီးလျှင် ဝေဠုဝန်ကျောင်းအရံသို့ ကြွစံသီတင်းသုံးတော်မူ၏။

ထိုနေ့ညဉ့် အကာလအချိန်တွင် နန်းတော်ဝန်းကျင်ဝယ် အလွန်ကြောက်မက်ဖွယ်ကောင်းသော ဟစ်အော်သံ, နာကြည်းညည်းညူသံများ ပေါ်ထွက်လာကြ၏။ မင်းကြီးသည် ထိုအသံတို့ကို ကြားရသဖြင့် ပြင်းစွာ ကြောက်ရွံ့တုန်လှုပ်၏။ နံနက်မိုးသောက်သော် မြတ်စွာဘုရားထံ သွား၍ ထိုအကြောင်းကို လျှောက်ထား၏။

"မြတ်သောမင်းကြီး၊ မကြောက်လင့်။ ထိုအသံတို့သည် သင့်အား ဘေးအန္တရာယ်မဖြစ်စေပါ။ စင်စစ်သော်ကား ထိုအသံတို့သည် သင့်ဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့၏ ဟစ်အော်ညည်းညူသံများ ဖြစ်ကြ၏။ သူတို့သည် သင်အလှူဒါနပေးပြီး အမျှပေးဝေလိမ့်မည်ဟု ကြာမြင့်စွာ စောင့်စားမျှော်လင့်နေခဲ့ကြသည်။ သင်သည် ယမန်နေ့က ထိုဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့အား ကောင်းမှုကုသိုလ်အမျှခွန်းကို မညွှန်းမြွက်ခဲ့ချေ။ ထို့ကြောင့် ထိုပြိတ္တာအပေါင်းတို့က မျှော်လင့်ချက်ကင်းပြတ်ကာ ကြောက်မက်ဖွယ်ရာ ဟစ်အော်ငိုကြွေးကြခြင်း ဖြစ်ပေသည်"

"မြတ်စွာဘုရား၊ ယခုတစ်ဖန် လှူဒါန်း၍ အမျှပေးဝေလျှင် သူတို့ ရနိုင်ကြပါမည်လား"

"ရနိုင်ပေ၏ ဒကာတော်မင်းကြီး"

"အရှင်ဘုရား...ထိုသို့ဖြစ်လျှင် ယနေ့ တပည့်တော်၏ အလှူဒါနကို လက်ခံတော်မူပါဘုရား"

မင်းကြီးသည် ကြီးစွာသောအလှူဒါနကို စီမံ၏။ မြတ်စွာဘုရားနှင့် သံဃာတော်အပေါင်းတို့ နန်းတော်သို့ ကြွလာတော်မူလျှင် ဆွေမျိုးပေါင်းပြိတ္တာအပေါင်းတို့လည်း ရွှေနန်းတော်သို့ လာရောက်ကြကာ နံရံတစ်ဖက်စသည်၌ စောင့်မျှော်နေကြကုန်၏။ မြတ်စွာဘုရားသည် ထိုဆွေမျိုးပြိတ္တာတို့အား မင်းကြီး မြင်နိုင်ရန် အဓိဋ္ဌာန်တော်မူ၏။

မင်းကြီးသည် မြတ်စွာဘုရား ရွှေလက်တော်သို့ ရေစက်လောင်းလှူရင်း ဣဒံမေ ဉာတီနံ ဟောတု = ဤ ရေကြည်ရေစက်အလှူသည် အကျွန်ုပ်၏ ဆွေမျိုးများအတွက် ဖြစ်ပါစေသတည်းဟု အမျှပေးဝေ၍ ဆွေမျိုးပြိတ္တာတို့သည် ကုသိုလ်အဖို့ဘာဂကို ရရှိကြသဖြင့် ကြာမျိုးငါးပါးတို့နှင့် တင့်တယ်သော ရေကန်များ ဘွားခနဲဖြစ်ပေါ်လာကြသည်ကို သောက်ကြချိုးကြရ၏၊ ရေမွတ်သိပ်ခြင်းကင်းကြ၏၊ ပင်ပန်းနွမ်းနယ်မှုပျောက်ကင်းကြ၏၊ ဝါဝင်းသောကိုယ်အဆင်းရှိလာကြ၏။

မင်းကြီးသည် ယာဂုဆွမ်း, ခဲဖွယ်ဆွမ်း, ဘောဇဉ်ဆွမ်းတို့ကို အစဉ်အတိုင်း ဘုရားအမှူးရှိသည့် ရဟန်းသံဃာအား လှူဒါန်းဆက်ကပ်၍ ရေ့နည်းအတူ အမျှပေးဝေ၏။ ဆွေမျိုးပြိတ္တာတို့ သုံးဆောင်ရန် နတ်၌ဖြစ်သော ယာဂု, ခဲဖွယ်, ဘောဇဉ်တို့ဖြစ်ပေါ်လာကြကုန်၏။ ဆွေမျိုးပြိတ္တာတို့ အားပါးတရ သုံးဆောင် စားသောက်ကြရ၏။ ပြည့်ဖြိုးစိုပြည်သော မျက်စိ, နား, နှာ, လျှာ, ကိုယ် ဣန္ဒြေတို့နှင့် ပြည့်စုံလာကြ၏။

ထို့နောက် မင်းကြီးသည် မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာအား အဝတ်သင်္ကန်း, အိပ်ရာ, နေရာများကို လှူဒါန်းဆက်ကပ်၍ အမျှပေးဝေ၏။ ထိုခဏ၌ပင် ဆွေမျိုးပြိတ္တာတို့အတွက် နတ်ဝတ်တန်ဆာများ၊ ယာဉ်များ၊ နတ်ဘုံဗိမာန်များ၊ နတ်အခင်းအိပ်ရာနေရာများ ဖြစ်ထွန်းပေါ်ပေါက်လာကြကုန်၏။

မြတ်စွာဘုရားသည် အနုမောဒနာတရား ဟောကြားအံ့သောငှာ **တိရောကုဋ္ဋသုတ္တန်**ကို ဟောကြားတော်မူ၏။

## လှူဖွယ်ဝတ္ထုလုယူစား ငရဲပြိတ္တာဘုံသွား

လွန်လေပြီးသော ၉၂ ကမ္ဘာထက်၌ **ဖုဿမြတ်စွာဘုရား** ပွင့်တော်မူသောအခါ ဘုရား၏ခမည်းတော်ဖြစ်သော **ဇယသေနမင်းကြီး**သည် မိမိတစ်ဦးတည်းသာ ဘုရားနှင့် သံဃာတော်ကို လုပ်ကျွေး၏။ ဖုဿမြတ်စွာဘုရား၏ ဖတူမိကွဲဖြစ်သော ညီတော်သုံးယောက်တို့သည် မြို့စွန်ဖျား၌ ထကြွသောင်းကျန်းသော သူပုန်ရန်ကို တွန်းလှန်ပယ်ဖျက်ပြီးလျှင် ဘုရင်မင်းမြတ်ထံမှ မြတ်စွာဘုရားအား ဆည်းကပ်လုပ်ကျွေးခွင့်ကို တောင်း၏၊ ဝါတွင်းသုံးလ လုပ်ကျွေးခွင့်ရ၏။

မင်းသားသုံးဦးတို့သည် မိမိတို့နေရာဇနပုဒ်၌ အတွင်းဝန်အမတ်အား မြတ်စွာဘုရားနှင့် ရဟန်းတော် ၉၀၀၀၀ သီတင်းသုံးရန် ကျောင်းအရံများကို ဆောက်လုပ်စေ၏။ ပြီးစီးသောအခါ မင်းသားတို့သည် ရဲမက်စစ်သည်တော် ၁၀၀၀ တို့နှင့်အတူ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ကြကုန်လျက် ဘုရားအမှူးရှိသော သံဃာတော်တို့ကို ဇနပုဒ်သို့ ပင့်ဆောင်ပြီး ကျောင်းအရံများကိုလှူဒါန်းကြ၏။ ထို့နောက် ကျောင်းအရံ၌ပင် သီတင်းသီလဆောက်တည်ကာ ဘုရားနှင့်သံဃာတော်အား ဝေယျာဝစ္စအမှု ပြုလုပ်ပေးကြ၏။

မင်းသားတို့၏ဘဏ္ဍာစိုးဖြစ်သော သူဌေးသည် မင်းသားသုံးဦးတို့အား ဘဏ္ဍာတိုက်မှငွေကို အတွင်းဝန်အမတ်အား လိုအပ်သလိုထုတ်ပေး၏။ အတွင်းဝန်အမတ်က ဇနပုဒ်နေသူ ၁၁၀၀၀ တို့နှင့်အတူတကွ ဆွမ်းခဲဖွယ်ဘောဇဉ် အမယ်မယ်ကို ကောင်းမွန်စွာစီမံချက်ပြုတ်ပြီး ဘုရားအမှူးရှိသော ရဟန်းတော်အပေါင်းအား နေ့စဉ်ဆက်ကပ်လှူဒါန်းကြ၏။

ထိုစီမံချက်ပြုတ်၊ ဝေယျာဝစ္စလုပ်သူတို့အနက် အတွင်းဝန်အမတ်၏ ဆွေမျိုးအချို့တို့သည် ကောက်ကျစ်ယုတ်မာကြသဖြင့် အမျိုးမျိုးနှောင့်ယှက်ကြ၏၊ လှူဖွယ်ဝတ္ထုဆွမ်းဟင်းလျာများကို ကိုယ်တိုင်လည်းလုယက်ခိုးဝှက်စားသောက်ကြ၏၊ သားသမီးများကိုလည်း ကျွေးမွေးကြ၏၊ အလှူတင်းကုပ်များကိုလည်း မီးရှို့ကြ၏။

ဝါကျွတ်၍ သံဃာတော်တို့ ပဝါရဏာပြုပြီးသော် မင်းသားတို့သည် ဘုရားအမှူးရှိသော သံဃာတော်အား အကြီးအကျယ် လှူဒါန်းပူဇော်ကြ၏။ ထို့နောက် ခမည်းတော်၏နိုင်ငံသို့ ပို့ဆောင်ကြ၏။

ခမည်းတော်မင်းကြီး၊ မင်းသားညီနောင်သုံးဦး၊ အတွင်းဝန်အမတ် ဘဏ္ဍာစိုးသူဌေးနှင့် အခြံအရံပရိသတ်များ ကွယ်လွန်ကြသည့်အခါ နတ်ပြည်သို့ လားရောက်ကြကုန်၏။ အတွင်းဝန်အမတ်၏ ကောက်ကျစ်ယုတ်မာသော ဆွေမျိုးများကား ငရဲဘုံသို့ လားရောက်ကြကုန်၏။

ထိုသူနှစ်ဖွဲ့တို့သည် တစ်ဖွဲ့က နတ်ပြည်တစ်ပြည်မှတစ်ပြည် ကျင်လည်၍ ကျန်တစ်ဖွဲ့က ငရဲပြည်တစ်ပြည်မှတစ်ပြည် ကျင်လည်ရင်း ၉၂ ကမ္ဘာကုန်လွန်ခဲ့၏။ ဤဘဒ္ဒကမ္ဘာ၌ ကဿပမြတ်စွာဘုရားပွင့်ထွန်းတော်မူသောအခါ ထိုကောက်ကျစ်ယုတ်မာသည့်အဖွဲ့သည် ပြိတ္တာဘုံ၌ ဖြစ်လာကြ၏။ လူအပေါင်းတို့က မိမိတို့၏ ဆွေမျိုးပြိတ္တာ

များအတွက် အလှူပေးပြီး အမျှပေးဝေကြလျှင် ထိုဆွေမျိုးပြိတ္တာတို့ စည်းစိမ်ချမ်းသာကို ရရှိကြကုန်၏။

အတွင်းဝန်၏ ဆွေမျိုးပြိတ္တာတို့သည် ကဿပမြတ်စွာဘုရားထံ ချဉ်းကပ်၍ ထိုသို့သော စည်းစိမ်ချမ်းသာကို မိမိတို့လည်း ရကြပါ မည်လားဟု မေးလျှောက်ကြ၏။

"အို ပြိတ္တာအပေါင်းတို့ ယခုအခါ၌ ထိုသို့သောစည်းစိမ်ကို သင်တို့မရနိုင်ကြသေး။ နောင်အနှစ်ကပ်တစ်ကပ်လွန်လျှင် ဂေါတမ မြတ်စွာဘုရား ပွင့်ပေါ်လိမ့်မည်။ ထိုအခါ သင်တို့၏ ဆွေမျိုးရင်း ဖြစ်ခဲ့ဖူးသော အတွင်းဝန်အမတ်သည် ဗိမ္ဗိသာရမင်းဖြစ်၍ ဂေါတမ မြတ်စွာဘုရားအား အလှူဒါနကြီးစွာပေးလိမ့်မည်၊ အလှူ၏အဖို့ဘာဂကို သင်တို့အား အမျှပေးဝေလိမ့်မည်။ ထိုအခါ ဤစည်းစိမ်မျိုးကို သင်တို့ ရကြပေလိမ့်မည်"

ကဿပမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားကြလျှင် "နက်ဖြန်ခါပင် စည်းစိမ်ရကြလိမ့်မည်"ဟု မိန့်ကြားလိုက်သကဲ့သို့ ထင်မှတ်၍ ပြိတ္တာတို့ အလွန်ဝမ်းမြောက်ကြ၏။

ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းလာသောအခါ ရှေး ၉၂ ကမ္ဘာ ထက်က မင်းသားသုံးဦးနှင့် အခြံအရံတစ်ထောင်တို့သည် ဉရုဝေလ ကဿပ အမှူးရှိသော ရသေ့ညီနောင်နှင့် တပည့်ရသေ့တစ်ထောင်တို့ ဖြစ်လာကြ၏။ အတွင်းဝန်အမတ်သည် ဗိမ္ဗိသာရမင်းကြီးဖြစ်လာ၏။ ဘဏ္ဍာစိုးသူဌေးသည် ဝိသာခသူဌေးဖြစ်လာ၏၊ ထိုစဉ်က သူဌေး ကတော်သည် ယခုအခါ ဓမ္မဒိန္နာသူဌေးသမီးဖြစ်လာ၏၊ ထိုစဉ်က ကြွင်းကျန်သော ပရိသတ်သည် ယခုအခါ ဗိမ္ဗိသာရမင်း၏ ပရိသတ် အခြံအရံများဖြစ်လာကြ၏။

ဂေါတမမြတ်စွာဘုရားနှင့် သံဃာတော်တို့ ရာဇဂြိုဟ်ပြည်သို့ ကြွရောက်၍ ဗိမ္ဗိသာရမင်း၏ ရွှေနန်းတော်၌ ကြီးစွာသောအလှူကို ခံယူတော်မူသောအခါ ဆွေမျိုးဟောင်းပြိတ္တာအပေါင်းတို့သည် ကုသိုလ်အဖို့ဘာဂကို အမျှရလိမ့်မည်ဟု မျှော်လင့်ခြင်းကြီးစွာဖြင့် ဝန်းရံရပ်တည်လာကြ၏။ ဗိမ္ဗိသာရမင်းက ကျောင်းလှူရန် စဉ်းစားနေသဖြင့် အမျှအတန်းဝေရန် သတိမေ့လျော့သွား၏။ ပြိတ္တာတို့သည် မျှော်လင့်ချက်ကင်းပြတ်ကာ ပူဆွေးသောကရောက်ကြသဖြင့် အကာလည၌အခါ တွင်မင်းကြီး၏ နန်းဆော်ဝယ် အလွန်ကြောက်မက်ဖွယ်ကောင်းအောင် ဟစ်အော်ညည်းညူကြကုန်၏။

နောက်တစ်နေ့၌ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်အား အကြီးအကျယ် ထပ်မံလှူဒါန်း၍ ဆွေမျိုးပြိတ္တာအပေါင်းတို့အား အမျှပေးဝေ၏။ ရေစက်သွန်းလောင်း၍ အမျှပေးဝေစဉ် ပြိတ္တာတို့သည် ရေကို သုံးဆောင်ကြရ၏၊ ဆွမ်းခဲဖွယ်စသည် လှူဒါန်း၍ အမျှဝေပေးသည့်အခါ ပြိတ္တာတို့သည် နတ်အစားအစာကို သုံးဆောင်ကြရ၏၊ အဝတ်သင်္ကန်း အိပ်ရာနေရာ လှူဒါန်း၍ အမျှပေးဝေသည့်အခါ ပြိတ္တာတို့အတွက် နတ်အဝတ်တန်ဆာများ, နတ်ဘုံဗိမာန်များဖြစ်ပေါ်လာကြ၏။ ထိုစည်းစိမ်ချမ်းသာအလုံးစုံကို ဗိမ္ဗိသာရမင်းကြီး မြင်နိုင်အောင် မြတ်စွာဘုရား အဓိဋ္ဌာန်တော်မူ၏။

ဤတိရောကုဋ္ဋသုတ္တန် ဒေသနာတော်ပြီးဆုံးသောအခါ သတ္တဝါ ၈၄၀၀၀ တို့ သစ္စာတရားသိမြင်ကာ ကျွတ်တမ်းဝင်ကြ၏။ မြတ်စွာဘုရားသည် ဤလက်တွေ့ဖြစ်ရပ်နှင့် ယှဉ်စပ်နေသော ထိုသုတ္တန်ဒေသနာတော်ကို ခုနစ်ရက်တိုင်တိုင် ဆက်လက်ဟောကြားတော်မူရာ

နေ့စဉ်ပင် သတ္တဝါ ၈၄၀၀၀ ကျွတ်တမ်းဝင်ကြလေ၏။

(ခုဒ္ဒကပါဠိမြန်မာပြန်၊ ပေတဝတ္ထုမြန်မာပြန်၊ တိရောကုဍ္ဍသုတ်)

## ဒါနသည် သံသရာကို ရှည်စေပါသလား

အချို့က ဒါနပြုလျှင် သံသရာရှည်ကြာလိမ့်မည်၊ ဒါနမပြုသင့်ဟု ပြောဆိုကြသည်။ ဤကား မှားသောအယူအဆဖြစ်သည်။

ဒါနပြုခြင်းသည် ကုသိုလ်ကောင်းမှုပြုခြင်းဖြစ်သည်။ ဆွမ်းတစ်ဇွန်းမျှ လောင်းလှူသည့် အခိုက်အတန့်၌ပင်လျှင် ကာမာဝစရ ကုသိုလ်ကံတို့ ကုဋေသိန်းချီ၍ ဖြစ်သွားနိုင်သည်။ ဤကုသိုလ်ကံတို့၏ စွမ်းအားသည် အလွန်ကြီးမား၏၊ လူ့စည်းစိမ်, နတ်စည်းစိမ်တို့ကို ဘဝမရေမတွက်နိုင်အောင် အကြိမ်ကြိမ် ပေးဆောင်နိုင်၏၊ နိဗ္ဗာန် တံခါးဝအထိ ပို့ဆောင်ပေးနိုင်၏၊ အရဟတ္တမဂ်ဖိုလ် ရရန်ကိုပင် အထောက် အပံ့ပြုနိုင်၏။

အလွန်ထက်မြက်သော အဏုမြူစွမ်းအင်ကို အဏုမြူဗုံး စသည့် အဖျက်လက်နက်များ ပြုလုပ်ရန်အတွက်လည်း အသုံးချနိုင်၏၊ လျှပ်စစ်ဓာတ်အားပေးရန် သင်္ဘောများကို မောင်းနှင်ရန် စသည့် အကောင်းဘက်လည်း အသုံးချနိုင်၏။

ထို့အတူ ဒါနစွမ်းအားကို လောကီစည်းစိမ်အမျိုးမျိုးကို အကြိမ်ကြိမ် ခံစားနိုင်ရန်အတွက်လည်း အသုံးချနိုင်၏၊ နိဗ္ဗာန်ရောက်ရန် အကြောင်းအထောက်အပံ့အဖြစ်လည်း အသုံးချနိုင်၏။ နိဗ္ဗာန်မြန်မြန် ရောက်လိုလျှင် ဝဋ်ဆင်းရဲ၌ဖြစ်စေသော လောကီစည်းစိမ်ချမ်းသာကို မတောင့်တဘဲ ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန်ကိုတောင့်တ၍ ဝိဝဋ္ဋနိဿိတ ဒါနကို ပေးလှူရန်သာလိုသည်။

အလောင်းတော် ဆဒ္ဒန်ဆင်မင်း၏မိဖုရားငယ် စူဠသုဘဒ္ဒါသည် ပစ္စေကဗုဒ္ဓါအား ပန်းလှူ၍ လူမင်း၏မိဖုရားဖြစ်ပြီးလျှင် ဆဒ္ဒန်ဆင်မင်း၏ အစွယ်ကိုဖြတ်၍ နားတောင်းလှလှပြုလုပ်ကာ ပန်ဆင်ရပါလို၏ဟု ဆုတောင်းခဲ့၏။ ဆုတောင်းသည့်အတိုင်း ပြည့်စုံခဲ့၏။

ဘုရားအလောင်းတို့သည် သဗ္ဗညုတဉာဏ်တော်ကို တောင့်တ၍ ဒါနပါရမီကို အစအဦးဖြည့်ကျင့်တော်မူကြ၏။ အဂ္ဂသာဝကများနှင့် မဟာသာဝကများသည်လည်း မိမိတို့အလိုရှိသော ဇောဓိဆုအသီးသီးကို ပန်ဆင်နိုင်ရန် ကြီးကျယ်သောဒါနကို အစအဦးပြုပြီး ဆုတောင်းခဲ့ကြ၏၊ ဗျာဒိတ်ခံယူခဲ့ကြ၏။ ဆုတောင်းကြသည့်အတိုင်း ပြည့်စုံသည်ကို ထောက်ရှု၍ ဒါနသည် အရဟတ္တဖိုလ်ရရန် အကြောင်းအထောက်အပံ့ အဖြစ် ကျေးဇူးပြုနိုင်ကြောင်း ထင်ရှားပါသည်။

သံသရာကို ရှည်စေသောတရားမှာ ဒါနမဟုတ်၊ ပပဉ္စတရားများဟု အမည်ရသော လောဘ, မာန, ဒိဋ္ဌိတို့ဖြစ်ကြသည်။ ဒါနသည် အလောဘ, အဒေါသ, အမောဟတို့နှင့် ယှဉ်သဖြင့် ပပဉ္စတရားများကို လျော့ပါးအားနည်းလာအောင် ဖွေဆော်ဦးတိုက်ပွဲဝင်ပေးသောတရား ဖြစ်သည်။ ဒါနသည် ဗဟိဒ္ဓပစ္စည်းဥစ္စာများအပေါ် တပ်မက်တွယ်တာ နေသော လောဘကို ချိုးနှိမ်ပယ်ဖျက်သည်။ ဝိပဿနာသည် အဇ္ဈတ္တရုပ်နာမ်တရားတို့ကို တပ်မက်တွယ်တာနေသည့် လောဘကို ချိုးနှိမ်ပယ်ဖျက်သည်။ ပြင်ပပစ္စည်းကို တပ်မက်တွယ်တာနေသည့် လောဘကို ချိုးနှိမ်နိုင်ပါမှ အတွင်းရုပ်နာမ်ကို ကပ်ငြိတွယ်တာနေသော လောဘကို ချိုးနှိမ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဒါနသည် သံသရာ တိုအောင် အကျိုးဆောင်ပေးသောတရားဖြစ်သည်ဟု မှတ်ယူရမည်။

ဒါနဖြင့် သံသရာတိုစေနိုင်သော အကောင်းဆုံးသာဓကတစ်ခုမှာ တိဿသာမဏေဝတ္ထုဖြစ်၏။

အရှင်သာရိပုတ္တရာ၏ ခမည်းတော်နှင့် မိတ်ဆွေဖြစ်ခဲ့သော ပုဏ္ဏားတစ်ယောက်သည် အိုမင်းလာချိန်၌ အထီးကျန်ဖြစ်၍ ဆင်းရဲနွမ်းပါးသွား၏။ အရှင်သာရိပုတ္တရာသည် ထိုပုဏ္ဏားအိုအား ချီးမြှောက်လို၍ ထိုပုဏ္ဏားအိမ်ရှေ့၌ နေ့စဉ်ဆွမ်းရပ်၏။ ပုဏ္ဏားက လှူစရာမရှိသဖြင့် ပုန်းအောင်းနေ၏။ အရှင်သာရိပုတ္တရာအား ပိုမိုခင်မင်လာပြီးလျှင် ဆွမ်းလောင်းလှူလိုသောဆန္ဒ ပြင်းပြစွာဖြစ်လာ၏။

တစ်နေ့တွင် ပုဏ္ဏားအိုတို့အား ပူဇော်ပွဲပြုလုပ်ရာ အဆိုပါပုဏ္ဏားသည် တစ်ယောက်စာ နို့ယာဂုနှင့် တစ်ဝတ်စာ အဝတ်ပိုင်းကို ရ၏။ အရှင်သာရိပုတ္တရာကြွလာသောအခါ နို့ယာဂုကို ဝမ်းမြောက်ဝမ်းသာ လှူဒါန်း၍ အဝတ်ပိုင်းကိုပါ သင်္ကန်းလျာအဖြစ် လှူဒါန်း၏။ "ဤကောင်းမှုကြောင့် အရှင်ဘုရားတို့သိသောတရားကို သိရပါလို၏"ဟု ဆုတောင်း၏။

ထိုပုဏ္ဏားအို ကွယ်လွန်သောအခါ အရှင်သာရိပုတ္တရာ၏ဒကာ သူဌေးတစ်ဦး၏သား ဖြစ်လာ၏။ **တိဿ**ဟုအမည်တွင်၏။ ခုနစ်နှစ်အရွယ်တွင် အရှင်သာရိပုတ္တရာနောက် လိုက်ပါ၍ ရှင်သာမဏေပြု၏။ ထိုတိဿသာမဏေ ဆွမ်းခံကြွသောအခါ တစ်နံနက်တည်းတွင်ပင် ဆွမ်းအုပ်ငါးရာ နိစ္စဘတ်လှူဒါန်းမည့်သူများ ပေါ်ပေါက်လာကြ၏။ ထိုဆွမ်းအုပ်ငါးရာကို ရဟန်းငါးရာတို့အား ပေးလှူလိုက်၏။

တစ်ဖန် ဆောင်းတွင်းကာလ ချမ်းမြလာပြီဖြစ်ပါလျက် ရဟန်းများစွာတွင် ခြုံစရာစောင်ကမ္ဗလာမရှိသည်ကို သိရသဖြင့် တိဿသာမဏေ အလှူခံထွက်ပြန်၏။ မကြာမီပင် ကမ္ဗလာအထည်ငါးရာ ရလာပြီး ရဟန်းတော်တို့အား လှူဒါန်းလိုက်ပြန်၏။

ဤသို့ ဆွမ်းအုပ်များနှင့် ကမ္ဗလာထည်များကို လွယ်လင့်တကူ ရရှိခြင်းမှာ နို့ယာဂုဆွမ်းနှင့် သကာန်းလျာအဝတ်စတို့ကို လှူဒါန်းခဲ့သည့် ဒါနအစွမ်းကြောင့်ဖြစ်၏။ ထို့အပြင် တိဿသာမဏေကလေး ဘာဝနာ ရှုမှားရာ လျှင်မြန်စွာပင် ရဟန္တာအဖြစ်သို့ တက်လှမ်းနိုင်၏။

ဒါန၏အကျိုးကား အံ့သြစရာကောင်းလှ၏။ ယခုဘဝတွင် ဆွမ်းနှင့် သကာန်းလျာလှူ၍ ဆုတောင်းပြီး နောက်ဘဝ၌ပင် အရဟတ္တဖိုလ်သို့ လွယ်ကူစွာတက်လှမ်းနိုင်သည်ကို ထောက်ရှုလျှင် ဒါနသည် သံသရာကိုမရှည်စေဘဲ လွန်စွာတိုစေနိုင်ကြောင်း သိသာထင်ရှားလှပါတော့သည်။

## ဒါနသည် နိဗ္ဗာန်အထိ အကျိုးပေးနိုင်သလား

နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သော မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားတွင် ဒါန မပါဝင်ချေ။ သို့ဖြစ်လျှင် ဒါနသည် နိဗ္ဗာန်အထိ အကျိုးပေးနိုင်ပါသလားဟု မေးဖွယ်ရာရှိ၏။

မှန်ပါသည်၊ မဇ္ဈိမပဋိပဒါအမည်ရသော မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားတွင် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာတို့သာ ပါဝင်သည်၊ ဒါနအကျင့်တရား မပါဝင်ချေ။ ဒါနကောင်းမှုပြုသည့်အခါ ကာမာဝစရကုသိုလ်ကံတို့သာ ဖြစ်ပေါ်သည်၊ ကာမာဝစရကုသိုလ်ကံသည် လူ့ဘုံနှင့် နတ်ပြည် ၆ ထပ်ဟူသော ကာမသုဂတိ ၇ ဘုံ၌သာ အကျိုးပေးခွင့်ရှိသည်၊ ကာမဘုံတို့ကိုကျော်လွန်၍ အကျိုးပေးခွင့်မရှိဟု ဆိုနိုင်ပါ၏။

ထိုသို့ဆိုလျှင် သီလသိက္ခာပြည့်စုံအောင် သီလကို လုံခြုံအောင် စောင့်ထိန်းခြင်းသည်လည်း ကာမာဝစရကုသိုလ်ကံတို့ကိုသာဖြစ်စေပြီး

ကာမသုဂတိ ၇ ဘုံ၌သာ အကျိုးပေးခွင့်ရှိသည်၊ နိဗ္ဗာန်အထိ အကျိုး မပေးနိုင်ဟု ဆိုဖွယ်ရာရှိ၏။

အမှန်တွင် သီလသိက္ခာဖြင့် မကောင်းမှုဒုစရိုက်များကို ကျူးလွန်စေ တတ်သော အကြမ်းစားကိလေသာ (ဝီတိက္ကမကိလေသာ)ကို ချိုးနှိမ် ဖယ်ရှားရ၏။ ဤအကြမ်းစားကိလေသာတို့ကို ချိုးနှိမ်ဖယ်ရှားနိုင်ပြီးမှ သာလျှင် သမာဓိသိက္ခာဖြင့်စိတ်၌ ထကြွနေကြသော အလတ်စား ကိလေသာ (ပရိယုဋ္ဌာနကိလေသာ)တို့ကို ချိုးနှိမ်ဖယ်ရှားနိုင်၏။ တစ်ဖန် အလတ်စားကိလေသာတို့ကို ဖယ်ရှားထားနိုင်မှသာလျှင် ပညာသိက္ခာက စိတ်အစဉ်၌ ကိလေသာမျိုးဓာတ်အဖြစ် လိုက်ပါနေကြ သည့် အနုစားကိလေသာ(အနုသယကိလေသာ)တို့ကို အမြစ်ပြတ် ပယ်သတ်နိုင်သည်။ ဤသို့ ကိလေသာတရားတို့ကို အဆင့်ဆင့် ချိုးနှိမ်ပယ်သတ်နိုင်မှသာလျှင် မဂ်လေးတန်, ဖိုလ်လေးတန်တို့ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေသည်။

သိက္ခာသုံးပါးတွင် သီလသိက္ခာသည် အခြေခံအုတ်မြစ်ဖြစ်၏။ သီလသိက္ခာဟူသော အခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာ မချထားနိုင်လျှင် ထိုအုတ်မြစ်ပေါ်တွင် အဆင့်ဆင့် တိုးမြှင့်တည်ဆောက်ရမည့် သမာဓိ သိက္ခာ, ပညာသိက္ခာတို့ကို မတည်ဆောက်နိုင်ပါ။ မဂ်စိတ်, ဖိုလ်စိတ် တို့တွင် သီလမဂ္ဂင်သုံးပါးအပါအဝင် မဂ္ဂင်ရှစ်ပါးစလုံး ယှဉ်တွဲပါဝင် ကြရသဖြင့် သီလမဂ္ဂင်မပါရှိဘဲနှင့် မဂ်စိတ်, ဖိုလ်စိတ်တို့ မဖြစ်ပေါ် နိုင်ပါ။ ထို့ကြောင့် သီလသည် နိဗ္ဗာန်ရောက်သည်အထိ အကျိုးပြုသည် ဟု မှတ်ယူရပေမည်။

သီလက အကြမ်းစားကိလေသာဟူသော ဝီတိက္ကမကိလေသာ တို့ကို ချိုးနှိမ်ဖယ်ရှားပေးသည့်နည်းတူ ဒါနကလည်း ဝီတိက္ကမ

ကိလေသာတို့ကို ဝိုင်းဝန်းဖယ်ရှားပေး၏။ ဒါနပြုနေသည့်အခါ သဒ္ဓါ, ပညာ, အလောဘ, အဒေါသတို့ ဦးစီးနေသဖြင့် အကြမ်းစား ကိလေသာတို့ မဖြစ်ပေါ်အောင် ချိုးနှိမ်ထားနိုင်သည်။ ထို့ကြောင့် နိဗ္ဗာန်သို့တက်လှမ်းရာ၌ သီလသည် အခြေခံအုတ်မြစ်အဖြစ် ကျေးဇူးပြုသလို ဒါနကလည်း စောင်းတန်းလှေကားအဖြစ် ကျေးဇူးပြုပါသည်။

ဒါနသည် လွတ်လွတ်စွန့်ကြဲခြင်း လက္ခဏာရှိ၏၊ လှူဖွယ်ဝတ္ထု၌ ငြိကပ်တပ်မက်တတ်သော လောဘကို ဖျက်ဆီးခြင်း ကိစ္စရသနှင့် အပြစ်ကင်းခြင်းသမ္ပတ္တိရသရှိ၏။ ဤတွင် 'လွတ်လွတ်စွန့်ကြဲခြင်း'နှင့် 'လှူဖွယ်ဝတ္ထု၌ ငြိကပ်တပ်မက်တတ်သော လောဘကို ဖျက်ဆီးခြင်း' ဟူသည်မှာ အလောဘတရားဖြစ်၏၊ 'အပြစ်ကင်းခြင်း'ဟူသည်မှာ အဒေါသတရားဖြစ်၏။

အလောဘသည် လောဘ၏ဆန့်ကျင်ဘက်ဖြစ်၏။ မိမိပိုင်ဆိုင်သော ပစ္စည်းဝတ္ထုကို မစွန့်လွှတ်, မလှူဒါန်းနိုင်အောင် ငြိကပ်တွယ်တာ တပ်မက်နေသည့်သဘောမှာ လောဘဖြစ်၏။ မပေးရက်နိုင်အောင် နှမြောတွန့်တိုနေသည့်သဘောမှာ မစ္ဆရိယဖြစ်၏။ ထိုလောဘနှင့် မစ္ဆရိယတို့ကို အလောဘဖြင့် တွန်းလှန်ဖယ်ရှားနိုင်မှသာလျှင် လှူဒါန်းနိုင်၏။

လောဘသည် ကာမဂုဏ်အာရုံတို့ကို တပ်မက်တွယ်တာ၏၊ မိမိဘဝကိုလည်း တပ်မက်တွယ်တာ၏၊ အာရုံ ၆ ပါးကို တပ်မက်တောင့်တတတ်သောကြောင့် တဏှာဟုလည်း အမည်ရ၏။ ထိုတဏှာလောဘကြောင့် ဘဝတစ်ခုပြီးတစ်ခုဖြစ်ကာ ဝဋ်ဆင်းရဲ၌ သံသရာကျင်လည်နေရ၏။ ဘဝသစ်ဖြစ်ခြင်းသည် ဒုက္ခသစ္စာအမည်ရသော လောကီနာမ်တရားနှင့် ရုပ်တရားများ ဖြစ်ပေါ်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် လောဘသည် ဆင်းရဲဒုက္ခကို ဖြစ်ပွားစေတတ်သော သမုဒယသဘောရှိ၏။ ထိုသမုဒယသဘောသည် အမှန်တရားတစ်ရပ် ဖြစ်ခြင်းကြောင့် သမုဒယသစ္စာမည်၏။

သို့အတွက် သံသရာကျင်လည်နေရခြင်း၏ အဓိကအကြောင်းရင်း တစ်ရပ်မှာ လောဘပင်ဖြစ်သည်။ လောဘကို အမြစ်ပြတ်ပယ်သတ် နိုင်လျှင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ နိဗ္ဗာန်ချမ်းသာကို ထာဝရခံစားရမည်ဖြစ်သည်။ နိဗ္ဗာန်သို့ပို့ဆောင်တတ်သော မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားဟူသည်မှာ လောဘကိုပယ်သတ်သော ကျင့်စဉ်ပင် ဖြစ်သည်။

ဝိပဿနာဘာဝနာ ရှုပွားသည်ဆိုသည်မှာ ရုပ်နာမ်တို့၏ အပြစ်ကို မြင်အောင်ရှု၍ ရုပ်နာမ်ကိုငြီးငွေ့ပြီး ရုပ်နာမ်ခန္ဓာအပေါ် တပ်မက် တွယ်တာနေသည့် တဏှာလောဘကို ပယ်သတ်နိုင်အောင် ကြိုးစား အားထုတ်ရသည့်အလုပ်ဖြစ်၏။ ဒါနဟူသည်မှာ မိမိပိုင်ဆိုင်သည့် ပြင်ပဝတ္ထုပစ္စည်းများကို စွန့်လွှတ်နိုင်ရန်အတွက် ထိုပစ္စည်းဝတ္ထုတို့ကို တပ်မက်တွယ်တာနေသည့်တဏှာလောဘကို ချိုးနှိမ်ဖယ်ရှားရသည့် အလုပ် ဖြစ်သည်။

တစ်ဖန် ဒါနသည် အပဝတ္ထုပစ္စည်းများကို စွန့်လွှတ်ခြင်းဖြစ်၏၊ နိဗ္ဗာန်သည် ရုပ်နာမ်ခန္ဓာကို စွန့်လွှတ်ခြင်းဖြစ်၏။ အပဝတ္ထုကလေး ကိုမျှ မစွန့်လွှတ်နိုင်လျှင် အသည်းနှစ်အောင်ချစ်ခင်နေသော ရုပ်နာမ် ခန္ဓာကို မည်သည့်နည်းနှင့်မျှ မစွန့်လွှတ်နိုင်ချေ။ ဒါနက ဝိုင်းကူပေးပါမှ ဝိပဿနာအလုပ် အောင်မြင်လိမ့်မည်။

ဒါနတွင် ဘာဝနာသဘောပါရှိသလို ဘာဝနာတွင် ဒါနသဘော ပါရှိသည်။ ထို့အတူပင် ဒါနတွင် သီလသဘောပါဝင်၍ သီလတွင်

ဒါနသဘောပါဝင်သည်။ ဒါန၏ သမ္ပတ္တိရသဖြစ်သော 'အပြစ်ကင်းခြင်းသဘော'သည် သီလသဘောပင်ဖြစ်သည်။ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် သူ့အသက်ကိုပေးလှူခြင်း 'ဇီဝိတဒါန'ဖြစ်၏။ သူတစ်ပါးဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးသားမယား ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးကို လိမ်လည်လှည့်စားခြင်းမှ ရှောင်ကြဉ်ခြင်းတို့သည် သူတစ်ပါးတို့အား ဘေးရန်ကင်းစွာ ကြောင့်ကြစိုးရိမ်မှုကင်းစွာ နေထိုင်နိုင်အောင် အကျိုးဆောင်ပေးရာရောက်သဖြင့် 'အဘယဒါန'ဟုအမည်ရ၏။ ငါးပါးသီလကို 'မဟာဒါန'ဟုခေါ်၏။

ပေါင်းခြုံ၍ဆိုရလျှင် လောဘတဏှာကို ပယ်သတ်နိုင်အောင် ကုသိုလ်ကောင်းမှုပြုတိုင်း ဒါနသဘောလည်းပါရ၏၊ သီလသဘောလည်း ပါရ၏၊ ဘာဝနာသဘောလည်း ပါရ၏။ ဒါန, သီလ, ဘာဝနာတို့ကို ခွဲခွဲခြားခြားပြု၍မရ။ ဒါန, သီလ, ဘာဝနာတို့ တစ်သားတည်း ပေါင်းစုနေမှ အားရှိ၏။ သို့ဖြစ်၍ မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ကြိုးစားအားထုတ်နေရာ၌ ဒါနသဘော ဒါနစွမ်းအင် ဒါနအရှိန်အဝါတို့လည်း ပါဝင်နေသည်ဟု မှတ်ယူရပေမည်။

သတ္တဝါတို့ သံသရာကျင်လည်ရာ၌ ဒါနမပါလျှင် သုဂတိဘဝကောင်းကို ရရန်မလွယ်၊ ရပြန်လျှင်လည်း ပစ္စည်းဥစ္စာ ပြည့်စုံဖို့မလွယ်၊ ပစ္စည်းဥစ္စာမပြည့်စုံလျှင် စားဝတ်နေရေးအတွက် ရုန်းကန်နေရသဖြင့် ကုသိုလ်ရေးကို မေ့လျော့နေတတ်၏။ မမေ့လျော့သဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်လိုလျှင်လည်း စိတ်ရှိတိုင်းမလုပ်နိုင်ချေ။ **'အူမတောင့်မှ သီလစောင့်နိုင်သည်'**ဆိုသည့်အတိုင်း မကြောင့်မကြ မတောင့်မတ

နေနိုင်ပါမှလည်း ဒါန, သီလ, ဘာဝနာကောင်းမှုတို့ကို အားရပါးရ လုပ်နိုင်ပေလိမ့်မည်။

မြတ်စွာဘုရား၊ အဂ္ဂသာဝကနှစ်ပါးနှင့် မဟာသာဝကများသည် ဒါနနှင့်စတင်ကာ ပါရမီဖြည့်ခဲ့ကြပြီးလျှင် ထိုစတင်သည့်အချိန်၌ ဘုရားတစ်ဆူဆူထံဝယ် ဒါနအကြီးအကျယ်ပြုပြီး ဗျာဒိတ်ခံယူခဲ့ကြရရာ ထိုဒါနကုသိုလ်၏ စွမ်းအားသည် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရသည့်အထိ အားကြီးသောအကြောင်းအထောက်အပံ့ ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်မှာ ယုံမှားဖွယ်ရာမရှိချေ။

အင်္ဂုတ္တိုရ်ပါဠိတော်–ပဌမဒါနသုတ်နှင့် ဒါနဝတ္ထုသုတ်တို့၌ အလှူပေးခြင်းအကြောင်းရှစ်မျိုးတွင် သမထဝိပဿနာစိတ်၏ အဆင်တန်ဆာ အခြံအရံအလို့ငှာ ပေးလှူခြင်းလည်း ပါဝင်ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူသည်။

တစ်ဖန် ဒါနမဟပ္ဖလသုတ်၌ ရုပ်နာမ်ခန္ဓာကို မငဲ့ကွက်ဘဲ သမထဝိပဿနာ စိတ်၏ အဆင်တန်ဆာဖြစ်အောင်၊ အခြံအရံဖြစ်အောင်၊ အထောက်အပံ့ဖြစ်အောင် ပေးလှူလျှင် ထိုအလှူဒါနသည် ဘုံအားဖြင့် ဗြဟ္မာဘုံအထိ ပုဂ္ဂိုလ်အားဖြင့် အနာဂါမ်အထိ အကျိုးပေးနိုင်ကြောင်း ဟောကြားတော်မူ၏။

***ဒါနံ သဂ္ဂသော သောပါဏံ***

*ဒါနသည် နတ်ပြည်သို့တက်ရန် စောင်းတန်းလှေကားနှင့် တူ၏။*

***ဒါနံ ပါထေယျ မုတ္တမံ***

*ဒါနသည် သံသရာလမ်းခရီး၌ စားသောက်သုံးဆောင်ရန် မြတ်သောရိက္ခာထုပ်ကြီးလည်းဖြစ်၏။*

*ဒါနံ ဥဇုဂတံ မဂ္ဂံ*
*ဒါနသည် နိဗ္ဗာန်သို့ ဖြောင့်ဖြောင့်သွားနိုင်သော ခရီးလမ်းမှန် လည်း ဖြစ်၏။*
***ဒါနံ မောက္ခ ပဒံ ဝရံ***
***ဒါနသည် မဂ်ဖိုလ်နိဗ္ဗာန်၏အကြောင်းစစ်, အကြောင်းမှန် လည်းဖြစ်၏။***

ဤသို့ ဟောတော်မူခဲ့သည်နှင့်အညီ ဒါနသည် နိဗ္ဗာန်အထိ အကျိုးပေးကြောင်း အလွန်ထင်ရှားပါသည်။

## ဒါန၏ ထူးခြားသောအကျိုးတရားများ

ကုသိုလ်ကံဖြစ်စေ အကုသိုလ်ကံဖြစ်စေ မူလကံနှင့် တူသော အကျိုးကိုပေးတတ်၏။ စွန့်ကြဲပေးကမ်းလှူဒါန်းသည့်အခါ ပေးလှူသူ၌ အလှူခံပုဂ္ဂိုလ်အား ကောင်းကောင်းမွန်မွန် စားစေချင် ဝတ်စေချင် နေစေချင်သောစေတနာရှိ၏။ ထိုစေတနာသည် တူသောအကျိုးပေး သဖြင့် ပေးလှူသူသည် ဘဝများစွာ၌ ကောင်းကောင်းမွန်မွန် စားရ ဝတ်ရ နေထိုင်ရသော အကျိုးကျေးဇူးများကို ရရှိခံစားရမည်ဖြစ်၏။

**မနာပဒါယီ လဘတေမနာပံ** = မြတ်နိုးဖွယ်ရာပစ္စည်းဝတ္ထုကို ပေးလှူသူသည် မြတ်နိုးဖွယ်ရာ ပစ္စည်းဝတ္ထုများကို ရရှိနိုင်၏ဟု ဟောတော်မူသည်နှင့်အညီ ဒါနသည် တူညီသောအကျိုးတရားကို ပေးမည်မှာ သေချာ၏။ သရက်စေ့မှ သရက်ပင်ပေါက်၍ မရန်းစေ့မှ မရန်းပင်ပေါက်သည့်သဘောနှင့်တူ၏။

ဒါနသည် မိမိ သူတစ်ပါး နှစ်ဦးသား၏အကျိုး၊ ပစ္စုပ္ပန်လောက အကျိုး၊ တမလွန်လောကအကျိုးအမျိုးမျိုးကို ပြီးစေနိုင်၏၊ အခြံအရံ,

အကျော်အစော, ကျက်သရေ, စည်းစိမ်ချမ်းသာတို့ကိုလည်း ပေးစွမ်းနိုင်၏။ တရားသဖြင့်ရသောပစ္စည်းဥစ္စာကို တရားထူးရသောပုဂ္ဂိုလ်တို့အား လှူဒါန်းလျှင် ငရဲကြီးရှစ်ထပ်နှင့် အခြံအရံငရဲငယ်များကို လွန်မြောက်၍ နတ်ပြည်သို့လားရောက်ရ၏ (သံ၊ ၁။ ၂၀)၊ လွန်ကဲထူးချွန်မွန်မြတ်သော လောကီစည်းစိမ်နှင့် လောကုတ္တရာချမ်းသာအားလုံးတို့ကိုလည်း ဖြစ်ထွန်းပေါ်ပေါက်လာစေနိုင်၏။

(ဒီ၊ ဋ္ဌ၊ ၂။ ၆၈)

ထို့အပြင် သိကြားမင်းစည်းစိမ်, မာရ်နတ်မင်းစည်းစိမ်, ဗြဟ္မာမင်းစည်းစိမ်, စကြာမင်းစည်းစိမ် စသော လောကီစည်းစိမ်၊ သာဝကပါရမီဉာဏ်, ပစ္စေကဗောဓိဉာဏ်, အဘိသမ္ဗောဓိဉာဏ်ဟုဆိုအပ်သော လောကုတ္တရာစည်းစိမ်တို့ကိုလည်း ပေးစွမ်းနိုင်၏(ဒီ၊ ဋ္ဌ၊ ၂။ ၆၃)။

ဒါနကြောင့်လည်း လူ့စည်းစိမ်, နတ်စည်းစိမ် ရရှိသည်ကား ထင်ရှား၏။ ဗြဟ္မာပြည်သို့မူကား ပေးလှူကာမျှဖြင့် မလားရောက်နိုင်။ သို့စေကာမူ ဒါနစေတနာသည် သမထဝိပဿနာစိတ်၏အခြံအရံဖြစ်၍ ပေးလှူပြီးနောက် ရန်သူ၌သော်လည်း နူးညံ့သည့်စိတ် ပေါ်ပေါက်လာပြီးလျှင် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသည့် ဗြဟ္မစိုရ်တရားတို့ကို ပွားများအားထုတ်ခဲ့ပါမူ ဗြဟ္မာပြည်သို့ လားရောက်ရ၏ (ဒီ၊ ၃။ ၂၁၄-၅)။ ဒါနသည် ဈာန်, ဝိပဿနာ, မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကို ရရှိရေးအတွက် အားကြီးသော မှီရာအကြောင်းအထောက်အပံ့=ဥပနိဿယပစ္စည်းဖြစ်ပေ၏။

လှည်းဘီးသည် လှည်းကိုဆွဲသောနွား၏ခြေရာနောက်သို့ ကပ်၍လိုက်ဘိသကဲ့သို့ ဒါနသည် အလှူရှင်နောက်သို့ တကောက်ကောက်ကပ်၍လိုက်၏။ ပစ္စုပ္ပန်လောက၌ဖြစ်စေ တမလွန်လောက၌ဖြစ်စေ

ပေးလှူသူနောက်သို့အစဉ်လိုက်၍ အကျိုးပေးလေသည်။

(သံ၊ ၁။ ၃၈)

သူတစ်ပါးတို့အား လိမ်လည်လှည့်ဖြား၊ ခိုးဝှက်လုယက်၍ မတရားသဖြင့် ရအပ်သော အသပြာ ၁၀ ကုဋေတန် အလှူသည် တောင်းရမ်း၍ဖြစ်စေ ကောက်သင်းကောက်၍ဖြစ်စေ တရားသော အလုပ်ဖြင့်ရှာဖွေ၍ သားမယားကို လုပ်ကျွေးမွေးမြူသော ဆင်းရဲသား တစ်ယောက်၏ အသပြာတစ်ကျပ်တန်အလှူကို ၂၅၆ ပုံ ၁ ပုံမျှ မမီနိုင်။ လှူဖွယ်ဝတ္ထုတန်ဖိုး နည်းသော်လည်း သဒ္ဓါ၊ စေတနာ ထက်သန်အားကြီးလျှင် ဆယ်ကုဋေတန်အလှူနှင့် ထပ်တူထပ်မျှ အကျိုးရနိုင်သည်(ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ ၁။ ၃၁၈)။

## ပေါက်ပေါက်ပန်းနှင့် ရွှေဗိမာန်

အရှင်မဟာကဿပသည် ရာဇဂြိုဟ်ပြည်အနီး ပိပ္ပလိလိုဏ်ဂူ၌ သိတင်းသုံးလျက် ခုနစ်ရက်ဈာန်ဝင်စား၏။ ဈာန်မှထတော်မူသောအခါ ဆွမ်းခံရာအရပ်ကို ဒိဗ္ဗစက္ခုဖြင့်ကြည့်၏၊ လယ်ကွင်း၌ သလေးခင်း စောင့်သူ မိန်းမတစ်ဦးကို မြင်၏။ ထိုမိန်းမသည် သလေးနှံကိုလှော်၍ ပေါက်ပေါက်ပြုနေ၏။ မထေရ် ဆွမ်းရပ်လာသည့်အခါ မိန်းမသည် ဝမ်းမြောက်ပီတိဖြစ်လျက် ကြည်ညိုသောစိတ်ဖြင့် ပေါက်ပေါက်တို့ကို လောင်းလှူ၏၊ "ဤကောင်းမှုကြောင့် အရှင်ဘုရားတို့ သိမြင်အပ်သော တရားတို့ကို သိရပါလို၏"ဟု ဆုတောင်း၏။ မထေရ်သည်လည်း "သင်ဆုတောင်းတိုင်း ဖြစ်စေလော့"ဟု အနုမောဒနပြု၏။

အမျိုးသမီးသည် မထေရ်ကို ရှိခိုးဦးချပြီးနောက် မိမိ၏ဒါနကို ဆင်ခြင်လျက် မိမိနေရာသို့ပြန်လာ၏။ ထိုအခါ အဆိပ်ပြင်းသော

မြွေတစ်ကောင်သည် အမျိုးသမီး၏ ခြေသလုံးကို ကိုက်လိုက်၏။ အမျိုးသမီး သေလွန်၍ တာဝတိံသာနတ်ပြည်ဝယ် ယူဇနာသုံးဆယ် ကျယ်ဝန်းသည့်ရွှေဗိမာန်ကြီး၌ နတ်သမီးဖြစ်လေ၏။ ဗိမာန်၏တံခါး၌ ရွှေပေါက်ပေါက်တို့နှင့် ပြည့်နေသော ရွှေခွက်တို့သည် အဆင်တန်ဆာ အဖြစ် တွဲလွဲဆွဲလျက် တည်၏။ ထို့အတွက် ထိုနတ်သမီးသည် **လာဇာနတ်သမီး**ဟု အမည်တွင်၏။

လာဇာနတ်သမီးသည် အရှင်မဟာကဿပမထေရ်အား ပေါက်ပေါက်လှူရသောကုသိုလ်ကံကြောင့် ကြီးကျယ်ခမ်းနားသည့် နတ်စည်းစိမ်ရရှိသည်ကို ဆင်ခြင်မိ၏။ ထိုစည်းစိမ်ချမ်းသာဖြင့် ရှည်စွာ တည်စေခြင်းငှာ အရှင်မဟာကဿပမထေရ်၏ပရိဝုဏ်ကို တံမြက်လှည်း၍ သောက်သုံးရေတို့ကို ခပ်ဖြည့်၏။ သုံးရက်မြောက်နေ့၌ မထေရ် သိရှိသွားသဖြင့် ကျောင်းပရိဝုဏ်မှ နှင်ထုတ်၏။ မထေရ်အား နတ်သမီးတစ်ဦးက လာရောက်၍ ဝတ်ကြီးဝတ်ငယ်ပြုပေးနေသည်ဟု ဆိုစမှတ်မပြုနိုင်ရန် နှင်ထုတ်ခြင်းဖြစ်၏။

နတ်သမီးသည် ကောင်းကင်၌တည်၍ မထေရ်အား လက်အုပ်ချီမိုး ရှိခိုးပြီးငို၏၊ စည်းစိမ်ချမ်းသာတည်တံ့ခိုင်မြဲအောင် ဝတ်ပြုခွင့်ပေးရန် တောင်းပန်၏။ မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်၌ သီတင်းသုံးလျက် နတ်သမီး၏ငိုသံကိုကြားသော် ကိုယ်ရောင်တော်ကိုလွှတ်၍ နတ်သမီး ရှေ့၌ ထိုင်နေဘိသကဲ့သို့ပြုပြီးသော် တရားစကားကို ဆိုတော်မူ၏ –

"ချစ်သမီး...ငါ၏သားတော်ကဿပသည် ဝိနည်းစောင့်ထိန်းရန် တာဝန်ရှိပေ၏။ ကောင်းမှုကို အလိုရှိသောသူတို့ကား ကောင်းမှု၏ အကျိုးကျေးဇူးကိုသိလျက် ကောင်းမှုကို ထပ်ခါထပ်ခါပြုရန် တာဝန်ရှိပေ၏။ ကောင်းမှုပြုခြင်းသည် ဤပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာသောအကျိုးအာနိသင်ရှိပေ၏"

ဒေသနာအဆုံး၌ လာဇာနတ်သမီးသည် သောတာပတ္တိဖိုလ်သို့ ရောက်၏။ ဒါနသည် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အားကြီးသောအကြောင်းအထောက်အပံ့ဖြစ်ပေ၏။

## မရှိသည်ကိုမသိရသော ဒါနအကျိုး

ကပိလဝတ်ပြည်၌ သာကီဝင်မင်းသားများဖြစ်ကြသော ဘဒ္ဒိယ, အနုရုဒ္ဓ, အာနန္ဒ, ဘဂု, ကိမိလနှင့် ဒေဝဒတ္တတို့သည် 'ရှုံးသူမုန့်ကျွေးစတမ်း' ဟု ကတိစကားထားပြီး ခုံညင်းကစားကြ၏။ ကစားတိုင်း အနုရုဒ္ဓကရှုံးသဖြင့် မင်းစေအား မိခင်ထံသို့လွှတ်၍ မုန့်ယူစေ၏။ သုံးကြိမ်မုန့်ပေးပြီးနောက် စတုတ္ထအကြိမ်တွင် မိခင်သည် "မုန့်မရှိတော့ပါ" ဟု စကားပြန်လိုက်၏။

**အနုရုဒ္ဓမင်းသားသည်** "မရှိ"ဟူသောစကားကို မကြားစဖူး၊ 'မရှိ'ဟူသောအဓိပ္ပာယ်ကို နားမလည်၊ 'မရှိ'ဟူသည်မှာ မုန့်တစ်မျိုး၏ အမည်ဟုထင်၏။ ထို့ကြောင့် မင်းစေအား"မရှိမုန့်"ကို ယူခိုင်းလိုက်၏။ မိခင်ကလည်း "မရှိ"ဟူသည့်သဘောကို သားနားလည်ရန် ရွှေခွက်လွတ်တစ်ခုကို အခြားရွှေခွက်တစ်ခုနှင့်ဖုံး၍ သားထံပို့စေ၏။

ထိုအခါ မြို့စောင့်နတ်တို့က "အနုရုဒ္ဓမင်းသားသည် ရှေးအခါအန္နဘာရအမည်ရသည့် ဆင်းရဲသားဖြစ်စဉ်က ပစ္စေကဗုဒ္ဓါတစ်ပါးအား ဆွမ်းလှူပြီး ကျွန်ုပ်သည် မရှိဟူသောစကားကိုမျှ မကြားရသူ ဖြစ်ပါလို၏၊ ထမင်းဖြစ်ရာအကြောင်းရင်းကိုမျှ မသိရသူဖြစ်ပါလို၏ "ဟု ဆုတောင်းခဲ့၏၊ အကယ်၍ ထိုမင်းသားသည် မုန့်မပါသောခွက်ကို မြင်သွားခဲ့သည်ရှိသော် နတ်သဘင်အစည်းအဝေးသို့ ငါတို့ ဝင်ခွင့်ရကြမည်မဟုတ်၊ ငါတို့၏ဦးခေါင်းလည်း ခုနစ်စိတ်ကွဲလေရာ၏ဟု ကြံစည်ကြပြီးလျှင် ထိုမုန့်မပါသောရွှေခွက်ကို နတ်မုန့်တို့နှင့် ဖြည့်ပေးကြ၏။

မင်းသားတို့က ရွှေခွက်ကို ဖွင့်လိုက်သောအခါ မွှေးကြိုင်သည့် မုန့်ရနံ့သည် တစ်မြို့လုံးကြိုင်လှိုင်သွား၏။ မုန့်၏အရသာသည်လည်း နှိုင်းစရာမရှိအောင် ကောင်းမွန်လှသဖြင့် အနုရုဒ္ဓသည် ထိုနေ့မှစ၍ "မရှိမုန့်"ကိုသာ သူ့အားပေးရန် မယ်တော်အား ပြောကြား၏။ မယ်တော်သည်လည်း သားက မုန့်တောင်းလျှင် ရွှေခွက်လွတ်ကိုသာ ပေးလိုက်၏။ နတ်တို့က နတ်မုန့်ဖြည့်ထည့်ပေးသည်သာဖြစ်၏။

ဂေါတမမြတ်စွာဘုရားသည် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူ၍ ခမည်းတော်–သုဒ္ဓေါဒနမင်းကြီးအား အနာဂါမ်ဖြစ်သည်အထိ တရားဟောကြားတော်မူ၏။ မင်းကြီးသည် သာကီဝင်မင်းအပေါင်းတို့အား တစ်အိမ်ထောင်လျှင် မင်းသားတစ်ယောက်ကျ ရဟန်းဝတ်ရန် တိုက်တွန်း၏။ သာကီဝင်မင်းသားများစွာတို့ ရဟန်းပြုကြသည်တွင် ဘဒ္ဒိယ, အနုရုဒ္ဓ, အာနန္ဒ, ဘဂု, ကိမိလနှင့် ဒေဝဒတ္တတို့လည်း သာသနာဘောင်သို့ ဝင်ကြ၏။

အနုရုဒ္ဓ၏ ရှေးကောင်းမှုသည် ဒါနနှင့်စတင်ခဲ့၏။ လွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်၌ **ပဒုမုတ္တရမြတ်စွာဘုရား** ပွင့်တော်မူ၏။ ထိုအခါ အနုရုဒ္ဓသည် **အပါကဋမည်သော သူကြွယ်**ဖြစ်၏။ အပါကဋသူကြွယ်သည် ဘုရားအမှူးရှိသော သံဃာတော်အား ၇ ရက်တိုင်တိုင် ဆွမ်းကျွေးပြီးလျှင် တိစီဝရိတ်သက်န်းနှင့် ပရိက္ခရာတို့ကို သံဃာ စေ့ကပ်လှူ၏။

"အရှင်ဘုရား...ဤကောင်းမှုကံကြောင့် နောင်ဘုရားတစ်ဆူဆူ၏ သာသနာတော်၌ ဒိဗ္ဗစက္ခုအဘိညာဉ်အရာဝယ် ဧတဒဂ်ရသောရဟန္တာဖြစ်ရပါလို၏"ဟုဆုတောင်း၏။ ဘုရားရှင်လည်း အနာဂတံသအဘိညာဉ်ဖြင့် ကြည့်ရှုတော်မူပြီးလျှင် ဂေါတမမြတ်စွာဘုရားလက်ထက်တော်၌ ထိုဆုနှင့်ပြည့်စုံမည့်အကြောင်းကို ဗျာဒိတ်စကားမြွက်ကြားတော်မူ၏။

"ဒိဗ္ဗစက္ခုအဘိညာဉ်ရရေးအတွက် အဘယ်ကောင်းမှုကို ပြုရအံ့နည်း"ဟု အပါကဋသူကြွယ် ဆက်မေးလျှင် ဆီမီးလှူရန် မြတ်စွာဘုရား ညွှန်ကြားတော်မူ၏။ ထိုနေ့မှစ၍ သူကြွယ်သည် သရဏဂုံနှင့်တကွ ငါးပါးသီလကို ဆောက်တည်၍ ဆီမီးဝတ် မပြတ်တည်၏။ ဘုရားပရိနိဗ္ဗာန်စံ၍ သရီရဓာတ်တော်အပေါင်းကို ရွှေစေတီကြီးတည်ထားသောအခါ သူကြွယ်သည် ဆီမီးတိုင်တစ်ထောင်ဖြင့် နေ့စဉ်ဝတ်ပြု၏။

သူကြွယ်ကွယ်လွန်သည့်အခါ တာဝတိံသာနတ်ပြည်၌ သိကြားမင်းအကြိမ် ၁၀၀၀ ဖြစ်၏၊ သိကြားမင်း၏ဗိမာန်သည် မီးအရောင်ကဲ့သို့တပြောင်ပြောင်တညီးညီး ထွန်းတောက်နေ၏၊ သိကြားမင်း၏ကိုယ်အရောင်သည် ထက်ဝန်းကျင် ၁ ယူဇနာသို့ ပျံ့နှံ့၍ တောက်ပ၏။ လူ့ပြည်၌လည်း စကြဝတေးမင်း အကြိမ်တစ်ရာ၊ ပဒေသရာဇ်, ကေရာဇ်မင်းအဖြစ်ကား မရေတွက်နိုင်အောင်ဖြစ်၏။

**သုမေဓာဘုရား**လက်ထက်၌ တစ်ဖန် သူကြွယ်ဖြစ်၍ ဆီမီး ၂၀၀၀ ပူဇော်ပြန်၏။ ဤကုသိုလ်အကျိုးကြောင့် သိကြားမင်း အကြိမ် ၃၀၊ စကြာမင်းအဖြစ် ၂၂ ကြိမ် ဖြစ်ရပြန်၏။

ဤဘဒ္ဒကမ္ဘာဝယ် **ကဿပမြတ်စွာဘုရား**ပွင့်တော်မူသည့်အခါ ကုဋေ ၄၀ ကြွယ်ဝသော ဗာရာဏသီသူဌေးဖြစ်၏။ ဘုရားပရိနိဗ္ဗာန်စံသောအခါ ဘုရား၏ ဓာတုစေတီဝယ် ကြီးကျယ်သောရွှေခွက်တို့၌ ထောပတ်ဖြည့်၍ ဆီမီး ၁၀၀၀ ပူဇော်၏။ အသက်အတိုင်းနေ၍ ကွယ်လွန်သော် နတ်ပြည်သို့ရောက်၏။

ထို့နောက် ညံ့သောကုသိုလ်ကံတစ်ခုက အကျိုးပေးသဖြင့် ဗာရာဏသီပြည်၌ သုမနသူဌေး၏ ထမင်းအိုးထမ်းယောကျ်ားအိမ်ဝယ်

မွေးဖွား၏၊ **အန္တဘာရ**ဟု အမည်ရ၏။ သုမနသူဌေးသည် ရဟန်းပုဏ္ဏားများနှင့် သူတောင်းစားများအား နေ့စဉ်လှူဒါန်းပေးကမ်း၏။ အန္တဘာရ ကြီးပြင်းလာသောအခါ အိမ်ထောင်ကျ၏။ သူ့အလုပ်ကား တောသို့သွား၍ ထင်းနှင့် ဟင်းသီးဟင်းရွက်များကို ရှာဖွေယူဆောင်ရသောအလုပ်ဖြစ်၏။

တစ်နေ့တွင် ဥပရိဋ္ဌအမည်ရှိသော **ပစ္စေကဗုဒ္ဓါ**သည် ဂန္ဓမာဒနတောင်၌ နိရောဓသမာပတ်ဝင်စားရာမှ ထ၍ ချီးမြှောက်ထိုက်သူကို ရှုကြည့်တော်မူလျှင် အန္တဘာရသူဆင်းရဲကို မြင်၏။ ကောင်းကင်ခရီးဖြင့်ကြွ၍ ထိုသူ၏အိမ်ဝ၌ ရပ်တော်မူ၏။ အန္တဘာရ တောမှပြန်ရောက်လာချိန်နှင့်ကြုံ၍ 'အရှင်ဘုရား၊ ခေတ္တရပ်တော်မူပါ'ဟု လျှောက်ထားပြီး "ငါတို့စားရန် ထမင်းကျက်ပြီလား"ဟု ဇနီးအား မေး၏။ ဇနီးက "ကျက်ပါပြီ"ဆို၍ အန္တဘာရသည် သပိတ်ကိုယူ၍ သူ့ဝေစုဆွမ်းကို လောင်းလှူ၏၊ ဇနီးကလည်း မိမိအဖို့ဆွမ်းကို လောင်းလှူ၏။

အန္တဘာရသည် အပေါ်ကိုယ်ဝတ်ကိုခင်းပြီး 'အရှင်ဘုရား... ဤနေရာ၌ ထိုင်ပြီး ဆွမ်းဘုဉ်းပေးတော်မူပါ'ဟု လျှောက်ထား၏။ အရှင်မြတ်လည်း ထိုင်၍ ဆွမ်းဘုဉ်းပေးတော်မူ၏၊ အနုမောဒနာတရားဟော၏။

"အရှင်ဘုရား...အကျွန်ုပ်တို့ပြုရသော ဤကောင်းမှုကြောင့် နိဗ္ဗာန်မရသေးသမျှ ဘဝခပ်သိမ်း၌ ဆင်းရဲဒုက္ခကို မတွေ့မမြင်ရ၊ မရှိသည်ကို မသိရ၊ ထမင်းဖြစ်ရာဌာနကိုမျှ မသိရသည် ဖြစ်ပါစေသောဝ်"ဟု အန္တဘာရ ဆုတောင်း၏။ အရှင်မြတ်က–

"ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု၊
သဗ္ဗေပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသောယထာ"

· အလိုရှိအပ်, တောင့်တအပ်သောဆုနှင့် ဆောလျင်စွာပြည့်စုံပါစေ၊ အလုံးစုံသော အကြံအစည်တို့သည် ၁၅ ရက် လပြည့်ဝန်းကဲ့သို့ တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေ”ဟု ဆုပေး၏။

ထိုအခါ သုမနသူဌေး၏ ပြာသာဒ်ထက်၌ ထီးချက်စောင့်သည့် နတ်သမီးသည် သုံးကြိမ်တိုင်တိုင် ကောင်းချီးနမော် သာဓုခေါ်၏။ သုမနသူဌေး ကြားသဖြင့် “ငါသည် ရှည်မြင့်စွာသောကာလပတ်လုံး ကိုးကွယ်ရာမဲ့သူအပေါင်းတို့အား နေ့စဉ်မပြတ် လှူဒါန်းခဲ့ပါသော်လည်း သင်သည် သာဓုမခေါ်၊ ယနေ့မှ အဘယ့်ကြောင့် သင် သာဓုခေါ် သနည်း”ဟု မေး၏။

နတ်သမီးက “သင်သူဌေး၏ဒါနကို ငါသာဓုမခေါ်၊ အနုဘာရ၏ ပစ္စေကဗုဒ္ဓါအား လှူဒါန်းသောဒါနကို ငါ သာဓုခေါ်၏”ဟု ဆို၏။

သူဌေးသည် အနုဘာရကိုခေါ်၍ ‘သင်၏ဒါနကို ငါ့အားရောင်းပါ၊ ငါ တစ်အသပြာပေးမည်’ဟု ဆို၏။ အနုဘာရက “သူဌေးမင်း... တစ်ကြိမ်မျှပြုရသော ကောင်းမှုဖြစ်၍ မရောင်းလိုပါ”ဟု ဆို၏။ နှစ်အသပြာ, လေးအသပြာ စသည်ဖြင့် အသပြာ ၁၀၀၀ အထိ တိုး၍ပေး၏၊ အနုဘာရက မရောင်း။

“မရောင်းလိုလျှင် သင်၏ကုသိုလ်အဖို့ကို ငါ့အား ဝေငှပါ”ဟု သူဌေးက တောင်းပန်၏။ “ရှင်သူဌေး...အကျွန်ုပ်၏ဆရာ ပစ္စေကဗုဒ္ဓါ ကို မေးပါရစေဦး”ဟုဆိုပြီး အနုဘာရသည် ပစ္စေကဗုဒ္ဓါနောက်သို့ ပြေးလိုက်၏။ မီသော်–

“အရှင်ဘုရား...အကျွန်ုပ်၏ဒါနကို သုမနသူဌေးက သူ့အား ဝေငှပေးပါဟု တောင်းပန်၏၊ ဝေငှပေးလျှင် သင့်ပါမည်လား”ဟု လျှောက်၏။

"ဒါယကာ... သင့်အိမ်၌ ညဥ့်အခါထွန်းထားသောဆီမီးကို သူတစ်ပါးတို့က ဆီမီးစာဖြင့် ကူးညှိကြသည်ဆိုပါစို့၊ ထိုအခါ ပထမ ဆီမီးရောင်သည် ညှိုးမှိန်ချုပ်ငြိမ်းသွားပါသလား"ဟု အရှင်မြတ်က မေး၏။

"အရှင်ဘုရား၊ မညှိုးမှိန်ပါ၊ တိုး၍သာတင့်တယ်ပါသည်"

"ဤအတူပင် သင်၏ကုသိုလ်အဖို့ကို သူတစ်ပါးအား ပေးဝေသော်လည်း ကုန်ခန်းလျော့ပါးသည်မရှိ၊ တိုး၍သာ ကုသိုလ်တရား ပွားများပေ၏။ ရဟန်းတစ်ပါးအား ဆွမ်းတစ်သပိတ် လှူဒါန်းပြီး လူတစ်ကျိပ်အား အမျှပေးဝေအံ့၊ ဆယ်သပိတ်ပင် လှူသည်မည်၏၊ တစ်ရာတစ်ထောင်သောသူတို့အား အမျှဝေခဲ့အံ့၊ သပိတ်တစ်ရာ တစ်ထောင်လှူသည်မည်၏၊ ထို့ကြောင့် ဘယ်သူ့ကိုမဆို အလိုရှိသမျှကို ပေးလော့"

အန္တဘာရသည် သုမနသူဌေးထံ ပြန်လာပြီး အမျှပေးဝေ၍ အသပြာတစ်ထောင်ကို လက်ခံယူ၏၊ ထိုအခါမှစ၍ သူဌေးထံတွင် လုပ်ကိုင်ဆောင်ရွက်ရန်ကိစ္စ မရှိပြီ။ သို့သော် သုမနသူဌေးသည် ညချမ်းချိန်၌ ဘုရင်မင်းမြတ်ထံ ညီလာခံဝင်စရာရှိသဖြင့် နောက်ပါ လူကိုရှာသော် အန္တဘာရမှတစ်ပါး အခြားသူကို မတွေ့ရကား အန္တဘာရကိုပင် ခေါ်သွားရ၏။ ပြည့်ရှင်မင်းသည် သူဌေးကိုမကြည့်၊ အန္တဘာရကိုသာ စိုက်ကြည့်နေ၏။ သူဌေးက မေး၏–

"အရှင်မင်းကြီး...အဘယ်ကြောင့် ဤသူကိုသာ ကြည့်တိသနည်း"

"ငါမမြင်ဖူးသောကြောင့် ကြည့်သည်"ဟု ဘုရင်က ဖြေ၏။

"မမြင်ဖူး၍သာ ကြည့်အပ်သည်မဟုတ်၊ ဤသူ၌ ကြည့်ထိုက်သော ကောင်းမှုလည်း ရှိပါသည်"သူဌေးက လျှောက်၏။

"သင်သူဌေး...ဤသူ၌ ကြည့်ထိုက်သောကောင်းမှုကား အဘယ်နည်း"ဟု ဘုရင်က မေး၏။

သုမနသူဌေးက ပစ္စေကဗုဒ္ဓါအရှင်မြတ်အား အန္နဘာရဆွမ်းလှူသည်မှအစ ထီးချက်စောင့်နတ်သမီး သာဓုခေါ်၍ မိမိက အသပြာတစ်ထောင်ပေးသည်အထိ ပြောပြ၏။

"အန္နဘာရကို သင်သူဌေးသာ ပူဇော်ထိုက်သည်မဟုတ်၊ ငါလည်းပူဇော်ထိုက်ပေ၏၊ ကောင်းမြတ်သောအရာ၌ ထားသင့်ပေ၏"ဟုဆို၍ ဘုရင်မင်းမြတ်သည် လျောက်ပတ်သောနေရာကို ရှာစေ၏။ အိမ်ဆောက်ရန် မြေကိုညှိစေသောအခါ ပေါက်တူးချသမျှအရပ်၌ ရွှေအိုးကြီးများ လည်ချင်းထိစပ်လျက် ပေါ်လာကြ၏။

ပြည့်ရှင်မင်းအား လျှောက်ထားသည့်အခါ "ရေမြေ့သနင်း ဘုရင်မင်းမြတ်တို့သည် မြေပိုင်ရှင်ဖြစ်သဖြင့် ထိုရွှေအိုးတို့ကို ဘုရင်သာပိုင်ထိုက်သည်၊ ဖော်ယူချေ"ဟု ဘုရင်က စေခိုင်း၏။ မင်းချင်းတို့သည် ရွှေအိုးများကိုယူရန် မြေတူးဆွသောအခါ ရွှေအိုးများ ပျောက်၍ မြေစိုင်များကိုသာ တွေ့ကြရ၏။

ရှင်ဘုရင်အား လျှောက်ထားပြန်သော် "အန္နဘာရ၏ဥစ္စာ ဆို၍ယူလေကုန်"ဟု မိန့်ဆို၏။ မင်းချင်းတို့ တူးဖော်ကြသည့်အခါ မင်းရင်ပြင် ထန်းပင်သုံးဆင့်မျှ ရွှေအိုးတို့ကိုရ၏။

"ယနေ့မှစ၍ အန္နဘာရကို **မဟာသုမနသူဌေး**ဟု ခေါ်ကြလေကုန်"ဟု ဘုရင်အမိန့်ချပြီး သူဌေးကြီးတို့၏အဆောင်အယောင်ကို ပေး၏။

ပစ္စေကဗုဒ္ဓါအား စေတနာထက်ထက်ဖြင့် ဆွမ်းလှူဒါန်းရသောဒါနသည် လက်ငင်းပင် ကြီးကျယ်သောစီးပွားချမ်းသာကို ဖြစ်ထွန်းစေ

သည်သာမက အနုရုဒ္ဓမင်းသားဘဝ၌လည်း မရှိသည်ကိုမသိ၊ ထမင်းဖြစ်ရာ ဌာနမျှကိုပင် မသိအောင် အကျိုးပေးနိုင်သည်တကား။ (မဟာဗုဒ္ဓဝင်၊ တ။ ၁၄၆-၁၅၁။ ဓိနတ္တပကာသနီ၊ ၁၇၀-၁၈၃)

## ရှင်သီဝလိကဲ့သို့ လာဘ်ရှင်လန်းလိုလျှင်

အရှင်သီဝလိသည် အဘယ်ကြောင့် လာဘ်လာဘ ပေါများရသနည်း။ ရှင်သီဝလိကဲ့သို့ လာဘ်ပေါလိုလျှင် ရှင်သီဝလိလို လှူဒါန်းပါ။ အဘယ်သို့လှူရမည်နည်း။

လွန်လေပြီးသောကမ္ဘာတစ်သိန်းထက်၌ **ပဒုမုတ္တရမြတ်စွာဘုရား** ပွင့်ထွန်းတော်မူသောအခါ ရှင်သီဝလိအလောင်းသည် ဟံသမြို့၌ မင်းဖြစ်၏။ တစ်နေ့တွင် မြတ်စွာဘုရားသည် ပရိသတ်အပေါင်းတို့အား တရားရေအေးတိုက်ကျွေးပြီးနောက် **သုဒဿနရဟန်းကို** လာဘ်လာဘ အပေါ်များဆုံးဟူသော ဧတဒဂ်အရာ၌ ထားတော်မူ၏။

**ဟံသမင်းသည်** မြတ်စွာဘုရားနှင့် သံဃာတော်အား ၇ ရက် ပတ်လုံး ဆွမ်းလုပ်ကျွေး၍ အလှူကြီးကိုပေးလှူ၏။ ဤကောင်းမှုကြောင့် နောင်ဘုရားတစ်ဆူဆူ၏ သာသနာတော်၌ သုဒဿနရဟန်းကဲ့သို့ လာဘ်လာဘအထွတ်အထိပ်သို့ရောက်သူဖြစ်ရပါလို၏ ဟု ဆုတောင်း၏။

မြတ်စွာဘုရားသည် အနာဂတံသဉာဏ်ဖြင့် ရှုဆင်ခြင်ပြီးသော် "ဒကာတော်မင်းကြီး...သံဃာတော်နှင့်တကွ အတုမရှိသည့် မြတ်စွာဘုရားကို လှူဒါန်းပူဇော်ရသော ကောင်းမှုသည် မနှိုင်းယှဉ်နိုင်အောင် အကျိုးများပြား၏။ သင်မင်းကြီး အလိုရှိသော ဧတဒဂ်ဆုသည် နောင်ဘဒ္ဒကမ္ဘာ၌ ပွင့်ပေါ်မည့် ဂေါတမမြတ်စွာဘုရားလက်ထက်တွင်

ပြည့်စုံလတ္တံ့။ အသင်သည် ရှင်သိဝလိအမည်ဖြင့် ထိုဘုရားရှင်၏ တပည့်သာဝကဖြစ်လတ္တံ့."ဟု ဗျာဒိတ်ပေးတော်မူ၏။

ဟံသမင်း ကွယ်လွန်သောအခါ တာဝတိံသာဘုံသို့ ရောက်၏၊ ထို့နောက် အပါယ်ဘုံသို့မလားရောက်ရဘဲ လူ့ပြည်နတ်ပြည်တို့တွင် အဖန်ဖန်ကျင်လည်ပြီးကာ ၉၁ ကမ္ဘာထက်၌ **ဝိပဿီမြတ်စွာဘုရား** ပွင့်တော်မူသောအခါ ဗန္ဓုမတီမင်းနေပြည်အနီးရှိ တောရွာ၌ **ဆင်းရဲသား** ဖြစ်၏။ တစ်နေ့တွင် ထိုဆင်းရဲသားသည် ပျားရည်အိုးနှင့် နို့ဓမ်းအိုး တို့ကို ထမ်းပိုးဖြင့်ထမ်းလျက် ဗန္ဓုတီမင်းနေပြည်တော်သို့သွား၏။

ထိုအခါ ဗန္ဓုမတီပြည့်ရှင် ဗန္ဓုမမင်းနှင့် ပြည်သူအပေါင်းတို့သည် မြတ်စွာဘုရားနှင့် သံဃာတော်များအား သူ နိုင်ငါနိုင် အပြိုင် ဆွမ်း ကျွေးနေကြသည့်အခါ ဖြစ်၏။ ထိုနေ့တွင် ပြည်သူများ ဆွမ်းလှူဒါန်း ရမည့်အလှည့်ဖြစ်၍ မည်သည့်လှူဖွယ်ဝတ္ထုမှ မကြွင်းကျန်ရစ်အောင် အလှူကြီးကို စီစဉ်ကြ၏။ သို့သော် ပျားရည်နှင့် နွားနို့ခဲဟူသည့် အမယ်နှစ်မျိုးကို မရနိုင်သဖြင့် လူတို့ကို မြို့တံခါးလေးခုသို့ စေလွှတ် ထားကြ၏။

ပျားရည်အိုးနှင့် နို့ဓမ်းအိုးတို့ကို ထမ်း၍ဝင်လာသော တောသားကို မြင်လျှင် ထိုတံခါးဝသို့ စေလွှတ်ထားသည့်လူက–

"အဆွေ–ဘာအိုးတွေလဲဗျာ"ဟု မေး၏။

"ပျားရည်နှင့်နို့ဓမ်းပါဗျာ"ဟု တောသားက ဖြေ၏။

"ဒီလိုဆိုရင် အသပြာတစ်ကျပ်နှင့် ရောင်းပါ"

"မရောင်းနိုင်ပါဘူး"

"နှစ်ကျပ်နှင့်ရောင်းပါ"

"မရောင်းနိုင်ပါဘူး"

ဝယ်လိုသူက နှစ်ဆတိုး၍တိုး၍ပေးရာ အသပြာတစ်ထောင်သို့ ရောက်လာ၏၊ ပိုင်ရှင်က မရောင်းသေးပါ။

"ဒါနဲ့ မိတ်ဆွေ...တစ်အသပြာတောင်မတန်တဲ့ပစ္စည်းကို ဘာကြောင့် အသပြာတစ်ထောင်အထိ ပေးဝယ်ရသလဲ"

ဝယ်လိုသူက ဘုရင်နှင့် ပြည်သူတို့ သူနိုင်ငါနိုင် ဘုရားရှင်နှင့် သံဃာတော်ကို အပြိုင်လှူဒါန်းကြရာတွင် ပြည်သူတို့ဘက်က ပျားရည်နှင့်နို့ဓမ်း လိုအပ်နေသည့်အကြောင်းကို ရှင်းပြ၏။

"ဒါဆိုရင်...အကျွန်ုပ်တို့တောသားတွေကော ပြည်သူတို့ဘက်က အလှူမပါဝင်နိုင်ဘူးလား"

"ပါဝင်နိုင်ပါတယ်"

"ဒီလိုဆိုရင်... အကျွန်ုပ်ရဲ့ ပျားရည်နှင့်နို့ဓမ်းတို့ကို အကျွန်ုပ် ကိုယ်တိုင် ဘုရားရှင်နှင့် သံဃာတော်ကို လှူမယ်ဗျာ"

"ကောင်းမြတ်လှပေတယ်၊ သာဓု...သာဓု"

ထိုဆင်းရဲသားသည် အသပြာတစ်ထောင်ကို မမက်မောဘဲ မိမိကိုယ်တိုင် ပျားရည်နှင့်နို့ဓမ်းတို့ကို ဝိပဿီဘုရားရှင်အား ဝမ်းမြောက်ဝမ်းသာ စေတနာထက်ထက်သန်သန်ဖြင့် လှူဒါန်း၏။

"ဘုန်းတန်ခိုးကြီးမြတ်တော်မူသော မြတ်စွာဘုရား... ဤအလှူဝတ္ထုသည် အကျွန်ုပ်ဆင်းရဲသား၏အလှူဖြစ်ပါသည်၊ ကရုဏာရှေးရှု၍ အလှူခံတော်မူပါဘုရား"

မြတ်စွာဘုရားသည် ပျားရည်နှင့်နို့ဓမ်းကို သပိတ်ဖြင့်ခံယူ၍ သံဃာတော် ၆–သန်း ၆–သိန်းတို့အား မျှဝေပေးတော်မူ၏။ အလှူရှင်၏ ထက်သန်သောစေတနာနှင့် ဘုရားရှင်၏တန်ခိုးအာနုဘော်ကြောင့် လှူဒါန်း၍မကုန်နိုင်အောင်ဖြစ်၏။

"ဤကောင်းမှုကြောင့် ဖြစ်လေရာဘဝဝယ် လာဘ်လာဘဌ် အထွတ်အထိပ်သို့ရောက်သူ၊ အခြံအရံအကျော်အစောအထွတ်အမြတ် ရောက်သူ ဖြစ်ရပါလို၏"

"သင်...အမျိုးကောင်းသား...တောင်းသောဆုနှင့်ပြည့်စေ"

ထိုဘဝမှတစ်ဖန် နတ်ပြည်လူ့ပြည် သံသရာကျင်လည်၍ ဘဝ တစ်ခုတွင် **ဗာရာဏသီမင်း၏သားတော်**ဖြစ်၏။ ကောသလမင်းသည် စစ်တပ်အလုံးအရင်းဖြင့် ဗာရာဏသီပြည်ကြီးကို တိုက်ခိုက်ရာ ဗာရာဏသီမင်း ကျဆုံး၏။ ကောသလမင်းသည် ဗာရာဏသီပြည်၌ အုပ်စိုး၍ ဗာရာဏသီမင်း၏မိဖုရားခေါင်ကို မိဖုရားကြီးရာထူး၌ ထား၏။

တိုက်ပွဲဖြစ်စဉ်ကာလ၌ ဗာရာဏသီမင်း၏ သားတော်သည် ရေထုတ်ပြွန်မှ ထွက်ပြေး၍ လွတ်မြောက်သွား၏။ ထိုမင်းသားသည် စစ်သည်ဗိုလ်ပါများစုရုံး၍ ဗာရာဏသီပြည်ကို ပြန်လည်သိမ်းပိုက်ရန် ချီတက်လာ၏။ ဗာရာဏသီပြည်အတွင်းရှိ မယ်တော်မိဖုရားကြီးက "စစ်တိုက်လျှင် လူအမြောက်အမြား သေဆုံးကြလိမ့်မည်၊ မြို့တံခါးကြီး များကို ပိတ်ဆို့ဝန်းရံပါ"ဟု အကြံပေးသဖြင့် ဗာရာဏသီမြို့တံခါးကြီး များကို ပိတ်ဆို့ထား၏။

ပြည်သူများသည် တံခါးငယ်ကလေးများမှ ပြင်ပသို့ထွက်၍ ထင်းနှင့်ရိက္ခာများကို ရယူနိုင်ကြသည့်အတွက် ၇ နှစ်ကြာညောင်းလာ သော်လည်း ကောသလမင်း အညံ့မခံချေ။ ထိုအခါ မိဖုရားကြီးက တံခါးငယ်များကိုပါ ပိတ်ဆို့ပါဟု အကြံပေး၏။ ဤအကြံအတိုင်း မင်းသားက လုပ်ဆောင်ရာ ပြည်သူတို့သည် အလွန်ကျပ်တည်းလာကြ သဖြင့် ကောသလမင်း၏ ဦးခေါင်းကိုဖြတ်၍ မင်းသားအား ပေးဆက် ကြ၏။

နောက်ဆုံးဘဝတွင် ထိုမိဖုရားကြီးသည် ကောလိယသာကီဝင်မင်းမျိုး၌ဖြစ်ပြီး **သုပ္ပဝါသာ**ဟု အမည်တွင်၏၊ ရှင်သီဝလိကို ကိုယ်ဝန်ဆောင်နေစဉ်အတွင်း ရာပေါင်းများစွာသော လက်ဆောင်ပဏ္ဏာတို့သည် သူငယ်၏ဘုန်းကံကြောင့် နေ့ညဉ့်မပြတ် ရောက်လာကြ၏။ ရှေးဗာရာဏသီမြို့တံခါးကြီးများကို ၇ နှစ် ပိတ်ဆို့စေခဲ့သည့် အကုသိုလ်ကံကြောင့် ၇–နှစ်ကြာအောင် ကိုယ်ဝန်ဆောင်ရ၏။ ထို့နောက် ၇–ရက်ကြာအောင် မြို့တံခါးငယ်များကိုပါ ပိတ်ဆို့စေခဲ့သဖြင့် ၇–ရက်ကြာအောင် အကြီးအကျယ်ဆင်းရဲပင်ပန်းကာ မိန်းမောတွေဝေခြင်းသို့ရောက်၏။ ဘုရား, တရား, သံဃာ ဂုဏ်တော်တို့ကို နှလုံးသွင်း၍ ကြိတ်မှိတ်ခံနေရ၏။

သုပ္ပဝါသာ သတိရလာသောအခါ မိမိမကွယ်လွန်မီ မြတ်စွာဘုရားအား လှူဒါန်းလိုသဖြင့် ချစ်လင် ကောလိယမင်းသားအား ဘုရားရှင်ထံသို့ သွားရန် မေတ္တာရပ်ခံစေ၏။

"အိုး...အရှင့်သား၊ ကျွန်တော်မ၏ဖြစ်ရပ်များကို မြတ်စွာဘုရားအား လျှောက်ထားပါ၊ မြတ်စွာဘုရားကို ပင့်ဖိတ်ပါ၊ ဘုရားရှင်မိန့်ကြားလိုက်သည်များကို မှတ်သား၍ အကျွန်ုပ်အားပြောကြားပါ"

မြတ်စွာဘုရားအား ကောလိယမင်းသား လျှောက်ထားလေလျှင် ဘုရားရှင်က–

"ကောလိယမင်းသမီး–သုပ္ပဝါသာသည် ရောဂါမရှိ ပကတိချမ်းသာစေသတည်း၊ ရောဂါမရှိ ပကတိချမ်းသာလျက် ရောဂါကင်းသောသားကို မွေးဖွားစေသတည်း"ဟု ဆုပေးတော်မူ၏။ ထိုသို့ မိန့်ဆိုတော်မူသည့်အချိန်၌ပင်လျှင် ကောလိယမင်းသမီးသည် ပကတိချမ်းသာလျက် ရောဂါကင်းသောသားကို ဖွားမြင်၏။ သူငယ်သည်

ခပ်သိမ်းသောဆွေမျိုးတို့၏ ပူပန်သောကကို ငြိမ်းအေးစေသည့်အတွက် **"သီဝလိ"**ဟု အမည်တွင်၏။

သိဝလိသည် အမိဝမ်း၌ ၇ နှစ်ကြာ ကိန်းဝပ်ခဲ့ရသောကြောင့် ဖွားမြင်သည့်အချိန်မှစ၍ ၇ နှစ်သားအရွယ်ကလေးကဲ့သို့ ပြောဆိုပြုမူနိုင်၏။ ဖွားမြင်သည့်နေ့မှစ၍ မိဘတို့သည် ၇–ရက်တိုင်တိုင် မြတ်စွာဘုရားနှင့် သံဃာတော်အား အလှူကြီးပေးလေ၏။ ခုနစ်ရက်မြောက်သည့်နေ့၌ အရှင်သာရိပုတ္တရာသည် သိဝလိနှင့် စကားနှီးနှောပြောဆို၏။

"သိဝလိ…သင်သည် ပဋိသန္ဓေနေခြင်း ဆင်းရဲကို ၇–နှစ် ၇–ရက်တိုင်အောင် ခံစားခဲ့ရပြီ။ သင်–ရဟန်းပြုရန် မသင့်လျော်ပေဘူးလား"

"အရှင်ဘုရား…မိဘ ခွင့်ပြုလျှင် ရဟန်းပြုလိုပါသည်"

မိဘတို့က ဝမ်းမြောက်စွာခွင့်ပြု၏။ အရှင်သာရိပုတ္တရာသည် သိဝလိအား ကျောင်းသို့ခေါ်သွားပြီးလျှင် တစပဥ္စကကမ္မဋ္ဌာန်းကို သင်ပေး၏။ ၇–နှစ် ၇–ရက်တို့ကာလပတ်လုံး ပဋိသန္ဓေနေခဲ့ရသော ဆင်းရဲဒုက္ခကိုလည်း ဆင်ခြင်စေ၏။

ပထမဆံရစ်ဝန်းကို ရိတ်ချလျှင်ပင် သိဝလိသည် သောတာပန်ဖြစ်၏၊ ဒုတိယဆံဝန်းကို ရိတ်ချသောအခါ သကဒါဂါမ် ဖြစ်၏၊ တတိယဆံဝန်းကို ရိတ်ချသောအခါ အနာဂါမ်ဖြစ်၏၊ အားလုံးသောဆံဝန်းကို ရိတ်ချပြီးသည်နှင့်တစ်ပြိုင်နက် ရဟန္တာဖြစ်၏။

ဒါန၏စွမ်းအားသည် အရဟတ္တဖိုလ်တိုင်အောင် အားကြီးသော ဥပနိဿယ ပစ္စယသတ္တိဖြင့် အထောက်အပံ့ပြုကြောင်း ထင်ရှားလှပါသည်။

ရှင်သိဝလိအား ရှင်ရဟန်းပြုပေးသောနေ့မှစ၍ ရဟန်းသံဃာတော်အား သက်န်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဟူသည့် ပစ္စည်းလေးပါးတို့သည် ပြည့်စုံပေါများလာကြ၏။ ကုန်း၌ရှိသည်ဖြစ်စေ ရေပေါ်၌ရှိသည်ဖြစ်စေ၊ ယာထဲတောထဲ၌ရှိသည်ဖြစ်စေ၊ ရှင်သိဝလိရှိရာအရပ်သည် လာဘ်လာဘပေါများသည်သာတည်း။

မြတ်စွာဘုရားသည် ရဟန်းတော် သုံးသောင်းခြံရံ၍ အရှင်သာရိပုတ္တရာ၏ညီထွေးဖြစ်သည့် ရှင်ရေဝတအား ချီးမြှင့်ရန်အတွက် ရှင်ရေဝတ သီတင်းသုံးရာ ရှားတောဆီသို့ ကြွချီတော်မူလို၏။ ရှင်ရေဝတသည် ၇-နှစ်အရွယ်၌ပင် ရဟန္တာဖြစ်ပြီး လူသူကင်းဆိတ်သည့် ရှားတော၌နေ၏။ ထိုနေရာသို့သွားရန် တောကြီးမျက်မည်းကို ဖြတ်သန်းရမည်ဖြစ်၍ ရှင်သိဝလိပါ၊မပါ မေးတော်မူ၏။ ပါကြောင်းသိရလေလျှင် ဘုရားရှင်သည် မဆုတ်ဆိုင်းဘဲ ထိုတောလမ်းခရီးဖြင့် ကြွလှမ်းတော်မူ၏။ တောကြီးအတွင်း၌ လူနေအိမ်ခြေများ မရှိပေ။ ရှင်သိဝလိ၏ဘုန်းတန်ခိုးကြောင့် နတ်များက ဘုရားရှင်နှင့် သံဃာတို့အား လိုလေသေးမရှိအောင် ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေးလှူဒါန်းရ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် သံဃာတော်၏ရှေ့မှောက်တွင် ရှင်သိဝလိအား လာဘ်လာဘပေါများခြင်း၌ အသာဆုံးအမြတ်ဆုံးဟူသည့် ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူသည်။ (ထေရာပဒါန်မြန်မာပြန်၊ ဒု။ ၁၄၂-၅။ မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ-ပထမပိုင်း၊ ၃၀၅-၃၁၉)။

# လှထက်လှ ယဉ်ထက်ယဉ်ပ ဘုရင်ခေါင်မှူး

ကမ္ဘာပေါ်မှာ မည်သူအလှဆုံးလဲဟု မေးလျှင် လက်ရှိ မယ်ကမ္ဘာများနှင့် ဟောလိဝုဒ်အလှဘုရင်မ အယ်လီဇဘက်တေလာစသည်တို့ကို လက်ညှိုးထိုးပြစရာရှိသည်။ သမိုင်းတွင် ကျော်ကြားခဲ့သော အီဂျစ်လှကေရီ- ကလီယိုပတ္တရာကိုလည်း ညွှန်ပြစရာရှိသည်။ သို့သော် ဤအမျိုးသမီးတို့ လှပချောမောသည်မှာ မြင်ရသူယောကျ်ားများ ရင်သပ်အံ့သြ ငေးမောရုံသာရှိမည်၊ ဣန္ဒြေတွေကို မထိန်းနိုင်တော့ဘဲ မူးရူးသွားသည်အထိတော့ မလှကြ။

တာဝတိံသာနတ်ပြည်မှ ဘုံကြီးပြတ်လာသည့်ပမာ မြင်သူတကာ ယောကျ်ားတို့ကို မူးရူးစေသည်အထိ ချောမောလှပသူကား **ဥမ္မာဒန္တီ** ဖြစ်ပေ၏။ ဥမ္မာဒန္တီ အဘယ့်ကြောင့် အလှထူးရသနည်း။

သူမ၏အလှသည်လည်း ဒါနပေါ်တွင် မြစ်ဖျားခံခဲ့သည်၊ မြတ်စွာဘုရားနှစ်ဆူနှင့် သံဃာတော်တို့အား ဆွမ်းအလှူကြီးကို ပေးလှူခဲ့၏၊ မြတ်လေးပန်းကိုလည်း လှူဒါန်းခဲ့၏၊ သင်္ကန်းမရှိသည့် ရဟန္တာမထေရ်အားလည်း နုညံ့ပြေပြစ်သောပုဆိုးမြတ်ကို ပေးလှူခဲ့၏။ သူမသည်ကား ဂေါတမမြတ်စွာဘုရားလက်ထက်တော်၌ တန်ခိုးဧတဒဂ်ဆုကို ရရှိသည့် **ဥပ္ပလဝဏ်ထေရီ၏ အလောင်းအလျာပေတည်း။**

သူမ၏ဘဝဖြစ်စဉ်ကား ဤသို့တည်း။ လွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်က **ပဒုမုတ္တရမြတ်စွာဘုရား** ပွင့်ထွန်းတော်မူသောအခါ သူမသည် နဂါးမင်း၏ မိဖုရား **ဝိမလာဒေဝီ** ဖြစ်ခဲ့၏။ မဟောရဂ အမည်ရသော နဂါးမင်းကြီးသည် ပဒုမုတ္တရမြတ်စွာဘုရားနှင့် သံဃာတော်အပေါင်းကို နဂါးပြည်သို့ ပင့်ဆောင်၏။ မိမိ၏နန်းတော်၌ သီတင်းသုံးနေစေပြီးလျှင် အမွန်မြတ်ဆုံးသော ဆွမ်း, ခဲဖွယ်, ဘောဇဉ် တို့ကို လှူဒါန်း၏။

မြတ်စွာဘုရားသည် အနုမောဒနာတရားဟောကြားတော်မူ၏။ နဂါးသတို့သမီးများသည် တန်ခိုးကြီးကြ၏။ အခြံအရံများ၍ ကောင်းစွာပြောဆိုတတ်သောမြတ်စွာဘုရားကို ကြည်ညိုကြကုန်၏။ မြတ်စွာဘုရားသည် ဝိမလာ၏စိတ်ကို သိတော်မူသဖြင့် တန်ခိုးပြခြင်း၌ ရဲရင့်သည့် ရဟန်းမအား များစွာသောတန်ခိုးတို့ကို ပြစေ၏။

"မြတ်စွာဘုရား...ထိုရဟန်းမသည် အဘယ့်ကြောင့် တန်ခိုး၌ အလွန်ရဲရင့်သူဖြစ်ပါသနည်း"ဟု ဝိမလာ မေး၏။

"ငါ၏ရင်၌ဖြစ်သော သမီးတော်သည် တရားခံတွင်းမှ မွေးဖွား လျက် ငါ၏အဆုံးအမကို လိုက်နာပြုကျင့်တတ်ပေ၏။ ထို့ကြောင့် တန်ခိုး၌ အလွန်ရဲရင့်သူဖြစ်ပေ၏"

ဝိမလာသည် အလွန်ဝမ်းမြောက်လှသည်ဖြစ်၍ "အရှင်ဘုရား... အကျွန်ုပ်သည်လည်း နောင်ဘုရားတစ်ဆူဆူ၏လက်ထက်တော်ဝယ် တန်ခိုး၌ အလွန်ရဲရင့်သူဖြစ်ရပါလို၏"ဟု ဆုတောင်း၏။

မြတ်စွာဘုရားအား ပတ္တမြားပလ္လင်ထက်၌ သီတင်းသုံးစေ၍ သံဃာတော်အား ရတနာမဏ္ဍပ်အတွင်း၌ သီတင်းသုံးစေပြီးလျှင် ဘုရားရှင်နှင့် သံဃာတော်အပေါင်းအား ထမင်းဟင်းလျာ, အဖျော် ယမကာတို့ကို လှူဒါန်း၏။ နဂါးတို့နှစ်သက်မြတ်နိုးသော အရဏာခေါ် ကြာညိုပန်းမြတ်ကိုလည်း ဘုရားရှင်အား လှူဒါန်းပူဇော်ပြီး ဝိမလာ ဆုတောင်း၏– "အကျွန်ုပ်၏အဆင်းသည် ဖြစ်လေရာဘဝ၌ ဤ ကြာညိုပန်းအဆင်းကဲ့သို့ ဖြစ်ပါစေသတည်း"

ကောင်းစွာပြုအပ်သော ထိုကောင်းမှုကံကြောင့် ဝိမလာကွယ်လွန် သော် တာဝတိံသာဘုံသို့ရောက်၏။ ထို့နောက် ၉၁ ကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူသောအခါ ထိုဥပလ္လဝဏ်လောင်းလျာ

သည် ဗာရာဏသီပြည်ဝယ် **သူဌေးသမီး**ဖြစ်၏။ ထိုသူဌေးသမီးသည် ဝိပဿီမြတ်စွာဘုရားနှင့် သံဃာတော်အား ဆွမ်းအလှူကြီးကို ပေးလှူပြီးလျှင် ကြာညိုပန်းတို့နှင့် ပူဇော်၏၊ အဆင်းလှပတင့်တယ်ခြင်းကို စိတ်ဖြင့်သာ တောင့်တခဲ့၏။

ဤဘဒ္ဒကမ္ဘာ၌ **ကဿပမြတ်စွာဘုရား** ပွင့်ထွန်းတော်မူသောအခါ သူမသည် ဗာရာဏသီပြည်ဝယ် **ကိကီမင်းကြီး၏သမီးတော်** ၇ ဦးတွင် ဒုတိယမြောက်သမီး ဖြစ်ခဲ့၏။ ထိုမင်းသမီး ၇ ဦးတို့သည် သာမဏီ၊ သမဏာဂုတ္တာ၊ ဘိက္ခုနီ၊ ဘိက္ခုဒါယိကာ၊ ဓမ္မာ၊ သုဓမ္မနှင့် သံဃဒါယိကာတို့ဖြစ်ကြ၏။ သူတို့သည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားပြီးသော် ခမည်းတော်ထံ ရဟန်းပြုခွင့်ကို တောင်းခဲ့ကြ၏။ ခွင့်မရသဖြင့် အပျိုစင်အဖြစ်နှင့် မြတ်သောဗြဟ္မာစရိယာအကျင့်ကို အနှစ်နှစ်သောင်းတို့ကာလပတ်လုံး မပျင်းမရိ ကျင့်ခဲ့ကြ၏။ မြတ်စွာဘုရားကို ဆည်းကပ်လုပ်ကျွေးခြင်း၌ အမြဲမွေ့လျော်ခဲ့ကြ၏။ ထိုမင်းသမီး ၇ ဦးတို့သည် ဂေါတမမြတ်စွာဘုရားလက်ထက်တော်၌ ခေမာ၊ ဥပ္ပလဝဏ်၊ ပဋာစာရာ၊ ကုဏ္ဍလကေသာ၊ ကိသာဂေါတမီ၊ ဓမ္မဒိန္နာနှင့် ဝိသာခါတို့ အသီးသီးဖြစ်လာကြ၏။

ကိကီမင်း၏ သမီးတော်ဘဝမှ စုတေသည့်အခါ ဥပ္ပလဝဏ် အလောင်းသည် တာဝတိံသာသို့ ရောက်၏။ ထိုမှ စုတေပြန်သော် **ဗာရာဏသီပြည်** ၌ **သူဆင်းရဲမ**ဖြစ်၏။ ပွဲသဘင်ကျင်းပသည့်အခါ ကုံလုံပြည့်စုံကြသော အမျိုးသမီးများသည် ပန်းဝတ်ဆိုးအဝတ်တို့ကို ဝတ်ဆင်၍ ပျော်ပွဲသဘင် ဆင်နွှဲကြ၏။ သူဆင်းရဲမသည် ပန်းဝတ်ဆိုးအဝတ် ဝယ်ပေးရန် မိဘတို့အား ပူဆာ၏။

"ချစ်သမီး...ငါတို့သည် အလွန်ဆင်းရဲ၏၊ ထမင်းနပ်မှန်စားရန်ပင် အလွန်ကြိုးပမ်းကြရ၏၊ အဘယ်မှာလျှင် ပန်းဝတ်ဆိုးအဝတ်ကို ဝယ်နိုင်အံ့နည်း"

ထိုသို့ မိဘတို့ဆိုလေလျှင် သူဆင်းရဲသမီးသည် မိဘတို့ထံ ခွင့်ပန်၍ သူကြွယ်အိမ်၌ အခစားလုပ်၏။ သုံးနှစ်မပြည့်မီတွင် သူကြွယ်သည် ထိုအမျိုးသမီးအား ခိုင်ခံ့လှပသောပန်းဝတ်ဆိုးအဝတ်နှင့် အခြားအဝတ်တို့ကိုပေး၏။ သူမသည် မြစ်ဆိပ်သို့သွား၍ ရေချိုး၏။ ထိုအခါ ကဿပဘုရားရှင်၏ သာဝကဖြစ်သော ရဟန်းတစ်ပါးသည် သင်္ကန်းအခိုးခံလိုက်ရသဖြင့် သစ်ခက်သစ်ရွက်ကို ဝတ်ရုံ၍ကြွလာ၏။

အမျိုးသမီးသည် ဤဘဝတွင် မယ်မယ်ရရ မလှူဖူးသေး၊ လှူချင်သောဆန္ဒပြင်းပြလာသဖြင့် သုံးနှစ်နီးပါး ကျွန်ခံ၍ရရှိသော ရွှေရောင် ပန်းဝတ်ဆိုးအဝတ်ကို နှစ်ပိုင်းဖြတ်ပြီးလျှင် တစ်ပိုင်းကို မထေရ်အား လှူ၏။ မထေရ်သည် အဝတ်တစ်ဖက်စွန်းကို ဝတ်၍ တစ်စွန်းကို ရုံ၏။ ပန်းဝတ်ဆိုးသင်္ကန်းရောင်ကြောင့် မထေရ်၏ ကိုယ်အလုံးသည် တက်သစ်စနေလုလင်ကဲ့သို့ ဝင်းပလာ၏။ အမျိုးသမီးက ပီတိငါးမျိုးနှင့်အတူ သဒ္ဓါဖြိုးမောက်လာသဖြင့် ကျန်ပန်းဝတ်ထည်တစ်ပိုင်းကိုလည်း မထေရ်အား လှူလေ၏။

"အကျွန်ုပ်သည် ဘဝတိုင်း ဘဝတိုင်း မြတ်သောအဆင်းကို ဆောင်နိုင်သည်ဖြစ်စေသော်၊ အခြားသောမိန်းမတို့ထက် ကဲလွန်၍ လှပသည်ဖြစ်စေသော်"ဟု ဆုတောင်း၏။ မထေရ်မြတ်သည် "ဆုတောင်းတိုင်း ပြည့်စုံစေ"ဟူသော အနုမောဒနာကိုပြု၍ ကြွတော်မူ၏။

ထိုအမျိုးသမီး ကွယ်လွန်သော် နတ်ပြည်သို့ရောက်၏၊ နတ်ဘဝမှ စုတေသည့်အခါ **သိဝိတိုင်း၊ အရိဋ္ဌပုရမြို့**၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော တိရိဋိဝစ္ဆ–သူဌေး၏သမီးဖြစ်၏၊ မြတ်သောအဆင်းကိုဆောင်၍ တင့်တယ်သောလက္ခဏာနှင့်ပြည့်စုံ၏၊ **ဥမ္မာဒန္တီ** ဟုအမည်တွင်၏။

ဥမ္မာဒန္တီ ၁၆ နှစ်အရွယ်သို့ရောက်သော် လူ့အဆင်းကိုလွန်၍ နတ်သမီးကဲ့သို့ လှပ၏။ ဥမ္မာဒန္တီကိုမြင်သောယောကျ်ားတို့သည် ကိလေသာနှင့်ယစ်မူး၍ ဣန္ဒြေမဆည်နိုင်တော့ဘဲ သတိကင်းလွတ်ကြကုန်၏။ တိရိဋိဝစ္ဆသူဌေးသည် **သိဝိမင်း**ထံ ဝင်ရောက်ခစားပြီး–

"အရှင်မင်းမြတ်...ကျွန်ုပ်အိမ်၌ မိန်းမရတနာဖြစ်ထွန်းနေပါ၏၊ ပုရောဟိတ်တို့ကို စေလွှတ်၍ ထိုမိန်းမ၏ ကြန်အင်လက္ခဏာတို့ကို စုံစမ်းပြီးလျှင် အလိုတော်မြတ်ရှိတိုင်းပြုတော်မူပါ"ဟု လျှောက်၏။

သိဝိမင်းသည် "ကောင်းပြီ"ဟုဆို၍ ပုရောဟိတ်ပုဏ္ဏားတို့ကို စေလွှတ်၏။ ဥမ္မာဒန္တီသည် ထိုပုဏ္ဏားတို့ကို နို့ဃနာထမင်း ကျွေးမွေးစေ၏။ မိမိကိုယ်ကို ကောင်းစွာတန်ဆာဆင်ယင်ပြီးသော် ပုရောဟိတ်ပုဏ္ဏားတို့၏အထံသို့သွား၏။ ဥမ္မာဒန္တီကိုမြင်လျှင် ထိုပုဏ္ဏားတို့သည် သတိလွတ်ကင်း၍ ကိလေသာယစ်မူးကာ ထမင်းလုတ်ကို နှာခေါင်းဆီ နားဆီသို့ ယူမိကြ၏၊ အမူးအရူးဖြစ်ကုန်ကြ၏။

အမြင်မတော်သည်ဖြစ်၍ ဥမ္မာဒန္တီသည် ထိုပုဏ္ဏားတို့ကို လည်၌ ကိုင်၍ နှင်ထုတ်စေ၏။ ပုရောဟိတ်ပုဏ္ဏားတို့လည်း အရှက်ရကြသဖြင့် နန်းတော်သို့ရောက်သော်–

"အရှင်မင်းမြတ်..ဥမ္မာဒန္တီအမည်ရှိသော ထိုမိန်းမသည် သူယုတ်မ တည်း၊ အမျက်ဟူးဟူးထွက်၏၊ အရှင်မင်းမြတ်တို့အား မထိုက်တန် ကြောင်းပါဘုရား"ဟု လျှောက်ထားကြ၏။

သိဝိမင်းသည် ဥမ္မာဒန္တီကို မဆောင်ယူတော့ချေ၊ ကိုရိုင်ဝစ္ဆ သူဌေးသည် ဥမ္မာဒန္တီကို **အဘိပါရက–စစ်သူကြီး**အား ပေးအပ်လိုက်၏။

တန်ဆောင်မုန်းလပြည့်နေ့သို့ရောက်သော် ပွဲသဘင်ကျင်းပရန် အရိဋ္ဌပူရတစ်မြို့လုံးကို နတ်ပြည်တမျှ လှပစွာ တန်ဆာဆင်ကြ၏။ ဆိမ်းများကိုလည်း တပြောင်ပြောင်တဝင်းဝင်း ထွန်းညှိရန် ပြင်ဆင်ထားကြ၏။ တစ်မြို့လုံး၏ လုံခြုံရေးကိုစိမ်ကွပ်ကဲရသော အဘိပါရက စစ်သူကြီးသည် မိမိချစ်မြတ်နိုးလှသော ဇနီးအား အတန်တန်မှာကြား၏။

"ရှင်မ ...ဘုရင်မင်းမြတ်သည် ညဥ့်ပွဲသဘင်ကို ရှုစားရန် မြို့တော်ကို လက်ယာရစ်လှည့်လည်လိမ့်မည်၊ ရှေးဦးစွာ ဤအိမ်ရှေ့လမ်းသို့ ရောက်လာလိမ့်မည်၊ ရှင်မကို မမြင်ပါစေနှင့်၊ မြင်လျှင် ဘုရင်မင်းမြတ် သတိတိမ်းချွတ်သွားပါလိမ့်မည်"

"အရှင်...အရှင့်ကိစ္စကို ဆောင်ရွက်ရန် ကြွတော်မူပါ၊ အကျွန်ုပ် လုပ်သင့်သည်ကို အကျွန်ုပ်သိပါ၏"

စစ်သူကြီးထွက်သွားလျှင် ဥမ္မာဒန္တီသည် ကိန္နရီမကဲ့သို့ လှပအောင် တန်ဆာဆင်၏။ လပြည့်ဝန်းကြီးသည် အရှေ့ကောင်းကင်ယံမှ ထွက်ပြူလာကာ ထိန်ထိန်သာနေ၏။ ဆိမ်းတို့သည်လည်း ပြောင်ပြောင်ဝင်းဝင်း ထွန်းတောက်ကြ၏။ သိဝိမင်းသည် တင့်တယ်စွာ တန်ဆာဆင်ထားသော အာဇာနည်မြင်းကသည့်ရထားကို စီး၍ လှည့်လည်လာ၏။ ဥမ္မာဒန္တီသည် ပြတင်းပေါက်ဝ၌ ရပ်လျက် သိဝိမင်းဆီသို့ ပန်းများကို ပစ်ကြဲလေ၏။

ဥမ္မာဒန္တီကို သိဝိမင်းကြီး မြင်လေပြီ၊ ကိလေသာဖြင့် ယစ်မူးကာ သတိကင်းလွတ်၍ စစ်သူကြီးအိမ်ဖြစ်သည်ကိုပင် အမှတ်မရတော့၊ ယောင်ယမ်းကာ ရထားကို ရပ်စေ၍–

"ရထားထိန်း...သုနန္ဒ၊ ဒါ အဘယ်သူ့အိမ်လဲ၊ ဟို...ပြတင်းပေါက်ဝမှာရပ်နေတဲ့ မီးတောက်မီးလျှံလို ဝင်းဝင်းပနေတဲ့ အမျိုးသမီးက ဘယ်သူလဲ၊ သူ့မှာ ခင်ပွန်းလင် ရှိသလား၊ မရှိဘူးလား အမြန်လျှောက်တင်စမ်းပါ"ဟု မေး၏။

"အရှင်မင်းကြီး၊ ဤအိမ်ကား အဘိပါရကစစ်သူကြီး၏ အိမ်ပါတည်း၊ ထိုအမျိုးသမီးသည် ဥမ္မာဒန္တီပါတည်း၊ အရှင်မင်းမြတ်၏ အမှုတော်ကို နေ့ညဥ့်မပြတ် မမေ့မလျော့ ထမ်းဆောင်နေသော အဘိပါရကစစ်သူကြီးသည် သူမ၏ခင်ပွန်းလင်ပါတည်း"

"ဩော်..ဥမ္မာဒန္တီ ..ဥမ္မာဒန္တီ ...သင့်ရုပါရုပ်သွင်သည် ငါ့အား ရူးသွပ်စေခဲ့ပြီ၊ သင့်အလှသည် သင့်ရုပ်သွင်နှင့်လိုက်ဖက်ပါပေစွ"

ဥမ္မာဒန္တီသည် သိဝိမင်း တုန်လှုပ်သွားသောအဖြစ်ကို သိလျှင် ပြတင်းပေါက်ကိုပိတ်၍ ကျက်သရေတိုက်ခန်းသို့ ဝင်လေ၏။ ဘုရင်မင်းမြတ်သည် ဥမ္မာဒန္တီမှလွဲ၍ အခြားဘာကိုမျှ စိတ်မဝင်စားတော့။

"အမောင်သုနန္ဒ...ရထားကိုပြန်လှည့်လော၊ ဤပွဲသဘင်သည် ငါတို့အား မလျော်ချေတကား၊ အဘိပါရကစစ်သူကြီးအားသာလျှင် လျော်ကန်ပေ၏၊ ဘုရင်မင်းမြတ်အဖြစ်သည်လည်း အဘိပါရကအားသာလျှင် လျော်ကန်ပေ၏"

သိဝိမင်းသည် ရွှေနန်းတော်သို့ရောက်လျှင် ပြာသာဒ်ထက်သို့ တက်၍ ကျက်သရေရှိသော အိမ်ရာတိုက်ခန်းဝယ် သလွန်ထက် လဲလျောင်းလျက် ဥမ္မာဒန္တီကို တမ်းတကာ မြည်တမ်းနေလေ၏။

ဥမ္မာဒန္တီ၏အလှသည် ဤမျှအထိ စွမ်းဆောင်နိုင်ပေ၏။ အလှူဒါန၏စွမ်းအားသည် တောင်းဆုချွေသည့် လောကီအကျိုးများကိုလည်း ဖြည့်စွမ်းပေးနိုင်၏၊ ရည်မှန်းထားသော လောကုတ္တရာအကျိုးကိုလည်း ရွက်ဆောင်ပေးနိုင်၏။

ဥမ္မာဒန္တီသည် သံသရာကျင်လည်၍ နောက်ဆုံးဘဝတွင် သာဝတ္ထိပြည်ဝယ် သူဌေးသမီးဖြစ်လာ၏။ ကိုယ်ရေအဆင်းသည် ကြာညိုပန်းနှင့်တူသောကြောင့် ဥပ္ပလဝဏ်ဟု အမည်မှည့်ကြ၏။ အရွယ်ရောက်လာသည့်အခါ အလွန်လှပတင့်တယ်ရကား ဇမ္ဗူဒိပ်ကျွန်းအလုံးရှိမင်းများ, သူဌေးများက ဥပ္ပလဝဏ်နှင့် လက်ဆက်ထိမ်းမြားလိုကြောင်း စာသဝဏ်နှင့် တမန်စေလွှတ်၍ တောင်းခံကြ၏။

ဖခင်သူဌေးကြီးသည် "ငါကား သမီးတစ်ယောက်တည်းဖြင့် အလိုရှိသူအားလုံးတို့အား စိတ်ကျေနပ်မှုကို ပေးစွမ်းနိုင်လိမ့်မည်မဟုတ်၊ ဥပါယ်တံမျဉ်ကို ငါပြုစုပေအံ့"ဟု ကြံစည်၍ သမီးအား "ချစ်သမီး... ရဟန်းမ,ပြုနိုင်ပါမည်လော"ဟု မေးမြန်း၏။

ဥပ္ပလဝဏ်သည် သံသရာနိဂုံး ချုပ်သိမ်းရမည့် ပစ္ဆိမဘဝိက (နောက်ဆုံးဘဝ)ပါရမီရှင်ဖြစ်ရကား "ရဟန်းမ ပြုပါမည်ဖခင်"ဟု ဝမ်းမြောက်ဝမ်းသာ ဖြေကြားလေ၏။

ဘိက္ခုနီမ ရဟန်းပြု၍ မကြာမြင့်မီပင် သိမ်အပြင်၌ ဝတ်ပြုရန် အလှည့်ကျရောက်လာ၏။ ဥပ္ပလဝဏ်သည် ဆီမီးကို ထွန်းညှိ၍ သိမ်အပြင်ဘက်ကို တံမြက်လှည်း၏၊ ထို့နောက် ဆီမီးတောက်၌ ကမ္မဋ္ဌာန်းအာရုံနိမိတ်ကိုယူပြီးလျှင် ရပ်တည်လျက်ပင် တေဇောကသိုဏ်းကို ပွားများလေရာ မကြာမီပင် ဈာန်ရ၏၊ ထိုဈာန်သမာဓိကိုအခြေပြုကာ ဝိပဿနာရှုပွားလေလျှင် ဆောလျင်စွာ အရဟတ္တဖိုလ်သို့ရောက်၍

ရဟန္တာထေရီမ ဖြစ်လေ၏။ အရဟတ္တဖိုလ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် ရှေးဆုတောင်းအတိုင်း အဘိညာဉ်ခြောက်ပါးကိုရ၍ တန်ခိုးစိမ်ဖန်ဆင်းခြင်း၌ ဘိက္ခုနီမတို့တွင် အသာလွန်ဆုံးပုဂ္ဂိုလ်ဖြစ်လေ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ဘိက္ခုနီမတို့ကို ရာထူးထားတော်မူသည်ရှိသော်"ရဟန်းတို့...တန်ခိုးဣဒ္ဓိနှင့် ပြည့်စုံကြသည့် ငါဘုရား၏တပည့်မအပေါင်းတို့တွင် ဥပ္ပလဝဏ်သည် အသာဆုံး အမြတ်ဆုံးဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ ဥပ္ပလဝဏ်ထေရီအား တန်ခိုးဣဒ္ဓိနှင့် ပြည့်စုံသောအရာဝယ် ဧတဒဂ်ထားတော်မူသတည်း။

(ထေရာပဒါန်မြန်မာပြန်၊ ဒု၊ ၂၂၁–၂၂၈။ ငါးရာငါးဆယ်ဇာတ်ဝတ္ထု၊ ပဉ္စမ။ ၁၃၃–၁၄၁။ မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ၊ ဒုတိယပိုင်း။ ၄၅–၆၇)

## ပဉ္စပါပီကဲ့သို့ အတွေ့ထူးခြားလိုလျှင်

'ပဉ္စပါပီ'ဟု အမည်တွင်ရခြင်းမှာ မျက်စိ၊ နှာခေါင်း၊ ပါးစပ်၊ လက်၊ ခြေတို့ အရုပ်ဆိုး အကျည်းတန်နေသောကြောင့်ဖြစ်၏။ သို့သော် သူမ၏ကိုယ်အထိအတွေ့သည် နတ်သမီးတမျှ အတွေ့ထူးလှ၏။ သူမ၏လက်ဖျားနှင့် ထိတွေ့လိုက်လျှင်ပင် ယောကျ်ားတကာတို့ စွဲမက်ကုန်၏။ သူမ၏အတိတ်ကုသိုလ်ကား အဘယ်သို့နည်း။

**ဗာရာဏသီပြည်၌ သူဆင်းရဲမတစ်ဦးသည်** မြေကိုနယ်၍ အိမ်နံရံကို လိမ်းကျံနေ၏။ ထိုအခါ ပစ္စေကဗုဒ္ဓါတစ်ပါးသည် မိမိလိုဏ်ဂူကိုလိမ်းကျံရန် မြေညက် အလိုရှိသဖြင့် ဗာရာဏသီပြည်တွင်းသို့ဝင်ကာ ထိုသူဆင်းရဲမအိမ်ရှေ့၌ ရပ်တော်မူ၏။ ထိုအမျိုးသမီးသည် စိတ်ဆိုး၍ ခြေ, လက်, မျက်စိ, နှာခေါင်း, ပါးစပ်တို့ဖြင့် မနှစ်မြို့ဖွယ်သော အမူအရာကိုပြုကာ "မြေကြီးမှုကိုလည်း တောင်းဘိ၏"ဟုဆို၏။

အရှင်မြတ်သည် တုန်လှုပ်ခြင်းမရှိဘဲ တည်ကြည်တင့်တယ်စွာ ရပ်နေတော်မူ၏။ ထိုအမျိုးသမီးသည် ကြည်ညိုစိတ်ဖြစ်လာ၍ "ရှင်ရဟန်း...မြေမှုန့်ကိုလည်း မရသလော"ဟု ဆို၍ မြေစိုင်ကြီး တစ်တုံးကို သပိတ်ထဲသို့ လောင်းလှူပေး၏။ ပစ္စေကဗုဒ္ဓါ အရှင် သူမြတ်သည် ထိုမြေစိုင်ဖြင့် လိုဏ်ကို လိမ်းကျံတော်မူ၏။

များမကြာမီတွင် ထိုအမျိုးသမီးကွယ်လွန်၍ ဗာရာဏသီမြို့ပြင် တံခါးရွာ၌ သူဆင်းရဲမဝမ်းတွင် ပဋိသန္ဓေယူ၏။ ဆယ်လစေ့၍ မွေးဖွားသည့်အခါ ခြေ, လက်, မျက်စိ, နှာခေါင်း, ပါးစပ်တို့ ချွတ်ယွင်းယုတ်မာကုန်လျက် အဆင်းမလှခြင်းသို့ရောက်၏။ ပစ္စေက ဗုဒ္ဓါအရှင်မြတ်အား အမျက်ထွက်၍ မနှစ်မြို့ဖွယ်သော အမူအရာများ ပြုလုပ်ခဲ့မိသည့် အကုသိုလ်ကံ၏အကျိုးကြောင့်တည်း။ မထေရ်မြတ် အား မြေညက်စိုင်လှူဒါန်းခဲ့ရသော ကုသိုလ်ကံကြောင့်မူ အလွန်တရာ အတွေ့အထိထူးခြားသောမိန်းကလေး ဖြစ်လာ၏။

ပဥ္စပါပီ ကြီးပြင်းလာသောအခါ ရွာသူရွာသားငယ်များနှင့်အတူ ကစား၏။ တစ်ညဥ့်တွင် ဗကအမည်ရှိသော ဗာရာဏသီမင်းသည် ဆင်းရဲသားအသွင်ဖြင့် မြို့ကိုစုံစမ်းသည်ရှိသော် ပဥ္စပါပီနှင့် ရင်ဆိုင်တိုးမိ ၏။ ပဥ္စပါပီ၏ လက်အတွေ့ကြောင့် ထိုမင်းသည် မင်း၏ဣန္ဒြေကို မထိန်းနိုင်တော့ဘဲ ဖဿရာဂဖြင့် တပ်စွန်းသည်ဖြစ်၍ ပဥ္စပါပီ၏ လက်ကို ဆွဲကိုင်ကာ "သင်–အဘယ်သူ၏သမီးနည်း"ဟု မေး၏။

တံခါးရွာနေ သူဆင်းရဲသမီး၊ လင်မရှိသည့်အဖြစ်ကိုသိ၍ "ငါသည် သင်၏လင်ပြုပါအံ့၊ သွားချေ၊ မိဘတို့ကို ခွင့်တောင်းချေ"ဟုဆို၏။

ပဥ္စပါပီသည် မိဘထံချဥ်းကပ်၍ "မိခင် ဖခင်တို့...ယောကျ်ား တစ်ယောက်သည် သမီးကိုမြင်ပြီး သမီးကိုရယူလိုသည်ဟု ပြောပါ သည်၊ မိခင် ဖခင်တို့ ခွင့်ပြုနိုင်ပါမည်လား"ဟု ဆို၏။

မိဘတို့သည် သရဲသဘက်ကဲ့သို့ အလွန်အကျည်းတန်သော မိမိတို့၏သမီးကို လက်ထပ်လိုသူ မရှိဟု ထင်မှတ်ခဲ့ကြ၏၊ ယခု ဆင်းရဲသားလူကောင်းတစ်ယောက်က မယားပြုလိုသည်ဟု တောင်းခံလာသဖြင့် သဘောတူ ခွင့်ပြုကြ၏။

ဗကမင်းသည် ညဥ့်ဘက်တွင် ပဥ္စပါပီနှင့် အတူနေ၍ နံနက် စောစောတွင် နန်းတော်သို့ဝင်၏။ တစ်ပါးသော မိန်းမတို့နှင့်ပျော်ပါးရန် အလိုမရှိတော့ချေ။

တစ်နေ့ဝယ် ပဥ္စပါပီဖခင်၌ သွေးဝမ်းကျရောဂါဖြစ်၏။ ဤရောဂါ အတွက် နို့ရည်, ထောပတ်, ပျားသကာတို့နှင့် ချက်ပြုတ်ထားသော နို့ဃနာသည် ဆေးဖြစ်၏။ ထိုဆေးကို ဆင်းရဲသောမိဘတို့ ရခြင်းငှာ မတတ်နိုင်။ မိခင်သည် သမီးအား မေး၏။

"ချစ်သမီး...သင့်ချစ်လင်သည် နို့ဃနာရခြင်းငှာ ကူညီပေးနိုင် မလား"

"အိုမိခင်...သမီး၏လင်သည် သမီးတို့ထက်ပင် ပိုဆင်းရဲသည် ထင်ပါ၏၊ သမီး မေးစမ်းပါဦးမည်"

ထိုညဥ့်တွင် ပဥ္စပါပီသည် ခင်ပွန်းအား နို့ဃနာအကြောင်းကို ပြောပြ၏။

"ရှင်မ...ဤသို့မွန်မြတ်သောဆေးကို အဘယ်မှာ ရနိုင်အံ့နည်း"

ဤသို့ဆိုလိုက်ပြီးနောက် ဗကမင်းကြံစည်၏– "ငါသည် အခါခပ်သိမ်း ဤသို့ ညဥ့်အခါတွင် ပဥ္စပါပီထံ လာရန် မသင့်၊ ခရီးလမ်း၌ အန္တရာယ်ရှိသည်။ ဤအမျိုးသမီးကို နန်းတော်သို့ ဆောင်ယူလျှင်လည်း ပြည်သူတို့က ဘီလူးမကို ယူရသလောဟု ကဲ့ရဲ့ကြရာ၏။ တစ်မြို့လုံးရှိလူတို့က ပဥ္စပါပီ၏အတွေ့ကိုသိစေပြီး ကဲ့ရဲ့ခြင်းကို လွတ်စေအံ့"

ရှင်ဘုရင်သည် အကြံတစ်ခုရသဖြင့် "ရှင်မ...မစိုးရိမ်လင့်၊ သင့်ဖခင်အတွက် နို့ဃနာကို ငါဆောင်ယူလာအံ့"ဟုဆို၏။

ဗကမင်းသည် နောက်နေ့နံနက် နန်းတော်သို့ပြန်ရောက်သော် နို့ဃနာကို ချက်စေ၏။ ပြီးလျှင် ဖက်နှင့်ထုပ်၏။ ပတ္တမြားဥသျှောင် ကျင်ကိုလည်း ဖက်နှင့်ထုပ်ထား၏။ ညဉ့်ရောက်သော် ထိုအထုပ် နှစ်ထုပ်ကို ပဒုမပါပီအား ပေး၏။

"ရှင်မ...ငါတို့သည် ဆင်းရဲကုန်၏၊ ပင်ပန်းစွာ ရှာဖွေရ၏၊ သင့်ဖခင်အား ယနေ့ ဤအထုပ်မှ နို့ဃနာကို ပေးပါ၊ မနက်ဖြန် ဤအထုပ်မှပေးပါ"မှာကြား၏။

ပဒုမပါပီသည် မင်းမှာတိုင်းပြု၏။ ပဒုမပါပီ၏ဖခင်သည် ဩဇာ အရသာနှင့်ပြည့်စုံသော နို့ဃနာကို အနည်းငယ်စားရလျှင် ရောင့်ရဲ၏။ ကျန်နို့ဃနာကို မိခင်အားပေး၏။ မိခင်စားပြီးနောက် ပဒုမပါပီလည်း စား၏။ သုံးယောက်လုံး ဝကြ၏။

ဗကမင်းသည် နန်းတော်သို့ရောက်၍ မျက်နှာသစ်ပြီးလျှင် "ငါ၏ ပတ္တမြားဥသျှောင်ကျင်ကို ဆောင်ခဲ့ကြလော့"ဟု ဆို၏။

"အရှင်မင်းမြတ်...မမြင်ပါ၊ မရှိပါ"ဆိုလေလျှင် "တစ်မြို့လုံး အိမ်တိုင်းစေ့ရှာကြလော့"ဟု အမိန့်ပေး၏။

ပတ္တမြားဥသျှောင်ကျင်ကို ပဒုမပါပီအိမ်၌ တွေ့သဖြင့် မိဘကို ဖမ်း၏။ မိဘတို့က မိမိတို့၏သမက် ယူလာကြောင်း ပြော၏။

"သမက်သည် မည်သူနည်း"ဟုမေးလျှင် "သမီးသိပါ၏"ဟု ပြောဆို၏။ သမီးကို မေးမြန်းသောအခါ–

"အကျွန်ုပ်၏ခင်ပွန်းသည် ညဉ့်မိုက်သည့်အချိန်၌လာ၍ မိုက်သည့် အချိန်၌ပင် ပြန်သွားပါ၏၊ ရုပ်ကိုမသိပါ၊ လက်အတွေ့ဖြင့်ကား သိနိုင်ပါ၏"ဟု ဖြေ၏။

မင်းချင်းတို့က ဘုရင်မင်းမြတ်အား တင်လျှောက်ကြသည့်အခါ ဘုရင်က–

"ထိုမိန်းမကို မင်းရင်ပြင်မှာ တင်းတိမ်အတွင်းထားပါ၊ တင်းတိမ်မှာ လက်သွင်းနိုင်ရုံမျှသောအပေါက်ကိုဖောက်ပါ။ မြို့အလုံးရှိလူတို့ကို စည်းဝေးစေပြီး လက်အတွေ့ဖြင့် ခိုးသူကို ဖမ်းကြကုန်လော့"ဟု အမိန့်ချ၏။

မင်းချင်းတို့သည် ဘုရင့်အမိန့်အတိုင်း ဆောင်ရွက်ကြ၏။ မင်းချင်း တို့သည် ပဋ္ဌပါဠိကို မြေဘုတ်ဘီလူးမလေလားဟု မှတ်ယူပြီး စက်ဆုပ်ကြ၏၊ လက်ဖြင့်ပင် မထိဝံ့ကုန်။ ပဋ္ဌပါဠိကို တင်းတိမ်အတွင်း ထား၍ စည်းဝေးရောက်လာသောလူတို့ကို တစ်ဦးစီ တင်းတိမ်ပေါက်အတွင်းသို့ လက်သွင်းစေ၏။ ပဋ္ဌပါဠိသည် လက်ကို ကိုင်ကြည့်ပြီးနောက် "ဤသူသည် ခိုးသူမဟုတ်"ဟု ဆို၏။ ယောကျ်ားတို့သည် ပဋ္ဌပါဠိ၏နတ်အတွေ့နှင့်တူသောအတွေ့၌ တပ်စွန်းကြသဖြင့် ထွက်ခွာသွားရန် မတတ်နိုင်ကြ။ မင်းဒဏ်သင့်လျှင်လည်း ခံမည်၊ ပဋ္ဌပါဠိကို ယူမည်ဟု အကြံဖြစ်ကြ၏။ မင်းချင်းတို့က တုတ်လုံးတံတို့ဖြင့် ပုတ်ခတ်မောင်းနှင်မှ ထွက်ခွာကြ၏။

အိမ်ရှေ့မင်းမှ အစပြု၍ အလုံးစုံသော ယောကျ်ားတို့သည် ရူးကုန်သကဲ့သို့ ဖြစ်ကြ၏။ ထိုအခါ ဗကမင်းသည် "အသို့နည်း၊ ငါတည်းဖြစ်လေသလော"ဟု လက်ကို တင်းတိမ်တွင်းသို့ သွင်း၏။ "ဤသူကား အကျွန်ုပ်၏ခင်ပွန်းတည်း"ဟု ပဋ္ဌပါဠိ ဆို၏။

ဗကမင်းသည် ပဋ္ဌပါဠိကို မိဖုရားကြီးတင်မြှောက်၏၊ ပြည်သူတို့ သဘောတူလက်ခံကြ၏။ ပဋ္ဌပါဠိ၏မိဘတို့ကိုလည်း များစွာသော စည်းစိမ်ဥစ္စာတို့ကို ပေးတော်မူ၏။ ဤကား ပစ္စေကဗုဒ္ဓါအရှင်မြတ်အား

မြေညက်စိုင်လှူဒါန်းရသော အကျိုးဆက်ပေတည်း။
(ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ ၅၃၆-ကုဏာလဇာတ်)

## မင်းကုသနှင့် ပဘာဝတီတို့၏ ဒါနစွမ်းရည်

မင်းကုသသည် ပညာရှိပြီး ဘုန်းတန်ခိုးကြီး၏၊ သို့သော် အလွန်အကျည်းတန်၏။ သူ၏ရုပ်အဆင်းကို မြင်သည်နှင့် တစ်ပြိုင်နက် ပဘာဝတီ မေ့မျောသွား၏။ သတိရလာသောအခါ မင်းကုသကို စွန့်ခွာသွား၏။

ပဘာဝတီကား နတ်သမီးအဆင်းကဲ့သို့ ဝါဝင်းသော ရွှေစင်ရုပ်ထက်ပင် ပို၍လှ၏။ သူမကိုယ်ရောင်ဖြင့် လေးတောင်တိုက်ခန်းသည် မီးမထွန်းရဘဲ ထိန်လင်း၏။ မင်းကုသကို အလိုမရှိသဖြင့် ယူဇနာ ၁၀၀ ဝေးကွာရာအရပ်သို့ ပြေး၏။ မင်းကုသ လိုက်လာ၏။ ပဘာဝတီက အတွေ့မခံ၊ သို့ပေမင့် နောက်ဆုံး၌ မင်းကုသ ဆောင်ကြဉ်းရာသို့ ပဘာဝတီ လိုက်ပါရ၏။

ဤဖြစ်ရပ်အလုံးစုံသည်ကား သံသရာတစ်ကွေ့ဝယ် ဒါနစွမ်းရည်၏ ဇာတ်လမ်းဖော်ဆောင်မှုပေတည်း။ ဇာတ်လမ်း၏ နောက်ခံအကြောင်းမှာ...

ရှေးလွန်လေပြီးသောအခါ၌ ဗာရာဏသီပြည် တံခါးအနီးရွာတွင် ဆွေမျိုးအိမ်နှစ်အိမ်ရှိ၏။ ထိုနှစ်အိမ်သည် လမ်းမ၏ တစ်ဖက်တစ်ချက်စီ၌ တည်ရှိကြ၏။ တစ်အိမ်တွင် သားနှစ်ယောက် ထွန်းကားပြီး၊ ကျန်တစ်အိမ်တွင် သမီးတစ်ယောက် ထွန်းကား၏။ ထိုသမီးကို ထိုသားနှစ်ယောက်အနက် အစ်ကိုဖြစ်သူနှင့် လက်ထပ်ထိမ်းမြားပေးကြ၏။

ညီဖြစ်သူသည်ကား ဂေါတမမြတ်စွာဘုရား၏ အလောင်းတော်တည်း။ အစ်ကိုဇနီးသည်ကား ယသော်ဓရာဒေဝီ၏ အလောင်းအလျာတည်း။ ထိုဘဝတွင် ဘုရားလောင်းနှင့် ယသော်ဓရာလောင်းတို့သည် မပေါင်းဖော်ကြရဘဲ မတ်နှင့်မရိုး တော်ကြလေ၏။

သူတို့သည် တစ်အိမ်တည်း၌ အတူနေထိုင်ကြ၏။ တစ်နေ့တွင် မတ်သည် တောသို့သွား၏။ မရိုးသည် အရသာရှိသောမုန့်တို့ကို ကြော်၏။ မတ်အတွက် မုန့်တစ်ခု ချန်ထားပြီးလျှင် ကျန်မုန့်တို့ကို အိမ်ရှိသူတို့ ဝေငှစားကြ၏။ စားသောက်ပြီးသောအခါ၌ ပစ္စေကဗုဒ္ဓါတစ်ပါးသည် ဆွမ်းအလို့ငှာ အိမ်တံခါးသို့ ကြွရောက်တော်မူ၏။ မရိုးသည် မတ်အတွက် အခြားမုန့်တစ်မျိုးကို ကြော်ပေးမည်ဟု အမှတ်ထား၍ မတ်၏ဝေစုမုန့်ကို အရှင်မြတ်အား လောင်းလှူ၏။

ထိုခဏ၌ မတ်ရောက်လာ၏။ မရိုးက "အမောင်...ဝမ်းမြောက်ပါနော်၊ အမောင်ရဲ့ဝေစုဖြစ်တဲ့ မုန့်ကြော်ကို အရှင်မြတ်အား လောင်းလှူလိုက်ပြီ၊ အခြားမုန့်တစ်မျိုးကို ကြော်ပေးမယ်နော်"

မတ်က စိတ်မကြည်ရွှင်နိုင်၊ တောကပြန်လာသဖြင့် ဆာလောင်နေသည်၊ မရိုးအား စိတ်ဆိုး၍...

"သင့်ဝေစုမုန့်ကို စားပြီး ငါ့ဝေစုမုန့်ကို လှူတယ် ဟုတ်လား၊ တခြားမုန့်ကို မလိုချင်ဘူး" ဟု ဆိုပြီးလျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီး၏ သပိတ်မှ မုန့်ကြော်ကို ပြန်ယူလိုက်၏။

မရိုးသည် စိတ်မကောင်း၊ အရှင်မြတ်အား အလွန်အားနာသွားသည်၊ အရှင်မြတ်အား ဆွမ်းတစ်မျိုးမျိုး လောင်းလှူလိုသည်၊ "အရှင်ဘုရား...ခေတ္တ ရပ်ဆိုင်းတော်မူပါ" ဟု လျှောက်ထားပြီးလျှင် မိခင်အိမ်သို့ သွား၏။ ဆွတ်သစ်စ စကားပန်းပွင့်အဆင်းနှင့်တူသော

ထောပတ်ကို ယူဆောင်၍ အရှင်မြတ်၏သပိတ်၌ အပြည့်လောင်းထည့်၏။ ထောပတ်သည် အရောင်ဝင်း၍ တောက်ပနေ၏။ ထိုအရောင်ကို မြင်၍ မရိုး ဆုတောင်း၏။

"အရှင်ဘုရား...ဤထောပတ်လှူရသော ကောင်းမှုကြောင့် ဖြစ်လေရာဘဝ၌ အကျွန်ုပ်၏ကိုယ်မှ အရောင်ထွက်ပါစေသတည်း၊ မြတ်သောအဆင်း ရှိပါစေသတည်း၊ ဤသူယုတ်နှင့် အတူတကွ နေရခြင်းသည် မဖြစ်ပါစေသတည်း"

မရိုး၏ဆုတောင်းကို ကြားလျှင် မတ်သည် မုန့်ကြော်ကို မထေရ်မြတ်၏သပိတ်ထဲကို ထောပတ်ပေါ်ဖုံးအုပ်လျက် လောင်းလှူပြီး ဆုတောင်း၏။

"ဤကောင်းမှုကြောင့် ဖြစ်လေရာဘဝတိုင်း၌ ဉာဏ်ပညာကြီးသူ၊ ဘုန်းတန်ခိုးကြီးသူဖြစ်ရပါလို၏၊ အကျွန်ုပ်မရိုးကို ယူဇနာတစ်ရာခြားသောအရပ်၌နေစေကာမူ ဆောင်ယူ၍ အကျွန်ုပ်၏ခြေရင်း၌ အလုပ်အကျွေးပြုခြင်းငှာ စွမ်းနိုင်ပါစေသတည်း"

ထိုသူနှစ်ဦးတို့ ကွယ်လွန်သည့်အခါ နတ်ပြည်၌ ဖြစ်ကြ၏။ ထိုမှတစ်ဖန် မတ်ဖြစ်ခဲ့သော ဘုရားလောင်းသည် **မလ္လတိုင်း၊ ကုသဝတီပြည်ကြီး၌ ဩက္ကာကရာဇ်မင်း**၏သားဖြစ်၍ **ကုသ**ဟု အမည်တွင်၏၊ ဉာဏ်ပညာကြီး၏၊ သို့သော် အလွန်အကျည်းတန်၏။ ထိုမင်းတွင် **ဇယမ္ပတိ**အမည်ရှိသော သားငယ်တစ်ဦး ရှိသေး၏။ **ဇယမ္ပတိ**သည် ရုပ်ချော၏၊ သို့သော် ပညာမရှိချေ။

ကုသမင်းသည် အလွန်ဉာဏ်ထက်၏၊ ဆရာသမားထံတွင် တပည့်မခံဘဲ မိမိဘာသာ ဆည်းပူးလေ့လာ၍ အလုံးစုံသော အတတ်တို့ကို တတ်မြောက်၏။ ကုသမင်းသား ၁၆ နှစ်အရွယ်သို့ရောက်သော်

ခမည်းတော် ဩက္ကာကရာဇ်မင်းကြီးသည် သားတော်အား ထီးနန်း အရိုက်အရာကို အပ်နှင်းလို၏၊ သားတော် သဘောကျနှစ်သက်သော မင်းသမီးကို တောင်းရမ်း၍ သားတော်နှင့် လက်ထပ်ထိမ်းမြားပေး လို၏။ သားတော်၏စိတ်အလိုကို သိရှိရန် မင်းကုသနှင့် ဇယမ္ပတိတို့၏ မယ်တော်ဖြစ်သော **သီလဝတီမိဖုရားကြီး**ကို စုံစမ်းစေ၏။

မိဖုရားကြီးက သားတော်၏စိတ်အလိုကို စုံစမ်းသောအခါ ကုသမင်းသား စဉ်းစား၏။ "ငါသည် အဆင်းမလှ၊ အဆင်းလှသော မင်းသမီးတို့ကို ဆောင်ယူခဲ့သော် ထိုမင်းသမီးတို့သည် ငါ့ကိုမြင်လျှင် ထွက်ပြေးကြလိမ့်မည်၊ ထွက်ပြေးလျှင် ငါတို့ အရှက်ရလိမ့်မည်၊ ထို့ကြောင့် အိမ်ထောင်မပြုတော့ဘဲ မိဘတို့ကို လုပ်ကျွေးအံ့၊ မိဘတို့ ကွယ်လွန်လျှင် ရဟန်းပြုအံ့" ဤအကြံအစည်ကို မယ်တော် အား တင်လျှောက်၏။

မင်းကြီးကြားလျှင် နှလုံးမသာခြင်းဖြစ်၏၊ မိမိအသက်ရှင်စဉ် သားတော်အား မင်းအဖြစ်နှင့် တင့်တင့်တယ်တယ် ရှိနေသည်ကို မြင်လို၏၊ ထို့ကြောင့် ၂–ရက် ၃–ရက်လွန်သော် သားတော်အား တစ်ဖန် မေးစေပြန်၏။ ကုသမင်းသားကလည်း ငြင်းဆန်ပြန်၏။ သုံးကြိမ် ငြင်းဆိုပြီးသောအခါ 'ခမည်းတော် မယ်တော်တို့အား ဆန့်ကျင်ဘက်ပြုခြင်းသည် မကောင်း၊ ဥပါယ်တံမျဉ်ပြုအံ့'ဟု ကြံစည် ၍ ကုသမင်းသားသည် ရွှေပန်းထိမ်ကြီးအား ရွှေများစွာပေးပြီး အမျိုးသမီးရုပ်တစ်ခုကို ပြုလုပ်စေ၏၊ မိမိကိုယ်တိုင်လည်း ရွှေရုပ် တစ်ခုကို ပြုလုပ်၏။

ရွှေပန်းထိမ်သည်ပြုလုပ်သောရွှေရုပ်သည် အသက်မဝင်၊ အေးစက် စက်ရှိလှ၏။ ကုသမင်းသားပြုလုပ်သော ရွှေရုပ်မှာ အသက်ဝင်၍

သက်ရှိအမျိုးသမီးတို့၏အဆင်းထက် သာလွန်၏။ ထိုမင်းသား၏ ရွှေရုပ်ကို ခေါမတိုင်းအဝတ်နှင့် တန်ဆာဆင်ပေးလိုက်သည့်အခါ နတ်သမီးတမျှ လှပတင့်တယ်၏။ ဤရွှေရုပ်ကို ယာဉ်၌တင်၍ မယ်တော်ထံ ပို့စေ၏။ ဤရွှေရုပ်တမျှလှပသောအမျိုးသမီးကို ရလျှင် ထိမ်းမြားလက်ထပ်မည်ဟု မှာကြားလိုက်၏။

မယ်တော်သည် မှူးမတ်တို့အား ရွှေရုပ်ကို ဇမ္ဗူဒိပ်ကျွန်းတစ်ဝန်းလုံး လှည့်လည်စေပြီး ရွှေရုပ်နှင့်တူသော မင်းသမီးကို တွေ့ရှိသော် ဆောင်ယူရန် မှာကြား၏။ မှူးမတ်တို့သည် ရွှေရုပ်နှင့် လက်ဆောင် ပဏ္ဏာများစွာကို ယာဉ်ပေါ်တင်လျက် တိုင်းတစ်ပါးသို့ ထွက်ခွာကြ၏။ မင်းနေပြည်တော်တစ်ခုသို့ရောက်လျှင် ရွှေရုပ်ယာဉ်ကို လူစည်ကားရာ အရပ်၌ ရပ်ထား၏။

များစွာသောလူအပေါင်းတို့က ရွှေရုပ်ကိုမြင်လျှင် ရွှေရုပ်ဟု မထင်မှတ်ဘဲ "ဟာ...ဒီမင်းသမီး သိပ်လှတာပဲ၊ နတ်သမီးလို့ထင်ရ တယ်၊ ငါတို့ပြည်မှာ ဒါလောက်လှတဲ့အမျိုးသမီး မရှိဘူး"ဟု ချီးမွမ်းကြလျှင် ဤမင်းနေပြည်၌ ရွှေရုပ်လောက်လှသောမင်းသမီး မရှိကြောင်းကို မှူးမတ်တို့ သိကြ၏။ ထို့ကြောင့် အခြားမင်းနေပြည် တော်တစ်ခုသို့ ခရီးဆက်ကြ၏။

ခရီးစဉ်အတိုင်းသွားရာ **မဒ္ဒရာဇ်တိုင်း၊ သာဂလမြို့**သို့ ရောက် လာ၏။ မဒ္ဒရာဇ်မင်း၏သမီးတော်ရှစ်ယောက်တို့သည် နတ်သမီးတမျှ အဆင်းလှကြ၏။ အကြီးဆုံးမင်းသမီးသည် **ပဘာဝတီ**အမည်ရှိပြီး သူတကာတို့ထက် ပို၍ လှပတင့်တယ်၏၊ ကိုယ်ခန္ဓာမှာလည်း တက်သစ်စနေလုလင်ကဲ့သို့ အရောင်ပြိုးပြိုးပြက်ပြက်ထွက်၏။

ပဘာဝတီ၏အထိန်းတော်သည် ခုဇ္ဇာအမည်ရှိ၏၊ မင်းသမီးအား ဦးခေါင်းဆေးလျှော်၍ ရေချိုးပေးရန်အတွက် အဆင်းလှသည့် ကျွန်မ ရှစ်ယောက်တို့ကို ရေအိုးကိုယ်စီပိုက်လျက် ရေဆိပ်သို့ ဆင်းစေ၏။ ရေဆိပ်အနီး၌ ရပ်ထားသည့်ယာဉ်ပေါ်တွင် ရွှေရုပ်ကိုမြင်လျှင် ခုဇ္ဇာသည် ပဘာဝတီအမှတ်ဖြင့် "ဟယ်သူငယ်မ...ငါတို့ထက် အရင်ဦးအောင် လာပြီး ဘာကြောင့် ရေဆိပ်မှာ နေလင့်ရသလဲ၊ ခမည်းတော်မင်းကြီး သိလျှင် ငါတို့ ပျက်စီးကုန်တော့မယ်"ဟု အပြစ်တင်၍ လက်ဝါးဖြင့် ပါးပြင်ကို ပုတ်၏။ လက်ဝါးနာကျင်သွားသဖြင့် ရွှေရုပ်မှန်းသိ၍ ရယ်၏၊ ကျွန်မတို့ထံသွား၍ "ငါ့သမီးထင်ပြီး ငါပုတ်ခတ်မိတယ်၊ ငါ့သမီးလောက်မလှပါဘူး"ဟု ဆို၏။

ဤအခြင်းအရာကို စောင့်ကြည့်နေကြသော မှူးမတ်တို့မြင်လျှင် ခုဇ္ဇာ၏လက်ကိုဆွဲ၍ "ဤရွှေရုပ်ထက်ပိုလှသော သင့်သမီးဆိုသည်မှာ အဘယ်သူနည်း"ဟု မေး၏။

"မဒ္ဒရာဇ်မင်း၏သမီးတော် ပဘာဝတီကို ဆို၏၊ ပဘာဝတီကို တစ်ဆယ့်ခြောက်စိတ်,စိတ်၍ တစ်စိတ်ကိုမျှလည်း ဤရွှေရုပ် လိုက်၍ မမီပါ"ဟု ခုဇ္ဇာက ဖြေ၏။

မှူးမတ်တို့သည် အလွန်ဝမ်းမြောက်ကြလျက် မဒ္ဒရာဇ်မင်း၏ နန်းတော်သို့ သွားကြ၏၊ မဒ္ဒရာဇ်မင်း၏ ရှေ့တော်မှောက်သို့ရောက်လျှင် "အရှင်မင်းမြတ်...အကျွန်ုပ်တို့၏အရှင် မလ္လတိုင်း ကုသဝတီနေပြည်တော်ကို အစိုးရသော ဩက္ကာကရာဇ်မင်းသည် အရှင်မင်းမြတ်တို့၏ အနာကင်းသည့်အဖြစ်ကို မေးတော်မူပါ၏"ဟု လျှောက်ထား၍ လက်ဆောင်ပဏ္ဏာများကို ပေးဆက်၏။

"အမောင်တို့...အဘယ်ကိစ္စဖြင့် လာကြသနည်း"

"အရှင်မင်းမြတ်...သြက္ကာကရာဇ်မင်းကြီး၌ ခြင်္သေ့မင်း၏အသံကဲ့သို့ အသံသြဇာရှိသော ကုသမည်သောသားတော်ရှိပါ၏၊ သြက္ကာကရာဇ်မင်းကြီးသည် သားတော်အား တိုင်းပြည်ကို ဆောင်နှင်းတော်မူလို၍ အရှင်မင်းမြတ်အထံတော်သို့ စေတော်မူလိုက်၏၊ အရှင်မင်းမြတ်တို့အား ပဘာဝတီအမည်ရှိသော သမီးတော် ရှိသတတ်၊ ပဘာဝတီကို အရှင့်သားတော် ကုသမင်းအား ပေးတော်မူပါကုန်။ ဤရွှေရုပ်ကို ဆက်သအပ်သော လက်ဆောင်ပဏ္ဏာအဖြစ် ယူတော်မူပါ"

"သြက္ကာကရာဇ်မင်း၏သားတော် ကုသမင်းနှင့် သမီးတော် ပဘာဝတီတို့၏ ထိမ်းမြားမင်္ဂလာကို ဖြစ်ပါစေအံ့"

"အရှင်မင်းမြတ်...မင်းသမီးရတနာရသောအဖြစ်ကို သြက္ကာကရာဇ်မင်းကြီးအား တင်လျှောက်ပါအံ့၊ မင်းကြီးကိုယ်တိုင်ကြွချီလာပြီး ပဘာဝတီကို ဆောင်ယူပါအံ့"

"ကောင်းပြီ"ဟု မိန့်တော်မူ၍ မဒ္ဒရာဇ်မင်းသည် တမန်တို့အား ပေးကမ်းဖွယ်တို့ကို ပေး၏။

မှူးမတ်တို့ထံမှ ဝမ်းသာဖွယ်သတင်းကို ကြားသိရသောအခါ သြက္ကာကရာဇ်မင်းကြီးသည် များစွာသောအခြံအရံနှင့် သာဂလမြို့သို့ ကြွချီတော်မူ၏။ မဒ္ဒရာဇ်မင်းလည်း ကောင်းစွာကြိုဆို၍ ဧည့်ဝတ်ပြု၏။

သီလဝတီမိဖုရားကြီးသည် ပညာရှိ၏၊ နှစ်ရက်လွန်သော် မဒ္ဒရာဇ်မင်းအား "အရှင်မင်းကြီး...အကျွန်ုပ်၏ ချွေးမကို မြင်လိုပါသည်"ဟု ဆို၏။ မဒ္ဒရာဇ်မင်းက သမီးတော်ကို ခေါ်စေ၏။

ပဘာဝတီသည် လှပစွာတန်ဆာဆင်ယင်လျက် အထိန်းအချီ အပေါင်းခြံရံလျက် လာလတ်၍ သီလဝတီမိဖုရားကြီးကို ရှိခိုး၏။

"ဤသတို့သမီးသည် အလွန်အဆင်းလှ၏၊ ကုသမင်းသားကား အဆင်းမလှချေ၊ ဤမင်းသမီးသည် ငါ့သားတော်ကို မြင်လျှင် တစ်ရက်မျှပင်မနေမူဘဲ ထွက်ပြေးရာ၏။ ဥပါယ်တံမျဉ်ကို ငါပြုအံ့"ဟု မိဖုရားကြီး ကြံစည်ပြီးလျှင် မဒ္ဒရာဇ်မင်းအား ပြောကြား၏။

"အရှင်မင်းမြတ်...ချွေးမတော်သည် အကျွန်ုပ်၏သားတော်အား လျောက်ပတ်၏၊ သို့သော် အကျွန်ုပ်တို့အမျိုးအနွယ် အစဉ်အဆက်မှ လာသောအကျင့်တစ်ခုကို ပြောဆိုဖွယ်ရှိပါ၏။ ဤသတို့သမီးသည် ထိုအကျင့်ကို လိုက်နာနိုင်ပါလျှင် သတို့သမီးကို ဆောင်ယူပါအံ့"

"အရှင်မိဖုရားတို့၏ အမျိုးအကျင့်သည် အဘယ်နည်း"

"အကျွန်ုပ်တို့အမျိုး၌ သတို့သမီးသည် ကိုယ်ဝန်မဆောင်မချင်း ခင်ပွန်းလင်ကို မြင်ခွင့်မရပါ"

မဒ္ဒရာဇ်မင်းသည် သမီးတော် ပဘာဝတီအား ထိုအကျင့်ကို ကျင့်ခြင်းငှာ တတ်နိုင်ပါမည်လားဟု မေး၏။ "တတ်နိုင်ပါလတ္တံ့"ဟု ပဘာဝတီ ဝန်ခံ၏။

ထို့ကြောင့် ဩက္ကာကရာဇ်မင်းသည် မဒ္ဒရာဇ်မင်းအား များစွာသော ဥစ္စာဘဏ္ဍာကို ပေးပြီးလျှင် ပဘာဝတီကို ဆောင်ယူ၏။ မဒ္ဒရာဇ်မင်းသည်လည်း များစွာသော အခြံအရံ၊ ယာဉ်ရထားများနှင့်တကွ ပဘာဝတီကို ထည့်လိုက်၏။

ဩက္ကာကရာဇ်မင်းကြီးသည် ကုသဝတီနေပြည်တော်ကို တန်ဆာဆင်စေပြီးလျှင် သားတော်အား ရာဇာဘိသိက်ပြု၍ တိုင်းပြည်ကို အပ်နှင်း၏၊ ပဘာဝတီကို မိဖုရားခေါင်ပြုစေ၏။

မင်းကုသသည် ပဘာဝတီနှင့် ညဉ့်အခါ၌ ပေါင်းသင်းခွင့်ရသော်လည်း နေ့အချိန်၌ မြင်တွေ့ခွင့်မရချေ၊ မင်းမိဖုရားနှစ်ပါးတို့ အတူ

နေစဉ် ပဘာဝတီ၏ကိုယ်ရောင်သည်လည်း မထွန်းလင်းချေ၊ မင်းကုသ၏ ဘုန်းတန်ခိုးကို မလွှမ်းမိုးနိုင်သောကြောင့်ဖြစ်၏။

နှစ်ရက်လွန်လျှင် မင်းကုသသည် ပဘာဝတီကို နေ့အခါ မြင်လိုကြောင်း မယ်တော်အား ပူဆာ၏၊ မယ်တော်က မင်းကုသကို ဆင်တင်းကုပ်၌ ဆင်ထိန်းအသွင်ဖြင့် နေစေပြီး ပဘာဝတီကို ဆင်များကြည့်ရန် ခေါ်ဆောင်လာ၏။ မင်းကုသသည် ပဘာဝတီကို မြင်လျှင် ဣန္ဒြေကိုမထိန်းနိုင်ဘဲ ပဘာဝတီကျောကို ဆင်ချေးတုံးနှင့်ပစ်၏။ ပဘာဝတီက စိတ်ဆိုးပြီး မင်းကြီးနှင့်တိုင်မည်ဟုပြော၏။

ရက်အနည်းငယ်လွန်လျှင် ပဘာဝတီကို တစ်ဖန် မြင်လိုပြန်၍ မယ်တော်အား ပူဆာပြန်၏။ မယ်တော်သည် မင်းကုသအား မြင်းတင်းကုပ်၌ မြင်းထိန်းအသွင်ဖြင့် နေစေပြီး ပဘာဝတီကို မြင်းများကြည့်ရန် ခေါ်လာ၏။ ဤတွင်လည်း မင်းကုသသည် ဣန္ဒြေကို မထိန်းနိုင်ဘဲ ပဘာဝတီ၏ကျောကို မြင်းချေးတုံးနှင့်ပစ်၏။ ပဘာဝတီ စိတ်ဆိုးရပြန်၏။

ပဘာဝတီသည်လည်း ခင်ပွန်းလင်ကို မြင်လိုသောကြောင့် မိဖုရားကြီးကို ပူဆာ၏။ မိဖုရားကြီးသည် ဇယမ္ပတိမင်းသားကို မင်း၏အသွင် ဝတ်ဆင်စေပြီးလျှင် ဆင်စီးလျက် မြို့တော်ကို လက်ယာရစ် လှည့်စေ၏၊ ပဘာဝတီကိုကား နန်းတော်တံခါးဝမှ ရပ်လျက် ကြည့်ရှုစေ၏။ ပဘာဝတီသည် "ငါသည် တင့်တယ်လျောက်ပတ်သောလင်ကို ရပေ၏"ဟု ဝမ်းမြောက်၏။ သို့သော် မင်းကုသသည် ဆင်ထိန်းအသွင်ဖြင့် ညီတော်နောက်ပါးမှ လိုက်လာ၍ ပဘာဝတီအား အမျိုးမျိုးလက်ပြကာ ပြက်ရယ်ပြု၏။

ပဘာဝတီသည် သံသယဝင်လာသဖြင့် ခုဇ္ဇာအား စေလွှတ်၍ ဆင်ထက်မှ မည်သူ ဦးစွာဆင်းသည်ကို ကြည့်စေ၏။ မင်းကုသက ဦးစွာဆင်း၏။ သို့သော် ခုဇ္ဇာကို မင်းကုသ မြင်သဖြင့် ခေါ်ယူ၍ အမှန်အတိုင်းမပြောကြားရန် အမိန့်ပေး၏။ ဆင်ရှေ့က ထိုင်သူက ဦးစွာဆင်းသည်ဟု ပဘာဝတီကို ခုဇ္ဇာက လိမ်ပြောလိုက်၏။ ပဘာဝတီသည် ခုဇ္ဇာ၏စကားကို ယုံ၏။

ရက်အနည်းငယ်လွန်သော် ပဘာဝတီကို မင်းကုသ တွေ့လိုပြန်၏။ မယ်တော်က သားတော်အား မထင်ရှားသောအသွင်ဖြင့် ဥယျာဉ်၌ နေနှင့်ရန် မှာကြား၏။ မင်းကုသက မင်္ဂလာရေကန်ထဲ ဆင်းနေ၏၊ ပဒုမ္မာကြာဖက်ကို ဦးခေါင်း၌ဆောင်း၍ ပဒုမ္မာကြာပွင့်ဖြင့် မျက်နှာကို ကွယ်ကာထား၏။

ညချမ်းအခါတွင် မယ်တော်သည် ပဘာဝတီကို ဥယျာဉ်တော်သို့ ခေါ်လာ၏။ ပဘာဝတီသည် ကြာမျိုးငါးပါးနှင့် ဖုံးလွှမ်းနေသော မင်္ဂလာရေကန်တော်ကိုမြင်လျှင် ရေချိုးလို၏၊ ကိုယ်လုပ်မောင်းမတို့နှင့် အတူ ရေကန်ထဲဆင်းကစား၏၊ ပဒုမ္မာကြာပန်းကိုမြင်လျှင် ဆွတ်ယူလိုသဖြင့် လက်ကိုဆန့်၏။ ကုသမင်းသည် ပဘာဝတီလက်ကိုဆွဲ၍ "ငါ-ကုသမင်းတည်း"ဟုဆို၏။

ပဘာဝတီသည် ကုသမင်း၏မျက်နှာကိုမြင်လျှင် "ငါ့ကို ဘီလူးဖမ်းပြီ"ဟု ငိုမြည်တမ်း၍ သတိမေ့မြောသွားလေ၏။ ကုသမင်းသည် ပဘာဝတီလက်ကို လွှတ်၍ တိမ်းရှောင်သွား၏။

ပဘာဝတီ သတိရလာသောအခါ မိမိနိုင်ငံမှပါလာသော အမတ်တို့ကို ခေါ်၍ မိမိနိုင်ငံသို့ပြန်ရန် ယာဉ်တို့ကိုစီမံစေ၏။ အမတ်တို့သည် ကုသမင်းအား ထိုအကြောင်းကို လျှောက်ထား၏။

"ပဘာဝတီသည် မိမိနေပြည်တော်သို့ ပြန်သွားခွင့်မရလျှင် နှလုံးကွဲပေလတ္တံ့"ဟု စဉ်းစားမိ၍ ကုသမင်းသည် ပဘာဝတီအား ပြန်ခွင့်ပြုလိုက်၏။

ပဘာဝတီပြန်သွားသောအခါ မင်းကုသ မနေနိုင်တော့၊ နန်းတော်နှင့် မင်းစည်းစိမ်အလုံးစုံကို အချည်းနှီးဖြစ်သည်ဟုထင်၏၊ ကိုယ်လုပ်မောင်းမတို့ ဖြေဖျော်ကြသည်ကိုလည်း မနှစ်မြို့နိုင်၊ ငေးမှိုင်ဆွေးမြေ့လျက် ပဘာဝတီကိုသာ လွမ်းဆွတ် တမ်းတနေမိ၏။ နောက်နေ့မိုးသောက်လျှင်ပင် တိုင်းပြည်ကိုအုပ်စိုးရန် မယ်တော်အား လွှဲအပ်၍ ယူဇနာတစ်ရာဝေးကွာသော သာဂလမြို့သို့ ခရီးထွက်လေ၏။ ခွန်အားစွမ်းပကားအလွန်ကြီးသူဖြစ်သဖြင့် ထိုညဉ့်တွင်ပင် သာဂလမြို့သို့ ရောက်၏။

နောက်နေ့တွင် ဆင်တင်းကုပ်၌ ခွင့်တောင်း၍ စောင်းတီးရာ ထူးခြားသောစောင်းသံကိုကြားလျှင် ကုသမင်း လိုက်လာကြောင်းကို ပဘာဝတီ သိလေ၏။ ကုသမင်းသည် ပဘာဝတီကို တွေ့မြင်ရေးအတွက် မင်း၏အိုးထိန်းသည်ထံသွား၍ တပည့်ခံကာ လှပသော အိုးမျိုးစုံကို လုပ်၏။ မင်း၏ ကျူထရံသည်ထံ သွား၍ တပည့်ခံကာ ပဘာဝတီရုပ်ပုံနှင့်တကွ အရုပ်မျိုးစုံပါသော ထန်းရွက်ဖျာများကို ရက်လုပ်၏။ မင်း၏ပန်းကုံးသည်ထံသို့သွား၍ တပည့်ခံကာ အထူးထူးသောအရုပ်တို့ဖြင့် ပန်းကုံးကိုသီကုံး၏။ မင်း၏စားတော်ချက်ထံသွား၍ ထမင်းချက်သမားအဖြစ် အနံ့အရသာကောင်းမွန်သည့် ဟင်းလျာမျိုးစုံကို ချက်ပြုတ်၏။ မင်းနှင့် မင်းသမီးများအတွက် ထမင်းပို့ခွင့်ရသောအခါ ထမင်းထမ်းပိုးကို ကိုယ်တိုင်ထမ်း၍ နန်းတော်ပေါ်သို့ တက်၏။

ပဘာဝတီက "ကုသမင်း...သင့်ကို ငါ အလိုမရှိ၊ ကုသဝတီပြည်သို့ ပြန်လော့"ဟု ဆဲရေးကာ နှင်ထုတ်၏။ မင်းကုသက ပဘာဝတီကို စွဲလမ်းတပ်မက်၍ တိုင်းပြည်စည်းစိမ်ကို စွန့်လွှတ်ခဲ့ပြီ၊ ပဘာဝတီကို မြင်ရလျှင်ပင် ဝမ်းမြောက်လှပြီ၊ ပဘာဝတီရှိရာအရပ်မှ မခွဲခွာနိုင်ဟု ဆို၏။

ပဘာဝတီသည် ကုသမင်းချက်သော ထမင်းဟင်းကို မစား၊ ခုဇ္ဇာအား ကျွေး၍ ခုဇ္ဇာ၏ ထမင်းဟင်းကိုစား၏။ ကုသမင်းကိုလည်း အတွေ့မခံ။ သူ့တိုက်ခန်း၌သာ နေ၏။

ပဘာဝတီက မိမိအပေါ် ချစ်ခြင်းရှိ,မရှိ စုံစမ်းလိုသဖြင့် မင်းကုသ သည် မင်းသမီးတို့ကို ကျွေးမွေးပြီး၍ ထမင်းထမ်းပိုးကို ထမ်းကာ ထွက်လာသည်တွင် ပဘာဝတီတိုက်ခန်းရှေ့၌ မှောက်ခုံလဲဟန်ပြု၏၊ အိုးခွက်တို့ကို ခြေဖြင့်ကန်၍ လိမ့်သွားအောင်ပြု၏၊ ညည်းညူ၍ မိန်းမောဟန်ပြု၏။

ပဘာဝတီသည် တံခါးဖွင့်၍ကြည့်၏၊ မင်းကုသ လဲ‌ခွေ၍ ထမင်းထမ်းပိုး ပိနေသည်ကိုမြင်၏။ "ဤကုသမင်းသည် ဇမ္ဗူဒိပ် ကျွန်းအပြင်ဝယ် မြတ်သောမင်းပေတည်း၊ ငါ့ကိုမှီ၍ နေ့ညဥ့်ပတ်လုံး ဆင်းရဲကြီးစွာခံရ၏၊ နုးညံ့သောကြောင့် ထမင်းထမ်းပိုးပိ၍ လဲရ၏၊ အသက်ရှင်ပါသေးရဲ့လား"ဟု ကြံ၍ မင်းကုသ၏ နှာခေါင်းလေကို စုံစမ်း၏။

မင်းကုသသည် ခံတွင်းပြည့်အောင် တံတွေးကို ငုံ၍ ထွေး၏၊ တံတွေးသည် ပဘာဝတီကိုယ်ပေါ်၌လည်း ကျ၏။ ပဘာဝတီသည် မင်းကုသကို ဆဲရေး၍ တိုက်ခန်းတွင်းသို့ဝင်၏။

ထိုနေ့မှစ၍ ပဘာဝတီကိုမမြင်ရပြီ၊ စားဖိုသည်အလုပ်လုပ်ရသည်မှာ အလွန်ပင်ပန်း၏၊ ထင်းခွဲရ၏၊ အိုးခွက်တို့ကိုဆေးရ၏၊ ရေထမ်းရ၏၊ ထမင်းအိုးတင်သောအင်းပျဉ်၌ အိပ်ရ၏၊ နံနက်စောစောထ၍ ယာဂု စသည်တို့ကိုချက်ပြုတ်ရ၏၊ ထမ်းယူပို့ဆောင်ရ၏၊ ကျွေးမွေးရ၏။ မိန်းမ၌ချစ်ကြိုက်နှစ်သက်ခြင်းတည်းဟူသော ရာဂကြောင့် လွန်စွာ ပင်ပန်းဆင်းရဲရ၏။

မင်းကုသသည် ခုဇ္ဇာအား"ရွှေလည်ဆွဲတန်ဆာပေးမည်၊ မိမိဆီသို့ ပဘာဝတီ စိတ်ညွတ်လာအောင် တိုက်တွန်းပေးပါ"ဟု စစ်ကူတောင်း ၏။ ခုဇ္ဇာသည်လည်း ကုသမင်း၏ဂုဏ်ကျေးဇူးများကို ချီးကျူး၍ တိုက်တွန်း၏။ ပဘာဝတီက အလိုမကျ၊ စိတ်ဆိုး၏။

ခုနစ်လပတ်လုံး စောင့်စားနေပါလျက် ပဘာဝတီကို မြင်ခွင့်မရ သဖြင့် မင်းကုသသည် မယ်တော် ခမည်းတော်တို့ကို ဖူးတွေ့ရန် ကုသဝတီပြည်သို့ ပြန်တော့မည်ဟု စိတ်ကူး၏။

ထိုအခါ သိကြားမင်းသည် လူ့ပြည်သို့ကြည့်၍ ဆင်ခြင်လေသော် ကုသမင်း၏ ငြီးငွေ့သောအဖြစ်ကို သိ၏၊ ပဘာဝတီကို ရရန် အကျိုးဆောင်ပေးထိုက်သည်ဟု မြင်၏၊ သို့အတွက် မဒ္ဒရာဇ်မင်း၏ တမန်အဖြစ် ခုနစ်ပြည်ထောင်မင်းတို့ထံ သွား၍ "ပဘာဝတီသည် ကုသမင်းကို စွန့်ပစ်လာ၏၊ သင်တို့ ပဘာဝတီကို ယူလှည့်ကုန်"ဟု ဆို၏။

ခုနစ်ပြည်ထောင်သောမင်းတို့သည် စစ်တပ်ဗိုလ်ပါ အခြံအရံနှင့် သာဂလမြို့သို့ ချီလာကြ၏၊ အချင်းချင်းဆုံတွေ့၍ မေးမြန်းကြသော အခါ "မဒ္ဒရာဇ်မင်းသည် သမီးတစ်ယောက်ကို စင်လျက် ခုနစ်ပြည် ထောင်မင်းတို့ကို ပေးမည်ဟု မသင့်သောအကြံကိုကြံ၏။ ငါတို့ကို

ရန်တိုက်ပေး ခြင်းပေတည်း”ဟု အမျက်ထွက်ကြကုန်၏။ မြို့ကို ဝန်းရံကာ “ပဘာဝတီကို ပေးမည်လော၊ စစ်ကိုတည်း ထိုးမည်လော” ဟု ရာဇသံပေးပို့ကြ၏။

မဒ္ဒရာဇ်မင်းသည် အလွန်ကြောက်လန့်ရကား မှူးမတ်တို့နှင့် တိုင်ပင်၏။ မှူးမတ်တို့က ပဘာဝတီကို ပေးဆက်ရန် အကြံပြု၏၊ မဒ္ဒရာဇ်မင်းက “ပဘာဝတီကို သတ်၍ ခုနစ်ပိုင်းပိုင်းပြီး ခုနစ်ပြည် ထောင်မင်းတို့အား ပို့စေ”ဟု အမိန့်ပေး၏။

ဤအမိန့်ကို ပဘာဝတီကြားလျှင် သေဘေးကို ကြောက်ရွံ့၍ ငိုယိုလျက် မယ်တော်ထံ ဝင်၏။ မယ်တော်သည် မဒ္ဒရာဇ်မင်းထံ ဝင်ရောက်တောင်းပန်၏။ ပဘာဝတီကို သတ်ရန် သူသတ်သမား တို့လည်း ရောက်လာကြပြီ။

“အရှင်မိဖုရား...သင့်သမီးသည် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ မြတ်သော မင်းကုသကို စင်လျက် အဆင်းမလှဟု စွန့်ပစ်၍လာခဲ့၏၊ လာသော လမ်းခရီး၌ ခြေရာမပျက်မီလျှင် သေမင်းကို နဖူးဖြင့် ဆောင်ယူ၍ လာပြန်၏၊ ယခု မိမိအဆင်းကို မှီ၍ မကောင်းကျိုးကိုရ၏”ဟု ဘုရင်မိန့်ဆို၏။

မိဖုရားကြီးသည် မိမိတောင်းပန်၍မရသည်ကိုသိလျှင် သမီးထံ လာ၏။

“ချစ်သမီး...ပဘာဝတီ၊ မိခင်တောင်းပန်၍မရပြီ၊ ချစ်သမီးသည် သွေးရဲရဲလိမ်းကျံလျက် သေမင်းနိုင်ငံသို့သွားရပေအံ့၊ အကျိုးစီးပွား လိုလားသော မိဘတို့၏စကားကို ဖယ်ရှားသူသည် ဆင်းရဲဒုက္ခရောက်ရ ပေ၏။ ချစ်သမီး...သင်သည် စိတ်အလိုသို့မလိုက်မူ၍ ဘုန်းတန်ခိုးကြီး သော ကုသမင်း၏ မိဖုရားခေါင်အဖြစ်ကို ခံယူခဲ့ပါလျှင် ဤသို့

ဆိုးယုတ်စွာ ယမမင်းအိမ်သို့ မလိုက်ရပေရာ။ ယခုအခါ ကုသမင်းမြတ်သည် ငါတို့ပြည်၌ အကယ်၍ရှိခဲ့ပါမူ ဤခုနစ်ပြည်ထောင်မင်းတို့ကို ပြေးစေ၍ ချစ်သမီးကို ခေါ်ဆောင်သွားပေအံ့"

'ငါ့မယ်တော်သည် ကုသမင်း၏ဂုဏ်ကျေးဇူးကို ပြောဆိုရေရွတ်၍ မဆုံးပြီ၊ ငါတို့ပြည်၌ ကုသမင်းရှိသည်ကို ငါ ပြောကြားပါတော့အံ့' ဟုကြံ၍-

"မိခင်...ရန်သူတို့ကို နှိမ်နင်းနိုင်သော ပညာကြီးသော ကုသမင်းမြတ်သည် ဤပြည်၌ပင်လျှင် ရှိပါ၏"ဟု ဆို၏။

"ချစ်သမီး...သင်သည် ကယောင်ကတမ်းပြောဆိုလေသလော၊ ကုသမင်းရှိသည်ကို သင် မည်သို့သိသနည်း"

"မိခင်...ဤလေသွန်တံခါးမှကြည့်ပါလော့၊ အောက်ပိုးမြဲစွာကျိုက်၍ ဦးခေါင်းညွတ်၍ အိုးခွက်ဆေးနေသော ထိုစားဖိုသည်သည် ကုသမင်းပေတည်း"

မယ်တော်သည် ပဘာဝတီအား မိမိ၏လင်ကို ကျွန်ပြုရသလားဟု များစွာအပြစ်တင်ပြီး မဒ္ဒရာဇ်မင်းအား ပြောကြား၏။ မဒ္ဒရာဇ်မင်းသည်လည်း သမီးကို ကဲ့ရဲ့ရှုတ်ချပြီး ကုသမင်းထံ လျင်စွာသွား၍ တောင်းပန်၏။

"သင်မင်းကြီးအား မကောင်းသဖြင့် ပြုအပ်သော အပြစ်သည် မရှိပါ"ဟု မင်းကုသ ပြန်ကြား၏။

မဒ္ဒရာဇ်မင်းသည် နန်းပြာသာဒ်ထက်သို့တက်၍ ပဘာဝတီကို ခေါ်ကာ-

"သူမိုက်မ...ခွန်အားကြီးသော ကုသမင်းမြတ်ကို သင် သွားကန်တော့ချေလော့၊ သင်ကန်တော့သည်ရှိသော် ကုသမင်းမြတ်သည် သင့်အား အသက်ကိုပေးလတ္တံ့"

ပဘာဝတီသည် ညီမတော်များနှင့် ကိုယ်လုပ်မောင်းမများခြံရံလျက် ကုသမင်းထံသို့ သွား၏။ ကုသမင်းသည် ပဘာဝတီ၏ မာနကို ချိုးဖျက်ရန် တလင်းပေါ် ရေလောင်း၍ ညွန်ပျောင်းဖြစ်အောင် နင်းနယ်၏။ ပဘာဝတီသည် ကုသမင်း၏ခြေရင်း၌ဝပ်၍ ညွှန်ပျောင်း အပြင်၌ လျောင်းလျက် ကုသမင်းကို ကန်တော့ရ၏။

"အရှင်မင်းမြတ်၊ အရှင်မင်းမြတ်နှင့်ကင်း၍ အကြင်ညဉ့်တို့သည် လွန်ကုန်၏။ ထိုညဉ့်တို့သည် ခုနစ်လရှိကုန်ပြီ။ အရှင်မင်းမြတ်၏ ခြေတော်တို့ကို ဦးဖြင့်ရှိခိုးပါ၏၊ အကျွန်ုပ်ကို အမျက်ထွက်တော် မမူပါလင့်။ အရှင်မင်းမြတ်အား မနှစ်သက်သည်ကိုပြုမိပါ၏၊ အလုံးစုံ သောအပြစ်ကို အကျွန်ုပ်ဝန်ခံပါ၏။ အကျွန်ုပ်သည် အရှင်မင်းမြတ်အား တစ်ဖန် မနှစ်သက်အပ်သည်ကို မပြုဝံ့ပါပြီ။ အကျွန်ုပ်၏ တောင်းပန် သောစကားကို မနာယူပါလျှင် အကျွန်ုပ်ကို သတ်၍ ခုနစ်ပြည် ထောင်မင်းတို့အား ပေးလိုက်ပါလတ္တံ့."

ကုသမင်းသည် ပဘာဝတီ စိတ်သက်သာရာ ရစေသောငှာ ချိုသာစွာပြော၏–"ကောင်းခြင်းငါးပါးနှင့်ပြည့်စုံသော ရှင်မပဘာဝတီ ...သင်သည် မကြောက်လင့်၊ ရှင်မအား ကျွန်ုပ် အမျက်မထွက်ပါ၊ ရှင်မ တောင်းပန်ပါလျက် ရှင်မ၏စကားကို အဘယ်ကြောင့် မလိုက်နာအံ့နည်း၊ လိုက်နာအံ့သည်သာလျှင်တည်း။ ရှင်မ၏ အပြစ် အလုံးစုံကို ငါ သည်းခံ၏။ ငါသည်လည်း ရှင်မအား တစ်ဖန် မနှစ်သက်အပ်သည်ကို မပြုပြီ။ ငါသည် မဒ္ဒရာဇ်မင်းမျိုးကို အကုန် သတ်၍ ရှင်မကို ဆောင်ယူခြင်းငှာ စွမ်းနိုင်ပါလျက် ရှင်မ၏မေတ္တာကို အလိုရှိသဖြင့် များစွာသောဆင်းရဲကို ငါသည်းခံ၏"

ကုသမင်းသည် မင်းချင်းတို့အား စစ်မက်ဗိုလ်ပါ, မြင်းရထားတို့ကို အသင့်ပြင်စေ၏။ ပဘာဝတီအားလည်း ရေမိုးချိုး၍ တန်ဆာဆင်ထားရန် မှာကြား၏။ မိမိမူကား ဆတ္တာသည်အား ဆံမုတ်ဆိတ်တို့ကို ပြုပြင်စေပြီးလျှင် ရေချိုး၍ မင်းမြောက်တန်ဆာကို ဆင်ယင်၏။ မှူးမတ်များခြံရံလျက် ပြာသာဒ်ထက်သို့တက်အံ့ဟု အရပ်ရှစ်မျက်နှာတို့ကို ကြည့်၍ လက်ပမ်းပေါက်ခတ်၏။ ကြည့်တိုင်းကြည့်တိုင်းသော အရပ်သည် တုန်လှုပ်၏။

မဒ္ဒရာဇ်မင်းသည် ထီးဖြူဆောင်းအပ်ပြီးသော မြတ်သောဆင်ကို ကုသမင်းအား ပေးအပ်၏။ ကုသမင်းသည် ထိုဆင်ကျောက်ကုန်းထက်သို့ တက်ပြီးလျှင် ပဘာဝတီကို နောက်၌နေစေ၍ စစ်သည်အပေါင်းခြံရံလျက် အရှေ့တံခါးမှထွက်၏။ ရန်သူစစ်တပ်ကိုကြည့်၍ "ငါ...ကုသမင်းတည်း၊ အသက်ကိုအလိုရှိသောသူတို့သည် ရင်ဖြင့်ဝပ်လေကုန်"ဟု ခြင်္သေ့မင်းအသံကဲ့သို့ သုံးကြိမ်ဟစ်ကြွေး၏။

ခြင်္သေ့မင်း၏အသံကိုကြားသည့်အခါ ခြင်္သေ့မင်းမှတစ်ပါးကုန်သော တိရစ္ဆာန်အပေါင်းတို့ ပြေးကုန်ဘိသကဲ့သို့ ကုသမင်း၏ ကြွေးကြော်သံကိုကြားသော် ခုနစ်ပြည်ထောင်မင်းတို့နှင့်တကွ စစ်တပ်များ ပြေးကြကုန်၏။ ကုသမင်းသည် ခုနစ်ပြည်ထောင်မင်းတို့ကို ဖမ်းယူနှောင်ဖွဲ့၍ မဒ္ဒရာဇ်မင်းသို့ အပ်၏။ မဒ္ဒရာဇ်မင်းက တစ်ဖန် ထိုခုနစ်ပြည်ထောင်မင်းတို့ကို ကုသမင်းလက်သို့ အပ်၏။

'သင်မင်းမြတ်သည်သာလျှင် ငါတို့ကို အစိုးရသောမင်းပေတည်း၊ ကြိုက်နှစ်သက်သလို စီရင်ပါလော့'ဟု မဒ္ဒရာဇ်မင်း ဆို၏။

"ခုနစ်ပြည်ထောင်မင်းတို့ကို သတ်ခြင်းဖြင့် အကျိုးမရှိ၊ ထိုမင်းတို့လာခြင်းသည် အကျိုးမဲ့မဖြစ်စေသတည်း၊ ပဘာဝတီ၏ ညီမ

ခုနစ်ဖော်တို့ကို ထိုမင်းတို့အား တစ်ဦးစီပေးပါလော့၊ ထိုမင်းတို့သည် ဖခင်မင်းမြတ်၏ သမက်တော်များဖြစ်စေသတည်း"

ခုနစ်ပြည်ထောင်မင်းတို့သည် ကုသမင်း၏အစီအစဉ်အရ နတ်သမီးကဲ့သို့ လှပတင့်တယ်ကြသော မင်းသမီးတစ်ပါးစီကို ရလျှင် ကျေနပ်ဝမ်းမြောက်၍ မိမိတို့၏တိုင်းပြည်သို့ ပြန်ကြလေ၏။

သိကြားမင်းသည် စစ်မြေပြင်၌ အောင်ပွဲရတော်မူသော ကုသမင်းကို **ဝေရောစနပတ္တမြားကို** ချီးမြှင့်၏။ ကုသမင်းသည် ပဘာဝတီမင်းသမီးနှင့်အတူ ယာဉ်ရထား၌ယှဉ်ထိုင်ကြသောအခါ ဝေရောစနပတ္တမြား၏ အာနုဘော်ကြောင့် တူမျှသောအဆင်း ရှိကြလျက် တစ်ဦးကိုတစ်ဦး အလွန်နှစ်သက်မြတ်နိုးကြလေ၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ထောပတ်လောင်းလှူပြီး ဆုပန်တောင်းခဲ့သည်နှင့်အညီ ပဘာဝတီသည် ရွှေအဆင်းကဲ့သို့ လှပတင့်တယ်ပြီး ကိုယ်ရောင်တောက်ပ၏၊ ကုသမင်းနှင့် ယူဇနာတစ်ရာ ဝေးကွာသောအရပ်၌ မွေးဖွား၍ ကုသမင်းအား မနှစ်မြို့ချေ။ ဘုရားလောင်းက မုန့်ကြော်ကို ထောပတ်ပေါ်ဖုံးအုပ်၍ လောင်းလှူပြီး ဆုတောင်းခဲ့သည့်အတိုင်း ဘုန်းတန်ခိုးနှင့် ဉာဏ်ပညာကြီးမား၏၊ ယူဇနာတစ်ရာဝေးကွာလင့်ကစား ပဘာဝတီကို ဆောင်ယူနိုင်၏၊ အမျက်ဒေါသထွက်၍ ပစ္စေကဗုဒ္ဓါ၏ သပိတ်တော်မှ မုန့်ကြော်ကို ပြန်နှိုက်ယူမိသည့်အတွက် ဘီလူးသဘက်တမျှ အရုပ်ဆိုးရ၏၊ ဘုရားလောင်း၏ကြီးမားသောဘုန်းကံကြောင့် သိကြားမင်းသည်လည်း သက်ဆင်းကူညီရပေ၏။

(ငါးရာငါးဆယ်ဇာတ်ဝတ္ထု၊ ပဋ္ဌမတွဲ။ ၂၂၃–၂၇၂။ ကုသဇာတ်)

## ဒါနပြုလိုစိတ်ကို မွေးမြူပါ

ယုံကြည်မှုသဒ္ဓါနည်းပါး၍ မာယာများသူတို့က "လှူဖွယ်ဝတ္ထုကို မလှူဒါန်းဘဲ လှူလိုစိတ်ဖြစ်ရုံမျှဖြင့် ဒါနကုသိုလ်ရနိုင်သည်"ဟု ယူဆကြ၏။ အမှန်မှာ ဤသို့မဟုတ်၊ မလှူဖြစ်ခြင်းသည် လောဘ, မစ္ဆရိယတို့ကို မတွန်းလှန်နိုင်သောကြောင့်ဖြစ်၏။ "ယုံယုံကြည်ကြည် ပေးလှူမည်"ဟူသောစိတ်ဖြင့် လှူဖွယ်ဝတ္ထုကို လက်တွေ့လှူဒါန်းမှသာ ဒါနကုသိုလ်ရနိုင်သည်။

မလှူဖြစ်သေးဘဲနှင့် ဒါနကုသိုလ်မရ၊ လှူဖြစ်မှ ဒါနကုသိုလ် ရသည်။

(ဒီ၊ ၄၊ ၂။ ၃၇၇။ သံ၊ ၄၊ ၃။ ၁၉၄။ အံ၊ ၄၊ ၁။ ၃၉၁)

ဒါနကုသိုလ်ကံသည် အပြန်ကုဋေကုဋာ ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးပေးနိုင်သည်။ ကောင်းမှု၏အကျိုးကိုသိ၍ ကောင်းမှုကို အလိုရှိသောသူသည် ကေနိမလွဲ ပေးလှူမြဲဖြစ်သည်။

ပညာရှိသူတော်ကောင်းတို့သည် ဥစ္စာပစ္စည်း အနည်းငယ်သာ ရှိသော်လည်း ခွဲခြမ်းဝေဖန်လှူဒါန်းကြ၏။ သူတော်ကောင်းဓလေ့ကို လိုက်၍ ခွဲခြမ်းဝေဖန်လှူဒါန်းပါ။

(သံ၊ ၁။ ၁၇-၁၉။ ဇာ၊ ၁။ ၂၁၈-၉။ သံ၊ ၄၊ ၁။ ၅၆)

ခရီးသွားသူတို့သည် ခရီးသွားဖော်အချင်းချင်းအား အနည်းငယ်မျှသော ရိက္ခာကိုသော်လည်း ခွဲဝေပေးကြကုန်သကဲ့သို့ ထို့အတူ သံသရာခရီးသွားဖော်အချင်းချင်းအား အနည်းငယ်မျှသော လှူဖွယ်ဝတ္ထုကိုသော်လည်း ခွဲဝေ၍ ပေးလှူသင့်၏။ ထိုသို့ပေးလှူသော

သံသရာအလှူရှင်တို့သည် သေသော်လည်း သေရာမရောက်ကုန်၊ သေသည်မမည်ကုန်။

(သံ၊ ၁။ ၁၈။ သံ၊ ဋ၊ ၁။ ၅၆)

## မီးလောင်အိမ်မှ ပစ္စည်းဉစ္စာ ဆွဲထုတ်ပါ

မီးတပြောင်ပြောင်လောင်နေသောအိမ်အတွင်းမှ ပစ္စည်းဉစ္စာ ဘဏ္ဍာများကို ရနိုင်သလောက်ရအောင် ဆွဲထုတ်ယူရမည်။ ဆွဲထုတ်ယူလိုက်ရသော ပစ္စည်းဉစ္စာတို့သည် အလွန်လိုအပ်နေသည့်အခါ၌ သုံးစွဲရမည်ဖြစ်၍ အလွန်အဖိုးတန်လှသည်။

ထို့နည်းအတူ ရာဂမီး(အလိုရမ္မက်)၊ ဒေါသမီး(စိတ်ဆိုးမှု)၊ မောဟမီး (မသိတွေဝေမှု)၊ ဇာတိမီး(မွေးဖွားမှု)၊ ဇရာမီး(အိုမှု)၊ မရဏမီး(သေမှု)၊ သောကမီး(စိုးရိမ်ပူဆွေးမှု)၊ ပရိဒေဝမီး(ငိုကြွေးမှု)၊ ဒုက္ခမီး (ကိုယ်ဆင်းရဲမှု)၊ ဒေါမနဿမီး(စိတ်ဆင်းရဲမှု)၊ ဥပါယာသမီး(ဆို့နစ်မေ့မြောမှု) တည်းဟူသော မီး ၁၁–ပါးတို့ တပြောင်ပြောင်တောက်လောင်နေသော လောကကြီးထဲမှ စွန့်ကြဲပေးကမ်းလှူဒါန်းမှု'ဒါန'ဖြင့် သံသရာရိက္ခာကုသိုလ်ခဲကို ဆွဲထုတ်ယူရမည်။ ပေးလှူမှုဖြင့် ဆွဲထုတ်ယူငင်အပ်သော ကုသိုလ်ရိက္ခာသည်သာ စိတ်ချရသောကုသိုလ်ရိက္ခာဖြစ်၏။

ပေးလှူမှုဖြင့် အရယူလိုက်သောကုသိုလ်သည် ချမ်းသာသောအကျိုးကို ပေးစွမ်းနိုင်၏။ မပေးလှူမိသောပစ္စည်းဉစ္စာသည် ရန်သူမျိုးငါးပါးတို့ နှိပ်စက်ဖျက်ဆီး၍ ပျက်စီးဆုံးပါးတတ်၏၊ ကျန်ပစ္စည်းစုကိုလည်း သေလျှင် မုချစွန့်ပစ်သွားရမည်ကို ပညာဉာဏ်ဖြင့် ဆင်ခြင်၍ မသေခင်ကြိုတင်ပေးလှူရာ၏။ သို့မှသာ ဝေဿန္တရာ, အနာထပိဏ်, ဝိသာခါ စသူတို့ကဲ့သို့ နတ်ရွာသုဂတိသို့ လားရောက်ကြရမည်။

(သံ၊ ဋ။ ၂၉။ ဇာ၊ ၁။ ၁၈၃။ သံ၊ ဋ၊ ၁။ ၇၇–၇၈)

# အလှူခံပုဂ္ဂိုလ်ကို ကြိုဆိုပါ

အလှူခံပုဂ္ဂိုလ် တောင်းခံလာသည်ရှိသော် ဤသူကား မိမိလျှို့ဝှက်ထားအပ်သော မရှိနှမ်းပါးမှုကို ထုတ်ဖော်ပြသဖြင့် ငါ့အား အလွန်ချစ်ကျွမ်းဝင်သူတည်း၊ သေလျှင် စွန့်ပစ်ထားခဲ့ရမည့် ငါ့ပစ္စည်းစုကို တမလွန်လောက နောက်ဘဝသို့ပါအောင် ယူဆောင်သွားနိုင်ရန် ငါ့အား နည်းကောင်းလမ်းမှန် ညွှန်ပြတတ်သူတည်း၊ မီးလောင်နေသော အိမ်ကြီးကဲ့သို့ ဇရာမီး, မရဏမီး, သောကမီးတို့ ညီးညီးပြောင်ပြောင် တောက်လောင်နေသော လောကကြီးထဲမှ ငါ့ပစ္စည်းကို မီးဘေးလွတ်အောင် ထုတ်ဆောင်တတ်သည့် မိတ်ဆွေစစ်ပေတည်း၊ ထုတ်ဆောင်ထားသောပစ္စည်းဝတ္ထုကို မီးမလောင်ရအောင် သိမ်းဆည်းထားရာအရပ်ဖြစ်သူပေတည်း၊ ဒါနကောင်းမှုပြုရာ၌ ငါ၏ ကလျာဏမိတ္တမိတ်ဆွေကောင်းပါတည်းဟု နှလုံးသွင်းဆင်ခြင်ကာ လှူဒါန်းသင့်၏။

(စရိယာ၊ ဋ္ဌ။ ၂၈၃။ ဒီ၊ ဋ္ဌ၊ ၁။ ၇၄)

# အကျိုးပေးကြီးကျယ်အောင် လှူဒါန်းနည်း

- *ဒါန၏အကျိုးပေးကြီးကျယ်ပုံကို ဆင်ခြင်သိမြင်ပြီးလျှင် ပေးလှူရန် အမြဲစိတ်ညွတ်နေပါ။*
- *တရားသောနည်းဖြင့် ပစ္စည်းဥစ္စာရှာဖွေ၍ ရသမျှပစ္စည်းဝတ္ထုတို့ကို ပေးလှူမည်ဟု ရည်ရွယ်ချက်ထားပါ၊ ဓမ္မိယဒါနသည် အဓမ္မိယဒါနထက် လွန်စွာပိုမြတ်၏။*
- *မပေးလှူခင်က ကုသိုလ်ကောင်းမှုပြုရတော့မည်ကို ကြိုတင်ဝမ်းမြောက်ပါ။*

- လှူဖွယ်ဝတ္ထုကို မှန်မှန်မြတ်မြတ် တင့်တင့်တယ်တယ်ဖြစ်အောင် စီမံပါ။
- အလှူခံပုဂ္ဂိုလ်အား ရိုရိုသေသေ လေးလေးစားစား ကိုယ်ထိလက်ရောက် ပေးလှူပါ။ သက္ကစ္စဒါနနှင့် သဟတ္ထိကဒါနမြောက်ရန်ဖြစ်သည်။
- လှူနေစဉ်အခါ၌ ကံ,ကံ၏အကျိုးကို သိမြင်၍ ဝမ်းမြောက်ဝမ်းသာ လှူဒါန်းပါ၊ တိဟိတ်ကုသိုလ်နှင့် သောမနဿကုသိုလ်ဖြစ်မည်။
- လှူဖွယ်ဝတ္ထု၌ ကပ်ငြိတွယ်တာမှုမရှိဘဲ နှမြောတွန့်တိုမှုမဖြစ်ဘဲ လွတ်လွတ်စွန့်လှူပါ၊ လောဘနှင့် မစ္ဆရိယတို့ကို ပြတ်ပြတ်သားသား အနိုင်ယူရန်ဖြစ်သည်။
- သူတကာထက်သာအောင် ငါ လှူပြမည် စသည်ဖြင့် ကြွားဝါမှု, ပြိုင်ဆိုင်မှုမပါဘဲ သူတစ်ပါးအား မထိပါးဘဲ လှူပါ။ သပ္ပုရိသ မြတ်ဒါနဖြစ်ရန်ဖြစ်သည်။
- လှူရမည့်အချိန်အခါကိုသိ၍ အလှူခံပုဂ္ဂိုလ်လိုအပ်နေသည့်အခါ၌ လှူပါ၊ ကာလဒါနဖြစ်သည်။
- လှူဆဲလှူပြီးသောအခါတို့၌ လူ့စည်းစိမ် နတ်စည်းစိမ် စသည့် လောကီစည်းစိမ်ချမ်းသာတို့ကို မမျှော်လင့် မတောင့်တဘဲ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် နိဗ္ဗာန်ကို ရည်မှန်း၍ လွတ်လွတ်ကျွတ်ကျွတ်လှူပါ။ ဝိဝဋ္ဋနိဿိတဒါနရရှိရန်ဖြစ်သည်။
- ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။
  ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတုဟု ဆုတောင်းပါ။
- လှူဒါန်းပြီးလျှင် အမျှပေးဝေပါ၊ ကုသိုလ်တိုးပွားရန်ဖြစ်သည်။

- *လှူဒါန်းပြီးနောက် မိမိအလှူကို ဆင်ခြင်၍ ဝမ်းမြောက်ပါ၊ ပုဗ္ဗ, မုဉ္စ, ပရစေတနာသုံးတန်ပြဋ္ဌာန်းမှ အမြတ်စား ဥက္ကဋ္ဌကုသိုလ်ဖြစ်သည်။*
- *သီလခံယူဆောက်တည်ပြီးမှ လှူဒါန်းပါ၊ အလှူရှင်ဘက်က စင်ကြယ်ရန်ဖြစ်သည်။*
- *သီလဝန္တ ပုဂ္ဂိုလ်(သီလဖြူစင်သူ)၊ လောဘ, ဒေါသ, မောဟ ကင်းစင်သူ သို့မဟုတ် ကင်းစင်အောင် ကျင့်ကြံအားထုတ်နေသူ တို့ကို ပေးလှူပါ၊ အလှူခံဘက်က စင်ကြယ်ရန်ဖြစ်သည်။*
- *ရဟန်းသာမဏေတို့အား လှူဒါန်းသည့်အခါ သံဃာတော်အား ရည်မှန်း၍လှူပါ၊ သံဃိကဒါနမြောက်လျှင် ပိုအကျိုးကြီးသည်။*
- *အမြဲမပြတ် မှန်မှန်ဝတ်ထား၍ လှူပါ၊ နိဗဒ္ဓဒါနဖြစ်လျှင် ပိုကောင်းသည်။*
- *နေရာတည်မြဲသည့် ဘုရား, တန်ဆောင်း, ကျောင်း, ဇရပ်, ရေတွင်း, ရေကန်, ပန်းဥယျာဉ်, သစ်သီးဥယျာဉ် စသည်တို့ကို လည်းကောင်း၊ ဆွမ်း, ဆေးရိပ်သာ စသည်တို့အတွက် ငွေပဒေသာ ပင်စိုက်လှူခြင်းကိုလည်းကောင်း၊ တတ်စွမ်းသမျှ ပေးလှူပါ၊ ထာဝရဒါနသည် အကျိုးပေးကြီးကျယ်ခိုင်မြဲ၏။*

## ပါရမီဒါနဖြစ်အောင် ကြိုးပမ်းကြ

"ပါရမီ"သည် မြင့်မြတ်သူတို့၏ လုပ်ငန်းဖြစ်သည်။

"မြင့်မြတ်သူ"ဟူသည်မှာ ကိုယ်ကျိုးကိုပဓာနမထားဘဲ သူတစ်ပါးတို့၏ အကျိုးကိုလည်းကောင်း၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးကိုလည်းကောင်း၊ ဦးတည်၍ ပြုလုပ်တတ်သူများဖြစ်သည်။

အရိယာနွယ်ဝင် ကလျာဏပုထုဇဉ်များ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဟူသော အရိယာပုဂ္ဂိုလ်များ၊ ပစ္စေကဗုဒ္ဓါနှင့် မြတ်စွာဘုရားတို့သည် မြင့်မြတ်သူများဖြစ်ကြ၏။

"မြင့်မြတ်သောလုပ်ငန်း"ဟူသည်မှာလည်း အများကို အကျိုးပြုသောလုပ်ငန်း၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးကို ဦးတည်သော လုပ်ငန်းဖြစ်၏။

သို့အတွက် ပါရမီမြောက်အောင် ဒါနပြုမည်ဆိုလျှင် ကိုယ်ကျိုးမဖက်ဘဲ အများအကျိုးအတွက် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးအတွက် ရည်မှန်း၍ စွန့်ကြဲလှူဒါန်းရမည်။ ကိုယ်ကျိုးမဖက်ဘဲ ဆောင်ရွက်နိုင်ရန်အတွက် တဏှာ–မာန–ဒိဋ္ဌိတို့ကို ချိုးနှိမ်၍ လှူဒါန်းရမည်။

လှူဖွယ်ဝတ္ထုဌ် တပ်မက်တွယ်တာနေသော တဏှာ၊ လှူ့စည်းစိမ်, နတ်စည်းစိမ်တို့ကို မျှော်လင့်တောင့်တနေသော တဏှာ၊ ကုန်သွားမည်စိုး၍ နှမြောတွန့်တိုနေသော မစ္ဆရိယ၊ "ငါမို့သာ ဤသို့လှူနိုင်သည်၊ ငါ့ပြိုင်ဘက်တွေ တတ်နိုင်သေးရဲ့လား"ဟူသော ထောင်လွှားမှုမာန၊ ငါတည်မြဲသည်, ငါလှူသည်, ငါအကျိုးခံစားရမည်" စသည့် ငါစွဲအပေါ် ရပ်တည်နေသော ဒိဋ္ဌိ၊ သံသရာချဲ့ကားတတ်သော အောက်တန်းကျဘဝသို့ ရောက်စေတတ်သော ဤတရားဆိုးတို့ကို ပညာဖြင့် ဖယ်ရှား၍ မေတ္တာ, ကရုဏာတို့ကို ရှေ့တန်းတင်ကာ လှူဒါန်းရမည်။

မိမိကောင်းစားရေးအတွက် ဦးတည်သော တဏှာ, မာန, ဒိဋ္ဌိတို့ကို ချိုးနှိမ်၍ သူတစ်ပါးတို့ ချမ်းသာရေး, ဆင်းရဲလွတ်ကင်းရေး ဟူသည့် မေတ္တာ, ကရုဏာတို့ကို ရှေ့တန်းတင်လိုက်သောအခါ

ရေပြည့်အိုးကို မှောက်ချလိုက်သကဲ့သို့ မိမိ၌ရှိသမျှပစ္စည်းဥစ္စာအလုံးစုံကို စွန့်လွှတ်လှူဒါန်းနိုင်လာသည်။ အလှူခံပုဂ္ဂိုလ်တို့ကို အယုတ်–အလတ်–အမြတ်မခွဲခြားဘဲ အားလုံးအားလှူဒါန်းနိုင်လာသည်။

လောကဓမ္မတာအရင်လိုလျှင် အရောက်နှေးတတ်သည်၊ အလိုကြီးလျှင် အရနည်းတတ်သည်၊ အလိုနည်းတော့ အရများတတ်သည်။ ဤသို့ဖြစ်ရတတ်ခြင်းမှာ သတိကင်းလွတ်၍ မဆင်မခြင် လုပ်ဆောင်မိခြင်းနှင့် လောဘ–အလောဘတို့၏ သဘောကြောင့်ဖြစ်သည်။ အလိုကြီးခြင်းသည် လောဘ၏သဘောဖြစ်၏။ လောဘယှဉ်ပြီး လှူဒါန်းလျှင် အကျိုးနည်း၏။ အလိုနည်းခြင်းသည် အလောဘ၏ သဘောဖြစ်၏။ အလောဘယှဉ်ပြီး လှူဒါန်းလျှင် အကျိုးများ၏။

'သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ရေး' ဟူသည်မှာလည်း တဏှာ, မာန, ဒိဋ္ဌိတို့မှ လွတ်မြောက်ရေးပင် ဖြစ်သည်။ တစ်နည်းအားဖြင့် တဏှာ–မာန–ဒိဋ္ဌိတို့နှင့် စွဲလမ်းနေသော "ငါ"ကို ပယ်သတ်ရေးပင် ဖြစ်သည်။ တဏှာစွဲ–မာနစွဲ–ဒိဋ္ဌိစွဲတို့ ကင်းပသွားကြသောအခါ "ငါ"လုံးဝပျောက်၍ နိဗ္ဗာန်သို့ဆိုက်ရောက်မည်ဖြစ်သည်။

ထို့ကြောင့် လှူဒါန်းရာတွင် "ငါ"နည်းနည်းသေလျှင် ပါရမီနည်းနည်းမြောက်၏၊ "ငါ"များများသေလျှင် ပါရမီများများမြောက်၏၊ "ငါ"အကြွင်းမဲ့သေလျှင် အတိုင်းမသိ ပါရမီမြောက်၏။

သို့ဖြစ်၍ ပါရမီဒါနကို ပြုလုပ်ရာတွင် လောကီစည်းစိမ်ချမ်းသာ, ထင်ပေါ်ကျော်စောမှု စသည့် ငါကောင်းစားရေးကို မမျှော်လင့်မတောင့်တဘဲ အများချမ်းသာအကျိုးရှိရေးကို အလေးပေး၍ နိဗ္ဗာန်ရောက်ရေးကို ရှေးရှုလျက် လွတ်လွတ်ကျွတ်ကျွတ် ရက်ရက်ရောရော ပေးကမ်းလှူဒါန်းရမည်။

တစ်စတစ်စ စွန့်ဝံ့မှသာ ဘဝနောက်နှောင်း ဆက်တိုင်းကောင်း၏။

အပပစ္စည်းများကို လွတ်လွတ်စွန့်လွှတ်နိုင်ပြီးသည်နောက် အများအကျိုးအတွက် မိမိ၏လုပ်အား၊ မိမိ၏အကျိုးစီးပွား၊ မိမိ၏သွေးသား၊ ကိုယ်အင်္ဂါနှင့် အသက်တို့ကို စွန့်လွှတ်နိုင်အောင် ကြိုးပမ်းအားထုတ်ရာသတည်း။

## ကြွေးတင်ကျွန်ဖြစ် ရှင်သာမဏေမဖြစ်

ဗုဒ္ဓဘာသာဝင်မြန်မာတို့၏ အစဉ်အလာဓလေ့တစ်ခုမှာ သားရှင်ပြုရာတွင် အိတ်သွန်ဖာမှောက် အောတိုက်၍ လှူဒါန်းခြင်းဖြစ်သည်။ မိမိတို့၏ငွေအင်အားထက်ကျော်လွန်၍ သားငယ်ကို မင်းမြောက်တန်ဆာ ဆင်မြန်းပေးကာ အဘိသိက်သွန်း၍ မြင်းဖြင့်ရွာလှည့်ခြင်း၊ မြို့များ၌ မော်တော်ကားဖြင့်လှည့်လည်ခြင်း၊ လူအမြောက်အမြားဖိတ်ကြားပြီး ကျွေးမွေးခြင်း၊ မဏ္ဍပ်ဆောက်၍ ဆိုင်းဝိုင်း, အဆိုတော်တို့ဖြင့်ဧည့်ခံခြင်း၊ အသံချဲ့စက်ငှားရမ်း၍ တစ်ရပ်ကွက်လုံး ဆူညံသွားအောင် သီချင်းများဖွင့်ခြင်း၊ ပဓာနအလှူထက် ပကာသနအမှုတို့ဖြင့် ငွေသုံးဖြုန်းခြင်း စသည်တို့ကို ကောင်းသည် လိုအပ်သည်ထင်၍ သူ့ထက်ငါ မသာရင်တောင် မနိမ့်ကျအောင်လုပ်မည်ဟု အားခဲကာ လုပ်ဆောင်နေကြ၏။

အချို့လယ်သမားတို့က လှည်းကိုရောင်း၊ နွားကိုရောင်း၊ လယ်ကိုပေါင်နှံကာ ရှင်ပြုအလှူကို ပြုလုပ်ကြသဖြင့် လယ်လုပ်ကိရိယာများလည်းသုဉ်း၊ လယ်ပေါင်လည်းဆုံးရှုံး၍ ကြွေးတင်ကျွန်ဖြစ်ရသည့်အခြေသို့ ဆိုက်ရောက်ကြရသည်။ လွတ်လပ်ရေးမရမီက ချစ်တီး

ကုလားသူဌေးတို့ထံ သမီးပါအပ်နှံ၍ ကျွန်ဖြစ်ခံခဲ့ကြရသည်ကို ဆင်ခြင်အောက်မေ့သင့်ကြပါသည်။

သားရှင်ပြုခြင်းနှင့် လှူဒါန်းခြင်းတို့သည် သီးခြားကိစ္စနှစ်ရပ် ဖြစ်သည်ကို သဘောပေါက်ထားသင့်ပါသည်။

၁။ ရှင်ပြုခြင်းသည် မိမိသားငယ်အား သာသနာ့အမွေကိုခံယူစေပြီး ရှင်သာမဏေတို့၏သီလနှင့် ကျင့်ဝတ်ကို စောင့်ထိန်းစေခြင်းဖြင့် သီလသာသနာကို ထူထောင်ခြင်းဖြစ်သည်။

၂။ လှူဒါန်းခြင်းသည် ပစ္စုပ္ပန်တမလွန် ကောင်းကျိုးချမ်းသာကို ရည်မှန်း၍ ဒါနသာသနာကို ထူထောင်ခြင်းဖြစ်သည်။

**"ရှင်ပြုခြင်းက ပဓာန၊ လှူဒါန်းခြင်းက သာမည"**

ရှင်ပြုခြင်းသည် ဒါနပြုခြင်းထက် အဆများစွာပို၍ သာလွန်မြင့်မြတ်သည်။

ရှင်သာမဏေအဖြစ်သို့ တင်မြှောက်ရာတွင် သရဏဂုံကို ပီပီသသ မရွတ်ဆိုတတ်လျှင် ရှင်မဖြစ်ပါ၊ ရှင်ဝတ်ပြီးနောက် ရှင်ကျင့်ဝတ်များနှင့်အညီ လေးလေးစားစား မနေထိုင်လျှင်လည်း အကျိုးကျေးဇူးမကြီးပါ။ ရှင်ပြုခြင်းကိစ္စ အောင်မြင်ပေါက်မြောက်ရန်အတွက်–

(၁) ဥပဇ္ဈာယ်ဆရာကောင်းထံ ချဉ်းကပ်၍ ဩဝါဒခံယူခြင်း၊

(၂) သင်္ကန်းတောင်း၊ လိင်ဒဏ်၊ သေခိယ၊ ပစ္စဝေက္ခဏာ၊ ခန္ဓကဝတ်တို့ကို သင်ယူပြီး သရဏဂုံ ပီပီသသ ရွတ်ဆိုတတ်အောင် လေ့ကျင့်ထားခြင်း၊

(၃) သင်္ကန်း၊ သပိတ်၊ ပရိက္ခရာတို့ကို ဓမ္မကံနှင့် လျော်ညီအောင် ဝယ်ခြမ်း စီမံထားခြင်းတို့ကို ကြိုတင်ဆောင်ရွက်ထားသင့်သည်။

သင်္ကန်းပရိက္ခရာ ဝယ်ခြမ်းခြင်းသည် မှန်မြတ်သည့် ဒါနကောင်းမှု

ဖြစ်ပါသည်။ ရှင်ပြုရာတွင် ဤဒါနကောင်းမှုသာလျှင် ပဓာနလိုအပ်ပါသည်။ သင်္ကန်းပရိက္ခရာသစ်အတွက် ငွေကြေးမတတ်နိုင်လျှင်လည်း ဘုန်းကြီးကျောင်းသို့ ငွေတတ်နိုင်သမျှ လှူဒါန်းပြီး ကျောင်းထိုင်ဆရာတော်ထံမှ သင်္ကန်းပရိက္ခရာဟောင်းများကို ရယူနိုင်ပါသည်။

**မြတ်စွာဘုရား**သည် မိမိ၏ တစ်ဦးတည်းသော ရင်သွေးဖြစ်သည့် ရာဟုလာကို ရှင်သာမဏေပြုစေရာတွင် မည်သည့်အလှူအတန်း ပကာသနကိုမျှ မပြုလုပ်ချေ။ အရှင်သာရိပုတ္တရာက ရာဟုလာ၏ ဦးခေါင်းကို ရိတ်၍ သာမဏေဝတ်ပေးခြင်းဖြင့် ရှင်ပြုခြင်းကိစ္စ ပြီးစီးသွားပေတော့သည်။

မဟာဂန္ဓာရုံဆရာတော် **အရှင်ဇနကာဘိဝံသ**က ‘အနာဂတ်သာသနာရေး’ စာအုပ်တွင် “သားရှင်ပြု အလှူမင်္ဂလာပြုပြင်ရေး” အကြောင်းကို ဤသို့ရေးသားထား၏ –

“သားရှင်ပြုကိစ္စ၌ ဂုဏ်သရေရှိ လူကြီးလူကောင်းတို့ကို ဖိတ်၍ ကျွေးမွေးလေ့ရှိကြ၏။ ထိုလူကြီးလူကောင်းတို့သည် ထိုကဲ့သို့ အစားအစာကို စားနေကျဖြစ်၏၊ အလှူရှင်က ဖိတ်လို့သာ အားနာ၍ (မသွားကောင်းသဖြင့်)သွားရသည်၊ မိမိအိမ်မှာ (ရုံးမှာ)အလုပ်ကိစ္စ တန်းလန်းနှင့် မအားလပ်ကြ။ ကျွေးမွေးရာ၌ ကုန်သော ငွေလည်း မနည်းလှ၊ စားရသူတို့ကလည်း အားနာပါးနာနှင့် မလွှဲသာလို့ လာကြရာဝယ် အဘယ်မှာ ကုသိုလ်ထုပ်ကြီး ရနိုင်ပါမည်နည်း။ ထိုအပေါ်မှာ ဂုဏ်ဖော်ချင်သော (ပကာသနအကုသိုလ် လောဘစိတ်ကလေး)ပါလိုက်ချေသေး၏။

“ဘုန်းကြီးပင့်ရာမှာလည်း ပင့်ရိုးပင့်စဉ်မပါလျှင် မကောင်းသော ဘုန်းကြီးပေါင်းများစွာကိုပင့်ရပြန်၏။ ထိုဘုန်းကြီးများသည် ပရိယတ်

ပဋိပတ်အလုပ်ပျက်ကြရ၏။ နောက်ပါကျောင်းသားတို့လည်း စာသင်ပျက်ကြရ၏။ သို့ဖြစ်လျှင် ရာပေါင်းထောင်ပေါင်းများစွာ အကုန်အကျခံ၍ ပြုကြရသော သားရှင်ပြု သမီးနားသ အလှူဒါနကြီးသည် အဘယ်နည်းဖြင့် သာသနာကို အားပေးရာရောက်တော့မည်နည်း။

"အလှူဒါယကာတစ်ယောက်သည် ကုငွေများကို မျှော်လင့်ပြီး အလှူကြီးကို ခမ်းခမ်းနားနား မွမ်းမံပြင်ဆင်၍ထား၏၊ ကုန်ငွေနှင့် အကုရသောငွေမှာ မျှော်လင့်ချက်အတိုင်း ဖြစ်မလာသောအခါ တရားကိုပင် ဖြောင့်ဖြောင့်မနာနိုင်အောင် ဖြစ်သွား၏။

"ပရိတ်ရွတ်တာကိုလည်း စိတ်မဝင်စားနိုင်၊ ဟောပြောသောတရားကိုလည်း အာရုံမပြုနိုင်တော့ဘဲ စိတ်တွေ ကယောင်ချောက်ချားဖြစ်နေတော့၏၊ တရားဆုံးလို့ ဆုံးမှန်းမသိ၊ ဘေးလူတွေက အမျှဝေလိုက် အမျှဝေလိုက်လို့ပြောသည့်အခါ သတိရပြီး ကပျာကယာ 'သောက်ကျိုးနည်းပါပြီဗျို့' လို့ နှုတ်က ထွက်သွားရှာသတဲ့။"

**အမတ်ကြီးဦးပေါ်ဦး**ကလည်း 'ယမမင်းထံ အစစ်ခံသံပေါက်' ထဲတွင် သားရှင်ပြုအလှူနှင့်ပတ်သက်၍ ဤသို့ကောက်ချက်ချပြထား၏ –

၁။ သားကြီးရှင်ဖြစ်၊ ကျွန်တော်စစ်၊ ညစ်၍လှူခဲ့တယ်။
၂။ ကွမ်း, ဆေး, လက်ဖက်၊ ဆီစက်စက်၊ ဝက်နှင့် ကြက်သား ကျွေးခဲ့တယ်။
၃။ သည်ကိုဟိုကို၊ ကြွပါဆို၊ ဗျိုဗျာမစဲ ခေါ်ခဲ့တယ်။
၄။ ကျွန်တော့်အလှူ၊ ကြွေးတွေပူ၊ ငွေကုရဘိ မျှော်မိတယ်။
၅။ ကုငွေနှင့်သာ၊ ငါလှူတာ၊ ထေမိပါရင် တော်ရော့မယ်။
၆။ ပရိက္ခရာ၊ ညံ့လှစွာ၊ ဖိုးချိုတာမှဝယ်လှူတယ်။

ပဓာနဖြစ်သည့်ပရိက္ခရာတွင် ငွေချိတ်ထား၍ ပဏာသနဖြစ်သည့် ဝက်သားကြက်သားတွင် ငွေစရံကြိုပေး၍မှာကြသည်။ အသားပေါ်သူ တို့ကလည်း အလှူရက်ရောက်မှ ဝက်ကြက်တို့ကို လောလောလတ် လတ်သတ်ဖြတ်ပြီး အသားကို လာပို့သည်။ ကုသိုလ်က တစ်ပဲ ငရဲက တစ်ပိဿာဟု ဆိုရမည့် မိဿကအလှူမျိုးဖြစ်သည်။ အလှူရက် ပြီးသောအခါ၌လည်း ကြွေးတင်ကျန်ရစ်သဖြင့် စိတ်ညစ်ဆင်းရဲကာ ပရစေတနာ ပျက်ရတော့သည်။ သို့အတွက် ပုဗ္ဗ, မုဥ္စ, ပရဟူသော စေတနာသုံးတန်အင်္ဂါမစုံလင်သည့်အတွက် အလှူအကျိုးမှာ မဖွံ့ဖြိုး မကြီးကျယ်တော့ချေ။ လက်ငင်းဘဝ၌ပင် ကြွေးတင်ကျန်ဖြစ်ခံရ၍ အရှုံးကြီးဆုံးရှုံးရပါတော့သည်။

'ပျက်အစဥ် ပြင်ခဏ'ဟူသည်နှင့်အညီ မှားယွင်းသည့်အစဥ်အလာ ကို ဖယ်ရှား၍ အကျိုးများမည့်အစဥ်အလာသစ်ကို ထူထောင်သင့်ကြ ပါသတည်း။

## စံတော်ဝင် ဒါနကုသိုလ်ရှင် သူဌေးကြီးများ

မျိုးစေ့မှ အပင်ပေါက်၍ အသီးအနှံများ စားသုံးရသလို ဒါန ကုသိုလ်မျိုးစေ့တို့မှ လူဘဝ, နတ်ဘဝဟူသော အပင်များပေါက်ပြီး လူ့စည်းစိမ်ချမ်းသာနှင့် နတ်စည်းစိမ်ချမ်းသာများကို ခံစားကြရသည်။

ဤတွင် မျိုးစေ့ကောင်းကို မြေကောင်းတွင် စိုက်ပျိုးနိုင်လျှင် အများဆုံးအကျိုးဖြစ်ထွန်းသကဲ့သို့ ဓမ္မိယဝတ္ထုပစ္စည်းကို ဘုရား, ရဟန္တာတို့အား စေတနာထက်ထက်သန်သန်ဖြင့် လှူဒါန်းရလျှင် အကျိုးပေးမှု အလွန်ကြီးကျယ်ဖွံ့ဖြိုးသည်။

ဂေါတမမြတ်စွာဘုရား လက်ထက်တော်က ဇမ္ဗူဒိပ်တစ်ကျွန်းလုံး နာမည်ကျော်ကြားသော သူဌေးကြီး ၅ ဦးရှိသည်။ သူတို့ကား ဦးပုဏ္ဏ၊ ကာကဝလိယမောင်နှံ၊ ဇဋိလသူဌေး၊ မေဏ္ဍကသူဌေးနှင့် ဇောတိကသူဌေးတို့ဖြစ်ကြသည်။

ယခုခေတ်တွင် ဒေါ်လာတစ်သန်းကျော်ချမ်းသာသူတို့ကို မိလျံနာ (Millionaire)၊ ဒေါ်လာသန်းတစ်ထောင်ကျော် ချမ်းသာသူတို့ကို ဘီလျံနာ( Billionaire)ဟု ခေါ်ကြ၏။ ဤသို့ ချမ်းသာသူ အများစု သည် မိဘတို့ထံမှ အမွေဆက်ခံရသူများဖြစ်ရာ ရှေးဒါန၏ အကျိုး တရားကြောင့်ဖြစ်သည်ဟု ယူဆရပေမည်။

**ဣတိဝုတ်–ဒါနသုတ်**အရ ကမ္ဘာပေါ်ရှိ အလုံးစုံသော စည်းစိမ် ချမ်းသာတို့သည်လည်းကောင်း၊ ထိုစည်းစိမ်တို့ကို ခံစားရသော ချမ်းသာတို့သည်လည်းကောင်း၊ ဒါန၏ အကျိုးကြောင့် ဖြစ်ပေါ် လာရာ မျက်မှောက်ဘဝ၌ ကြံစည်ကြိုးပမ်းလုပ်ကိုင်သဖြင့် အောင်မြင်၍ ချမ်းသာကြွယ်ဝသူတို့သည်လည်း ဒါန၏အကျိုးကြောင့်ပင် ဖြစ်ပေါ် လာသည်ဟု ဆိုရပေမည်။

ဒါန၏အကျိုးပေးပုံသည် အလွန်အံ့ဩဖွယ်ကောင်းလှ၏။ **ဗာရာ ဏသီမှ နန္ဒိယသူဌေးသား**သည် ဣသိပတန၊ မိဂဒါဝုန်တောအတွင်း၌ ကျောင်းတော်ကြီးဆောက်လုပ်၍ ခုတင်ညောင်စောင်းများပါ ဘုရား အမှူးရှိသော သံဃာတော်များအား လှူဒါန်းသည်။ အလှူရေစက်သွန်းချ သည်နှင့်တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်၌ အကျယ်ယူဇနာ ၁၂ ယူဇနာ, အမြင့်ယူဇနာ ၁၀၀ ရှိသော ရတနာပြာသာဒ်ကြီးသည် အခြံအရံနတ်သမီးများနှင့်တကွ ဖြစ်ထွန်းပေါ်ပေါက်လာတော့သည်။

(ဓမ္မ၊ ၄၊ ၂။ ၁၈၉–၁၉၀)

အလှူရှင်က လှူပြည်မှာရှိသေးပါလျက် အားကြီးသော အလှူကုသိုလ်ကံသည် နတ်ဘုံဗိမာန်နှင့် နတ်သမီးအခြံအရံများကို တာဝတိံသာ၌ ပေါ်ပေါက်စေလေပြီ။ နတ်စည်းစိမ် နတ်ချမ်းသာဟူသမျှသည် ဤသို့လျှင် ကုသိုလ်ကံများက ဖြစ်ထွန်းစေသည်ချည်းဖြစ်သည်။ ထို့ကြောင့်လည်း **လုံ့ထမ်းလာသည်ကိုမြင်နိုင်သည်၊ ကံထမ်းလာသည်ကို မမြင်နိုင်ဟု** ဆိုစမှတ်ပြုကြသည်။

## လယ်ထွန်စာများ ရွှေတုံးဖြစ်လာစေသည့် ဒါနကံ

ရာဇဂြိုဟ်ပြည်ကြီးတွင် နက္ခတ်ပွဲသဘင်ကို ၇ ရက်တိုင်တိုင် ဆင်ယင်ကျင်းပမည်ဖြစ်၍ တိုင်းသူပြည်သားအပေါင်းတို့ ပျော်ရွှင်မြူးထူးနေကြသည်။ **သူဌေးကြီးသုမနသည်** အခစားယောကျာ်းကိုပုဏ္ဏကိုခေါ်၍ ပြောဏ်။

"ငါတို့အိမ်မှာ အလုပ်အကျွေးအပေါင်းသည် နက္ခတ်သဘင်ကို ပျော်ပါးခံစားရန် အလိုရှိကြသည်။ သင်သည် နက္ခတ်သဘင်ကို ပျော်ရွှင်ကစားမည်လော၊ သို့မဟုတ် အခစားအလုပ်ကို လုပ်မည်လော"

"အရှင်...နက္ခတ်သဘင်ပျော်ရွှင်ကစားခြင်းသည် ဥစ္စာရှိသူတို့၏ အရာသာဖြစ်ပေ၏။ အကျွန်ုပ်မူကား တစ်နေ့လုပ်မှ တစ်နေ့စားရသည်၊ နက်ဖြန်ခါ ယာဂုချက်စရာပင် ဆန်မရှိပါ။ ထို့ကြောင့် လယ်ထွန်ရန် နွားတို့ကို အလိုရှိပါသည်"

"နွားတို့ကို ယူလေ"

ကိုပုဏ္ဏသည် ချစ်ဇနီး ဥတ္တရာအား လယ်ကွင်းသို့ ထမင်းပို့ရန် မှာကြားပြီး နွားတို့ကိုယူ၍ လယ်ထွန်၏။ **အရှင်သာရိပုတ္တရာသည်** ၇ ရက်တိုင်တိုင် နိရောဓသမာပတ်ဝင်စားရာမှ ထတော်မူပြီးလျှင်

ကိုပုဏ္ဏာ လယ်ထွန်ရာအရပ်သို့ ကြွလာ၏။ နံနက်စောစောအချိန်အခါမို့ မထေရ် မျက်နှာသစ်လိုသည်ကို သိသဖြင့် ကိုပုဏ္ဏာသည် မထေရ်အား ရိုသေစွာရှိခိုးပြီးလျှင် တံပူနှင့် သောက်ရေသုံးရေတို့ကို ပေးလှူ၏။

"ဤသူဆင်းရဲသည် သူတစ်ပါး၏အိမ်နောက်ဖေးတွင် နေရ၏၊ အိမ်တံခါးဝသို့ ငါကြွသွားလျှင် သူ၏ဇနီးသည် ငါ့ကို မြင်လိမ့်မည် မဟုတ်၊ သူ့ဇနီး ထမင်းပို့သည့်အခါမှ လမ်းတွင် ငါဆုံတွေ့မည်"ဟု မထေရ် ကြံစည်ပြီးလျှင် ဆိုင်းငံ့နေ၏။ မယ်ဥတ္တရာ ထမင်းပို့ထွက်လာသည့်အခါ မထေရ်ကြွသွား၏။ မယ်ဥတ္တရာသည် မထေရ်ကိုမြင်လျှင် စဉ်းစား၏။

"တစ်ခါတစ်ရံ ငါ့တွင် လှူဖွယ်ဝတ္ထုရှိသော်လည်း မထေရ်အား မဖူးမြင်ရ၊ မထေရ်ကို ဖူးမြင်ရသည့်အခါလည်း လှူဖွယ်ဝတ္ထုမရှိ၊ ယခုမူ လှူဖွယ်ဝတ္ထုလည်းရှိ၏၊ မထေရ်မြတ်အားလည်း ဖူးတွေ့ရ၏၊ ငါလှူတော့အံ့"

မယ်ဥတ္တရာသည် ထမင်းခွက်ကို ဦးခေါင်းထိပ်မှချ၍ မထေရ်အား တည်ခြင်းငါးပါးဖြင့် ရှိခိုး၏။ "အရှင်ဘုရား...တပည့်တော်မ၏ဆွမ်းကို ကြမ်းတမ်းသည်ဟု သဘောမထားဘဲ အရှင်ဘုရားတို့၏ ကျေးကျွန်အား ချီးမြှောက်တော်မူပါဘုရား"

မထေရ်သည် သပိတ်ကို ဖွင့်ပေးသဖြင့် မယ်ဥတ္တရာက ဆွမ်းလောင်းလှူ၏၊ ထက်ဝက်လောင်းလှူပြီးသောအခါ "သင့်လျော်လောက်ပြီ"ဟု မထေရ်က တား၏။

"အရှင်ဘုရား...ဤဆွမ်းသည် တစ်ယောက်စာအဖို့သာရှိပါ၏၊ နှစ်ဖို့နှစ်ဖြာခွဲဝေခြင်းငှာ မတတ်ကောင်းပါ၊ ဤဘဝမျှလောက်သာ

မဟုတ်ဘဲ တမလွန်ဘဝများအတွက်ပါ ချီးမြှောက်သောအားဖြင့် မကြွင်းမကျန် အလှူခံတော်မူပါ"

မထေရ်မြတ်က အလှူခံတော်မူ၏။ မယ်ဥတ္တရာက ဆုတောင်း၏။

"အရှင်ဘုရားတို့ သိသောတရားကို သိရပါလို၏"

"အသင် ဆုတောင်းပတ္ထနာပြုသည့်အတိုင်း ပြည့်စုံစေသတည်း"

မထေရ် အနုမောဒနာပြုပြီး သင့်လျော်ရာအရပ်သို့ ကြွသွားကာ ဆွမ်းဘုဉ်းပေးတော်မူ၏။

မယ်ဥတ္တရာသည် . လိမ္မာ၏၊ အိမ်ပြန်၍ ဆန်ရှာဖွေပြီးလျှင် ထမင်းတစ်ဖန်ချက်၏။ ကိုပုဏ္ဏသည် ရစ်မင်းပယ်လယ်ကို ထွန်ပြီးလျှင် ဆာလောင်လှသည်ဖြစ်၍ သစ်ပင်ရင်း၌လဲလျောင်းကာ ဇနီးလာမည့် လမ်းသို့ လှမ်းမျှော်နေ၏။ မယ်ဥတ္တရာသည် ထမင်းခွက် ဆောင်ယူလာ သောအခါ ကိုပုဏ္ဏ ဒေါသမဖြစ်ရန် အဝေးမှ အော်ပြော၏။

"အို အရှင်...စိတ်ကိုကြည်စေပြီး ဝမ်းမြောက်ပါ၊ ကျွန်ုပ်သည် အရှင်သာရိပုတ္တရာအား ဆွမ်းလှူခဲ့ရပြီ၊ အိမ်ပြန်၍ တစ်ဖန် ထမင်း ချက်နေရသဖြင့် နေမြင့်သွားပါသည်၊ ရှင့်အတွက် ထမင်းယူလာပါပြီ"

မယ်ဥတ္တရာ နီးကပ်လာသည့်အခါ 'ချစ်နှမ အဘယ်ကိုပြော သနည်း'ဟု ကိုပုဏ္ဏ မေးသဖြင့် မယ်ဥတ္တရာ တစ်ဖန်ပြောပြသည်။

"သင်သည် ကောင်းသောအမှုကို ပြုအပ်ပေစွ။ ငါသည်လည်း ယနေ့ နံနက်စောစောက မထေရ်အား တံပူနှင့် သောက်ရေသုံးရေ လှူဒါန်းခဲ့ရပြီ"

နှစ်ဦးစလုံး ဝမ်းမြောက်ပီတိ ဖြစ်ကြ၏။ ထိုပုဏ္ဏသည် ထမင်းစားပြီးသော် ဇနီး၏ပေါင်ပေါ်၌ ဦးခေါင်းတင်၍ အိပ်၏။ နိုးလာသောအခါ လယ်ကွက်ကိုကြည့်လိုက်ရာ လယ်ထွန်စာများသည်

ရွှေတုံးများဖြစ်နေသည်ကို မြင်၏။ ရွှေတုံးတစ်တုံးကို ကောက်ယူ၍ ထွန်တုံးပေါ်ရိုက်ကြည့်၏၊ ရွှေဖြစ်ကြောင်း သေချာစွာသိလိုက်၏။

"ဩော်…အံ့ဩဖွယ်ရှိပေစွ။ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာကို ဆွမ်းလှူဒါန်းရသော ကောင်းမှုသည် ယနေ့ပင် အကျိုးပေးနေပြီတကား။ ဤမျှများပြားသောဥစ္စာတို့ကို ကွယ်ကာ သိုဝှက်၍ သုံးဆောင်ခြင်းငှာ မတတ်ကောင်း၊ ဘုရင်မင်းမြတ်အား အကြောင်းကြားမှသင့်မည်"

ကိုပုဏ္ဏ ဤသို့စဉ်းစားမိသဖြင့် အိုးခွက်တို့၌ မဟာလှေကားပွင့် အစုကဲ့သို့ ဝါဝင်းနေသည့် ရွှေတုံးရွှေခဲများကို အပြည့်ထည့်၍ ဘုရင်ထံသို့သွား၏။

"အမောင်…သင်မည်သူနည်း၊ အဘယ်ကိစ္စရှိသနည်း"ဟု ဘုရင် မေးမြန်း၏။

"သုမနသူဌေးကြီး၏ အခစားအလုပ်သမား မောင်ပုဏ္ဏ ဖြစ်ကြောင်းပါ။ ယနေ့နံနက်တွင် အကျွန်ုပ်သည် အရှင်သာရိပုတ္တရာ မထေရ်အား တံပူနှင့်သောက်တော်ရေလှူဒါန်းပါသည်။ အကျွန်ုပ်၏ ဇနီးက မထေရ်အား ဆွမ်းလှူပါသည်။ ယခု အကျွန်ုပ် ထွန်ယက်ထား သည့် ရစ်မင်းပယ်လယ်မြေ၌ မြေစာများသည် ရွှေတုံးရွှေခဲများ ဖြစ်နေကြပါသည် အရှင်မင်းကြီး"

"အမောင်…အဘယ်သို့ ပြုလုပ်စေလိုသနည်း"

"လှည်းတစ်ထောင်စေလွှတ်ပြီး ရွှေတုံးရွှေခဲများကို ယူဆောင်စေ တော်မူပါ"

ဘုရင်က မင်းချင်းများအား လှည်းတစ်ထောင်ဖြင့် ရွှေတုံးရွှေခဲ များကို ယူဆောင်စေ၏။ မင်းချင်းတို့သည် "ပြည့်ရှင်မင်း၏ ဥစ္စာ

တည်း”ဟု ပြောဆိုရ်ု ယူသောအခါ ရွှေတုံးရွှေခဲများသည် လယ်ထွန်စာ ဖြစ်၍ တည်၏။ ဘုရင်မင်းကြီးအား လျှောက်ထားသည့်အခါ “ပုဏ္ဏ၏ဥစ္စာတည်း”ဟု ပြောဆို၍ယူရန် အမိန့်ပေး၏။ ဤအခါ၌ ရွှေတုံးရွှေခဲတို့သည် ရွှေအတိုင်းတည်၏။ ရွှေတို့ကို မင်းရင်ပြင်သို့ ယူဆောင်ပြီးပုံထားရာ အတောင်ရှစ်ဆယ်မြင့်၏။

ဘုရင်မင်းမြွတ်သည် ကိုပုဏ္ဏအား **“ဗဟုဓနသူဌေး”**ဟူသော ဘွဲ့အမည်နှင့်တကွ သူဌေးအဆောင်အယောင်ဖြစ်သော ထီးဖြူကို ချီးမြှင့်လေ၏။ (ဓမ္မပဒဝတ္ထု၊ ၈၊ ၆၅–၇၄)

## သမ္မဒါလေးချက်နှင့် လက်ငင်းအကျိုး

ရာဇဂြိုဟ်မြို့ကြီး၏အစွန်အဖျားတစ်နေရာတွင် သူတစ်ပါးတို့၏ အိမ်ကြိုအိမ်ကြားဝယ် တဲကလေးထိုးကာ အိုးတစ်လုံးဖျာမရှိ၊ ဘူမိကမ္ဘလာပေါ်တွင် စံပျော်ကြရသည့် **ကာကဝလိယမောင်နှံစုံ**ရှိ၏။ မောင်က ထင်းခွေ၊ မယ်က အခစားနှင့် စပါးထောင်း–ဆန်ဖွပ်၊ ရသည့်ငွေကလေးဖြင့် ယာဂုမှုလောက်ကိုသာ ကျိုချက်ပြီး မသေရုံ စားသောက်နေကြရ၏။

တစ်နေ့တွင် အရှင်သာရိပုတ္တရာမထေရ်သည် နိရောဓသမာပတ်မှ ထ၍ ချီးမြှောက်ထိုက်သူကို ရှုဆင်ခြင်ရာ ကာကဝလိယမောင်နှံတို့ကို မြင်၏။ “ဤသူတို့ကား ရှေးကပြုလုပ်ခဲ့သည့် ကံဟောင်းရှိလျက် မကောင်းမှုကံက နှိပ်စက်သဖြင့် ပြာဖုံးမီးခဲလို မတောက်ပနိုင်ဘဲ ရှိနေကြသည်၊ ငါချီးမြှောက်လိုက်လျှင် မကြာမီပင် ချမ်းသာသွားကြလိမ့်မည်’ကို မြင်သိသဖြင့် ကာကဝလိယတဲဆီသို့ ဆွမ်းခံကြွတော်မူ၏။

မယ်ကာကဝလိယသည် မထေရ်မြတ်ကို ရိုသေစွာရှိခိုးပြီးနောက် ယာဂုအိုးကို သပိတ်ပေါ်မှောက်၍ အကုန်လောင်းလှူလိုက်၏။ မထေရ်မြတ်သည်လည်း ဆွမ်းလှူရသည့်အကျိုး ပိုကြီးမားရန် ယာဂုဆွမ်းကို မြတ်စွာဘုရားနှင့် သံဃာ ၅၀၀ တို့အား မျှဝေလောင်းလှူပေး၏။ ဣဒ္ဓိဝိဓအဘိညာဉ်တန်ခိုးဖြင့် ဘုရားနှင့်သံဃာအားလုံးအတွက် ဆွမ်းလောက်ငရန် ပြုနိုင်စွမ်းရှိလေ၏။

ကာကဝလိယမောင်နှံတို့သည် ၇ ရက်အတွင်း၌ပင် ရွှေအိုးမြောက်မြားစွာကို ရရှိကြသည့်အတွက် သူဌေးကြီးဘဝသို့ ရောက်ကြလေ၏။

ကိုပုဏ္ဏနှင့် ကာကဝလိယမောင်နှံတို့ကဲ့သို့ မြတ်သောဆွမ်းဒါန၏ လျှမ်းလျှမ်းတောက် အကျိုးပေးခြင်းကို မျက်မှောက်ဘဝ၌ပင် ရရှိရန် သမ္ပဒါလေးချက် ပြည့်စုံဖို့လိုကြောင်း **ဓမ္မပဒအဋ္ဌကထာ**၌ ဖွင့်ပြထား၏။ သမ္ပဒါ ၄ ချက်ကား –

(၁) တရားသဖြင့် ရရှိသည့် အလှူဝတ္ထုဖြစ်ခြင်း(ပစ္စယဓမ္မိက)

(၂) စေတနာသုံးတန် လွန်ကဲမွန်မြတ်ခြင်း (စေတနာမဟတ္တ)

(၃) အလှူခံပုဂ္ဂိုလ်က လွန်ကဲမွန်မြတ်သော ရဟန္တာဖြစ်ခြင်း (ဂုဏာတိရေက)

(၄) ထိုရဟန္တာအရှင်မြတ်က နိရောဓသမာပတ်မှ ထလာခိုက်နှင့် ကြုံကြိုက်ခြင်း (ဝတ္ထုသမ္ပတ္တိ)တို့ဖြစ်ကြ၏။

ယခုခေတ်၌လည်း ရဟန္တာများ ရှိနိုင်သည့်အတွက် သမ္ပဒါလေးချက်နှင့် ပြည့်စုံအောင် လှူဒါန်းနိုင်၏။ မိမိဘက်ကသာ ပစ္စယဓမ္မိကခေါ် တရားသဖြင့်ရရှိထားသည့် ပစ္စည်းဝတ္ထုကို စေတနာထက်ထက်သန်သန်နှင့် လှူဒါန်းရန် အဆင်သင့်ဖြစ်နေဖို့ လိုအပ်၏။

ဆင်းတုတော်, စေတီတော်တို့ကိုလည်း ဘုရားရှင်အဖြစ် မှတ်ယူ၍ သဒ္ဓါထက်သန်စွာဖြင့် ရိုရိုသေသေ လှူဒါန်းပါလျှင် ကြီးကျယ်သော အကျိုးကျေးဇူးများကို ဧကန်မုချ ရရှိမည်သာတည်း။

## သူ့ထက်သူသာလွန်၍ ချမ်းသာကြွယ်ဝကြသည်

တက္ကသိုလ်ပြည်မှ ဇဋိလသူဌေးကြီးသည် အိမ်နောက်ဖေးတွင် ရွှေတောင်ကြီးပေါက်သဖြင့် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ကျော်စောထင်ရှားသူတစ်ဦးဖြစ်၏။ သူသည် ဗာရာဏသီသူဌေးသမီးတစ်ဦး၏သားဖြစ်ပါသော်လည်း မွေးကင်းစအရွယ်၌ပင် ရေမျှောခံခဲ့ရသည်။ သူ၏ ထူးခြားသောအတိတ်ဇာတ်လမ်းသည်ကား–

**ကဿပမြတ်စွာဘုရား** ပရိနိဗ္ဗာန်စံတော်မူသောအခါ ဓာတုစေတီတော်ကြီးကို တည်ဆောက်ကြ၏။ စေတီတော်၏ မြောက်ဘက်မုခ်၌ ရွှေတစ်ဖျာစာ လိုအပ်နေသည့်အတွက် ရဟန္တာတစ်ပါးသည် ရွှေပန်းထိမ်အိမ်သို့ကြွပြီး ဘုရားအတွက် ရွှေလှူဒါန်းရန် တိုက်တွန်းတော်မူ၏။

ရွှေပန်းထိမ်သည် မိမိဇနီးအား အမျက်ဒေါသထွက်နေခိုက်ဖြစ်သဖြင့်"သင်တို့၏ဘုရားကို ရေထဲမျှောလိုက်ပါတော့"ဟု ရိုင်းပြစွာ ပြောဆိုလိုက်မိ၏။

ဇနီးသည်က "ရှင်သည် အလွန်ကြမ်းကြုတ်သည့် မကောင်းမှုကို ပြုအပ်ပေပြီ။ အကျွန်ုပ်အား ရှင်အမျက်ထွက်လျှင် အကျွန်ုပ်အားသာ ဆဲဆိုသင့်ပါ၏။ မြတ်စွာဘုရားတို့အား အဘယ့်ကြောင့် ရှင်–ရန်လိုမှု ပြုဘိသနည်း"ဟု အပြစ်တင်၏။

ရွှေပန်းထိမ်သည် ချက်ချင်းပင် သံဝေဂကြီးစွာရ၍ "အရှင်ဘုရား… တပည့်တော်အား သည်းခံတော်မူပါဘုရား"ဟု မထေရ်အား တောင်းပန်၏။

"ဒါယကာ…သင်သည် ငါ့ကို တစ်စုံတစ်ရာ ပြစ်မှားပြောဆိုသည် မဟုတ်၊ ဘုရားရှင်ကိုသာ ပြစ်မှားပြောဆိုဘိ၏။ ထို့ကြောင့် မြတ်စွာ ဘုရားကိုသာ ကန်တော့လော့"ဟု မထေရ်က မိန့်ကြား၏။

"အရှင်ဘုရား…အဘယ်သို့ ကန်တော့ရပါမည်နည်း"

"ရွှေပန်းအိုးသုံးလုံးပြုလုပ်ပြီး ဓာတ်တော်တိုက်အတွင်း၌ ဌာပနာ ပါ၊ စိုသောအဝတ်၊ စိုသောဆံပင်ရှိလျက် မြတ်စွာဘုရားကို ကန်တော့ ပါ"

"ကောင်းပါပြီ"ဟု ဝန်ခံ၍ ရွှေပန်းထိမ်သည် ရွှေအိုးတို့ကို ပြုလုပ်၏။ သားကြီးအား ကူလုပ်ရန်ပြောသောအခါ "အဖေ့ဘာသာ အဖေရန်စကားပြောကြားခဲ့သည်၊ အဖေ့ဘာသာလုပ်ပါ"ဟု ဆို၏။ သားလတ်ကို အကူအညီတောင်းသောအခါ၌လည်း ထိုနည်းအတူ တုံ့ပြန်၍ ကူမလုပ်ချေ။ သားငယ်ကို ကူလုပ်ရန် ပြောသည့်အခါ "ဖခင်၌ ဖြစ်ပေါ်လာသော ကိစ္စအဝဝသည် သား၏တာဝန် ဖြစ်၏"ဟု ဆိုကာ ကူလုပ်၏။

ရွှေပန်းထိမ်သည် အမြင့်တစ်ထွာစီခန့်ရှိသော ရွှေပန်းခိုင်တို့နှင့် တကွ ရွှေပန်းအိုးသုံးလုံးကို ဓာတ်တော်ဌာပနာတိုက်၌ ထည့်သွင်း ပူဇော်၏၊ စိုသောအဝတ်, စိုသောဆံရှိလျက် မြတ်စွာဘုရားကို ကန်တော့တောင်းပန်၏။ စေတီ၏မြောက်ဘက်မုခ်၌ ရွှေတစ်ဖျာစာ လိုအပ်နေသည်ကိုလည်း ကြည်ကြည်ဖြူဖြူပေးလှူ၏။

ရွှေပန်းထိမ်သည် ချုတ်ချော်ပြောဆိုမိသော ဝစီကံကြောင့် ခုနစ်ဘဝ တိုင်တိုင် ရေ၌ အမျှောခံရ၏။ နောက်ဆုံးပစ္ဆိမဘဝ၌ ဗာရာဏသီ သူဌေးသမီး၏သားဖြစ်လာ၏။ ဤသူဌေးသမီးသည် ၁၆ နှစ်အရွယ် ရှိသည့်အခါ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ဆောင်၏အထက်ဆုံးထပ်၌ နေထိုင်ရ၏။

တစ်နေ့ဝယ် လေသာပြတင်းကိုဖွင့်၍ အပြင်သို့ကြည့်နေသော ထိုသူဌေးသမီးကို ကောင်းကင်ခရီးဖြင့်သွားသည့် ဝိဇ္ဇာဓိုရ်တစ် ယောက်က မြင်၏။ ဝိဇ္ဇာဓိုရ်သည် သူဌေးသမီးအား ချစ်ခင်စုံမက်သည် ဖြစ်၍ ပြာသာဒ်ဆောင်အတွင်းသို့ဝင်လာပြီးလျှင် သူဌေးသမီးနှင့် ချစ်တင်းနှီးနှောမှုကိုပြု၏။ မကြာမီ သူဌေးသမီး ကိုယ်ဝန်ရလာ၏။

ကိုယ်ဝန်ရင့်လာသည့်အခါ သူဌေးသမီးကို ပြုစုလုပ်ကျွေးနေသော ကျွန်မက "အသို့ဖြစ်သနည်း"ဟုမေး၏။ သူဌေးသမီးက သူတစ်ပါး တို့အား မပြောကြားရန် နှုတ်ပိတ်၏။ သားမွေးဖွားလာသောအခါ အိုးသစ်တစ်လုံး၌ သားငယ်ကို ထည့်၏၊ အဖုံးဖုံး၍ အဖုံးပေါ်၌ ပန်းကုံးများကို တင်ထား၏၊ ထို့နောက် ကျွန်မအား စေခိုင်း၏–

"ဤအိုးကိုရွက်သွားပြီး ဂင်္ဂါမြစ်ကြောမှာ မျှောလိုက်ပါ။ အခြားသူ တို့မေးလျှင် အကျွန်ုပ်၏သခင်မအတွက် ဗလိပူဇော်မှုပြုသည်ဟု ဆိုလေ"

ကျွန်မသည် သူဌေးသမီးစေခိုင်းသည့်အတိုင်း ပြုလုပ်၏။ ထိုအခါ ဂင်္ဂါမြစ်အောက်ဘက်၌ မိန်းမနှစ်ယောက် ရေချိုးနေကြ၏၊ ရေအိုး မျောလာသည်ကိုမြင်လျှင် တစ်ယောက်က "ထိုအိုးသည် ငါ့အိုးတည်း" ဟုဆို၏။ အခြားတစ်ယောက်က "အိုးအတွင်းရှိပစ္စည်းသည် ငါ့ပစ္စည်း

တည်း”ဟုဆို၏။ ထို့ကြောင့် တစ်ယောက်က အိုးကိုရပြီး ကျန် တစ်ယောက်က ကလေးကိုရ၏။

ကလေးရသူမိန်းမသည် အရှင်မဟာကစ္စည်းမထေရ်၏ အလုပ်အကျွေး–ဒါယိကာမဖြစ်၏။ “ဤသူငယ်ကို မထေရ်ထံမှာ ရှင်ပြုစေမည်”ဟု ရည်ရွယ်၍ ကလေးကိုမွေးမြူ၏။ ထိုသူငယ်၏ ဆံပင်တို့သည် မီးရှူးသန့်စင် ဖွားမြင်သောနေ့၌ ကိုယ်ဝန်အညစ်အကြေးတို့ကို မဆေးကြောခဲ့ရသည့်အတွက် ဆံကျစ်ပမာ ရှုပ်ထွေးတွန့်လိမ်နေကြ၏။ ထို့ကြောင့် သူငယ်ကို “ဇဋိလ”ဟု အမည်မှည့်ကြ၏။

ဇဋိလသူငယ် ခြေဖြင့် တောက်တောက်သွားလာနိုင်သောအခါ အရှင်မဟာကစ္စည်းမထေရ်သည် ထိုအိမ်သို့ ဆွမ်းခံကြွလာ၏။ သူငယ်ကိုမြင်လျှင် “ဒါယိကာမကြီး…အသို့နည်း၊ သူငယ်တစ်ယောက်ကို ရအပ်သလော”ဟု မေးတော်မူ၏။

“ရအပ်ပါသည် အရှင်ဘုရား၊ ဤသူငယ်ကို အရှင်ဘုရားထံ၌ ရှင်ပြုပေးရန် ရည်ရွယ်၍ မွေးမြူခဲ့ပါသည်၊ သူငယ်ကို ရှင်ပြုပေးတော်မူပါဘုရား”

မထေရ်က “ကောင်းပြီ”ဟု လက်ခံကာ သူငယ်ကို ခေါ်ဆောင်သွား၏။ သူငယ်၏ ကောင်းမှုကံကို ဆင်ခြင်ရာ “ဤသူငယ်သည် ဘုန်းကံကြီးသူတည်း၊ ကြီးကျယ်သည့်စည်းစိမ်ဥစ္စာကို ခံစားရလိမ့်ဦးမည်၊ ယခု ငယ်သေး၏၊ ဉာဏ်ပညာလည်း မရင့်ကျက်သေး”ဟု သိမြင်တော်မူသဖြင့် တက္ကသိုလ်ပြည်ရှိ မိမိ၏ဒကာရင်း ကုန်သည်တစ်ဦးထံတွင် သူငယ်ကို အပ်နှံလိုက်၏။

ကုန်သည် လင်မယားတို့သည် ဇဋိလကို သားအရာ၌ထား၍ ပြုစုကျွေးမွေး၏။ တစ်နေ့သ၌ ကုန်သည် ခရီးသွားရန်ရှိသဖြင့်

အရွယ်ရောက်လာပြီဖြစ်သော ဇင့္ဂိလအား ဆိုင်ထွက်၍ ဈေးရောင်းစေ၏။ ထိုကုန်သည်၏ဆိုင်၌ ၁၂ နှစ်ကြာ ရောင်းမစွံသော ကုန်ပစ္စည်းများစွာရှိ၏။ မြို့စောင့်နတ်တို့က ကုန်ပစ္စည်းဝယ်လိုသူတို့ကို နှိုးဆော်တိုက်တွန်းပေးကြသဖြင့် ကုန်ပစ္စည်းများအားလုံးကို တစ်ရက်တည်းဖြင့် ရောင်းချလိုက်ရ၏။

ကုန်သည်သူကြွယ် ပြန်လာသည့်အခါ အလွန်အားရကျေနပ်သဖြင့် ဇင့္ဂိလအား မိမိ၏သမီးနှင့် ထိမ်းမြားလက်ထပ်ပေး၏။ သီးခြားနေထိုင်ရန် အိမ်ကြီးတစ်ဆောင်ကိုလည်း ဆောက်လုပ်ပေး၏။

အိမ်တက်မင်္ဂလာပြုလုပ်သောနေ့တွင် အိမ်တံခါးခုံပေါ်သို့ ဇင့္ဂိလ ခြေချလိုက်သည်နှင့်တစ်ပြိုင်နက် အိမ်နောက်ပိုင်း၌ အတောင် ၈၀ ခန့်မြင့်သော ရွှေတောင်ကြီးသည် မြေကိုဖောက်ထွင်း၍ ပေါ်ပေါက်လာ၏။ ဤသတင်းကိုကြားသိလျှင် တက္ကသိုလ်ပြည့်ရှင် ဘုရင်မင်းမြတ်သည် သူဌေးအဆောင်အယောင်များကို ချီးမြှင့်၏။

ဇင့္ဂိလသူဌေးကြီး၌ သားသုံးယောက်ဖြစ်ထွန်း၏။ သားများ အရွယ်ရောက်လာကြသောအခါ သူဌေးကြီးသည် ရဟန်းပြုရန် စိတ်ညွတ်လာ၏။ "အကယ်၍ ငါတို့နှင့် စည်းစိမ်တူသော အခြားသူဌေးများရှိခဲ့လျှင် ဘုရင်မင်းမြတ်သည် ငါ့အား ရဟန်းပြုခွင့်ပေးပါလိမ့်မည်၊ မရှိလျှင် ပေးမည်မဟုတ်၊ ဇမ္ဗူဒိပ်ကျွန်းဝယ် ငါတို့နှင့် စည်းစိမ်တူမျှသော သူဌေးများ ရှိ,မရှိ စုံစမ်းစေအံ့။" ဤသို့ ဇင့္ဂိလ သူဌေးကြီး၌ အကြံဖြစ်ပေါ်လာသဖြင့် လူယုံများအား ရွှေအုတ်, ရွှေလှံတံ, ရွှေခြေနင်းတို့ကို ပေးအပ်၍ အမြို့မြို့အနယ်နယ်သို့ လှည့်လည်ပြီး ရောင်းချစေ၏။

ထိုလူယုံတို့သည် ဘဒ္ဒိယမြို့သို့ရောက်သော် **မေဏ္ဍကသူဌေးကြီး** အကြောင်းကို ကြားသိ၏။ ထိုသူဌေးကြီးအား ရွှေအုတ်, ရွှေလုံတံ, ရွှေခြေနင်းတို့ကိုပြပြီး ဝယ်ယူရန် ဆန္ဒရှိ,မရှိ မေးမြန်း၏။ သူဌေးကြီးသည် ထိုလူယုံတို့အား မိမိအိမ်နောက်ပိုင်းခြံကို ကြည့်ရှုစေ၏။ ရှစ်မင်းပယ်စာမျှရှိသောမြေပြင်၌ ဆင်ကြီး, မြင်းကြီးအရွယ်မျှရှိကြသော ရွှေဆိတ်ရုပ်များသည် နံဘေးချင်းထိစပ်လျက် တည်ရှိကြ၏။ ထိုလူယုံတို့ အလွန်အံ့သြကာ ချီးမွမ်းစကားပြောကြားပြီး တက္ကသိုလ်ပြည်သို့ ပြန်လာကြ၏။

ဇဋိလသူဌေးကြီးသည် မေဏ္ဍကသူဌေးကြီး၏ ချမ်းသာကြွယ်ဝပုံကို ကြားသိလေလျှင် "ငါ့ထက် ပိုချမ်းသာသူတစ်ယောက်တော့ တွေ့ပြီ၊ နောက်တစ်ယောက်တွေ့ဦးမည်လား"ဟု ဆက်လက်စုံစမ်းစေလိုသဖြင့် လူယုံတို့အား တစ်သိန်းတန်ကမ္ဗလာတစ်ထည်ကို ပေးအပ်၍ လှည့်လည်ရောင်းချစေပြန်၏။

ရာဇဂြိုဟ်ပြည်၊ **ဇောတိကသူဌေးကြီး**အိမ်သို့ရောက်သော် သူဌေးမင်းသည် အသပြာတစ်သိန်းဖြင့် ကမ္ဗလာကို ဝယ်ယူစေပြီးလျှင် အိမ်ရှေ့တံခါး၀၌ တံမြက်လှည်းနေသော ကျွန်မအား ကမ္ဗလာကို ပေးစေ၏။

ကမ္ဗလာရသည့်အခါ ကျွန်မသည် ရင်ဝကို လက်နှင့်ထု၍ ငိုကြွေး၏။ သူဌေးမင်း၏ခြေရင်းသို့ ချဉ်းကပ်ပြီးလျှင် "အရှင်သူဌေးမင်း...ကျွန်မ မှားယွင်းချွတ်ချော်ခဲ့သော ဆုံးမတော်မူပါ။ ဘုန်းကံနည်းသူတို့၏အသုံးအဆောင်ဖြစ်သော ကမ္ဗလာကြမ်းကြီးကို အဘယ်ကြောင့် ကျွန်မအား ပေးသနားပါသလဲ။ ဒီလိုကမ္ဗလာမျိုးကို တစ်ကြိမ်တစ်ခါမျှ မဝတ်ခဲ့ရဖူးပါ"ဟု လျှောက်ထား၏။

သူဌေးမင်းက "ချစ်သမီး...သင့်အား ဝတ်ရုံရန် ကမ္ဗလာကို ပေးသည်မဟုတ်၊ ခြေသုတ်ဖို့ပေးတာ"ဟုဆို၏။

ဇင္ဓိလသူဌေးကြီး၏လူယုံများက မျက်မြင်ကိုယ်တွေ့ သိရှိခဲ့ရသည့် အကြောင်းကို မိမိတို့၏သူဌေးကြီးအား ပြန်လည်ပြောပြကြ၏။ ဇင္ဓိလသူဌေးကြီးသည် အလွန်ဝမ်းမြောက်၍ ရဟန်းပြုရန် ဆုံးဖြတ်လိုက်၏။ သူ့သားသုံးယောက်ကို ခေါ်၏။ သားကြီးအား ဝဇီရစိန်အသွားတပ်ထားသည့် ရွှေပေါက်တူးကို ပေးပြီး "အိမ်နောက်က ရွှေတောင်ကို ပေါက်ချေ"ဟု စေခိုင်း၏။

သားကြီးသည် ပေါက်တူးကိုမြှောက်ပြီး တအားပေါက်ချ၏။ ရွှေတောင်သည် ကျောက်ဖျာကြီးကဲ့သို့ တင်းမာပြီး ပဲ့မထွက်ချေ။ သူဌေးကြီးသည် သားလတ်အား တစ်ဖန် ပေါက်တူးကို ပေးအပ်ပြီး ရွှေတောင်ကိုပေါက်စေပြန်၏။ သားလတ်ပေါက်သည့်အခါလည်း ရွှေတောင်ပဲ့မထွက်ချေ။

သူဌေးကြီးသည် သားငယ်အား ပေါက်တူးကို ပေးအပ်ပြီး ရွှေတောင်ကို ပေါက်စေပြန်၏။ သားငယ်ပေါက်သည့်အခါ မြေတောင်ပို့မှ မြေစိုင်မြေခဲများ ကွဲထွက်လာသကဲ့သို့ ရွှေတောင်မှ ရွှေတုံးရွှေခဲများ ကွဲထွက်လာကြ၏။

ထိုအခါ ဖခင်က သားသုံးယောက်ကို ဆုံးမ၏။ "ဤရွှေတောင်သည် သားကြီးနှင့် သားလတ်တို့အတွက် ပေါ်ပေါက်လာခြင်းမဟုတ်၊ ငါနှင့်သားငယ်တို့အတွက် ပေါ်ပေါက်လာခြင်းဖြစ်၏။ ထို့ကြောင့် သားကြီးနှင့်သားလတ်တို့က ညီငယ်ပေးသမျှကိုယူပြီး အသက်မွေးကြ။ ဤရွှေတောင်ကို သားငယ်အား အဖေပေးအပ်တယ်။ အဖေ ယနေ့ ရဟန်းဝတ်မယ်"

ဇင်္ဂလသူဌေးကြီးသည် စည်းစိမ်ဥစ္စာ အလုံးစုံကို စွန့်လွှတ်ပြီး ရဟန်းပြု၏။ ရဟန်းတရားကို ပွားများ၊ ကြိုးကုတ်၊ အားထုတ်သဖြင့် နှစ်ရက်သုံးရက်ကြာလျှင်ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။

(မဟာဗုဒ္ဓဝင်၊ ဆ-၃၊ ၃၉၅-၄၀၇)

ဇင်္ဂလသူဌေးကြီးသည် အတိတ်က ကဿပမြတ်စွာဘုရား၏ ဓာတုစေတီတော်မြတ်၏ ဓာတ်တော်တိုက်ဝယ် ရွှေပန်းခိုင်များနှင့်တကွ ရွှေပန်းအိုးသုံးလုံးကို လှူဒါန်းခဲ့သဖြင့် ရွှေတောင်ကြီးကိုရ၏။ သားငယ်က ဖခင်နှင့်အတူ ရွှေပန်းအိုးများကို ထုလုပ်ခဲ့သဖြင့် ရွှေတောင်ကြီးကို အမွေခံစားခွင့်ရ၏။ သားကြီးနှင့် သားလတ်တို့က ရွှေပန်းအိုး ကူမလုပ်ခဲ့ကြသည့်အတွက် ရွှေတောင်ကို အမွေခံစားခွင့်မရကြချေ။

ကုသိုလ်ကံပေးသမျှသာ ရရှိကြသည်။ ကောင်းမှုကံ မစီမံထားလျှင် ကောင်းကျိုးချမ်းသာကို ခံစားခွင့်မရ။

ကမ္မနိယာမသည် တိကျလှ၏၊ ကံကို လှည့်စား၍မရချေ။

## ဇောတိကသူဌေးလောင်း၏ အတုမဲ့ကျောင်းအလှူတော်

ဇမ္ဗူဒိပ်တစ်ကျွန်းလုံးတွင် ဇောတိကသူဌေးမင်း၏ စည်းစိမ်ချမ်းသာကို ယှဉ်တုနိုင်မည့်သူ ရှားပေလိမ့်မည်။ ဒါနကုသိုလ်ကံ၏ စီမံပေးချက်အရ အထက်တန်းကျသောဘဝများဖြင့် ဇောတိကသူဌေး သံသရာကျင်လည်ခဲ့ရသည်မှာလည်း အားကျစရာပါပေ။

သူ၏ဒါနကောင်းမှုသည် လွန်လေပြီးသော ၉၁ ကမ္ဘာထက်က စတင်ခဲ့သည်။ ထိုအခါက **ဗာရာဏသီပြည်ဝယ် သူကြွယ်ညီနောင်နှစ်ဦး**သည် ကြံခင်းကြီးတစ်ခုကို စိုက်ပျိုးကြ၏။ တစ်နေ့တွင် ညီငယ်သည်

ကြံခင်းမှအပြန် ညီအစ်ကိုနှစ်ယောက်အတွက် ကြံနှစ်ချောင်းကို ခုတ်ယူလာ၏။

ထိုအချိန်က အသီးအပင်များသည် ဩဇာပြည့်ဝကြသည့်အတွက် ကြံရည်ညှစ်ရန်မလို၊ ကြံပင်ကို ဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက် ကြံရည်များ စိမ့်ယိုဆင်းလာ၏၊ ထို့ကြောင့် အရည်ယိုမထွက်အောင် ဖက်များနှင့် လုံခြုံစွာ ထုပ်စည်းထား၏။

ဂန္ဓမာဒနတောင်၌ သီတင်းသုံးတော်မူသော ပစ္စေကဗုဒ္ဓါတစ်ပါးသည် သမာပတ်မှထပြီး ချီးမြှောက်ထိုက်သူကို ချီးမြှောက်ရန် ကြွလာတော်မူ၏။ ညီငယ်သူကြွယ်သည် အရှင်မြတ်အား ဖူးတွေ့ရလျှင် အလွန်ရွှင်လန်းဝမ်းမြောက်၏။ မိမိ၏ကိုယ်ဝတ်ပုဆိုးကို မြေမှာခင်းပြီး အရှင်မြတ်ကို လျှောက်ထား၏။

"အရှင်ဘုရား...ဤနေရာတွင် ထိုင်တော်မူပါ၊ အကျွန်ုပ်အား သနားတော်မူသဖြင့် အကျွန်ုပ်၏အလှူကို ခံယူတော်မူပါ"

ပစ္စေကဗုဒ္ဓါသည် ငြိမ်သက်စွာထိုင်တော်မူပြီးလျှင် သပိတ်ကို ပေးအပ်၏။ သူကြွယ်သည် ကြံတစ်ချောင်းမှအရည်ဖြင့် သပိတ်ကို ပြည့်စေပြီးလျှင် အရှင်မြတ်အား ဆက်ကပ်၏။ အရှင်မြတ်က ရွှင်လန်းဝမ်းမြောက်စွာ ဘုဉ်းပေးတော်မူ၏။ သူကြွယ်သည် သဒ္ဓါတရား တိုးပွားလာသဖြင့် အစ်ကိုအတွက် ကြံချောင်းမှအရည်ကိုပါ ဆက်ကပ်လှူဒါန်း၏။

"အရှင်ဘုရား...အကျွန်ုပ်သည် မွန်မြတ်လှသည့် ကြံရည်တို့ကို ဦးဦးဖျားဖျား လှူဒါန်းရသော ကောင်းမှုကြောင့် လူ့ပြည်နတ်ပြည်တို့၌ စည်းစိမ်ချမ်းသာကို အဖန်ဖန် ခံစားသုံးဆောင်ရပြီးလျှင် အဆုံးစွန်သော ဘဝ၌ အရှင်ဘုရားတို့ သိရှိသည့်တရားကို သိရပါလို၏"

"ဓဝံ ဟောတု = ဤသင်ဆုတောင်းသည့်အတိုင်း ဖြစ်ပါစေ သတည်း"

အရှင်မြတ်သည် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွတော်မူကာ သီတင်းသုံးဖော် ပစ္စေကဗုဒ္ဓါငါးရာတို့အား ထိုကြံရည်ကို ဆက်ကပ်၏။

ညီသူကြွယ်သည် အလွန်ဝမ်းမြောက်ပီတိဖြစ်ကာ အိမ်ပြန်လာ၏။ ပစ္စေကဗုဒ္ဓါကို ကြံရည်လှူခဲ့ရကြောင်း အစ်ကိုအား ပြောပြ၏။ အစ်ကိုသည် ကုသိုလ်အဖို့ကို အလိုရှိလျှင်လည်း ယူတော်မူ၊ ကြံတန်ဖိုးကို အလိုရှိလျှင်လည်း အကျွန်ုပ် ပေးပါအံ့ဟု ဆို၏။

နောင်တော်သူကြွယ်သည် ညီသူကြွယ် ပြောနေစဉ်အခါမှာပင် တစ်ကိုယ်လုံးပီတိဖုံးလွှမ်းလျက် "တစ်သက်တာနေလို့မှ ပြုရခဲသည့် ဒါနကို ငါ့ညီ ပြုခဲ့ရပေသည်၊ အရတော်ပေစွ။ ငါသည် ကြံတန်ဖိုးကို မယူ၊ ကုသိုလ်အဖို့ကိုသာ ယူမည်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ကြံရည်လှူရသောကောင်းမှုကြောင့် အရှင်မြတ်တို့ သိရသော တရားထူးကို သိရပါစေသတည်း"ဟု ဆုတောင်း၏။

ဤသို့လျှင် ညီဖြစ်သူက လူ, နတ်, နိဗ္ဗာန် သုံးတန်သောချမ်းသာကို တောင့်တ၍ နောင်တော်က အရဟတ္တဖိုလ်တစ်ခုတည်းကိုသာ တောင့်တ၏။

သူကြွယ်ညီနောင်တို့သည် အသက်တမ်းအတိုင်း တည်နေကြ၍ သေလွန်သည့်အခါ နတ်ပြည်၌ဖြစ်ကြ၏။ ထိုနောက် **ဝိပဿီမြတ်စွာဘုရား** ပွင့်ထွန်းသောအခါ ထိုညီနောင်နှစ်ဦးတို့သည် **ဗန္ဓုမတီမင်းနေပြည်**တွင် ညီအစ်ကိုဖြစ်ကြ၏။ နောင်တော်သည် **သေန** အမည်တွင်၍ ညီတော်သည် **အပရာဇိတ**အမည်ရ၏။ အရွယ်ရောက်လာကြသည့်အခါ အိမ်ရာထောင်ကြ၏။

ဝိပဿိမြတ်စွာဘုရားထံ တရားနာကြားရန် လူအပေါင်းတို့ သွားကြလျှင် သေနသူကြွယ်လည်း လိုက်ပါသွား၏။ ဘုရားရှင်သည် သူကြွယ်၏အလိုအဇ္ဈာသယကို သိသဖြင့် ဒါနကထာ, သီလကထာ စသော တရားအစဉ်ကို ဟောတော်မူ၏။ သေနသူကြွယ်သည် ရှင်ရဟန်းပြုရန် အလွန်စိတ်ထက်သန်လာသဖြင့် မြတ်စွာဘုရားထံ ရဟန်းပြုပေးရန် ခွင့်ပန်၏။ မြတ်စွာဘုရားက–

"ဒါယကာ...သင့်တွင် ပန်ကြားထိုက်သည့် ဆွေမျိုးများရှိလျှင် ပန်ကြားပြီးမှ လာခဲ့လော့"ဟု မိန့်တော်မူ၏။

သေနသူကြွယ်သည် မိမိ၏စည်းစိမ်ဥစ္စာအလုံးစုံကို ညီဖြစ်သူအား ပေးအပ်၍ ရဟန်းပြုမည့်အကြောင်း ပြောဆို၏။ ညီတော်က မိမိတွင် ပစ္စည်းဥစ္စာများစွာပင် ရှိနေပါပြီ၊ နောင်တော်ကို ဖခင်အရာထား၍ ဆည်းကပ်လိုပါသည်၊ မိမိတို့အိမ်အသိုင်း၌ တည်နေကုန်လျက် ကောင်းမှုပြုနိုင်ပါသည်၊ ရဟန်းမပြုပါနှင့်ဦးဟု တား၏။

"ညီတော်...ငါသည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားခဲ့ရပြီ၊ ထိုတရားတော်ကို အိမ်၏အလယ်၌ တည်နေသူသည် ဖြည့်ကျင့်ရန် မတတ်နိုင်ချေ။ သို့ရကား ငါသည် ကေန်ပင် ရဟန်းပြုပါတော့အံ့"

သေနသူကြွယ်၏စကားသည် အလွန်မှတ်သားဖွယ်ကောင်းပါ၏။ စည်းစိမ်ဥစ္စာကို တွယ်တာလျက် စည်းစိမ်အလယ်၌ နေထိုင်သူသည် သမထဝိပဿနာတရားကို ထိထိရောက်ရောက် အားထုတ်နိုင်မည် မဟုတ်ပါ။ စည်းစိမ်ဥစ္စာကို တွယ်တာနေသည့် အပတဏှာကို ပယ်ဖြတ်၍ ရဟန်းဝတ်ပြီး တရားအားထုတ်မှသာလျှင် လျင်မြန်စွာပင် တရားထူးရနိုင်ပေလိမ့်မည်။

သေနသူကြွယ်သည် ဝိပဿိမြတ်စွာဘုရားထံတွင် ရှင်ပြုပြီးနောက် ရဟန်းအဖြစ်ကို ဆက်လက်ရယူကာ ရဟန်းတရားကို ပွားများ ကြိုးကုတ် အားထုတ်သဖြင့် မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။

ညီဖြစ်သူ အပရာဇိတသူကြွယ်သည် "နောင်တော်၏ ရှင်ရဟန်း ပြုပွဲ ပူဇော်ပွဲသဘင်ကို ဆင်ယင်ကျင်းပအံ့"ဟူ၍ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အား လှူဒါန်းပူဇော်၏။ ထို့နောက် နောင်တော်–သေနမထေရ်ကို ရှိသေစွာရှိခိုးပြီးလျှင် လျှောက်ထား၏။

"အရှင်ဘုရား...အရှင်မြတ်တို့သည် မိမိ၏ဘဝ လွတ်မြောက်ရေး အလုပ်ကို ပြုလုပ်အပ်ပြီးပါပြီ။ အကျွန်ုပ်သည်ကား ကာမဂုဏ်ငါးပါးနှင့် အနှောင်အဖွဲ့ခံနေရသဖြင့် ရှင်ရဟန်းပြုခြင်းငှာ မစွမ်းနိုင်ပါ။ အကျွန်ုပ် အား အိမ်၌ တည်နေရင်းပင် ပြုလုပ်နိုင်မည့် ကြီးမြတ်သောကောင်းမှုကို မိန့်ကြားတော်မူပါ"

"ကောင်းပေစွ...ကောင်းပေစွ...ပညာရှိပီသပါပေ၏၊ မြတ်စွာ ဘုရားအတွက် ဂန္ဓကုဋိကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းလေ လော့"

အပရာဇိတသူကြွယ်သည် ရွှေစီခြယ်သောတိုင်တစ်လုံး၊ ငွေစီခြယ် သောတိုင်တစ်လုံး၊ ပတ္တမြားစီခြယ်သောတိုင်တစ်လုံး၊ ဤသို့ စသည်ဖြင့် ရတနာခုနစ်မျိုး စီခြယ်အပ်သောတိုင်တို့ကို ပြုလုပ်စေလျက် ထိုတိုင်တို့ နှင့် ဂန္ဓကုဋိကျောင်းတော်ကို ဆောက်လုပ်စေ၏၊ ရတနာခုနစ်သွယ် စီခြယ်သော အမိုးအုတ်တို့နှင့် ကျောင်းတော်ကို မိုးစေ၏။

ဂန္ဓကုဋိအုတ်ကျောင်းတော်၌ ရတနာခုနစ်ပါးတို့နှင့် ပြုလုပ်ထားသော လေသာပြတင်းကြီးသုံးပေါက်ရှိ၏။ ထိုပြတင်းကြီးသုံးပေါက်ရှေ့တည့်တည့်၌ လေးထောင့်ကန် သုံးကန်ကို အင်္ဂတေနှင့်ပြုလုပ်၍ နံ့သာလေးမျိုးရေနှင့် ဖြည့်ထား၏။ ထိုရေတွင် ကြာမျိုးငါးပါးတို့ကို စိုက်ပျိုးထား၏။ ဂန္ဓကုဋိကျောင်းတော်၌ မြတ်စွာဘုရား ထိုင်တော်မူလျှင် ကြာဝတ်မှုန်တို့ကို သယ်ဆောင်လာသော လေပြည်လေညင်းတို့သည် ဘုရားရှင်၏ခန္ဓာကိုယ်ကို ကြဲဖြန့်ပက်ဖျန်းရန် ဖြစ်သည်။

ဂန္ဓကုဋိအုတ်ကျောင်းတော်၏ ထုပိကာတို့သည် ရွှေနီဖလံနှင့် ပြုလုပ်ထားပြီး ဥဒေါင်းဖို့မ ကနေသည့်ပမာ တင့်တယ်လှစွာ၏၊ ထုပိကာ၏အထွတ်ကား သန္တာဖြစ်ပြီး အောက်အမိုးအုတ်များကား မြကျောက်များဖြစ်၏။ ကျောင်းတော်ပရိဝုဏ်ကြီးတစ်ခုလုံးကိုလည်း ပုဆစ်ဒူးဝန်းနစ်လုမျှ ရတနာခုနစ်ပါးတို့ကို အတုံးလိုက်အခဲလိုက် ကြဲဖြန့်ချထား၏။

ကျောင်းတော်ကို လှူဒါန်းရန် မြတ်စွာဘုရားကို ပင့်ဆောင်လာသောအခါ ဘုရားရှင်သည် ကြဲဖြန့်ထားသော ရတနာအစုအပုံကို ကြည့်ရှုတော်မူလျက် တံခါးမုခ်၌သာ ရပ်တည်နေ၏။ အပရာဇိတသူကြွယ်က "မြတ်စွာဘုရား...ဝင်တော်မူပါ"ဟု လျှောက်ထားသော်လည်း မြတ်စွာဘုရား ဝင်တော်မမူချေ။ ဒုတိယအကြိမ်၊ တတိယအကြိမ် လျှောက်ထားသည့်အခါ ဘုရားရှင်သည် သေနမထေရ်ကို ကြည့်ရှုတော်မူ၏။

မထေရ်သည် ကြည့်တော်မူပုံ အခြင်းအရာဖြင့်ပင် မြတ်စွာဘုရား၏ အလိုတော်ကို သိသဖြင့် ညီဖြစ်သူ သူကြွယ်ကို "ညီတော်ဒကာ... ဤကျောင်းတော်အား စောင့်ရှောက်ထိန်းသိမ်းရန် တာဝန်ကို ညီတော်

ယူပါသည်၊ ရှင်တော်ဘုရားတို့ အလိုရှိတိုင်း ချမ်းသာစွာ သိတင်းသုံးတော်မူကြပါ၊ ဤသို့လျှောက်ထားပါ”ဟု နည်းပေး၏။

သူကြွယ်သည် မြတ်စွာဘုရားကို တည်ခြင်းငါးပါးဖြင့် ရှိခိုး၍ “မြတ်စွာဘုရား...လူအများတို့သည် သစ်ပင်ရင်း၌ အရိပ်ခိုဝင်နားပြီးနောက် သစ်ပင်ကိုမငဲ့ကွက်ဘဲ ဖဲသွားကြသကဲ့သို့၊ မြစ်တစ်ဖက်ကမ်းသို့ကူးသန်းကြပြီးလျှင် ဖောင်ကို မငဲ့ကွက်ဘဲ စွန့်ပစ်သွားကြသကဲ့သို့ ဤအတူပင် အရှင်ဘုရားတို့သည် ငဲ့ကွက်ကြောင့်ကြမှု လုံးဝပြုတော်မမူကြဘဲ အလိုရှိတိုင်း ချမ်းသာစွာ နေထိုင်တော်မူကြပါဘုရား”ဟု လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် ကျောင်းတော်အတွင်းသို့ ဝင်တော်မူ၏။ သူကြွယ်သည် ကျောင်းပတ်ဝန်းကျင်၌ အစောင့်တို့ကိုချထား၏။

“အမောင်တို့၊ ဤရတနာတို့ကို လက်ဆုပ်ဖြင့် ကောက်ယူသွားသောသူများကို မတားမြစ်ကြလင့်။ ခါးပိုက်, ပုဆိုး, ခါးပုံ, အိတ်, ခြင်း, တောင်း စသည်တို့ဖြင့် ယူဆောင်သူများကိုကား တားမြစ်ကြလော့”ဟု မှာထား၏။

ထို့နောက် သူကြွယ်သည် သဒ္ဓါတရားမရှိသူ တို့လည်း မြတ်စွာဘုရားထံ တရားလာနာကြရန် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြရန် ရည်သန်၍ မြို့တွင်း၌ အိမ်ပေါက်စေ့ လှည့်လည်စေလျက် ဤသို့ပြောကြားစေ၏။

“ဂန္ဓကုဋီအုတ်ကျောင်းတော် ဒါယကာ အပရာဇိတသည် ကျောင်းပရိဝုဏ်အတွင်း၌ ရတနာခုနစ်ပါးတို့ကို ပုဆစ်ဒူးဝန်းနစ်မျှ ကြဲချထားအပ်ပြီ၊ မြတ်စွာဘုရားထံတော်၌ တရားနာ၍ ပြန်လာကြသောလူဆင်းရဲတို့သည် လက်နှစ်ဖက်အပြည့် ရတနာတို့ကို ဆုပ်ယူကြကုန်

လော့၊ ချမ်းသာသောသူများသည်လည်း လက်တစ်ဖက်ဖြင့် ရတနာတို့ကို ဆုပ်ယူကြကုန်လော့”

လူအပေါင်းတို့သည် မြတ်စွာဘုရားထံ လာရောက်တရားနာကြပြီးလျှင် ရတနာများကို ယူငင်ကြ၏။ ပထမအကြိမ် ကြဲဖြန့်ထားသော ရတနာများ ကုန်လေလျှင် ဒုတိယအကြိမ် ထို့နည်းအတူ ပုဆစ်ဒူးဝန်းနစ်လုမျှ ရတနာများကို ကြဲချပြန်၏။ ထိုဒုတိယအကြိမ် ကြဲဖြန့်သော ရတနာတို့ ကုန်ပြန်သော် တတိယအကြိမ် ထိုနည်းအတူ ကြဲချပြန်၏။

အပရာဇိတသူကြွယ်သည် ကျောင်းတော် ရေစက်ချပွဲ ပြုလုပ်သည် ရှိသော် မြတ်စွာဘုရားနှင့် ရဟန်းတော်ပေါင်း ၆ သန်း ၈ သိန်းတို့အား ကျောင်းတိုက်တော်အတွင်းမှာပင် ၉ လပတ်လုံး ကြီးစွာသော အလှူကို ပေးလှူ၏။ ရေစက်ချအလှူပွဲကြီးပြီးဆုံးသောနေ့၌ အားလုံးသော ရဟန်းတို့အား တိစိဝရိတ်=သင်္ကန်းသုံးထည်စီ ဆက်ကပ်လှူဒါန်း၏။ အငယ်ဆုံးသံဃာအား လှူဒါန်းသော သင်္ကန်းလျာအဝတ်သည်ပင် အဖိုးတစ်သိန်းထိုက်တန်၏။

## ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်အောင်လှူနည်း

အပရာဇိတသူကြွယ်သည် ဂန္ဓကုဋီအုတ်ကျောင်းတော်ကို လှူဒါန်းသည့်အခါ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ သန္တားဆေးစပ်ပမာဏရှိသော အဖိုး အတိုင်းမသိထိုက်တန်သည့် ကျောက်မျက်ရတနာကြီးကို ထားရှိ၏။ မြတ်စွာဘုရား၏ ကိုယ်တော်မှ ကွန့်မြူးသော ရွှေရောင်တော်နှင့် ကျောက်မျက်ရတနာ၏

အရောင်နှစ်ပါးကို လူအပေါင်းတို့ ကြည့်ရှု၍ အားမရနိုင်အောင် ခံစားစိမ့်သောငှာ ထားရှိခြင်းဖြစ်၏။

သူကြွယ်ရည်ရွယ်သည့်အတိုင်းပင် လူအပေါင်းတို့သည် ဘုရားရောင်ခြည်တော်နှင့် ကျောက်မျက်ရှင်၏ ရတနာရောင်တို့ကို အားမရ၊ မရောင့်ရဲနိုင်လောက်အောင်ပင် ကြည့်ရှုကြလေ၏။

တစ်နေ့တွင် သူကြွယ်နှင့်ပရိသတ်အများ တရားနာနေစဉ် မိစ္ဆာအယူရှိသည့် ပုဏ္ဏားတစ်ယောက်သည် ထိုကျောက်မျက်ရတနာကြီးအကြောင်းကို ကြားသိသဖြင့် ခိုးယူရန်အကြံနှင့် ဘုရားရှင်၏ ရှေ့တော်သို့ ဝင်ရောက်လာလေ၏။ သူကြွယ်သည် ထိုပုဏ္ဏားဝင်လာပုံ အခြင်းအရာဖြင့်ပင် ကျောက်မျက်ရတနာကို ခိုးယူလိုကြောင်း ရိပ်မိသဖြင့် "ဩော်...ဤပုဏ္ဏားသည် ကျောက်မျက်ရတနာကို မခိုးယူပါမှ ကောင်းလေစွ"ဟု ကြံစည်မိ၏။

ပုဏ္ဏားသည် မြတ်စွာဘုရားကို ရှိခိုးဟန်ဖြင့် ခြေတော်ရင်း၌ မိမိလက်ကို တုပ်ဝပ်ညွတ်စေကာ ကျောက်မျက်ရတနာကြီးကို ကောက်ယူ၍ မိမိ၏ခါးပိုက်ကြား၌ ဝှက်ထားပြီးလျှင် ဖဲသွားလေ၏။

တရားဒေသနာ ပြီးဆုံးသောအခါ အပရာဇိတသူကြွယ်သည် ဘုရားထံချဉ်းကပ်၍ လျှောက်ထား၏-

"မြတ်စွာဘုရား...တပည့်တော်သည် သုံးကြိမ်တိုင်တိုင် ရတနာခုနစ်ပါးတို့ကို ဂန္ဓကုဋီကျောင်းတော် ပရိဝုဏ်အပြည့် ပုဆစ်ဒူးဝန်းနစ်လုမျှ ကြဲဖြန့်လှူဒါန်းခဲ့ပါ၏။ ထိုရတနာတို့ကို ယူဆောင်သွားကြသောလူများအပေါ်၌ မကျေမချမ်း မဖြစ်ဘဲ တိုး၍တိုး၍သာလျှင် သဒ္ဓါကြည်လင်ခဲ့ပါသည်။ ယနေ့မူကား...'ဤပုဏ္ဏားသည် ကျောက်မျက်ရတနာကြီးကို မခိုးယူပါမှ ကောင်းလေစွ'ဟု တပည့်တော်

ကြံစည်မိပါလျက် ကျောက်မျက်ရတနာကြီးကို ပုဏ္ဏား ခိုးယူသွားလတ်သော် မည်သည့်နည်းနှင့်မျှ စိတ်ကို ကြည်လင်အောင် မထားနိုင်ပါဘုရား"

"ဒါယကာ မိမိ၏ဥစ္စာကို သူတစ်ပါးတို့ မခိုးယူမဖျက်ဆီးနိုင်အောင် ပြုလုပ်ခြင်းငှာ စွမ်းနိုင်သည်မဟုတ်လော"

မြတ်စွာဘုရား နည်းညွှန်ပြသည်ကို သူကြွယ်သဘောပေါက်သဖြင့် မြတ်စွာဘုရားကို ရှိသေမြတ်နိုးစွာ ရှိခိုးပြီးလျှင်-

"မြတ်စွာဘုရား၊ ယနေ့မှစ၍ တပည့်တော်၏ဥစ္စာကို မြတ်ဆံချည်မျှင် တစ်ပင်မျှကိုပင် တပည့်တော်ကို လွှမ်းမိုးအနိုင်ကျင့်၍ ရာပေါင်းများစွာသော မင်းများ, ခိုးသူများသည် သိမ်းပိုက်လုယူခိုးယူခြင်းငှာ မစွမ်းနိုင်ကြပါစေသတည်း၊ မီးသည်လည်း တပည့်တော်၏ဥစ္စာကို မလောင်ကျွမ်းပါစေသတည်း၊ ရေသည်လည်း မတိုက်မျောနိုင်ပါစေသတည်း"ဟု ဆုတောင်း၏။

မြတ်စွာဘုရားသည် "ဧဝံ ဟောတု-သင် ယခု ဆုတောင်းသည့်အတိုင်း ဖြစ်ပါစေ"ဟု အနုမောဒနာမှုကို ပြုတော်မူ၏။

ဤသို့ဆုတောင်းသည့်အတိုင်း ဇောတိကသူဌေးဘဝတွင် ဇောတိကသူဌေး၏ ပစ္စည်းဥစ္စာတို့ကို အဓာတသတ်မင်း လုယူသိမ်းပိုက်ခြင်းငှာ မစွမ်းနိုင်သည်ကို နောက်၌ ဖတ်ရှုရလတ္တံ့။

## ဇောတိကသူဌေးမင်း၏ အတုမရှိသော သူဌေးစည်းစိမ်

အပရာဇိတသူကြွယ်သည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတို့ကို ပြု၍ စုတေသောအခါ နတ်ပြည်၌ဖြစ်၏။ ထိုမှတစ်ဖန် ၉၁ ကမ္ဘာပတ်လုံး အပါယ်မလားရဘဲ လူ့ပြည်နတ်ပြည်တို့၌ အထက်တန်း

ကျကျ သံသရာကျင်လည်၍ ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းသည့် ကာလဝယ် ရာဇဂြိုဟ်ပြည် သူဌေးသားဖြစ်၏။ သူ့ကိုမွေးဖွားသည့်နေ့၌ ရာဇဂြိုဟ်တစ်ပြည်လုံးရှိ လက်နက်များသည် မီးဟုန်းဟုန်းတောက် သည့်ပမာ အလျှံတပြောင်ပြောင် တောက်လောင်ကြ၏။ လူအားလုံးတို့ ၏ကိုယ်၌ ဝတ်ဆင်ထားသော အဆင်တန်ဆာတို့သည်လည်း အရောင် အလျှံလွှတ်ကြ၏။ ထို့ကြောင့် ထိုသူငယ်ကို '**ဇောတိက**'ဟု အမည်မှည့် ၏။

ဇောတိကသူငယ်အတွက် ဗိမ္ဗိသာရမင်းကြီးသည် နေ့စဉ်ပင် နို့ဖိုး အသပြာတစ်ထောင်ပေး၏။ ဇောတိက အရွယ်ရောက်လာသည့် အခါ သူ့အတွက် အိမ်ဆောက်လုပ်ရန် မြေနေရာကို သုတ်သင်ကြ၏။ ထိုအခါ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ပူနွေးလာ၏။ သိကြားမင်းသည် အကြောင်းကို ဆင်ခြင်မြင်သိသဖြင့် လက်သမားအသွင်ဖြင့် လူ့ပြည်သို့ ဆင်းလာ၏။

"အမောင်တို့...အဘယ်အမှုကိုပြုကြသနည်း"ဟု သိကြားမင်း မေး၏။

"သူဌေးသား ဇောတိကအတွက် အိမ်နေရာ သုတ်သင်ကြပါ သည်"

"အမောင်တို့...ဖယ်ရှားကြလော့၊ ဇောတိကသူဌေးသည် သင်တို့ ဆောက်လုပ်မည့်အိမ်၌ နေရမည့်သူမဟုတ်"ဟု ပြောဆိုပြီးသော် ၁၆ မင်းပယ် ကျယ်ဝန်းသော မြေအရပ်ကို စူးစိုက်ကြည့်လိုက်သော် ထိုမြေအရပ်သည် ညီညာပြန့်ပြူးရှင်းလင်းသွားလေ၏။

သိကြားမင်းသည် "ဤအရပ်၌ မြေကိုဖောက်ခွဲ၍ ရတနာခုနစ်ပါး ဖြင့်ပြီးသော ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ကြီး ပေါ်ပေါက်စေသတည်း"ဟု

ကြံစည်၍ ရှုးစိုက်ကြည့်ပြန်လေ၏။ ထိုခဏမှာပင် ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ကြီး(ခုနစ်ထပ်ဗိမာန်ကြီး)ပေါ်ထွက်လာ၏။

တစ်ဖန် သိကြားမင်းသည် "ပြာသာဒ်ကြီး၏ ထောင့်လေးထောင့်တို့၌ ရွှေအိုးကြီးလေးလုံး ပေါ်ပါစေသတည်း"ဟု ကြံစည်၍ ရှုးစိုက်ကြည့်ပြန်၏။ ကြံစည်သည့်အတိုင်း ဖြစ်ပေါ်လာ၏။ ပြာသာဒ်ကြီး၏ ထောင့်လေးထောင့်၌ပင် ထန်းပင်ပျိုပင်စည်လုံးခန့်ပမာဏရှိကြသည့် ရွှေကြံပင်ကြီးလေးပင် ပေါက်လာကြ၏။ ထိုကြံပင်တို့၏အရွက်မှာ မြရတနာနှင့်ပြီး၏။ ဤရွှေကြံပင်ကြီးတို့သည် ရှေးကောင်းမှုကံ၏ အကျိုးဆက်များတည်း။

ပြာသာဒ်ပတ်ပတ်လည်၌ ရတနာခုနစ်ပါးနှင့်ပြီးသော တံတိုင်းကြီးခုနစ်ထပ်ကိုလည်းကောင်း၊ တံတိုင်းကြီးတို့၏ အကြားအကြား၌ အလိုဆန္ဒရှိသမျှ သီးပွင့်ကြသည့် ပဒေသာပင်ကြီးများကိုလည်းကောင်း၊ သိကြားမင်း ဖန်ဆင်းပေး၏။

တံတိုင်းကြီးခုနစ်ထပ်၏ တံခါးမုခ်ခုနစ်ခုတို့၌ နတ်ဘီလူးစစ်မှူးခုနစ်ဦးတို့သည် အခြံအရံ နတ်ဘီလူးတစ်ထောင်၊ နှစ်ထောင်၊ သုံးထောင်၊ လေးထောင်၊ ငါးထောင်၊ ခြောက်ထောင်၊ ခုနစ်ထောင် အသီးသီးဖြင့် စောင့်ရှောက်ကြကုန်၏။ ဗိမ္ဗိသာရမင်းသည် ဇောတိကထံသို့ သူဌေးထီးဖြူနှင့် အဆောင်အယောင်များကို ပို့ပေး၏။

ဇောတိကသူဌေးနှင့်အတူတကွ ကောင်းမှုပြုခဲ့သော ဘဝကြင်ဖော်သည် ထိုအချိန်ဝယ် ဥတ္တရကုရုကျွန်း၌ အမျိုးသမီးဖြစ်နေ၏။ ထိုမြောက်ကျွန်းသူ "**သတုလကာယီ**"ကို နတ်တို့ဆောင်ယူလာပြီး ဇောတိကပြာသာဒ်၏ ကျက်သရေတိုက်ခန်း၌ ထားပေး၏။ ထိုမြောက်ကျွန်းသူနှင့်အတူ ဆန်တစ်စလယ်နှင့် ဇောတိပါသဏအမည်ရသည့်

မြခနောက်သုံးလုံး ပါလာ၏။ ထမင်းချက်လိုလျှင် ဆန်တစ်စလယ်ကို ရွှေအိုး၌ထည့်၊ ရေသင့်ရုံထည့်၍ မြခနောက်သုံးလုံးပေါ်တင်လိုက်လျှင် မကြာမီပင် အငွေ့ခြောင်းခြောင်းထွက်၏။ အငွေ့ငြိမ်လျှင် ထမင်းကျက်တော့၏။ ထိုထမင်းကို ကြိုက်သမျှ ခူးယူနိုင်၏၊ ယောက်မရာမထင်ဘဲ အိုး၌ ထမင်းပြည့်မြဲပြည့်နေ၏။ မူလဆန်သည်လည်း လျော့မသွား၊ လှည်းတစ်ရာပြည့်အောင် သွန်လောင်းလျှင်လည်း ကုန်မသွားချေ။ ထိုဆန်မှဖြစ်သောထမင်းသည် အလွန်နူးညံ့၍ နတ်သုဒ္ဓါလို အရသာရှိ၏၊ မည်သည့်ဟင်းနှင့်မျှ ဖက်စပ်ရန်မလိုချေ။ ကုသိုလ်ကံ၏ အကျိုးသည် အလွန့်ထူးဆန်းလှပေ၏။

ဇောတိကသူဌေး၏စည်းစိမ်ကို ကြားသိသောအခါ ရပ်နီးရပ်ဝေးမှ လူအများတို့ လာရောက်ကြည့်ရှုကြ၏။ လာသမျှဧည့်သည်တို့ကို မြောက်ကျွန်းဆန်ထမင်းကို ကျွေးမွေးပြီးလျှင် အပြန်တွင် ရွှေအိုးကြီးလေးလုံးထဲမှ မီးကျီးခဲကဲ့သို့ အရောင်တောက်ပနေသည့် ရွှေတုံးရွှေခဲများကို အလိုရှိသမျှ ပေးကမ်းလိုက်၏။ ပဒေသာပင်များမှလည်း ကြိုက်ရာဆွတ်ခူးသွားနိုင်၏။ ထိုရွှေအိုးများနှင့် ပဒေသာပင်များသည် လျော့သွားခြင်းမရှိ ပြည့်မြဲပြည့်နေကြ၏။

ကုသိုလ်ကံသည် နတ်ပြည်၌ ဘုံဗိမာန်များနှင့် အလိုရှိသမျှ အစားအစာအသုံးအဆောင်တို့ကို ဖြစ်ထွန်းပေါ်ပေါက်လာစေသကဲ့သို့ လူ့ပြည်၌လည်း ဇောတိကသူဌေးကဲ့သို့ ကုသိုလ်ကံကြီးမားသူတို့အတွက် အလိုအလျောက် ဖြစ်ထွန်းပေါ်ပေါက်လာစေသည်။ မြတ်စွာဘုရားလောင်း သိဒ္ဓတ္ထမင်းသားအတွက်လည်း ယူငင်သုံးစွဲ၍ မကုန်နိုင်သော ရောမရွှေအိုးကြီးလေးလုံးတို့ ပေါ်ပေါက်ခဲ့သည်သာဖြစ်၏။

## ဘုရင့်စည်းစိမ်ထက်သာလွန်သော သူဌေးမင်းစည်းစိမ်

ဇောတိကသူဌေး၏ အံ့ဖွယ်သော စည်းစိမ်ချမ်းသာသည် ဇမ္ဗူဒိပ်ကျွန်းအလုံး သတင်းပျံ့နှံ့သွား၏။ ချီးမွမ်းသံများသည်လည်း သောင်းသောင်းညံလျက်။ ဗိမ္ဗိသာရမင်းသည် ဇောတိကသူဌေး၏ ပြာသာဒ်ကို ကြည့်ရှုလိုသဖြင့် ဇောတိက၏ ဖခင်အား ခေါ်ယူ၍ ပြောကြားလိုက်၏။

ဗိမ္ဗိသာရမင်းသည် စစ်သည်ဗိုလ်ပါအပေါင်း ခြံရံ၍ ကြွချီလာ၏။ ဇောတိကသူဌေး၏ ပထမတံတိုင်းမုခ်ဝ၌ အမှိုက်သိမ်းရန် စောင့်နေသည့် ကျွန်မက မင်းကြီးအား လက်ကမ်းပေး၏။ ထိုမိန်းမ၏ရုပ်ရည်၊ အဝတ်တန်ဆာနှင့် အမူအရာတို့ကိုကြည့်၍ ဇောတိကသူဌေး၏ဇနီးတည်းဟု မင်းကြီး ထင်မိသဖြင့် ရှက်စနိုးဖြစ်ကာ လက်မလှမ်းကိုင်ဝံ့ချေ။ ဒုတိယမုခ်ဝ၌လည်း ပို၍လှပသည့်ကျွန်မက မင်းကြီးအား လက်ကမ်းပေးပြန်၏။ မင်းကြီးက သူဌေးကတော် ထင်မှတ်၍ လက်မကိုင်ဝံ့ချေ။ နောက်နောက်မုခ်ဝတို့၌လည်း အသင့်စောင့်နေကြသော ကျွန်မတို့က လက်ကမ်းပေးကြ၏။ သူဌေးကတော်ထင်မှတ်ပြီး မင်းကြီးလက်မကိုင်ဝံ့ချေ။

သတ္တမမြောက်မုခ်ဝ၌မှ ဇောတိကသူဌေးကိုယ်တိုင် ကြိုဆိုလင့်၏။ သူဌေးသည် မင်းကြီးအား ရိုသေစွာရှိခိုးပြီးနောက် ပြာသာဒ်ဆီသို့ ခေါ်သွား၏။ ပြာသာဒ်သို့ဝင်သောအခါ "အရှင်မင်းကြီး...ရှေ့မှ ကြွတော်မူပါ"ဟု သူဌေးက လမ်းဖယ်ပေး၏။ မင်းကြီးသည် မြကျောက်ရတနာခင်းထားသော ကြမ်းပြင်ကိုကြည့်လိုက်ရာ အသူတရာနက်သော ချောက်ကမ်းပါးဟု ထင်မှတ်၏။ သို့အတွက် မလှမ်းဝံ့ချေ။

ဇောတိကသူဌေးက "အရှင်မင်းကြီး...ဤအရာသည် တွင်းမဟုတ်၊ ကျွန်တော်မျိုး၏နောက်မှ လိုက်တော်မူပါလော့"ဟု ပြောပြီး

ရှေ့မှသွားသည့်အခါမှ မင်းကြီး လိုက်ဝံ့၏။ ပြာသာဒ်အောက်ထပ်မှ စ၍ တစ်ခန်းပြီးတစ်ခန်းကြည့်၏။ အဇာတသတ်မင်းသားငယ်သည် မင်းကြီး၏လက်ကို ကိုင်ဆွဲ၍ လိုက်ပါလာ၏။ ပြာသာဒ်ကြီး၏ အံ့ဩဖွယ်ရာ ခမ်းနားလှပုံကို မြင်တွေ့ရသောအခါ ဤသို့အကြံဖြစ်၏။

"ငါ၏ခမည်းတော်သည် မသိဆိုးဝါး မိုက်ကန်းလှဘိတကား၊ မိမိ၏လက်အောက်ခံ သူဌေးက ရတနာခုနစ်ပါးနှင့် တည်ဆောက်ထားသည့် ပြာသာဒ်ကြီး၌နေ၍ မိမိကမူ ကေရာဇ်မင်းဖြစ်ပါလျက် သစ်သားနန်းတော်၌ နေဘိ၏။ ငါသာမင်းဖြစ်ခဲ့လျှင် သူဌေးကိုသတ်၍ ပြာသာဒ်ကို သိမ်းယူလိုက်ပေအံ့"

ပြာသာဒ်အထက်ထပ်များကို ကြည့်ရှုစဉ်ပင် နံနက်ပွဲတော်စာ သုံးဆောင်ရန်အချိန် ရောက်လာ၏။ ဗိမ္ဗိသာရမင်းကြီးသည် နံ့သာရေအိုး ၁၆ အိုးဖြင့် ရေချိုးပြီးလျှင် ရတနာအစုဖြင့်ပြီးသည့် အခင်းနေရာ၌ ထိုင်တော်မူ၏။ အသပြာတစ်သိန်းထိုက်သည့်ရွှေခွက်၌ လက်တော်ကို ပွတ်သပ်ဖို့ရန် နို့ဃနာပျော့ပျော့ပျောင်းပျောင်းကို ဆက်ကပ်၏။ မင်းကြီးက စားရမည့်ဘောဇဉ် ထင်မှတ်၍ စားရန် ဟန်ပြင်လိုက်၏။

ဇောတိကသူဌေးက "အရှင်မင်းကြီး...ဤအရာကား စားသုံးရန် မဟုတ်သေးပါ၊ လက်တော်ကို ပွတ်သပ်ရန်နှင့် အပူငွေ့ပေးဖို့ နို့ဃနာဖြစ်ပါသည်"ဟု လျှောက်ထား၏။

ထို့နောက် ကျွန်မတို့သည် အဖိုးတစ်သိန်းထိုက်သည့် မနောလင်ပန်း၌ မြောက်ကျွန်းဆန်မှဖြစ်သည့် ထမင်းကို ထည့်၍ ယူဆောင်လာ၏။ ထမင်းသည် အလွန်သင်းပျံ့မွှေးကြိုင်၍ နူးညံ့၏၊ နတ်သုဒ္ဓါ

ကဲ့သို့ အရသာရှိ၏။ မင်းကြီးသည်လည်း ထမင်းအရသာကို အလွန်နှစ်သက်ရကား အတိုင်းအရှည်ကိုမသိဘဲရှိလေ၏။

ဇောတိကသူဌေးက လက်အုပ်ချီပြီးလျှင် "သင့်တော်လောက်ပါပြီ အရှင်မင်းကြီး၊ ဤထက်ပိုလွန်သွားလျှင် အစာကြေနိုင်လိမ့်မည် မဟုတ်ပါ"ဟု လျှောက်ထား၏။

မင်းကြီးပွဲတော်တည်ပြီးသောအခါ မင်းကြီး၏အခြွေအရံ အားလုံးကိုလည်း မြောက်ကျွန်းထမင်းဖြင့် ညှော်ခံ၏။ ဗိမ္ဗိသာရမင်းသည် အိမ်ရှင်မကို မတွေ့ရသည့်အတွက် "သူဌေးကြီး...ဤအိမ်၌ သူဌေး ကတော် မရှိဘူးလား"ဟု မေး၏။

"ရှိပါသည် အရှင်မင်းကြီး"

"ယခု သူဌေးကတော် ဘယ်မှာနေသလဲ"

"ကျက်သရေတိုက်ခန်းမှာ ရှိပါသည်၊ မင်းကြီးလာရောက်ကြောင်း ကို မသိ၍ ဖြစ်ပါသည်၊ ကျွန်တော်မျိုး ခေါ်လိုက်ပါမည်"

ဇောတိကသူဌေးသည် ဇနီးထံသွားပြီးလျှင် "ရှင်မ...မင်းကြီးသည် ငါတို့အိမ်သို့ကြွလာတော်မူသည်၊ သင့်အဖို့ရာ မင်းကြီးကို ဖူးတွေ့ရန် မသင့်လျော်ဘူးလား"ဟု မေး၏။

သတုလကာယီသည် မင်းဆိုသည်ကို မသိသဖြင့်"အရှင်...မင်း ဟူသည် အဘယ်သို့သောသူ ဖြစ်သနည်း"ဟု မေး၏။

"မင်းဆိုသည်မှာ ရာဇဂြိုဟ်ပြည်နှင့် ငါတို့ကို အုပ်စိုးသောသူ ဖြစ်သည်"

"ဩော်...ငါတို့ ရှေးကောင်းမှုပြုစဉ်အခါက သဒ္ဓါတရားချို့တဲ့ သည့်အတွက် ယခုဘဝမှာ သူတစ်ပါးအစိုးရသည့်ဌာနအတွင်း ဆင်း

ဆင်းရဲရဲဖြစ်လာရပေသည်။ အရှင်...မင်းကြီးရှေ့မှောက်၌ အကျွန်ုပ် အဘယ်သို့ပြုမူရအံ့နည်း”

“ရတနာစီခြယ်ထားသော ထန်းရွက်ယပ်ဝန်းဖြင့် ယပ်ခတ်ပေးပါလော့”

ဇာတိကသူဌေး တိုက်တွန်းသည့်အတိုင်း သတုလကာယီသည် ယပ်ဝန်းကိုယူဆောင်ကာ လာလတ်၍ မင်းကြီးကို ယပ်ခတ်ပေး၏။ မင်းကြီး၏ ဦးရစ်(ခေါင်းပေါင်း)မှ အနံ့ကို ဆောင်ယူလာသော လေသည် သူဌေးကတော်၏ မျက်လုံးများကို ခတ်မိသဖြင့် မျက်ရည်ယိုကျလာ၏။ မင်းကြီးမြင်သော်–

“သူဌေးကြီး...မိန်းမတို့သည် ဉာဏ်ပညာနည်းပါးကုန်၏၊ မင်းကြီးသည် ငါ့အရှင်၏ စည်းစိမ်ကို သိမ်းယူလေရာ၏–ဟု အောက်မေ့ကာ သူဌေးကတော် ငိုကြွေးနေသည်ထင်ပါ၏၊ ငါ့အဖို့ရာ သင်၏ စည်းစိမ်ကို အလိုမရှိကြောင်း သူဌေးကတော်အား ပြောပြ၍ နှစ်သိမ့်ပါလော့”ဟု မိန့်တော်မူ၏။

“အရှင်မင်းကြီး၊ သူဌေးကတော် မငိုပါ။ သူဌေးကတော်သည် ပကတိမီးရောင် ဆီမီးရောင်တို့ကို မမြင်စဖူး။ ပတ္တမြားရောင်ဖြင့်သာ သွားလာစားသောက်ခြင်းကို ပြုပါသည်။ အရှင်မင်းကြီးသည် ဆီမီးရောင်၌နေသူဖြစ်သဖြင့် ဆီမီးအလင်းရောင်နှင့်စပ်သော အဝတ်တန်ဆာမှ ကြွတက်လာသည့်လေတို့ တိုက်ခတ်မိသောကြောင့် မျက်ရည်ယိုပါသည်”

“အိမ်း...ဟုတ်ပေသည် သူဌေး”

“အရှင်မင်းကြီး...ထိုသို့ဖြစ်လျှင် ယနေ့မှစ၍ ကျောက်မျက်ရတနာအရောင်ဖြင့်သာ နေတော်မူပါ”

ထိုသို့ပြောဆိုပြီးနောက် ဇောတိကသူဌေးသည် သန္တားဆေစ်သိး ခန့်အရွယ်ရှိသော အဖိုးအနဂ္ဃထိုက်တန်သည့် ကျောက်မျက်ရတနာ ကြီးကို ဘုရင်အား ဆက်သ၏။

ဗိမ္ဗိသာရမင်းသည် ဘုံခုနစ်ဆင့်ရှိပြာသာဒ်ကြီးကို စေ့စေ့စပ်စပ် ကြည့်ရှုပြီးလျှင် ကြီးကျယ်ခမ်းနားပုံကို လွန်စွာချီးမွမ်း၍ ရွှေနန်းတော် သို့ပြန်ကြွလေ၏။

## ကောင်းမှုဆုတောင်း လုယူ၍မရကောင်း

ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းလာပြီးနောက် ပဥ္စဝဂ္ဂီငါးပါးကို ချေချွတ်ပြီးသော် ပထမဝါကို မိဂဒါဝုန်တော ဣသိပတနအရပ်၌ လွန်မြောက်စေ၏။ ဝါကျွတ်သည့်အခါ ဥရုဝေလကဿပအမျှုးရှိသော ရသေ့တစ်ထောင်တို့ကို ချေချွတ်၍ ရဟန်းပြုပေးတော်မူ၏။ ထိုရဟန်း တစ်ထောင်ခြံရံ၍ ရာဇဂြိုဟ်ပြည်သို့ ကြွလာတော်မူသောအခါ ဗိမ္ဗိသာရမင်းကြီးသည် မှူးမတ်ဗိုလ်ပါ, သူဌေးသူကြွယ်, ပြည်သူ တစ်သိန်းနှစ်သောင်းခြံရံ၍ ဘုရားရှင်အား ကြိုဆို၏။ ဘုရားရှင် တရားဟောကြားတော်မူသောအခါ မင်းနှင့်တကွ ပရိသတ်တစ်သိန်း တစ်သောင်းတို့သည် သောတာပန်များ ဖြစ်ကြပြီးလျှင် ကျန်ပရိသတ် တစ်သောင်းမှာ သရဏဂုံတည်ကြ၏။

မြတ်စွာဘုရား ဝါတော် ၂၀ ရလာသောအခါ အိမ်ရှေ့မင်းသား အဇာတသတ်သည် အရှင်ဒေဝဒတ်နှင့် ပေါင်းမိသဖြင့် ခမည်းတော်ကို လုပ်ကြံကာ ထီးနန်းကို သိမ်းပိုက်လိုက်၏။ ထို့နောက် ၇ နှစ်သား အရွယ်က ကြံစည်ခဲ့ဖူးသည့်အတိုင်း "ဇောတိကသူဌေး၏စည်းစိမ်ကို ငါသိမ်းယူမည်"ဟု ကြံစည်ကာ စစ်တပ်ကြီးဖွဲ့၍ ဇောတိကသူဌေး

ပြာသာဒ်ဆီသို့ ချီတက်လာ၏။ ပြာသာဒ်ကြီး၏ ရတနာ့တံတိုင်းကို ချဉ်းကပ်မိသည့်အခါ စစ်တပ်ကြီးတစ်ခုလုံး၏ ပုံရိပ်သည် တံတိုင်း၌ ထင်လာ၏။

အဇာတသတ်မင်းသည် "ဇောတိကသူဌေးက စစ်တပ်ကြီးဖွဲ့ကာ ငါ့ကိုတိုက်ခိုက်လာလေပြီ"ဟု ထင်မှတ်၍ တံတိုင်းအနီးသို့ မချဉ်းကပ်ဝံ့ဘဲ ရှိလေ၏။ ထိုအခါ ပထမတံတိုင်း မုခ်ဝ၌ စောင့်ကြပ်နေကြသော နတ်ဘီလူးတစ်ထောင်တို့သည် ကြောက်မက်ဖွယ်သော အသံများကို ပြုလျက် "သင်တို့အဘယ်သူတွေနည်း၊ သင်တို့ကို အကုန်သတ်ပစ်မယ်ဟေ့"ဟု ကြွေးကြော်ကာ တိုက်ခိုက်ကြ၏။

အဇာတသတ်မင်း၏စစ်တပ် ပြိုပျက်ကာ ကစဉ့်ကလျားထွက်ပြေးကြ၏။ အဇာတသတ်မင်းသည်လည်း အရေးနိမ့်၍ ပြေးရကာ မြတ်စွာဘုရား၏ကျောင်းတော်သို့ ရောက်လာ၏။

ဇောတိကသူဌေးကြီးသည် ထိုနေ့၌ ဥပုသ်ဆောက်တည်ကာ နံနက်စောစောကပင် နံနက်စာကို စားပြီး၍ ကျောင်းတော်သို့ သွားလေ၏။ မြတ်စွာဘုရားထံ၌ တရားတော်ကိုနာယူကာ ချမ်းသာစွာ နေလေ၏။

"ဝိသမလောဘ၊ ပြွမ်းပြွမ်းထ၍၊ အန္ဓကြော့ကြမ်း၊ လူ့သော့ သွမ်းတို့၊ ညှိုးနွမ်းဒုက္ခ၊ ရောက်သမျှပင်၊ ဓမ္မကိန်းပျော်၊ သူ့သူတော်ကား၊ စိတ်သော်ရှင်မွေ့၊ ကိုယ်ချမ်းမြေ့၏" (ဓမ္မပဒေသ)

ဇောတိကသူဌေးသည် အဇာတသတ်မင်းဝင်လာသည်ကို မြင်လျှင် ထိုင်ရာမှထ၍ "အရှင်မင်းကြီး...အကြောင်းအသို့ရှိသနည်း"ဟု နှုတ်ခွန်းဆက်၏။

"သူဌေး...သင်သည် သင့်လူများကို 'ငါနှင့် စစ်ထိုးရစ်ကြ'ဟု စေခိုင်းထားပြီး ဤကျောင်းတော်သို့ လာရောက်ကာ တရားနာသကဲ့သို့ အဘယ်ကြောင့် နေထိုင်ဘိသနည်း"ဟု အဇာတသတ်မင်းက ရန်မူသောစကားကို ဆို၏။

"ဩော် အရှင်မင်းကြီးသည် ကျွန်ုပ်၏အိမ်ကို သိမ်းယူရန် သွားရောက်တော်မူခဲ့ပါသလော"

"အိမ်း...ငါသွားရောက်ခဲ့သည်"

"အရှင်မင်းကြီး...အကျွန်ုပ်က သဘောမတူလျှင် ကျွန်ုပ်၏အိမ်ကို အရှင်မင်းကြီး တစ်ဦးတည်းမဆိုထားဘိ၊ မင်းပေါင်း အထောင်အသောင်းသော်မှလည်း သိမ်းယူခြင်းငှာ မတတ်နိုင်"ဟု သူဌေးက တည်ငြိမ်ရဲရင့်စွာ ပြောဆို၏။

"သင်သည် မင်းစေရာဇ်ပေမို့လား"

အဇာတသတ်မင်းက အမျက်ခြောင်းခြောင်းထွက်၏။

"ကျွန်ုပ်ကား မင်းမဟုတ်ပါ။ သို့သော် ကျွန်ုပ်၏ဥစ္စာကို ကျွန်ုပ်သဘောမတူလျှင် မြီတ်ဆာချည်မျှင်တစ်ပင်ကိုမျှ မင်းများ, ခိုးသူများ သိမ်းပိုက်တိုက်ယူခြင်းငှာ မစွမ်းနိုင်ပါ"

"ငါက...သင်သဘောတူမှ သင့်ပစ္စည်းကို ယူရမှာတဲ့လား"

"အရှင်မင်းကြီး...ထိုသို့ဖြစ်လျှင် အကျွန်ုပ်၏ လက်ဆယ်ချောင်းတို့၌ လက်စွပ် အကွင်းနှစ်ဆယ်ရှိပါသည်။ ဤလက်စွပ်များကို ကျွန်ုပ်သည် အရှင်မင်းကြီးအား မပေး။ အရှင်မင်းကြီး စွမ်းနိုင်ပါမူ ဖြုတ်ယူပါလော့"

အဇာတသတ်မင်းသည် အလွန်ခွန်အားကြီးသူဖြစ်၏။ သို့စင်လျက် လက်စွပ်များကို အားကုန်စိုက်၍ ဆွဲချွတ်ပါသော်လည်း

ရာဇဗ္ဗန္တြေသာပျက်၍ လက်စွပ်တစ်ကွင်းကိုမျှ မဖြုတ်ယူနိုင်ချေ။ အဇာတသတ်မင်း မောပန်းလာသည်ကိုမြင်လျှင် သူဌေးကြီးက–

"အရှင်မင်းကြီး... အလိုရှိတော်မူလျှင် ဝတ်လဲတော်ကို ဖြန့်၍ ခံတော်မူလော့"ဟု ဆိုပြီးသော် လက်ဆယ်ချောင်းကို အောက်သို့ စိုက်ချလိုက်၏။ လက်စွပ်ကွင်း–၂၀ တို့သည် အလွယ်တကူ ထွက်ကျလာကြ၏။

အဇာတသတ်မင်း၏ ရိုင်းပြသောအပြုအမူများကြောင့် ဇောတိက သူဌေးသည် သံဝေဂကြီးစွာဖြစ်လာသဖြင့် "အရှင်မင်းကြီး...လောကီ စည်းစိမ်ကို ကျွန်ုပ် ငြီးငွေ့ပါပြီ၊ ကျွန်ုပ်အား ရှင်ရဟန်းပြုခွင့်ပေး တော်မူပါ"ဟု ခွင့်တောင်း၏။

အဇာတသတ်မင်းသည် "ဤသူဌေး...ရဟန်းပြုလျှင် သူ့ပြာသာဒ်ကို ငါသည် အလွယ်တကူ သိမ်းယူနိုင်လိမ့်မည်"ဟု ကြံစည်အောက်မေ့ကာ "သင်ရဟန်းပြုလိုမူ ပြုလော့"ဟု အလွယ်တကူ ခွင့်ပြုလိုက်၏။

ဇောတိကသူဌေးကြီးသည် မြတ်စွာဘုရားထံတွင် ရှင်ရဟန်းပြု၍ ရဟန်းတရားကို ပွားများအားထုတ်ရာ မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်၏။ ဇောတိကမထေရ်ဟု အမည်ထင်ရှားလာ၏။ အရဟတ္တဖိုလ် သို့ ရောက်သောခဏမှာပင် ရတနာပြာသာဒ်၊ ရွှေအိုးလေးလုံး၊ ရွှေကြံပင်၊ ပဒေသာပင် အလုံးစုံတို့သည် ကွယ်ပျောက်သွားကြကုန်၏။ သတုလကာယီအမည်ရှိသည့် သူဌေးကတော်ကိုလည်း နတ်တို့က ဥတ္တရကုရုကျွန်းသို့ ပြန်လည်ပို့ဆောင်ကြလေ၏။

(ဓိနတ္ထပကာသနီကျမ်း။ ၃၁၃–၃၃၆)

ဒါနကုသိုလ်သည် လောကီစည်းစိမ်ကို အလိုမရှိဘဲ အရဟတ္တဖိုလ် ကိုသာ အလိုရှိသော နောင်တော်သူကြွယ်အား စောစောစီးစီး အရဟတ္တ

ဖိုလ်သို့ရောက်အောင် ကူညီထောက်ပံ့ပေးခဲ့၏။ လောကီစည်းစိမ် အမျိုးမျိုးကို ရှည်ကြာစွာခံစားပြီးနောက်မှ အရဟတ္တဖိုလ်သို့ ရောက်လို သော ညီတော်သူကြွယ်ကိုလည်း အလိုဆန္ဒအတိုင်း ဖြစ်မြောက်အောင် အကျိုးဆောင်ထောက်ပံ့ပေး၏။

ဒါနစွမ်းအားကို အလိုရှိသလို အသုံးချနိုင်ပါတကား။

## စံပြအလှူရှင် တေဒဂ်ဘွဲ့ရ အနာထပိဏ်သူဌေးကြီး

အနာထပိဏ်သူဌေးသည် သာဝတ္ထိပြည်ထွက် ကုန်ပစ္စည်းများကို လှည်းငါးရာဖြင့် တင်ဆောင်၍ ၄၅ ယူဇနာဝေးသော ရာဇဂြိုဟ်ပြည်သို့ ခရီးထွက်ခဲ့၏။ ရာဇဂြိုဟ်ပြည်ရောက်ရန် တစ်ယူဇနာအလိုတွင် မိမိ၏ယောက်ဖတော်စပ်သော **ရာဇဂြိုဟ်သူဌေး–ဝိသာလထံသို့** သတင်းစကားပေးပို့၏။ ယခင်အကြိမ်များစွာတွင် ရာဇဂြိုဟ်သူဌေး သည် ခရီးဦးကြိုဆိုကာ ကြီးကျယ်စွာ ဧည့်ခံကျွေးမွေးပြီးလျှင် နှစ်ဦးသား ယာဉ်တစ်စီးတည်းစီးလျက် ခရီးဆက်လေ့ရှိ၏။ ရာဇဂြိုဟ် သူဌေးက ရာဇဂြိုဟ်ပြည်ထွက်ကုန်ပစ္စည်းများကို လှည်းအစီးငါးရာဖြင့် တင်ဆောင်ကာ သာဝတ္ထိသို့ဆင်းလာသည့်အခါ၌လည်း ဤနည်းနှင်နှင် ပင် အနာထပိဏ်သူဌေးက ကြိုဆိုဧည့်ခံလေ့ရှိ၏။

ယခုသော်ကား ရာဇဂြိုဟ်သူဌေးသည် အကြိုမရောက်လာပါ။ ရာဇဂြိုဟ်သူဌေး၏ အိမ်ဝင်းအတွင်းသို့ အနာထပိဏ်သူဌေး ဝင်လာ သောအခါ၌ပင် နှုတ်ခွန်းစကား များများမရရှိဘဲ "သူဌေးကြီး... ကလေးတွေ ကျန်းမာကြရဲ့လား၊ လမ်းခရီး ချောမောရဲ့လား" ဟူ၍ နှစ်ခွန်းမျှသာ ရာဇဂြိုဟ်သူဌေးထံမှ ရရှိ၏။ ရာဇဂြိုဟ်သူဌေးသည် မိမိကျွန်များနှင့် အလုပ်သမားများအား ယာဂု၊ ထမင်း၊ ဟင်းလျာ

စသည်တို့ကို ချက်ပြုတ်ရန် စီမံညွှန်ကြားနေသဖြင့် အလွန်အလုပ်ရှုပ်နေ၏။

"သူဌေးကြီး…ချက်ရေးပြုတ်ရေးနှင့် သိပ်ဗျာပါရများနေပါလား၊ ဘယ်လိုအလှူကြီးပေးမလို့လဲ"ဟု အနာထပိဏ်သူဌေးက မေး၏။

"သူဌေးကြီး…နက်ဖြန်ခါ မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်ကို ဆွမ်းကျွေးဖို့ စီမံနေတာပါ"

"မြတ်စွာဘုရား"ဟူသောအသံကို ကြားရလေလျှင် အနာထပိဏ် သူဌေး၏ တစ်ကိုယ်လုံးသည် ပီတိငါးမျိုးဖြင့် လွှမ်းဖုံးသွား၏။ "သူဌေးကြီး…သင်သည် 'မြတ်စွာဘုရား'ဟု ပြောဆိုလိုက်သလား"ဟု မေး၏။

"သူဌေးကြီး…ကျွန်ုပ်သည် 'မြတ်စွာဘုရား'ဟူ၍ ပြောဆိုလိုက်ပါ၏"

ဤသို့ သုံးကြိမ်တိုင်တိုင် မေးဖြေကြပြီးသော် အနာထပိဏ် သူဌေးက…

"သူဌေးကြီး…လောကမှာ 'မြတ်စွာဘုရား…မြတ်စွာဘုရား' ဟူသောအသံမျှကိုသော်လည်း ကြားနာရန် ခဲယဉ်း၏၊ သူဌေးကြီး၊ ယခုအခါ မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ရန် အချိန်အခါ သင့်ပါသေး၏လော"ဟု မေး၏။

"အဆွေ၊ မြတ်စွာဘုရားသည် မြို့ပြင်သုသာန်သချိုင်းအလွန် သီတဝနတောရကျောင်း၌ သီတင်းသုံးတော်မူသည်။ ယနေ့ အချိန်နှောင်းသွားပါပြီ၊ နက်ဖြန်ခါ စောစောသွားရောက်ဖူးမြော်ပါ။ ပြာသာဒ်ပေါ်တက်၍ အနားယူပါ"

အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားကိုသာ သတိရအောက်မေ့လျက် အိပ်ပျော်သွား၏။ ညဉ့်ဦးယံလွန်သော် လျောင်းစက်ရာမှထ၍ မြတ်စွာဘုရား၏ဂုဏ်ကို အဖန်တလဲလဲ ဆင်ခြင်အောက်မေ့၏။ ထိုအခါ အနာထပိဏ်သူဌေး၌ မြတ်စွာဘုရားကို အလွန်အားကြီးသော ကြည်ညိုခြင်း (ဗလဝသဒ္ဓါ)ဖြစ်ပေါ်လာ၏၊ ပီတိကြောင့်ဖြစ်သော အလင်းရောင်များ ထွက်ပေါ်လာကာ အမှောင်ထုများ ကင်းပသွားကြ၏။ ဆီမီးတစ်ထောင်ထွန်းညှိထားသကဲ့သို့လည်းကောင်း၊ လပြည့်ဝန်းကြီး ပေါ်ထွန်းလာသကဲ့သို့လည်းကောင်း ဖြစ်လာ၏။

အနာထပိဏ်သူဌေးသည် မိုးလင်းပြီထင်၍ ပြတင်းပေါက်ဖွင့်ကြည့်၏။ ကောင်းကင်တွင် ထွန်းပနေသည့် လဝန်းကိုမြင်၍ "သြော်...ညဉ့်ဦးယံလွန်ခါစရှိသေးပါလား"ဟု သိသဖြင့် ပြန်လျောင်းစက်၏။ သန်းခေါင်ယံအဆုံး၌ တစ်ကြိမ်၊ မိုးသောက်ယံအဆုံး၌ တစ်ကြိမ် အိပ်ရာမှထ၏။ တတိယအကြိမ်တွင် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်မှ ဆင်းသက်၍ မြို့တွင်းလမ်းမအတိုင်း လျှောက်သွား၏။ မြို့တံခါးသို့ရောက်လျှင် မြို့စောင့်နတ်တို့က တံခါးကိုဖွင့်ထားနှင့်၏။

အနာထပိဏ်သူဌေးသည် မြို့ပြင်သို့ထွက်မိလျှင်ပင် သူသေကောင်တစ်ခုကို နင်းမိ၏၊ အခြားသူသေကောင်တစ်ခုကိုလည်း ခြေဖမိုးဖြင့် တိုက်မိ၏၊ သူသေကောင်မှ အပုပ်နံ့သည်လည်း သူဌေးကြီး၏ နှာခေါင်းတွင်းသို့ တိုးဝင်လာ၏။ ထို့ကြောင့် သူဌေးကြီး ကြောက်ရွံ့တုန်လှုပ်သွား၏။ ထိုအခါ သူဌေးကြီး၏ကိုယ်မှ ထွက်နေသော အလင်းရောင်များ ကွယ်ပျောက်၍ အမိုက်မှောင်များရောက်လာလေ၏။ သို့အတွက် ရှေ့ဆက်မသွားတော့ဘဲ နောက်ပြန်လှည့်ရန် ဆန္ဒဖြစ်ပေါ်လာ၏။

ထိုအခါ သိဝကနတ်ဘီလူးသည် ကိုယ်ထင်မပြဘဲ သာယာသော အသံဖြင့် တိုက်တွန်း၏ –

"အို…သူဌေးကြီး၊ အဖိုးတန်သော ဆင်ရတနာတစ်သိန်းတို့သည် လည်းကောင်း၊ မြင်းရတနာတစ်သိန်းတို့သည်လည်းကောင်း၊ အဿတရိမြင်း က,သည့် ရထားတစ်သိန်းတို့သည်လည်းကောင်း၊ တန်ဆာဆင်ထားသော သတို့သမီးကညာတစ်သိန်းတို့သည်လည်း ကောင်း၊ မြတ်စွာဘုရားထံသို့ ဦးတည်သွားနေသော သင့်ခြေတစ်လှမ်း ၏ ၂၅၆ စိတ်စိတ်၍ တစ်စိတ်လောက်မျှ အဖိုးမထိုက်တန်ကြကုန်။

"အို…အနာထပိဏ်သူဌေးကြီး၊ ရှေ့သို့ဆက်သွားပါလော့။ သင် သူဌေးကြီးအဖို့ရာ ရှေ့သို့ဆက်သွားခြင်းကသာ ချီးမွမ်းအပ်၏၊ နောက်သို့ပြန်ဆုတ်သွားခြင်းသည် မမြတ်ပါ"

ထိုအခါ အနာထပိဏ်သူဌေးသည် "ငါကား…တစ်ယောက်တည်း မဟုတ်၊ အဖော်သဟဲများရှိပေ၏။ အဘယ့်ကြောင့် ကြောက်ရမည် နည်း"ဟု ကြံစည်ဆင်ခြင်မိကာ ကြောက်စိတ်ပြေ၍ မြတ်စွာဘုရား၌ ကြည်ညိုသည့်သဒ္ဓါတရား ဖြစ်ပွားလာပြန်၏။ ထို့ကြောင့် ကိုယ်အလင်း ရောင်ထွက်ကာ အမှောင်ထု ကွယ်ပျောက်သွား၏။ ရှေ့သို့တက်၍ ခရီးဆက်ရာ သုသာန်ခရီးတစ်လျှောက်၌ သူသေကောင်အမျိုးမျိုးကို မြင်ရသဖြင့် ကြောက်စိတ်များ ဝင်လာပြန်၏။ ထိုအခါ ကိုယ်အလင်း ပျောက်ပြီး အမှောင်ထု ရောက်လာသဖြင့် သိဝကနတ်ဘီလူးက အားပေးစကားပြောကြားရပြန်၏။ ကြောက်စိတ်ပြေ၍ သဒ္ဓါတရား ဖြစ်ပွားကာ ကိုယ်အလင်းရောင် ထွက်လာပြန်သဖြင့် သူဌေးကြီး ဆက်သွား၏။

တတိယအကြိမ် ကြောက်စိတ်ဝင်လာပြန်သဖြင့် သိဝကနတ်ဘီလူးက အားပေးစကားပြောကြားရ၏။ ခရီးဆက်သွားရင်း အနာထပိဏ်သူဌေး စဉ်းစား၏။ "ငါသည် ကိုးကွယ်ရာမဲ့သူတို့အား အစာပေးကမ်းသူဖြစ်၍ အနာထပိဏ္ဍိက=အနာထပိဏ်သူဌေးဟူသော အမည်ကို လူအများပင် သိကြ၏။ ငါ၏အမည်ရင်း **'သုဒတ္တ'**ကို ငါ့အပြင် အခြားသူတစ်ဦးတစ်ယောက်မျှ မသိချေ။ အကယ်၍ မြတ်စွာဘုရားသည် ဘုရားစင်စစ် ဖြစ်တော်မူလျှင် ငါ့ကို 'သုဒတ္တ'ဟု ခေါ်တော်မူလိမ့်မည်"

မြတ်စွာဘုရားသည် မိမိထံသို့ ချဉ်းကပ်လာသော သူဌေးကြီးကို 'လာလော့...ချစ်သား သုဒတ္တ'ဟု ခေါ်တော်မူ၏။ သူဌေးကြီးသည် အလွန်ဝမ်းမြောက်၍ မြတ်စွာဘုရား၏ ခြေတော်အစုံတို့၌ ဦးခေါင်းဝပ်လျှိုး ရှိခိုးဦးညွတ်ပြီးသော်–

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် ချမ်းသာစွာကျိန်းစက်တော်မူရပါ၏လော"ဟု မေးလျှောက်၏။

"ဒါယကာသူဌေး၊ အကြင်ရဟန္တာအရှင်မြတ်သည် ဝတ္ထုအာရုံကာမဂုဏ်တို့၌ ကိလေသာညွန်ဖြင့် လိမ်းကျံတော်မမူ၊ ကိလေသာအပူငြိမ်းအေးတော်မူသည်ဖြစ်၍ ကိလေသာ, အဘိသင်္ခါရ, ကာမဂုဏ်ဟူသော ဥပဓိတရားတို့မှ ကင်းရှင်းတော်မူ၏။ မကောင်းမှုကို အပပြုပြီးသော ကိလေသပရိနိဗ္ဗာန် စံဝင်တော်မူပြီးသော ထိုရဟန္တာအရှင်မြတ်သည် နေ့ညဥ့်မပြတ် စင်စစ်ကေန် ချမ်းသာစွာ အိပ်ရနေရ၏။

"ဒါယကာသူဌေး...ထိုရဟန္တာအရှင်မြတ်သည် အာရုံငါးပါး၌ ငြိတွယ်လိုက်စားတတ်သည့် တဏှာကို မဂ်လေးတန်ဖြင့် အကြွင်းမဲ့

ပယ်သတ်ပြီးလေပြီ။ ထို့ကြောင့် သူ၏နှလုံးမှ ကိလေသာအပူခပ်သိမ်းကို ငြိမ်းအေးစေအပ်ပြီး အရဟတ္တဖိုလ်ကို အကြိမ်ကြိမ်ဝင်စား၍ အတုမရှိငြိမ်းအေးသည့် နိဗ္ဗာန်ချမ်းသာကို ခံစားနေနိုင်၏။ ကိလေသာအပူခပ်သိမ်း ကင်းငြိမ်းပြီးဖြစ်၍ ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာ အိပ်ရနေရ၏"။

ဤသို့လျှင် မြတ်စွာဘုရားသည် ဣရိယာပုထ်လေးပါးလုံး၌ ချမ်းသာစွာနေထိုင်ရကြောင်းကို မိန့်တော်မူပြီးလျှင် မဂ်ဖိုလ်ရောက်ကြောင်း ကောင်းမြတ်သောတရားကို ဟောကြားတော်မူ၏။ အနာထပိဏ်သူဌေးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

"ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား၊ တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ရှည်သမျှကာလပတ်လုံး သရဏဂုံတည်သူ ဥပါသကာဟူ၍ မှတ်ယူတော်မူပါလော့။ ရှင်တော်ဘုရားသည် နက်ဖြန် ကောင်းမှုကုသိုလ်အလို့ငှာ ရဟန်းသံဃာတော်များနှင့်တကွ တပည့်တော်၏ဆွမ်းကို သည်းခံသာယာတော်မူပါဘုရား"

နောက်နေ့တွင် အနာထပိဏ်သူဌေးသည် ယောက်ဖတော် ရာဇဂြိုဟ်သူဌေး၏အိမ်၌ ဘုရားအမှူးရှိသော သံဃာတော်ကို မွန်မြတ်သည့်ဆွမ်း, ခဲဘွယ်, ဘောဇဉ်ဖြင့် လုပ်ကျွေး၏။ ထို့နောက် "ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ အရှင်ဘုရားသည် ရဟန်းတော်အပေါင်းနှင့်တကွ တပည့်တော်များ၏ သာဝတ္ထိပြည်၌ ဝါဆိုသီတင်းသုံးရန် သည်းခံသာယာတော်မူပါဘုရား"ဟု ပင့်လျှောက်၏။

"ဒါယကာသူဌေး၊ မြတ်စွာဘုရားတို့သည် ဆိတ်ငြိမ်ရာအရပ်၌ ပျော်ပိုက်တော်မူကြကုန်၏"

"ကောင်းသောစကားကို မိန့်ကြားတော်မူသော မြတ်စွာဘုရား၊ တပည့်တော်တို့ သိပါပြီ"

အနာထပိဏ်သူဌေးကြီးသည် ရာဇဂြိုဟ်နှင့် သာဝတ္ထိပြည်အကြား ၄၅ ယူဇနာခရီးဝယ် တစ်ယူဇနာလျှင် အသပြာတစ်သိန်းအဖိုးတန်သော စံကျောင်းတော်တစ်ဆောင်စီ ဆောက်လုပ်ရန် မိမိ၏မိတ်ဆွေများအား အပ်နှံမှာကြား၍ သာဝတ္ထိသို့ ပြန်လာ၏။

## ကြီးကျယ်ခမ်းနားသော ဇေတဝန်ကျောင်းအလှူ

အနာထပိဏ်သူဌေးကြီးသည် သာဝတ္ထိပြည်သို့ရောက်သော် မြတ်စွာဘုရားနှင့် သံဃာတော်အတွက် သင့်လျော်မည့်ကျောင်းနေရာကို ရှာဖွေ၏။ မြတ်စွာဘုရားတို့သည် ဆိတ်ငြိမ်ရာအရပ်၌ ပျော်ပိုက်တော်မူကြကုန်၏။ ထို့အပြင် ကျောင်းနေရာသည် အောက်ပါအင်္ဂါ ၅ တန်နှင့် ပြည့်စုံအပ်၏။

(၁) မြို့ရွာနှင့် မဝေးလွန်းခြင်း၊
(၂) မြို့ရွာနှင့် မနီးကပ်လွန်းခြင်း၊
(၃) သွားလမ်းလာလမ်းနှင့် ပြည့်စုံခြင်း၊
(၄) လူတိုင်းလူတိုင်း အလိုရှိသောအခါ သွားလာဖို့လွယ်ကူခြင်း၊
(၅) အာရုံငါးတန် မြို့သံလူသံတို့မှ ကင်းဆိတ်ခြင်း။

ဤအင်္ဂါတို့နှင့် ပြည့်စုံသည့်မြေနေရာကိုလိုက်ရှာရာ ဇေတမင်းသား၏ဥယျာဉ်ကို တွေ့မြင်၏။ ထို့ကြောင့် အနာထပိဏ်သူဌေးသည် ဇေတမင်းသားထံ သွား၍–

"အရှင်သား..ကျောင်းတိုက်အရာမ်ဆောက်လုပ်ရန် အရှင်သား၏ဥယျာဉ်ကို အကျွန်ုပ်အား တန်ဖိုးဖြတ်၍ပေးစေချင်ပါသည်"ဟု ပြောဆို၏။

"သူဌေးကြီး...ကျွန်ုပ်၏ဥယျာဉ်ကို အသပြာချင်း အစွန်းထိအောင် ခင်းသဖြင့်လည်း မပေးနိုင်ပါ"

ဤသို့ပြောဆိုခြင်းသည် ဥယျာဉ်၏တန်ဖိုးကို ဖြတ်လိုက်သည် မည်ရုံသာမက တန်ဖိုးထက်ပို၍ပင် ပြောကြားလိုက်ရာရောက်၏။ ထို့ကြောင့် အနာထပိဏ်သူဌေးက–

"အရှင့်သား...အရှင့်သားသည် ဇေတဥယျာဉ်ကို ရောင်းဝယ်ရန် စကားကမ်းလှမ်း, ပြောကြားချုပ်ဆိုမိလေပြီ"ဟု အရေးဆို၏။

"သူဌေးကြီး၊ ကျွန်ုပ်သည် ကျွန်ုပ်၏ဥယျာဉ်ကို ရောင်းဝယ်ရန် စကားကို လားလားမျှ မပြောဆိုရပါတကား"

ဤသို့အငြင်းပွားကြရာ တရားလွှတ်တော်သို့တက်၍ တရားသူကြီးအမတ်တို့ထံ အဆုံးအဖြတ်ခံကြ၏။

"အရှင့်သား၊ အရှင့်သားသည် **အသပြာချင်းအစွန်းထိအောင် ခင်းသဖြင့်လည်း**ဟူ၍ မတန်တဆ အဖိုးဖြတ်စကားကို ပြောကြားမိရကား အရှင့်သား၏ဥယျာဉ်ကို ရောင်းဝယ်ရန် ကမ်းလှမ်းသည့်စကား ပြောကြားချုပ်ဆိုမိလေပြီ"ဟု ဆုံးဖြတ်ကြ၏။

အနာထပိဏ်သူဌေးကြီးသည် ရွှေဒင်္ဂါးများကို လှည်းများဖြင့် တိုက်ထုတ်စေပြီးလျှင် ဇေတမင်းသား၏ ၁၆ ပယ်ကျယ်သော ဥယျာဉ်မြေကို အသပြာချင်း အစွန်းထိစပ်အောင် ခင်းစေ၏။ ရေကန်နေရာ, သစ်ပင်နေရာတို့အတွက်လည်း အဝန်းအဝိုင်းပမာဏကို တိုင်းတာပြီးလျှင် အခြားတစ်နေရာ၌ ထိုပမာဏနှင့်အညီ ရွှေဒင်္ဂါးများကို ခင်းစေ၏။ ဤသို့ဖြင့် လှည်းများဖြင့် ပထမအကြိမ် တိုက်ထုတ်လာသော ရွှေဒင်္ဂါးအသပြာ ၁၈ ကုဋေကုန်သွား၏။ တံခါးမုခ်နေရာ

မြေကွက်အနည်းငယ်အတွက် အသပြာခင်းရန် လိုနေသေးသဖြင့် သူဌေးကြီးက မိမိအိမ်မှ အသပြာ ထပ်ယူစေ၏။

ထိုအခါ ဇေတမင်းသား၏စိတ်ဝယ် ဤသို့ အကြံဖြစ်လာ၏။ "ဤသူဌေးကြီးသည် ဤမျှများပြားသော ရွှေဒင်္ဂါးအသပြာများကို စွန့်လွှတ်ရသော်လည်း မျက်နှာညှိုးငယ်သွားခြင်းမရှိ၊ မျက်နှာအဆင်းတိုး၍တိုး၍ကြည်လင်လာ၏။ ဤလှူဒါန်းစွန့်ကြဲမှုသည် ဧကန္တပင် မယုတ်ညံ့သောကောင်းမှုဖြစ်ပေလိမ့်မည်"။ ထို့ကြောင့် သူဌေးကြီးအား–

"တော်ပါတော့သူဌေးကြီး၊ ထိုနေရာကို အသပြာမခင်းပါစေနှင့်တော့။ ထိုနေရာကလေးကို ကျွန်ုပ်အားပေးပါ၊ ကျွန်ုပ်၏အလှူဒါန ဖြစ်ပါစေ"ဟု တောင်းပန်၏။

"ဤဇေတမင်းသားသည် ထင်ရှားကျော်စောသူတည်း၊ သူကဲ့သို့ ပုဂ္ဂိုလ်တစ်ဦးက သာသနာတော်၌ သက်ဝင်ကြည်ညိုလာခြင်းသည် အကျိုးကြီးလှပေ၏"ဟု သူဌေးကြီးကြံစည်မိသဖြင့် ထိုနေရာကို ဇေတမင်းသားအား ပေးလေ၏။

ဇေတမင်းသားသည် ထိုမြေနေရာ၌ ဘုံခုနစ်ဆင့်ရှိသော ကျောင်းတိုက်မုခ်ဦးပြာသာဒ်ကြီးကို တည်ဆောက်လှူဒါန်း၏။

အနာထပိဏ်သူဌေးကြီးသည် နောက်ထပ် ရွှေဒင်္ဂါးအသပြာ ၁၈ ကုဋေကို သုံးစွဲ၍ မြတ်စွာဘုရားဂန္ဓကုဋိကျောင်းတော်၊ အရံကျောင်းတော်ကြီးများ၊ သံဃာတော်များညီမှု စည်းဝေးတော်မူကြရန် တန်ဆောင်းဝန်းကြီးများ၊ ကျောင်းဦးမုခ်ပြာသာဒ်ကြီးများ၊ ရေတွင်း ရေကန်များ၊ ပန်းခြံများ စသည်ဖြင့် လိုလေသေးမရှိအောင် စီမံဆောက်လုပ်၏။

ဇေတဝန်ကျောင်းတိုက်ကြီး ပြီးစီးသောအခါ မြတ်စွာဘုရားအား ပင့်လျှောက်ရန် တမန်တစ်ဦးကို စေလွှတ်၏။ မြတ်စွာဘုရားသည် ရဟန်းတော်မြတ်အပေါင်းခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ထွက်ခွာကာ တစ်နေ့တစ်ယူဇနာကြွချီ၍ အနာထပိဏ်သူဌေး ကြိုတင်စီစဉ်ခဲ့သော ကျောင်းတိုက်အသီးသီး၌ သီတင်းသုံးတော်မူ၏။ ၄၅-ယူဇနာခရီးကို ၄၅-ရက်ကြာကြွချီရ၏။

သာဝတ္ထိပြည်တွင်းသို့ မြတ်စွာဘုရားနှင့် သံဃာတော်များ ကြွချီလာသောအခါ ရှေးဦးစွာ ကောသလမင်းကြီး၏သမီးတော် ၇ နှစ်အရွယ် **သုမနာမင်းသမီး**သည် အခြံအရံသတို့သမီး ၅၀၀ တို့နှင့်အတူ ရေပြည့်အိုး၊ နံ့သာပန်းမာလ်တို့ကို စွဲကိုင်ကာ မြတ်စွာဘုရားကို ကြိုဆိုပင့်ဆောင်၏။

သုမနာမင်းသမီးတို့၏နောက်၌ အနာထပိဏ်သူဌေးကြီး၏သားကာဠသည် သူဌေးသား ၅၀၀ ခြံရံလျက် တံခွန်များ ကိုင်ဆောင်၍ ဘုရားရှင်ကို ကြိုဆို၏။ ထိုသူဌေးသား၏နောက်၌ အနာထပိဏ်သူဌေးကြီး၏သမီးများ (စူဠသုဘဒ္ဒါနှင့်မဟာသုဘဒ္ဒါ)သည် အခြံအရံသူဌေးသမီး ၅၀၀ တို့နှင့်အတူ ရေပြည့်အိုးများ ရွက်ဆောင်ကာ လိုက်ပါပင့်ဆောင်ကြ၏။

သူဌေးသမီးတို့၏နောက်၌ အနာထပိဏ်၏သူဌေးကတော် (**ပုညလက္ခဏာဒေဝီ**)သည် သူဌေးကတော် ၅၀၀ ခြံရံလျက် နံ့သာရေပြည့်နေသည့် ရွှေခွက်ငွေခွက်များကို ကိုင်ဆောင်၍ ဘုရားရှင်အား ကြိုဆို၏။ သူဌေးကတော်များနောက်၌ အနာထပိဏ်သူဌေးကြီးသည် သူဌေးဝတ်စုံ ဝတ်ဆင်ထားကြသော သူဌေး ၅၀၀ ခြံရံလျက် ဘုရားရှင်အား ကြိုဆိုပင့်ဆောင်ကြ၏။

မြတ်စွာဘုရားသည် ရွှေရောင်အဆင်းဝါဝင်းသောကိုယ်ရောင်ကို တောက်ပစေလျက် အတုမရှိသောမြတ်စွာဘုရား၏ အသရေတော်ဖြင့် ဇေတဝန်ကျောင်းတိုက်သို့ ကြွဝင်တော်မူ၏။

နောက်နေ့နံနက်တွင် အနာထပိဏ်သူဌေးကြီးသည် မိမိအိမ်၌ မြတ်စွာဘုရားနှင့် သံဃာတော်ကို မွန်မြတ်သည့် ဆွမ်း, ခဲဖွယ်ဘောဇဉ်တို့ဖြင့် ကိုယ်တိုင်ကိုယ်ကျ ကပ်လှူလုပ်ကျွေး၏။ ထို့နောက် မြတ်စွာဘုရား၏ညွှန်ကြားချက်အရ ဇေတဝန်ကျောင်းတိုက်ကို ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့သော အရပ်လေးမျက်နှာရှိ ရဟန်းသံဃာတို့အား **စတုဒ္ဒိသာသံဃိက**ရေစက်ချ၍ လှူဒါန်းလေသည်။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတိုက်ကို အလှူခံတော်မူပြီးလျှင် ကျောင်းအနုမောဒနာတရားကို ၅ ဂါထာဖြင့် ဟောကြားတော်မူ၏။

(၁) ဤကျောင်းသခ်မ်းသည် ရာသီဥတုဖောက်ပြန်၍ ဖြစ်ပွားလာသော အအေးဒဏ် အပူဒဏ်တို့ကို တွန်းလှန်ပယ်ဖျောက်နိုင်၏၊ တောမီးလောင်ခြင်း စသည့် မီးဘေးဒဏ်မှလည်း ကာကွယ်ပေးနိုင်၏၊ ခြင်္သေ့, သစ်ကျား စသည့် သားရဲဘေးတို့မှလည်း ဟန့်တားကာကွယ်ပေးနိုင်၏၊ အဆိပ်ပြင်းထန်သည့် မြွေကင်းသန်း ဘေးရန်တို့မှလည်း ကာကွယ်ပေးနိုင်၏၊ သမာဓိပျက်အောင် နှိပ်စက်ကိုက်ခဲတတ်သော မှက်ခြင်ယင်ရဲတို့ မလာရောက်နိုင်အောင် တားဆီးပေးနိုင်၏၊ သည်းထန်စွာ ရွာသွန်းဖြိုးသည့် မိုးဒဏ်, ဆီးနှင်းဒဏ်တို့မှလည်း ကာကွယ်ပေးနိုင်၏။

(၂) ဤကျောင်းသခ်မ်းသည် ပြင်းထန်သော လေဒဏ်နေပူဒဏ်တို့၏ ဘေးရန်မှ ကင်းကွာချမ်းသာစွာနေခြင်းငှာလည်းကောင်း၊ သမထ

ဘာဝနာရှုပွား၍ ရျာန်ဝင်စားခြင်းငှာလည်းကောင်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာလည်းကောင်း၊ ဥပနိဿယပစ္စည်း အထောက်အပံ့ဖြင့် ကျေးဇူးပြုနိုင်၏။ ဤသို့များမြောင်ပေါကြွယ် ကြီးကျယ်သော အာနိသင်ရှိသဖြင့် သံဃိကကျောင်းအလှူဒါန သည် မြတ်၏ဟူ၍ အဆူဆူထွက်ထား မြတ်စွာဘုရားတို့ ချီးမွမ်းတော်မူကြ၏။

(၃) ထို့ကြောင့်သာလျှင် လူနတ်နိဗ္ဗာန် သုံးတန်သောအကျိုးကို ကောင်းစွာဆင်ခြင်သိမြင်ကြသော ပညာရှိသူတော်ကောင်းများ သည် နှလုံးမွေ့လျော်ဖွယ်ကောင်းသည့် ကျောင်းသင်္ခမ်းတို့ကို ဆောက်လုပ်လှူဒါန်းကြကုန်၏။ ဆောက်လုပ်ပြီးသော ကျောင်း သင်္ခမ်းတို့၌ အကြားအမြင်များဖြင့် ကြွယ်ဝသော သီလဝန္တပုဂ္ဂိုလ် များကို ကျောင်းထိုင်ဆရာတော်များအဖြစ် စီမံအုပ်ချုပ်စေရာ၏။

(၄) စိတ်နှလုံး ဖြူစင်ဖြောင့်မတ်၍ ဗဟုသုတပြည့်ဝစုံလင်ကြသော ကျောင်းနေအရှင်မြတ်တို့အား ဆွမ်း, ခဲဖွယ်, အဖျော်ယမကာ, အဝတ်သင်္ကန်း, အိပ်ရာနေရာတို့ကို အခါမလပ် ကံ–ကံ၏ အကျိုးကို သိမြင်ယုံကြည်လျက် သဒ္ဓါဖွေးဖြူပေးလှူရာ၏။

(၅) ထိုဗဟုသုတစုံလင် ကျောင်းနေအရှင်မြတ်တို့ကလည်း ပစ္စည်း လေးရပ်ဖြင့် ဆည်းကပ်ပြုစုသူ ကျောင်းအလှူရှင်အား အလုံးစုံ သောဝဋ်ဆင်းရဲကို ပယ်ဖျောက်ကြောင်းဖြစ်သော သူတော် ကောင်းတရားကို ကရုဏာ, မေတ္တာရှေးရှုလျက် ဟောကြား အပ်၏။ ကျောင်းဒါယကာတို့သည် အရှင်သူမြတ်တို့ ဟောကြား အပ်သည့် သူတော်ကောင်းတရားကို လိုက်နာကျင့်ကြံပွားများ

အားထုတ်ကြသဖြင့် အာသဝေါတရားကုန်ခန်း၍ ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံဝင်ကြရကုန်၏။

အနာထပိဏ်သူဌေးကြီးသည် ဒုတိယနေ့မှစ၍ ကျောင်းတိုက် ရေစက်ချအောင်ပွဲကြီးကို စတင်ကျင်းပ၏။ ဇေတဝန်ကျောင်းတိုက် ရေစက်ချ အောင်ပွဲကြီးသည် ကိုးလ(မှုကွဲ–သုံးလ)ကြာမှ ပြီးစီးလေ၏။ ကျောင်းရေစက်ချ အောင်ပွဲသဘင် ဆင်ယင်ရာ၌လည်း ရွှေဒင်္ဂါး အသပြာ ၁၈–ကုဋေ၊ စုစုပေါင်းအသပြာ ၅၄–ကုဋေကို သာသနာတော်၌ စွန့်ကြဲလှူဒါန်းခဲ့လေသည်။

## သာသနာတော်၌ အလှူရဲသော်လည်း မဆင်းရဲနိုင်

အနာထပိဏ်သူဌေးကြီးသည် ၅၄–ကုဋေသော ဥစ္စာကို သာသနာတော်၌ စွန့်လှူပြီးနောက် နေ့စဉ်အမြဲ မိမိအိမ်၌ အောက်ပါ အလှူဒါနကို ဖြစ်စေ၏–

(၁) နေ့စဉ်စာရေးတံမဲကျသော ရဟန်းငါးရာတို့အား စာရေးတံ ဆွမ်းလှူ၏။

(၂) နေ့စဉ်ပုဂ္ဂလိကနိစ္စဘတ်ဆွမ်းငါးရာကိုလည်း လှူဒါန်း၏။

(၃) စာရေးတံမဲကျသော ရဟန်းငါးရာတို့အားနေ့စဉ် စာရေးတံယာဂု ဆွမ်း လှူဒါန်း၏။

(၄) ရောက်သစ်စ လမ်းပန်းမကျွမ်းကျင်ကြသေးသော ရဟန်းတို့ အတွက် အာဂန္တုကဆွမ်းငါးရာကို နေ့စဉ်လှူဒါန်း၏။

(၅) ခရီးသွားမည့်ရဟန်းတို့အတွက် ဂမိကဆွမ်းငါးရာကို နေ့စဉ် လှူဒါန်း၏။

(၆) မမာမကျန်းသော ရဟန်းတို့အတွက် ဂိလာနဆွမ်းငါးရာကို နေ့စဉ်လှူဒါန်း၏။
(၇) သူနာပြုရဟန်းတို့အတွက် ဂိလာနုပဋ္ဌာကဆွမ်းငါးရာကို နေ့စဉ်လှူဒါန်း၏။
(၈) လဆန်းပက္ခ၌ တစ်ကြိမ်၊ လဆုတ်ပက္ခ၌တစ်ကြိမ် အထူးဝတ်ထား၍ ပက္ခိကဆွမ်းငါးရာတို့ကိုလှူဒါန်း၏။
(၉) ပက္ခိကယာဂုဆွမ်းငါးရာတို့ကိုလည်း လှူဒါန်း၏။

အနာထပိဏ်သူဌေး၏အိမ်၌ ရဟန်းသံဃာငါးရာ ထိုင်နေနိုင်ရန်အတွက် နေရာတို့ကို အမြဲခင်းထား၏။

ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားသီတင်းသုံးတော်မူလျှင် နေ့စဉ် တစ်နေ့သုံးကြိမ် ကျောင်းသို့သွား၏။ လက်အချည်းနှီးဖြင့် သွားရောက်ဖူးသည်မရှိ။ နံနက်ချိန်သွားလျှင် ယာဂုကို ယူသွား၏၊ နေ့လယ်ချိန်သွားလျှင် ပန်းနံ့သာအခိုးအထုံ စသည်တို့ကို စွဲကိုင်သွား၏။

အနာထပိဏ်သူဌေးကြီး၏ ဥစ္စာတို့သည် တဖြည်းဖြည်း ယုတ်လျော့လာ၏။ ကုန်သည်များသည် ၁၈–ကုဋေချေးငှားယူထားကြပြီးနောက် မပေးဆပ်ကြ။ မိဘ–ဘိုးဘေး အစဉ်အဆက်မှရအပ်သော မြစ်ကမ်းနား၌ သိုမှီးမြှုပ်နှံထားသည့် ငွေ ၁၈–ကုဋေတို့သည်လည်း ရေတိုက်ခတ်ပြီး ကမ်းပါးပြို၍ မဟာသမုဒ္ဒရာသို့ ပါကြကုန်၏။

သူဌေးကြီးသည် ပစ္စည်းကုန်ခန်းပါသော်လည်း သံဃာတော်တို့အား လှူမြဲလှူနေ၏။ တစ်နေ့တွင် "ဒါယကာ...သင်၏အိမ်၌ အလှူဒါနကို ပေးလှူရပါ၏လော"ဟု မြတ်စွာဘုရားမေးမြန်းတော်မူ၏။

"မြတ်စွာဘုရား...အလှူဒါနကို ပေးလှူနေရပါ၏၊ သို့သော် ရှေးကကဲ့သို့ မွန်မြတ်သောပစ္စည်းဝတ္ထုကို မပေးလှူနိုင်ဘဲ ဆန်ကွဲထမင်းနှင့် ပအုံးရည်ကိုသာ ပေးလှူရပါတော့သည်ဘုရား"

"ဒါယကာ...ခေါင်းပါးယုတ်ညံ့သော အလှူဝတ္ထုကို ငါသည် ပေးလှူရလေသည်ဟု မအောက်မေ့လင့်။ စိတ်ထားမွန်မြတ်လျှင် ဘုရားစသော သူတော်ကောင်းတို့အား ပေးကမ်းလှူဒါန်းရသောဒါနသည် ခေါင်းပါးယုတ်ညံ့ခြင်းမည်သည်မရှိ။ အမှန်စင်စစ် သင်သူဌေးကြီးသည် အရိယာရှစ်ယောက်တို့ကို ပေးလှူနေရ၏။ ငါဘုရားသည် ဝေလာမပုဏ္ဏားဖြစ်စဉ်အခါက ဇမ္ဗူဒီပတစ်ကျွန်းလုံးကို ဖိတ်ခေါ်၍ ကြီးကျယ်သောအလှူကြီးကို ၇ နှစ် ၇ လ တိုင်တိုင် လှူဒါန်းခဲ့၏။ ထိုသို့လှူပါသော်လည်း သရဏဂုံသုံးပါးနှင့် ပြည့်စုံသောသူ တစ်ယောက်မျှကို မရရှိ။ ထိုအလှူကြီးသည် သောတာပန်တစ်ဦးကို ဆွမ်းတစ်နပ်လှူဒါန်းရသလောက် မမြတ်ချေ။ ဒါယကာသူဌေးကြီး...မြတ်သော အလှူခံကို အလွန်ရခဲ တွေ့ကြုံခဲ၏။ ထို့ကြောင့် သင်သည် ငါ့အား ခေါင်းပါးယုတ်ညံ့သောပစ္စည်းဝတ္ထုကို ပေးလှူရသည်ဟု မအောက်မေ့လင့်"

သူဌေးကြီး၏ အိမ်တံခါးစောင့်နတ်သည် ဘုရားနှင့် သံဃာတော်တို့ အိမ်ကိုကြွဝင်လာလျှင် မိမိနေရာ၌ မနေနိုင်ဘဲ ဖယ်ရှားပေးရ၏။ ဘုရားနှင့်သံဃာတော်တို့ ကြွမလာရန် ပြောဆိုဖို့ အခွင့်ကောင်းရပြီဟု အောက်မေ့၍ ညဉ့်အချိန်တွင် သူဌေးကြီး၏အိပ်ရာတိုက်ခန်းသို့ဝင်၍ ကောင်းကင်၌ ရပ်တည်၏။

"အသင်နတ်သား...သင် မည်သူနည်း"ဟု သူဌေးကြီး မေး၏။

"ငါသည် သင်၏ လေးခုမြောက်တံခါးမှုခ်စောင့်နတ်သားတည်း။ သင့်အား အဆုံးအမကို ပေးခြင်းငှာ လာရောက်ပေသည်"

"သို့ဖြစ်လျှင် သင်၏ အဆုံးအမစကားကို ပြောကြားပါလော့"

"သင်သည် နောင်ရေးအတွက် မဆင်ခြင် မငဲ့ကွက်ဘဲ ရဟန်းဂေါတမ၏ သာသနာ၌ ပစ္စည်းဥစ္စာများစွာကို ဖရိုဖရဲ စွန့်ကြဲလှူဒါန်းဘိသည်။ ယခုအခါ ပစ္စည်းဥစ္စာများကုန်ခန်း၍ ဆင်းရဲနေပါသော်လည်း ရဟန်းဂေါတမကို မစွန့်လွှတ်သေး။ နောင် ရက်အနည်းငယ်တွင် သင်သည် ဆာလောင်မွတ်သိပ်ခြင်းကို ဖြေဖျောက်ရန် အစာအာဟာရ မရပေလတ္တံ့။ ရဟန်းဂေါတမသည် သင့်အား မည်သို့အကျိုးပြုနိုင်အံ့နည်း။ အလွန်အကြူးမလှူဒါန်းဘဲ ကုန်သွယ်ရောင်းဝယ်ခြင်းကို ကြိုးစားလုပ်ကိုင်ပါလော့"

"အသင်နတ်သား...ငါ့အား ပေးအပ်သော အဆုံးအမသည် ဤသည်ပင်လော"

"ဟုတ်ပေ၏"

"သင်သွားလော့။ သင်ကဲ့သို့သော နတ်အထောင်အသောင်း အသိန်းတို့က ငါ့ကို မတုန်လှုပ်စေနိုင်။ သင်သည် မလျောက်ပတ်သော စကားကို ပြောဆို၏။ ငါ့အိမ်၌ သင်နေထိုင်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ငါ့အိမ်မှ သင် ယခုထွက်သွားပါလော့"

အနာထပိဏ်သူဌေးသည် သောတာပန်တည်ပြီးသူဖြစ်၍ မတုန်လှုပ်နိုင်သော သဒ္ဓါတရားရှိပေ၏။ သောတာပန်အရိယာ၏အမိန့်စကားကို နတ်သား မလွန်ဆန်နိုင်။ ထို့ကြောင့် တံခါးမှုခ်စောင့်နတ်သည် ကလေးသူငယ်တို့ကို ဆွဲကိုင်၍ ထွက်သွားရ၏။ ထွက်သွားပြီးနောက် တခြားနေရာ၌နေဖို့ရာ အခွင့်မရချေ။ သူဌေးကြီးအား

ဝန်ချတောင်းပန်၍ မူလနေရာ၌ နေထိုင်ခွင့်ရရန် မြို့စောင့်နတ်ထံ အကူအညီတောင်း၏။ မြို့စောင့်နတ်က မကူညီနိုင်သဖြင့် စတုမဟာရာဇ်နတ်မင်းကြီးတို့အထံ သွား၏။ နတ်မင်းကြီးတို့ကလည်း မကူပေးနိုင်သဖြင့် သိကြားမင်းထံ ချဉ်းကပ်၍ ဖြစ်ကြောင်းကုန်စင် ရှင်းပြ၏။

"အချင်းနတ်သား...ငါသည် သင့်အတွက် သူဌေးကြီးကို တောင်းပန်ခြင်းငှာ မစွမ်းနိုင်၊ သင့်အား ငါအကြံပြုအံ့။ သူဌေးကြီး၏ စာရင်းကိုင်အသွင်ကို ယူပြီး သူဌေးကြီး စေလွှတ်သည့်ပမာ ကမ္ပည်းစာတို့ကို ယူဆောင်လျက် အကြွေးတောင်းပါ၊ သူဌေးကြီး၏ ငွေချေးယူထားသည့် ကုန်သည်တို့ထံမှ အကြွေးငွေ ၁၈-ကုဋေ ပြန်ရအောင် သင့်တန်ခိုးအာနုဘော်ဖြင့်ပြုလော့။ မြစ်ရေတိုက်စား၍ သမုဒ္ဒရာသို့ ပါသွားသော ဥစ္စာ ၁၈-ကုဋေတို့ကိုလည်း သင့်အာနုဘော်ဖြင့်ယူပြီး သူဌေးတိုက်ခန်း၌ ထားလော့။ ဤမည်သောအရပ်၌ ပိုင်ရှင်မရှိသည့် အသပြာ ၁၈-ကုဋေကိုလည်း သင့်အာနုဘော်ဖြင့်ယူပြီး သူဌေးတိုက်ခန်း၌ ထည့်ပေးပါလော့။ စုစုပေါင်း ၅၄ ကုဋေကုန်သော ပစ္စည်းဥစ္စာတို့ကို တိုက်ခန်း၌ ပြည့်စေခြင်းဟူသည့် ဒဏ်အမှုကို ပြုပြီးလျှင် သူဌေးကြီးအား တောင်းပန်စကား ပြောကြားပါလော့"

နတ်သားသည် "ကောင်းပါပြီ အရှင်သိကြားမင်း"ဟု ဝန်ခံပြီးသော် အလုံးစုံသော အမှုကိစ္စတို့ကို ဆောင်ရွက်၏။ ထို့နောက် သူဌေးကြီး၏ အိပ်ရာတိုက်ခန်းသို့ဝင်၍ ကိုယ်ရောင်ကိုလွှတ်ပြီး ကောင်းကင်၌ ရပ်တည်၏။

"အရှင်သူဌေးမင်း...ငါသည် မိုက်မဲသည့်အဖြစ်ကြောင့် မလျော်ကန်သောစကားကို ပြောကြားမိ၏၊ ထိုစကားကို အပြစ်မထားမူ၍ ငါ့အား သည်းခံပါလော့။ ငါသည် သိကြားမင်းညွှန်ကြားသည့်အတိုင်း

၅၄ ကုဋေသောပစ္စည်းဥစ္စာကို ဆောင်ယူ၍ သင်၏တိုက်ခန်းကို ပြည့်စေခြင်းဟူသော ဒဏ်အမှုကိုပြုအပ်ပါပြီ။ ငါ့အား သင့်အိမ်တံခါး မုခ်၌ ပြန်လည်နေထိုင်ခွင့်ပြုပါလော့"

နတ်သား၏စကားကိုကြားသော် သူဌေးကြီးစဉ်းစား၏။ "ဤနတ် သည် မိမိအပြစ်ကိုလည်း ဝန်ခံ၏၊ ဒဏ်ထားခြင်းအမှုကို ပြုအပ်ပြီဟု လည်းပြော၏၊ ထိုနတ်ကို မြတ်စွာဘုရားအား ပြဦးအံ့"ဟု ကြံ၍ ဘုရားထံ ခေါ်သွား၏။ နတ်သည် မြတ်စွာဘုရားအား ရှိခိုးပြီး...

"ဘုန်းကြီးသောမြတ်စွာဘုရား...တပည့်တော်သည် မိုက်မဲတွေဝေ သည့်အဖြစ်ကြောင့် အရှင်ဘုရားတို့၏ ဂုဏ်ကျေးဇူးကို မသိသဖြင့် ယုတ်မာသောစကားကို ပြောကြားမိပါသည်၊ တပည့်တော်အား အပြစ်မထားဘဲ သည်းခံတော်မူပါဘုရား"

ထို့နောက် နတ်သည် သူဌေးကြီးကိုလည်း ကန်တော့ပြီး သည်းခံ စေ၏။ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးနှင့် တံခါးစောင့်နတ် တို့ကို ဆုံးမတော်မူလိုသဖြင့်–

*"ဒါယကာသူဌေးကြီး...ဤဘဝ၌ မကောင်းမှုပြုသူသည် အကြင်မျှ လောက် မိမိပြုသော မကောင်းမှုအကုသိုလ်ကံ၏ အကျိုးကို မခံစား ရသေး၊ ထိုမျှလောက်သော ကာလပတ်လုံး သင့်တင့်ကောင်းမြတ်သော အာရုံတို့ကို တွေ့ကြုံရသေး၏။ အကြင်အခါ၌ ထိုမကောင်းမှုကို ပြုသောပုဂ္ဂိုလ်အား မကောင်းမှုကံသည် အကျိုးဖြစ်စေ၏။ ထိုအခါ၌ ယုတ်မာသောအကျိုးဆင်းရဲကို တွေ့ကြုံခံစားရပေ၏။*

*"ကောင်းမှုပြုသောပုဂ္ဂိုလ်သည်လည်း အကြင်မျှလောက် ကာလ ပတ်လုံး မိမိပြုအပ်သောကောင်းမှုကုသိုလ်သည် အကျိုးကို မဖြစ်စေ သေး။ ထိုမျှလောက်ကာလပတ်လုံး မကောင်းသောအကျိုးအာနိသင်ကို*

*တွေ့မြင်ရသေး၏။ အကြင်အခါ၌ကား မိမိပြုအပ်သော ကုသိုလ်ကောင်းမှုသည် အကျိုးကိုဖြစ်စေ၏။ ထိုအခါ ကောင်းမြတ်သော ဝတ္ထုအာရုံကိုသာလျှင် တွေ့မြင်ရလေတော့သည်။"*

ဒေသနာတော်အဆုံး၌ တံခါးစောင့်နတ်သည် သောတာပန် အရိယာ ဖြစ်လေ၏။ သာသနာတော်၌ အလှူရဲရင့်သော အနာထပိဏ် သူဌေးသည်လည်း မဆင်းရဲဘဲ ပြန်လည်ချမ်းသာကြွယ်ဝလာလေ၏။

## တေဒဂ်ဘွဲ့ချီးမြှင့်ခံရခြင်း

အနာထပိဏ်သူဌေးလောင်းသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်း ထက်က ဟံသာဝတီမင်းနေပြည်ဝယ် အမျိုးကောင်းသား ဖြစ်ခဲ့၏။ **ပဒုမုတ္တရမြတ်စွာဘုရား**ထံ တရားနာ၍ ဥပါသကာတစ်ဦးကို အလှူ အတန်းတေဒဂ်ဘွဲ့ထူးချီးမြှင့်သည်ကိုမြင်၍ အားကျနှစ်သက်သဖြင့် အဓိကာရကောင်းမှုပြုလုပ်ကာ ဒါနထူးချွန်သူ တေဒဂ်ရာထူးကို ဆုတောင်းခဲ့၏။

ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်ခဲ့၍ ဂေါတမမြတ်စွာဘုရားလက်ထက်တွင် သာဝတ္ထိပြည် သုမနသူဌေးကြီး ၏သားဖြစ်လာ၏။ ငယ်မည်မှာ သုဒတ္တဖြစ်၏။ ကြီးပြင်းလာသော အခါ သာသနာတော်အတွက် ပြိုင်ဘက်ကင်းအောင် လှူဒါန်းခဲ့၏။

မြတ်စွာဘုရားသည် ဥပါသကာတို့ကို အစဉ်အတိုင်း တေဒဂ် ရာထူး ချီးမြှင့်တော်မူသောအခါ...

"ရဟန်းတို့...လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း၌ မွေ့လျော်ကြသည့် ငါ၏တပည့်ဥပါသကာတို့တွင် အနာထပိဏ်ဟုအမည်ရသော သုဒတ္တ

သူကြွယ်သည် အသာဆုံးအမြတ်ဆုံးဖြစ်ပေ၏”ဟု တေဒဂ်ရာထူး၌ ထားတော်မူလေသည်။

(မဟာဗုဒ္ဓဝင်၊ တ၊ ၁၈၀–၂၂၃။ ဓမ္မပဒဝတ္ထု၊ တ၊ ၁၇၉–၁၈၅)

## စံပြအလှူရှင် တေဒဂ်ဘွဲ့ရ ဝိသာခါကျောင်းအမ

ခုနစ်နှစ်သမီးအရွယ်၌ပင် သောတာပန်တည်ကာ အသက် ၁၂၀ နှစ်အထိ အသက်ရှည်သော်လည်း ၁၆ နှစ်သမီးပျိုကဲ့သို့ နုပျိုစွာနေနိုင်သော ဝိသာခါ...။ မြတ်စွာဘုရားနှင့် သံဃာတော်ကို ပစ္စည်းလေးပါးလှူဒါန်းရာတွင် စံပြဖြစ်၍ တေဒဂ်ဘွဲ့ဖြင့် ချီးမြှောက်ခံရသောပုဂ္ဂိုလ်...။ ဤသို့ထူးခြားသော ဝိသေသများနှင့်ပြည့်စုံရခြင်းမှာ ရှေးဘဝကုသိုလ်အထုံပါရမီမရှိဘဲနှင့် အလိုလိုဖြစ်ပေါ်လာနိုင်သည်မဟုတ်...။ ထူးခြားမြင့်မြတ်သော ဒါနစသည့်ကုသိုလ်ကောင်းမှုများကို ပြုစုပျိုးထောင်ခဲ့သောကြောင့်ပေတည်း။

လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်၌ **ပဒုမုတ္တရမြတ်စွာဘုရား** ပွင့်တော်မူသည့်အခါ ဝိသာခါအလောင်းသည် ဟံသာဝတီမင်းနေပြည်တော်ဝယ် သူဌေးသမီးဖြစ်၏။ တစ်နေ့တွင် မြတ်စွာဘုရား၏ တရားဒေသနာကို နာကြားနေစဉ် ဘုရားရှင်က ဥပါသိကာတစ်ယောက်ကို လှူဒါန်းပေးကမ်းခြင်း၌ အသာဆုံး,အမြတ်ဆုံးဟူသည့် တေဒဂ်ရာထူးတွင် ထားတော်မူ၏။ ထိုသူဌေးသမီးသည် အလွန်အားကျသဖြင့် ကြီးကျယ်သည့်အလှူဒါနကိုပြုပြီးကာ တေဒဂ်ရာထူးကို ဆုတောင်းပတ္ထနာပြု၏။ မြတ်စွာဘုရားက ဆုတောင်းသည့်အတိုင်း ပြည့်စုံမည်ကို ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့၏။

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ပြီးသော် ဤဘဒ္ဒကမ္ဘာဝယ် ကဿပမြတ်စွာဘုရား လက်ထက်တော်၌ ကာသိတိုင်းရှင် ကိကီဘုရင်မင်းမြတ်၏ သမီးခုနစ်ဖော်တို့အနက် အထွေးဆုံးညီမ ဖြစ်လေ၏။ မင်းသမီး ခုနစ်ဖော်တို့သည် မြတ်စွာဘုရားထံ၌ တရားနာကြားပြီးသော် သာသနာတော်ကို ကြည်ညိုကြသဖြင့် ခမည်းတော်ထံမှ ရဟန်းပြုခွင့်ကို တောင်းခံကြ၏။ ခွင့်မရသဖြင့် အနှစ်–၂၀၀၀၀ တို့ပတ်လုံး အပျိုစင် အဖြစ်ဖြင့် မြတ်သောအကျင့်သီလကို စောင့်ထိန်းကြ၏။

ထိုမှတစ်ဖန် ဝိသာခါအလောင်း အမျိုးကောင်းသမီးသည် နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ကျက်စားလျက် ဂေါတမမြတ်စွာဘုရား လက်ထက်တော်ဝယ် အင်္ဂတိုင်း၊ ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးကြီး၏သား ဓနဉ္စယသူဌေး၏ အဂ္ဂမဟေသီ သုမနဒေဝီ၏ဝမ်း၌ ပဋိသန္ဓေတည်၏။ မီးရှူးသန့်စင်လာသည့်အခါ **ဝိသာခါ**ဟု အမည်တွင်၏။

ဝိသာခါ ၇ နှစ်အရွယ်၌ မြတ်စွာဘုရားသည် သေလပုဏ္ဏားနှင့် အခြားကျွတ်ထိုက်သူတို့၏မဂ်ဖိုလ်ရကြောင်း ရေးကောင်းမှုနှင့် ပြည့်စုံခြင်းကို မြင်တော်မူသဖြင့် ရဟန်းအပေါင်းခြံရံလျက် ဒေသစာရီ ကြွချီတော်မူလတ်သော် ဘဒ္ဒိယမြို့သို့ ဆိုက်ရောက်တော်မူ၏။

ထိုအခါ မေဏ္ဍကသူဌေးကြီးသည် မိမိ၏မြေးမ ဝိသာခါကို တိုက်တွန်း၏ –

"ချစ်မြေး...ဘိုးဘိုး ယခုပြောမည့်ကိစ္စသည် ချစ်မြေးအတွက်လည်း မင်္ဂလာကောင်းမှုဖြစ်၏၊ ဘိုးဘိုးတို့အတွက်လည်း မင်္ဂလာကောင်းမှုဖြစ်၏။ ချစ်မြေး၏ ရဲရွေဖော်သတို့သမီးငါးရာတို့နှင့်အတူ ရထားငါးရာကို

ကိုယ်စိကိုယ်င စီးကြလျက် ကျွန်မငါးရာခြံရံကာ ချစ်မြေးသည် မြတ်စွာဘုရားအား ခရီးဦးကြိုဆိုမှုပြုလေလော့"

ဝိသာခါသည် အဘိုးပြောဆိုသည့်အတိုင်း အားရဝမ်းသာစွာ မြတ်စွာဘုရားအား ခရီးဦးကြိုဆို၏။ ရထားစီး၍ သွားသင့်သော အရပ်တိုင်အောင်သာ ရထားစီးသွားပြီးလျှင် ရထားမှ ဆင်းသက်၍ မြတ်စွာဘုရားအထံတော်သို့ ခြေလျင်သွား၏။ အပြစ်လွတ်ရာအရပ်၌ ထိုင်၍ ဘုရားရှင်အား ရှိခိုး၏။

မြတ်စွာဘုရားသည် ဝိသာခါအား သူမ၏စရိုက်နှင့် လိုက်လျော ညီညွတ်စွာ တရားဟောကြားတော်မူ၏။ တရားပြီးဆုံးသောအခါ ဝိသာခါနှင့်ရံရွေဖော်သတို့သမီးငါးရာတို့သည် သောတာပန်အရိယာ ဖြစ်ကြလေ၏။

မေဏ္ဍကသူဌေးကြီးသည်လည်း မြတ်စွာဘုရားထံ လာရောက်၍ တရားနာကြားရသဖြင့် သောတာပန်အရိယာဖြစ်၏။ မြတ်စွာဘုရားနှင့် သံဃာတော်တို့ကိုပင့်ဖိတ်၍ မိမိအိမ်၌ ၁၅ ရက်ပတ်လုံး ကြီးကျယ်သော အလှူဒါနကို ပေးလှူ၏။

ဗိမ္ဗိသာရမင်းကြီး၏ အာဏာစက်ပျံ့နှံ့ရာ ရာဇဂြိုဟ်ပြည်နယ် အတွင်း၌ သုံးမကုန်စွဲမကုန် စည်းစိမ်ကုံလုံကြွယ်ဝသဖြင့် **အမိတဘောဂ** ဟု အမည်ရသော သူဌေး ကြီး ၅ ဦးရှိ၏။ မေဏ္ဍကသူဌေးကြီး၊ ဇောတိကသူဌေးကြီး၊ ဇဋိလသူဌေးကြီး၊ ပုဏ္ဏသူဌေးကြီးနှင့် ကာက ဝလိယသူဌေးကြီးတို့ ဖြစ်ကြ၏။

ကောသလမင်းကြီးပိုင်ဆိုင်သည့် သာဝတ္ထိပြည်နယ်၌ အမိတဘောဂ သူဌေးကြီးတစ်ဦးမျှ မရှိချေ။ ဗိမ္ဗိသာရမင်းနှင့် ကောသလမင်းတို့သည် အချင်းချင်း နှမ၏လင်=မောင်လယ်နှမလယ်တော်စပ်ကြ၏။ ကောသလ

မင်းသည် ဗိမ္ဗိသာရမင်းထံသို့ အမိတဘောဂသူဌေးကြီးတစ်ဦးကို ကောသလတိုင်းသို့ ပို့လွှတ်ပေးရန်တောင်းခံ၏။ မေဏ္ဍကသူဌေးကြီး၏သားဖြစ်သူ ဓနဥ္စယသူဌေးကို စေလွှတ်ရန် သဘောတူကြ၏။

ဓနဥ္စယသူဌေးသည် ဘဒ္ဒိယမြို့မှ ပြောင်းရွှေ့၍ သာဝတ္ထိပြည်မှ ၇ ယူဇနာဝေးကွာသည့်အရပ်၌ **သာကေတမြို့သစ်**ကို တည်ထောင်၏။ ဓနဥ္စယသူဌေး၏သမီးဝိသာခါ ကြီးပြင်းလာသောအခါ သာဝတ္ထိပြည်ရှိ မိဂါရသူဌေးကြီး၏သား ပုဏ္ဏဝဍ္ဎနသည်လည်း အရွယ်ရောက်လာ၏။ မိဂါရသူဌေးကြီးသည် မိမိသားနှင့် စုလျားထိမ်းမြားပေးရန် သင့်လျော်မည့်သတို့သမီးကို ကျွမ်းကျင်လိမ္မာသူများအား စေလွှတ်၍ ရှာဖွေစေ၏။

ထိုသူတို့သည် သာဝတ္ထိပြည်၌ သင့်လျော်မည့်သတို့သမီးကို မတွေ့ရသဖြင့် သာကေတမြို့သို့ ရောက်လာကြ၏။ ဝိသာခါနှင့် အဖော်သတို့သမီးငါးရာတို့သည် မြို့ပြင်သို့အထွက်တွင် မိုးကြီးနှင့်ကြုံကြိုက်သဖြင့် အဖော်သတို့သမီးတို့သည် ဇရပ်တန်ဆောင်းတွင်းသို့ ပြေးဝင်ကြ၏။ ဝိသာခါမှာမူ မိုးစိုခံလျက် ဣန္ဒြေရရလျှောက်လာ၏။ ဝိသာခါ၏ ပြိုင်ဘက်ကင်းသည့် လှပတင့်တယ်ခြင်းကို သတို့သမီးရှာထွက်သူတို့ မြင်ကြလေပြီ။

အချို့အမျိုးသမီးတို့သည် သလဲသီးမှည့်ကဲ့သို့ တင့်တယ်သောအဆင်း ရှိပါသော်လည်း အချင်းမရှိဘဲရှိတတ်ချေ၏။ စကားဆိုကြည့်ပါမှ ချိုမြိန်သောနှုတ်သံစကားရှိ၊မရှိ သိနိုင်၏။ ထို့ကြောင့် ထိုလူကြီးတို့သည် ဝိသာခါထံသို့ ချဉ်းကပ်၍ စကားဆို၏။

"သမီး...သမီးသည် အိုမင်းရင့်ရော်သောမိန်းမကြီးကဲ့သို့ သွားဘိတကား"

"ဖခင်တို့...ဖခင်တို့သည် အဘယ်ကိုမြင်၍ ဤသို့ပြောဆိုကြသနည်း"

"သမီး၏ကစားဖော်များသည် မိုးစွတ်မည်စိုး၍ ဧရပ်တွင်းသို့ ပြေးဝင်ကြ၏။ သင်ချစ်သမီးကား ထဘီမိုးစွတ်မည်ကိုလည်း ဂရုမစိုက်၊ အမယ်အိုကဲ့သို့ နှေးနှေးသာ လျှောက်လှမ်းဘိ၏။ အကယ်၍များ ဆင်ဖြစ်စေ၊ မြင်းဖြစ်စေ လိုက်လာခဲ့လျှင် ချစ်သမီးသည် ဤသို့ပင် နံ့နံ့နှေးနှေးသွားမည်လော"

"ဖခင်တို့...ထဘီများဆိုသည်မှာ အလွယ်တကူ ဝယ်ယူနိုင်၏။ အရွယ်ရောက်လာသည့်အမျိုးသမီးတို့မည်သည်ကား ရောင်းကုန်နှင့် တူကြပါ၏။ ပြေးသွားသဖြင့် မတော်တဆ ချော်လဲ၍ လက်ခြေတစ်မျိုးမျိုး ကျိုးသွားခဲ့ပါမူ ယောက်ျားတို့ စက်ဆုပ်ကြကုန်၏။ ထို့ကြောင့် သမီးသည် ဖြည်းဖြည်းသာလာခဲ့ပါ၏"

"ဤသတို့သမီးသည် အဆင်းအသံရော အရည်အချင်းပါ ပြည့်စုံသူပေတည်း၊ ဤဇမ္ဗူဒိပ်ကျွန်းအပြင်၌ ဤသတို့သမီးနှင့် တူမျှသော မင်းမိန်းမဟူသည် မရှိချေ"ဟု လူကြီးများ ဆုံးဖြတ်ကြပြီးလျှင် ဝိသာခါကိုယ်ပေါ်သို့ ပန်းကုံးကို ပစ်တင်လိုက်ကြ၏။ ထို့နောက် ဝိသာခါနှင့်အတူ ဓနဉ္စယသူဌေးကြီးထံသို့ လိုက်သွားကြပြီးလျှင် ကြောင်းလမ်းစကားပြောကြားကြရာ ဓနဉ္စယသူဌေးက လက်ခံ၏။

သတို့သမီးကို ဆောင်ယူရန် မိဂါရသူဌေးနှင့်အဖွဲ့ လာရောက်သည့်အခါ ကောသလမင်းနှင့် စစ်သည်ဗိုလ်ပါများလည်း လိုက်ပါကြ၏။ ထိုသူတို့ကို ဓနဉ္စယသူဌေးက လေးလတိုင်တိုင် ကျွေးမွေးဧည့်ခံ၏။ ထိုအချိန်အတွင်း၌ ဝိသာခါဆင်မြန်းဖို့ရန် အသပြာကိုးကုဋေထိုက်တန်သည့် မဟာလတာတန်ဆာကို ချုပ်လုပ်စေ၏။ ထို့အပြင် လှည်း

၁၅၄ စီးတိုက် ဥစ္စာကိုလည်းကောင်း၊ ကျွန်မငါးရာ၊ အာဇာနည်မြင်းကသော ရထားအစီးငါးရာနှင့် အသုံးအဆောင် မျိုးစုံတို့ကိုလည်းကောင်း၊ နို့စားနွားမ အမြောက်အမြားနှင့် ဥသဘနွားလားတို့ကိုလည်းကောင်း၊ ဝိသာခါနှင့်အတူ ပေးကမ်းလိုက်၏။

သာဝတ္ထိမြို့သို့ ရောက်သောအခါ မိဂါရသူဌေးသည် သားအတွက် မင်္ဂလာဆွေ့ခံပွဲကို ၇ ရက်ကျင်းပ၏။ နောက်ဆုံးနေ့၌ အဝတ်မဆီးအချည်းနှီးသော တက္ကတွန်းရဟန်းတို့ကို အိမ်အပြည့်ဖိတ်ခေါ်ပြီးလျှင် ကျွေးမွေးလှူဒါန်း၏။ ဝိသာခါကို "ရဟန္တာများ" ဖူးတွေ့ပါဟု အခေါ်လွှတ်လိုက်သဖြင့် ဝိသာခါ ထွက်လာ၏။ အရှက်အကြောက်ကင်းမဲ့သည့် တက္ကတွန်းရဟန်းများကို မြင်လျှင် စိတ်အပျက်ကြီးပျက်ကာ "ထွီ-ထွီ"ဟု ကဲ့ရဲ့ပြီး မိမိတိုက်ခန်းသို့ ပြန်သွား၏။

တက္ကတွန်းရဟန်းတို့ စိတ်ဆိုး၍ "သူဌေး...သင်သည် အခြားတစ်ပါးသော ချွေးမကို မရနိုင်ဘူးလား၊ ရဟန်းဂေါတမ၏ တပည့်မကျက်သရေယုတ်မကြီးကို ဤအိမ်မှ နှင်ထုတ်လော့"ဟု တောင်းဆိုကြ၏။ မိဂါရသူဌေးက တောင်းပန်သဖြင့် ပြီးပြေသွား၏။

ထို့နောက် ဝိသာခါသည် မြတ်သောမိဂါရသူဌေးကို မြတ်သောပလ္လင်၌ ထိုင်နေစေ၍ ရေမရောသည့်နို့ဃနာကို ရွှေခွက်၌ထည့်လျက် ရိုသေစွာပြုစုလုပ်ကျွေး၏။ ထိုအခါ မထေရ်မြတ်တစ်ပါးသည် ဆွမ်းခံကြွရင်း သူဌေးအိမ်တံခါးဝသို့ ရောက်လာ၏။ မထေရ်မြတ်ကို သူဌေးမြင်စေရန် ဝိသာခါ ဘေးဖယ်၍ရပ်၏။ မိဂါရသူဌေးသည် မထေရ်ကိုမြင်ပါလျက် မမြင်ယောင်ဆောင်ကာ နို့ဃနာကို စားသုံးနေ၏။

ဝိသာခါသည် မထေရ်ထံသို့သွား၍ "ကန်တော့ဆွမ်းပါဘုရား၊ တပည့်တော်မ၏ယောက္ခမကြီးသည် အဟောင်းအမြင်းကိုသာ စားသုံးနေပါသည်ဘုရား"ဟု ရှိခိုးလျှောက်ထား၏။

မိဂါရသူဌေးကြီး သည်းမခံနိုင်တော့။ "အဟောင်းအမြင်းကိုသာ စားသုံးနေပါသည်"ဟု ဆိုရပါမည်လား။ ဤနို့ဃနာကို ယူသွားကြ၊ ဝိသာခါကိုလည်း ဤအိမ်မှ နှင်ထုတ်ကြ။ မင်္ဂလာရှိသောအိမ်၌ မင်္ဂလာနို့ဃနာထမင်းစားသုံးနေသည့်ငါ့ကို မစင်ကိုစားသုံးသူဖြစ်အောင် ပြုမူပြောဆိုဘိ၏"

ထိုသို့ သူဌေးကြီး အမိန့်ပေးပါသော်လည်း ထိုအိမ်၌ရှိသော ကျွန်များ အလုပ်သမားများသည် ဝိသာခါ၏လူများသာဖြစ်ကြသဖြင့် ဝိသာခါကို မည်သူမျှ မဆွဲကိုင်ဝံ့ချေ။

"အိုဖခင်...ဤမျှသော တရားမဝင်သည့်စကားမျှဖြင့် ကျွန်တော်မတို့သည် ဤအိမ်မှ မထွက်နိုင်ကြပါ။ ဖခင်သူဌေးတို့သည် ကျွန်တော်မကို ရေဆိပ်မှ ရေအိုးရွက်သည့် ကျွန်မကဲ့သို့ ဆောင်ယူခဲ့သည်မဟုတ်ပါ။ မိဘထင်ရှားသော အမျိုးကောင်းတို့မည်သည် ဤမျှဖြင့် အိမ်မှ ထွက်သွားရိုးမရှိကြပါ။ ကျွန်တော်မ၏ဖခင်သည် ဤသာဝတ္ထိသို့ ကျွန်တော်မလိုက်ပါလာသည့်နေ့က ပညာရှိသူကြွယ် လူကြီးမင်းရှစ်ဦးကို ခေါ်စေ၍ 'ငါ့သမီးကို အကြောင်းပြု၍ အပြစ်တစ်စုံတစ်ရာဖြစ်ပေါ်ခဲ့လျှင် အမောင်တို့ ဖြေရှင်းသုတ်သင်ကြရမည်'ဟု မှာကြားလိုက်ပါသည်။ ထိုလူကြီးမင်းတို့ကို ခေါ်၍ အပြစ်ဟုတ်–မဟုတ် ဆုံးဖြတ်ကြပါစေ"

"ဝိသာခါသည် အကြောင်းအကျိုးညီညွတ်သောစကားကို ဆိုပေ

၏"ဟု မိဂါရသူဌေး စဉ်းစားဆင်ခြင်မိကာ သူကြွယ်ပညာရှိရှစ်ဦးကို ခေါ်စေ၏။

"အာမခံလူကြီးမင်းတို့...ဤ ဝိသာခါသတို့သမီးသည် ဤအိမ်သို့ ရောက်၍ ခုနစ်ရက်မျှမပြည့်သေးမီပင် အကျွန်ုပ်ကို 'မစင်စား'ဟူ၍ ပြောဆိုပါသည်"ဟု မိဂါရသူဌေးက တိုင်ကြား၏။

"သမီး...သူဌေးကြီး တိုင်ကြားသည့်အတိုင်း ချစ်သမီး ပြောဆိုမိသလား"

"ဖခင်တို့...သမီးသည် ယောက္ခမကို 'မစင်စား'ဟူ၍ မပြောဆိုမိပါ။ အမှန်မှာ ပိဏ္ဍပါတ်ခုတင်ဆောင် မထေရ်မြတ်တစ်ပါးသည် ဤအိမ်တံခါးဝ၌ ဆွမ်းရပ်လာပါသည်။ သူဌေးကြီးသည် ရေမရော သည့် နို့ဃနာထမင်းကို သုံးဆောင်နေပြီး မထေရ်ကို အမှတ်မထားပါ။ ထို့ကြောင့် သမီးက မထေရ်ထံသွား၍ 'ကန်တော့ဆွမ်းပါဘုရား... တပည့်တော်မ၏ယောက္ခမသည် ယခုဘဝ၌ ကုသိုလ်ကောင်းမှုအသစ်ကို မပြုပါ၊ ရှေးအဟောင်းအမြင်း ကုသိုလ်ကောင်းမှု၏အကျိုးကိုသာ စားသုံးနေပါသည်'ဟု ဤမျှကိုသာ ပြောဆိုမိပါသည်"

"အရှင်သူဌေးမင်း...ဤကိစ္စ၌ ကျွန်ုပ်တို့၏သမီးမှာ အပြစ်မရှိပါ၊ ကျွန်ုပ်တို့၏သမီးသည် အကြောင်းဟုတ်သည်ကို ပြောဆို၏။ အရှင်သူဌေးမင်း၊ အဘယ့်ကြောင့် အမျက်ထွက်ရသနည်း"

"အာမခံလူကြီးမင်းတို့...ဤပြောဆိုချက်သည် အပြစ်မရှိလျှင် ထားဘိဦး၊ ဤသူငယ်မသည် ဤအိမ်သို့ရောက်သောနေ့မှာပင် ကျွန်ုပ်၏သား ရှိသည်ဟူ၍ အမှတ်မပြု၊ မိမိအလိုရှိရာအရပ်သို့ သွားခဲ့ပါသည်"

"ဖခင်တို့…သမီးသည် အလိုရှိရာအရပ်သို့ မသွားပါ။ ဤအိမ်သို့ သမီးရောက်သည့်နေ့က အာဇာနည်မြည်းမ သားဖွားပါသည်။ သမီးသည် ကျွန်မိန်းမများခြံရံလျက် ဆိမ်းတိုင်များကို စွဲကိုင်စေကာ ထိုမြည်းမ သားဖွားခြင်းကိစ္စကို ပြုစုစောင့်ရှောက်ခဲ့ပါသည်"

အာမခံလူကြီးများက "အရှင်သူဌေးမင်း…ကျွန်ုပ်တို့၏သမီးသည် ကျွန်မိန်းမများပင် မပြုလုပ်နိုင်သည့်ကိစ္စကို ဆောင်ရွက်ခဲ့ပါသည်၊ ဤသို့ဆောင်ရွက်သည်ကို အရှင်သူဌေးမင်းက အဘယ့်ကြောင့် အပြစ်ဟု ရှုဘိသနည်း"ဟု ဆိုကြ၏။

"အာမခံလူကြီးမင်းတို့…ဤသို့ဆောင်ရွက်ခြင်းသည် ဂုဏ်ကျေးဇူးပင်ဖြစ်သည်ထားပါဦး။ ကျွန်ုပ် အထူးတင်ပြလိုသည်မှာ… ဤသူငယ်မဖခင်က ဤအိမ်သို့လာသည့်နေ့၌ အဆုံးအမဩဝါဒပေးသည်ရှိသော်… (၁) အိမ်တွင်းကမီးကို အပြင်သို့ မထုတ်ဆောင်ရ၊ (၂) ပြင်ပအိမ်မှမီးကို မိမိအိမ်တွင်းသို့မသွင်းရ၊ (၃) ပြန်ပေးသောသူတို့အား ပေးရမည်၊ (၄) ပြန်မပေးသောသူတို့အား မပေးရ၊ (၅) ပေးသော်လည်းကောင်း မပေးသော်လည်းကောင်း ပေးရမည်။ (၆)ချမ်းသာစွာ နေရမည်၊(၇) ချမ်းသာစွာ စားရမည်၊ (၈) ချမ်းသာစွာ အိပ်ရမည်၊ (၉) မီးကို ရိုသေစွာ ပြုစုလုပ်ကျွေးရမည်၊ (၁၀) အိမ်တွင်းနတ်တို့ကို ရှိခိုးရမည်ဟု မှာကြားပါသည်။ ဤသို့ပြုမူခြင်းသည် လူမှုဆက်ဆံရေးနှင့် မလျောက်ပတ်ပါ"

"ဖခင်တို့…သမီး၏ဖခင် ဓနဥ္စယသူဌေးကြီးက –

(၁) အိမ်တွင်းကမီးကို အပြင်မထုတ်ဆောင်ရဟု မှာကြားသည်မှာ ပကတိမီးကို တခြားအိမ်သို့မပေးရဟု ဆိုလိုသည်မဟုတ်ပါ၊

အိမ်တွင်းမှ ယောကျ်ားမ စသည်တို့၏ လျှို့ဝှက်ချက်များကို သူတစ်ပါးတို့အား မပြောကြားခြင်းကို ဆိုလိုပါသည်။

(၂) အိမ်ပြင်ကမီးကို အိမ်တွင်းသို့မသွင်းရဟု မှာကြားခြင်းမှာ ကျွန်အလုပ်သမားများက အပြစ်တင် ဝေဖန်ပြောဆိုကြသော စကားများကို အိမ်တွင်းနေလူများအား မပြောကြားရန် မှာကြားခြင်းဖြစ်ပါသည်။

(၃) ပြန်ပေးသည့်သူတို့ကိုသာ ပြန်ပေးရမည်ဟူသော စကား၏ အဓိပ္ပာယ်မှာ ပစ္စည်းငှားယူသွားပြီးနောက် ပြန်လည်ပေးပို့သော သူတို့ကိုသာ ပစ္စည်းငှားပေးရမည်ဟု ဆိုလိုပါသည်။

(၄) ပြန်မပေးသောသူတို့အား မပေးရ ဆိုသည်မှာ ပစ္စည်းငှားပြီး ပြန်မပေးသောသူတို့အား ပစ္စည်းငှားမပေးရန် ဖြစ်ပါသည်။

(၅) ပေးသော်လည်းကောင်း၊ မပေးသော်လည်းကောင်း ပေးရမည်ဟု ဆိုသည်မှာ ဆင်းရဲနွမ်းပါးသော ဆွေမျိုးမိတ်သင်္ဂဟများက မိမိထံမှောက်သို့ရောက်လာလျှင် တစ်ဖန် ပြန်၍ပေးဆပ်ခြင်းငှာ စွမ်းနိုင်သည်ဖြစ်စေ၊ မစွမ်းနိုင်သည်ဖြစ်စေ ပေးကမ်းရမည်ဟု ဆိုလိုပါသည်။

(၆) ချမ်းသာစွာ နေရမည်ဟူသော စကားမှာ ယောကျ်ားမများကို မြင်လျှင် ထိုင်နေရန်မသင့်၊ ထ၍ အရိုအသေပြုရန် ညွှန်ကြားခြင်း ဖြစ်ပါသည်။

(၇) ချမ်းသာစွာစားရမည်ဟူသောစကားမှာ ယောကျ်ားမများနှင့် အရှင်သခင်လင်ယောကျ်ားတို့ကို ပြုစုကျွေးမွေးပြီးမှ မိမိစားသုံးရမည်ကို မှာကြားခြင်းဖြစ်သည်။

(၈) ချမ်းသာစွာအိပ်ရမည်ဟူသောစကားမှာ ယောက္ခမများနှင့် အရှင်သခင် လင်ယောကျ်ားတို့ကို ဝတ်ကြီးဝတ်ငယ်ပြုစုပြီးနောက် ထိုသူတို့အိပ်ရာတက်ပြီးမှ မိမိအိပ်ရာဝင်ရန် မှာကြားခြင်းဖြစ်သည်။

(၉) မီးကို ရိုသေစွာလုပ်ကျွေးရမည်ဟူသောစကားမှာ ယောက္ခမများနှင့် အရှင်သခင် လင်ယောကျ်ားတို့ကို မီးပုံကြီးများကဲ့သို့ မှတ်ယူပြီး ရိုသေစွာလုပ်ကျွေးရန် ညွှန်ကြားခြင်းဖြစ်ပါသည်။

(၁၀) အိမ်တွင်းနတ်တို့ကို ရှိခိုးရမည်ဟူသောစကားသည် အိမ်သီးခြားစိုးအုပ်နေထိုင်သောအခါ မိမိအိမ်တံခါးဝသို့ ကြွရောက်လာကြသော ရဟန်းတော်တို့ကို ဆွမ်းခဲဖွယ်ဘောဇဉ် စသည်တို့ဖြင့် တဟ်အားသလောက်လှူဒါန်းပူဇော်ရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

မိဂါရသူဌေးသည် အခြားအပြစ်ရှာစရာ ချေပပြောဆိုစရာများ မရှိတော့သည့်အတွက် မျက်နှာအောက်ချ၍ ထိုင်နေလေ၏။ ဝိသာခါသည် မိမိအပြစ်မရှိကြောင်း ဖြေရှင်းပြီးဖြစ်၍ ဤအိမ်မှ မိမိထွက်ခွာနိုင်ပြီဖြစ်ကြောင်း ပြောဆိုပြီးနောက် မိမိ၏ကျွန်များကို ယာဉ်လှည်းစသည်တို့ကို ပြင်ဆင်စေ၏။

ထိုအခါ မိဂါရသူဌေးသည် အာမခံသူကြွယ်ရှစ်ဦးကို ခေါ်ယူကာ ချွေးမအား..." ချစ်သမီး၊ ငါသည် မဆင်မခြင်ဘဲ ပြောဆိုမိ၍ ပြောမှားခဲ့ပါပြီ။ ငါ့အား သည်းခံပါလော့"ဟု တောင်းပန်၏။ ဝိသာခါက အခွင့်ကောင်းကြုံပြီဖြစ်၍...

"အို...ဖခင်တို့...ဖခင်တို့အပေါ် သည်းခံသင့်သည်ကို စောစီးစွာကပင် သမီး သည်းခံပါ၏။ သမီး အထူးတင်ပြလိုသည်မှာ သမီး

သည် ဘုရားမြတ်စွာသာသနာ၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သူ ဖြစ်ပါ၏။ သမီးတို့သည် ရဟန်းသံဃာနှင့် ကင်းကွာ၍ မနေနိုင်ပါ။ အကယ်၍ သမီးစိတ်တိုင်းကျ ရဟန်းသံဃာကို ပြုစုလုပ်ကျွေးခွင့်ပြုပါမှ သမီး ဤအိမ်၌ ဆက်နေပါမည်၊ မရလျှင် မနေနိုင်ပါ"ဟု အရေးဆို၏။

"ချစ်သမီး...သင်ချစ်သမီးသည် အလိုရှိတိုင်း သမီး၏ ရဟန်းတို့ကို ပြုစုလုပ်ကျွေးပါလော့"ဟု မိဂါရသူဌေးက ကြည်ကြည်ဖြူဖြူခွင့်ပြု၏။

## မိဂါရမာတာ မြေးလေးရာ မြစ်ရှစ်ထောင်

ဝိသာခါသူဌေးမသည် အသက်ပင်ငယ်သော်လည်း ဉာဏ်ပညာကြီး၏။ ဉာဏ်ပညာနည်းသော ယောက္ခမသူဌေးကြီးက မိမိအား လုပ်ပိုင်ခွင့်ပေးသည်နှင့်တစ်ပြိုင်နက် ဘုရားရှင်နှင့် သံဃာတော်တို့ကို ဆွမ်းအလှူခံတော်မူရန် ပင့်ဖိတ်စေ၏။ နောက်နေ့၌ သူဌေးအိမ်ကြီး အပြည့် ဘုရားအမှူးရှိသော သံဃာတော်တို့ ထိုင်နေကြသည့်အခါ တက္ကတွန်းပရိသတ်တို့ကလည်း အိမ်ကြီးကိုဝန်းရံကာ ထိုင်နေကြ၏။

ဝိသာခါသည် အလှူရေစက်ကို သွန်ချလှူဒါန်းပြီးလျှင် ယောက္ခမ သူဌေးကြီးအား ဘုရားရှင်ကို ဆွမ်းကပ်ရန် တိုက်တွန်း၏။ မိဂါရသူဌေး က တက္ကတွန်းဆရာတို့၏ စကားကို လိုက်နာ၍ "သမီးပဲ ပြုစုလုပ်ကျွေး ပါ"ဟု ဆိုလိုက်၏။

ဆွမ်းကပ်လှူပြီးသောအခါ ယောက္ခမသူဌေးအား တရားနာရန် ဖိတ်ခေါ်ပြန်၏။ မိဂါရသူဌေးသည် ရှေးကုသိုလ်ကံဆော်ဖန်တိုက်တွန်း အပ်ပြီဖြစ်ရကား တရားနာယူလိုသောဆန္ဒ ပြင်းပြစွာဖြစ်ပေါ်လာ၏။ တရားဟောမည့်နေရာသို့ အသွားတွင် တက္ကတွန်းဆရာတို့က "တင်းတိမ် ကန့်လန့်ကာအပြင်ဘက်ထိုင်ပြီး နာကြားပါ"ဟု ညွှန်ကြား၏။

မြတ်စွာဘုရားသည် မိဂါရသူဌေးအား ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ...အစရှိသော မဂ်ဖိုလ်ရကြောင်းတရားကို ဟောကြား၏။ မြတ်စွာဘုရားတရားဟောတော်မူလျှင် ရှေ့တော်၌တည်နေသူများ၊ နောက်တော်၌တည်နေသူများ၊ စကြဝဠာတိုက် အရာအထောင်ကို ကျော်လွန်၍ တည်နေသူများ၊ အကနိဋ္ဌဗြဟ္မာပြည်၌ တည်နေသူများ အားလုံးတို့က 'မြတ်စွာဘုရားသည် ငါ့ကိုသာလျှင် ကြည့်တော်မူ၏၊ ငါ့အားသာလျှင် တရားဟောတော်မူ၏'ဟု ပြောဆိုကြ၏။ တရား ပြီးဆုံးသောအခါ မိဂါရသူဌေးသည် သောတာပန်အရိယာ ဖြစ်သွား သဖြင့် တင်းတိမ်ကန့်လန့်ကာကို မချီပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်တို့ကို တည်ခြင်းငါးပါးဖြင့် ရှိသေစွာရှိခိုး၏။ မြတ်စွာဘုရား၏ မျက်မှောက်တော်မှာပင် "ချစ်သမီး...သင်ချစ်သမီးသည် ယနေ့မှစ၍ ငါ၏မိခင်ပါပေ"ဟု ဝမ်းမြောက်စကား ပြောကြား၏။ ထိုအခါမှစ၍ ဝိသာခါသည် "**မိဂါရမာတာ**=မိဂါရသူဌေး၏မယ်တော်"ဟု အမည် တွင်လေ၏။

မိဂါရသူဌေးသည် မြတ်စွာဘုရား၏ခြေတော်အစုံကို ဦးတိုက်ပြီး နောက် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား...တပည့်တော်သည် လွန်ခဲ့ပြီးသမျှကာလပတ်လုံး အဘယ်မည်သော အလှူခံပုဂ္ဂိုလ်၌ လှူအပ်သော အလှူသည် အကျိုးကြီးမြတ်၏ဟု မသိခဲ့ပါ၊ ယခု၌မူ တပည့်တော်သည် ချွေးမကို အမှီပြု၍ သိအပ်ပါပြီ။ အလုံးစုံသော အပါယ်ဆင်းရဲမှ လွတ်မြောက်ရပါပြီ။ ဤအိမ်သို့ ချွေးမ ဝိသာခါ လာရောက်သည်မှာ တပည့်တော်အား အကျိုးစီးပွားချမ်းသာရဖို့ရန် ဖြစ်ပါသည်"ဟု လျှောက်ထား၏။

ချွေးမလိမ္မာဝိသာခါသည် နောက်နေ့၌လည်း မြတ်စွာဘုရားကို ပင့်ဖိတ်၏။ ဤနေ့၌ ယောက္ခမ မိန်းမ သူဌေးကတော်ကြီးသည် သောတာပန်အရိယာဖြစ်၏။ မိဂါရသူဌေးကြီး၏အိမ်သည် ဘုရား မြတ်စွာသာသနာတော်အတွက် တံခါးဟင်းလင်းဖွင့်ပြီး ဖြစ်လေ၏။

*သူမြတ်တစ်ယောက်၊ အိမ်သို့ရောက်က၊ များမြောက် ပြောထူ၊ အိမ်နေလူတို့၊ နိဗ္ဗူနှန်းခွင်၊ အသော့ဝင်ဖို့၊ မဂ္ဂင် ရှစ်ဆင့်၊ တံခါးပွင့်၏။*

မိဂါရသူဌေးကြီးသည် ချွေးမလိမ္မာအား ကျေးဇူးဆပ်လိုသဖြင့် အသပြာတစ်သိန်းတန်သည့် "ဃနမဋ္ဌက=တခဲနက်ပြေပြစ်သည့် အဆင်တန်ဆာ"ကို ချီးမြှောက်၏။ ဝိသာခါသူဌေးမသည် ဒါန အစရှိသည့် ကောင်းမှုတို့ကို တိုး၍တိုး၍ ပြုလုပ်လေရာ ကောင်းကင် တွင် တင့်ရှန်းဝင်းပသည့် လစန်းသော်တာအရေးကဲ့သို့ ထင်ရှား ကျော်ကြားလာ၏။ မြတ်စွာဘုရားထံမှ အောက်ပါဆုရှစ်ပါးကို တောင်းခံရရှိ၏။

## ဆုရှစ်ပါးမှာ

(၁) သံဃာအား အသက်ထက်ဆုံး မိုးရေခံသင်္ကန်း လှူဒါန်းခွင့်ရခြင်း၊
(၂) ညှိသည်=အာဂန္တုရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ရခြင်း၊
(၃) ခရီးသွားရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ရခြင်း၊
(၄) သူနာရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ရခြင်း၊
(၅) သူနာပြုရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ရခြင်း၊
(၆) သူနာရဟန်းတို့အား ဆေးလှူဒါန်းခွင့်ရခြင်း၊

(၇) အမြဲယာဂု လှူဒါန်းခွင့်ရခြင်း၊
(၈) ဘိက္ခုနီသံဃာအား ရေသနုပ်သင်္ကန်း လှူဒါန်းခွင့်ရခြင်းတို့တည်း။

ဝိသာခါသူဌေးမသည် အလှူနှင့်မွေ့လျော်ရင်း ရင်နှစ်သည်းခြာ အခြွေအရံများလည်း တိုးပွားလာ၏၊ သားတစ်ကျိပ်၊ သမီးတစ်ကျိပ်၊ ထိုသားသမီး ၂၀ တို့တွင် တစ်ယောက်တစ်ယောက်မှာ သားတစ်ကျိပ်စီ၊ သမီးတစ်ကျိပ်စီ ထွန်းကားသဖြင့် မြေး ၄၀၀ ဖြစ်ထွန်းလာ၏။ ထိုမြေး ၄၀၀ တို့၌ တစ်ဖန် တစ်ယောက်စီတွင် သားတစ်ကျိပ် သမီးတစ်ကျိပ် ထွန်းကားပြန်သဖြင့် စုစုပေါင်း မြစ် ၈၀၀၀ ဖြစ်ထွန်းလာကြ၏။

ဝိသာခါသည် နှစ် ၁၂၀ အထိ အသက်ရှည်၏၊ ဦးခေါင်း၌ ဆံပင်ဖြူ တစ်ပင်မျှမပေါက်ချေ။ အမြဲတစေ ၁၆ နှစ်အရွယ်ကဲ့သို့ ပျိုနုနေ၏။ သားသမီး–မြေး–မြစ်တို့ခြံရံလျက် ဝိသာခါကျောင်းသို့ သွားသော် အဘယ်သူသည် ဝိသာခါဖြစ်သည်ကို မေးမြန်းပါမှ ခွဲခြားသိနိုင်ပေ၏။ ဝိသာခါမည်သို့နေနေ မည်သို့သွားသွား တင့်တယ်လှဘိ၏ဟု ချီးမွမ်းခံရသည်သာ။

## ရွှေဒင်္ဂါးအသပြာ ၂၇ ကုဋေတန် ပုဗ္ဗာရုံကျောင်းအလှူ

ဝိသာခါသူဌေးမသည် ကျန်းမာသန်စွမ်းသော သားသမီး, မြေးမြစ်များရှိသူဖြစ်သည့်အတွက် "အလွန်မင်္ဂလာရှိသော အမျိုးသမီး သူဌေးကတော်ကြီး"ဟူ၍ အသိအမှတ်ပြုခံရ၏။ မင်္ဂလာပွဲသဘင်တို့၌ ဝိသာခါပါမှ တင့်တယ်ဂုဏ်ရှိသည်ဟု ထင်မှတ်ကြ၏။

တစ်နေ့တွင် ညှိခံပွဲတစ်ခုမှဆက်၍ တရားနာရန် ဇေတဝန် ကျောင်းတော်သို့ သွားကြ၏။ ကျောင်းတိုက်သို့ ဝင်ခါနီးတွင်

အလွန်လေးလံပြောင်လက်သည့် မဟာလတာတန်ဆာကို ချွတ်ပြီးလျှင် ခွန်အားနှင့်ပြည့်စုံသောကျွန်မအား ပေးအပ်ထား၏။ ဃနမဋ္ဌက တန်ဆာကို ဆင်မြန်း၍ ဘုရားရှင်ထံ ချဉ်းကပ်ကာ တရားနာ၏။ တရားပြီးဆုံး၍ ထသွားကြသည့်အခါ ကျွန်မသည် မဟာလတာ တန်ဆာကြီးကို တရားနာရာနေရာ၌ မေ့ထားခဲ့၏။ တရားနာပြီး ပြန်သွားသောပရိသတ်၏ ဝတ္ထုပစ္စည်းများ မေ့ကျန်ခဲ့လျှင် အရှင်အာနန္ဒာက သိမ်းဆည်းထားတော်မူမြဲ ဖြစ်၏။ သို့အတွက် ဝိသာခါ၏ မဟာလတာတန်ဆာကြီးကို မ,ချီ၍ စောင်းတန်းလှေကား တစ်ဖက်၌ ချိတ်ဆွဲထားလိုက်၏။

ဝိသာခါဒါယိကာမကြီးသည် သူနာရဟန်းများ၊ ရဟန်းငယ်များ၊ သာမဏေများကို ကြည့်ရှုကာ လိုအပ်ရာရာကို လှူဒါန်း၏။ ကျောင်း တိုက်မှ ထွက်သောအခါ မဟာလတာတန်ဆာကို ဆင်မြန်းရန် ကျွန်မထံမှ တောင်း၏။ ကျွန်မသည်လည်း ထိုအခါမှ မဟာလတာ တန်ဆာကို မေ့ထားခဲ့ကြောင်း သတိရ၏။

"သို့ဖြစ်လျှင် သွားယူချေလော့၊ အကယ်၍ အရှင်အာနန္ဒာသည် ထိုမဟာလတာတန်ဆာကို ချီမ၍ တစ်နေရာတွင် သိမ်းထားပါက မယူခဲ့လင့်၊ အရှင်မြတ်အား ထိုတန်ဆာကို ငါစွန့်လှူအပ်ပြီးဖြစ်၏။"

ကျွန်မသွားယူသည့်အခါ မဟာလတာတန်ဆာကို စောင်းတန်း လှေကား နံပါးတစ်ဖက်၌ အရှင်အာနန္ဒာ ရွှေ့ထားကြောင်းသိသဖြင့် အရှင်မြတ်အား လှူအပ်ပြီးသော ဝတ္ထုပစ္စည်းဖြစ်ပါပြီဟု လျှောက်ထား ၏။ ကျွန်မက ဝိသာခါအား ထိုအကြောင်းကို ပြောကြားသောအခါ ဝိသာခါ စဉ်းစား၏ –

"မဟာလတာတန်ဆာကို အရှင်မြတ် သုံးသပ်ကိုင်တွယ်ပြီး ဖြစ်၍ ငါ မဆင်မြန်းတော့ပါ။ ငါ စွန့်လှူပြီးဖြစ်၏။ သို့သော် အရှင်မြတ် စောင့်ရှောက်ထိန်းသိမ်းရန် တာဝန်ကြီးလေးလှသည်။ ထိုတန်ဆာကို စွန့်ကြဲရောင်းချ၍ သံဃာအား အပ်စပ်သောပစ္စည်းကို လှူဒါန်းပါအံ့"

ဝိသာခါသည် ကျွန်မအား မဟာလတာတန်ဆာကို ယူလာစေပြီးသော် ရွှေပန်းထိမ်တို့ကို ခေါ်၍ တန်ဖိုးဖြတ်စေ၏။ "ကိုးကုဋေ အဖိုးထိုက်တန်၏၊ လက်ခကားတစ်သိန်းတန်၏"ဟု တန်ဖိုးဖြတ်ကြ၏။

ထိုတန်ဖိုးဖြင့် မဟာလတာတန်ဆာကို ရောင်းစေ၏၊ ဝယ်နိုင်သူ မပေါ်၍ ဝိသာခါပင် ဝယ်ယူလိုက်၏။ ရွှေဒင်္ဂါးအသပြာကိုးကုဋေ တစ်သိန်းကို လှည်း၌တင်စေကာ ကျောင်းတော်သို့ ယူဆောင်၍ မြတ်စွာဘုရားကို လျှောက်ထား၏။

"မြတ်စွာဘုရား...တပည့်တော်မ၏ မဟာလတာတန်ဆာကို အရှင်အာနန္ဒာမထေရ်မြတ်သည် ယူငင်သိမ်းဆည်းရာ၌ လက်ဖြင့် သုံးသပ်ခဲ့ပြီဖြစ်၍ ထိုတန်ဆာကို တပည့်တော်မ ဆင်မြန်းခြင်းငှာ မစွမ်းနိုင်တော့ပါ။ သူ့အတွက် ထိုတန်ဆာကို စွန့်ကြဲ၍ သံဃာတော်အား အပ်စပ်သောပစ္စည်းကို ဆက်ကပ်မည်ဟုရောင်းစေရာ ဝယ်သူ မရှိ၍ တပည့်တော်မသည်ပင် ထိုတန်ဆာ၏တန်ဖိုးကိုပေး၍ ယူဆောင်လာခဲ့ပါသည်ဘုရား။ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး=ပစ္စည်းလေးပါးတွင် အဘယ်ပစ္စည်းဖြင့် ဆက်ကပ်ရလျှင် သင့်လျော်ပါမည်နည်းဘုရား"

"ဝိသာခါ...ဤသာဝတ္ထိမြို့ အရှေ့တံခါးအနီး၌ သံဃာတော်များ နေထိုင်ရန် ကျောင်းဆောက်လုပ်ဖို့ သင့်လျော်၏"ဟု ဘုရားရှင် မိန့်တော်မူ၏။

ဝိသာခါသည် အလွန်ဝမ်းသာလျက် ရှစ်မင်းပယ်မျှကျယ်ဝန်းသော ပုဗ္ဗာရုံကျောင်းမြေနေရာကို အသပြာကိုးကုဋေပေးဝယ်၍ အခြား အသပြာကိုးကုဋေဖြင့် ကျောင်းတိုက်ကြီးကို စတင်ဆောက်လုပ်စေ၏။

အရှင်မဟာမောဂ္ဂလာန်သည် ကျောင်းဆောက်ရာ၌ ပြုသင့် မပြုသင့်သည်တို့ကို ခွဲခြမ်းစီရင်ပေး၏။ မထေရ်မြတ်၏ အာနုဘော် ကြောင့် ယူဇနာ (၆၀)သို့တိုင်အောင် သွား၍ သစ်သားများ, ကျောက်များကို ယူငင်ရာ နေ့ချင်းပင် ပြန်ရောက်ကြ၏၊ မပင်ပန်းကြ၊ လှည်းဝင်ရိုးကျိုးခြင်းမရှိ။ မကြာမီပင် ဘုံ ၂ ဆင့် (၂ ထပ်)ရှိသော ပြာသာဒ်ကျောင်းကြီးကို အပြီးတိုင်ဆောက်လုပ်နိုင်၏။ ထိုကျောင်းကြီး ၏အောက်ထပ်၌ တိုက်ခန်း ၅၀၀၊ အထက်ထပ်၌ တိုက်ခန်း ၅၀၀ ရှိ၏။ ထိုပြာသာဒ်မကြီးကို ဝန်းရံလျက် ကမ္မဋ္ဌာန်းကျောင်းပေါင်း ၅၀၀၊ ပြာသာဒ်ငယ် ၅၀၀၊ တန်ဆောင်းရှည်ပေါင်း ၅၀၀ တို့ကိုလည်း ပြီးစီးအောင် ဆောက်လုပ်နိုင်၏။

မြတ်စွာဘုရားသည် ကိုးလကြာ ဒေသစာရီလှည့်လည်တော်မူပြီး၍ သာဝတ္ထိပြည်သို့ ပြန်ရောက်လာသည့်အခါ ပုဗ္ဗာရုံကျောင်း ပြာသာဒ် ကြီး၌ ပြုဖွယ်ကိစ္စအဝဝသည်လည်း ပြီးစီးလေ၏။ ဝိသာခါသည် ပြာသာဒ်အတွက် ထုပိကာကို ရေအိုးအလုံး(၆၀)ခန့် ဆံ့ဝင်လောက် သော တစ်ခဲနက်သော ရွှေနီဖလံဖြင့် ပြုလုပ်စေ၏။

"ဇေတဝန်ကျောင်းတော်သို့ မြတ်စွာဘုရား ကြွရောက်တော်မူ

လာ၏”ဟူသော သတင်းကိုကြားလျှင် ဘုရားရှင်ကို မိမိကျောင်းတိုက်သို့ ပင့်ဆောင်၏။

“မြတ်စွာဘုရား... ဤမိုးလေးလပတ်လုံး ရဟန်းသံဃာကိုပါ ခေါ်ဆောင်တော်မူ၍ ဤပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးတော်မူကြပါ၊ ကျောင်းလွှတ်ပူဇော်ပွဲ ပြုလုပ်ပါမည်ဘုရား”ဟု လျှောက်ထား၏။ မြတ်စွာဘုရား လက်ခံတော်မူ၏။

ထိုနေ့မှစ၍ ဘုရားအမှူးရှိသော ရဟန်းသံဃာအား ဝိသာခါသည် ပုဗ္ဗာရုံကျောင်းတိုက်၌ အလှူဒါနကြီးပေးလှူ၏။ ဝိသာခါ၏ သူငယ်ချင်းမ တစ်ယောက်သည် အဖိုးတစ်သိန်းတန်သော အဝတ်တစ်ထည်ကို ယူဆောင်ခဲ့၍ ကျောင်းတော်၌ ခြေခင်းအဖြစ် ခင်းခွင့်ပြုရန် ပန်ကြား၏။ “ကျောင်းကြီး၏ အောက်ထပ် အပေါ်ထပ် အခန်း ၁၀၀၀ လုံးနှံ့စပ်အောင်ကြည့်ရှု၍ ခင်းသင့်သည့်နေရာမှာ ခင်းပါလော့”ဟု ဝိသာခါ ခွင့်ပြု၏။

ထိုအမျိုးသမီး လှည့်လည်ကြည့်ရှုရာ သူမ၏အဝတ်အောက် တန်ဖိုးမလျော့သောအဝတ်များ အပြည့်ခင်းထားသည်ကို မြင်ရ၍ “ငါကား...ဤကျောင်းတော်ကြီး၌ ကုသိုလ်ကောင်းမှုအဖို့ မရယူနိုင်တော့”ဟု ဆင်ခြင်မိကာ ငိုကြွေးလေ၏။

အရှင်အာနန္ဒာမြင်သိလေသော် ကျောင်းလှေကားခြေရင်း သံဃာတော်များ ခြေဆေးကြမည့်နေရာအနီး၌ အဝတ်ကိုခင်းရန် ညွှန်ပြ၏။ “ရဟန်းတို့သည် ခြေဆေးကြပြီးလျှင် ရှေးဦးစွာ ဤသင်၏အဝတ်၌ ခြေကိုသုတ်ပြီးမှ ကျောင်းတွင်းသို့ ဝင်ကြလိမ့်မည်။ သင့်အဖို့ရာ ကြီးမြတ်သောအကျိုး ဖြစ်လိမ့်မည်”ဟု အကြံပြု၏။

ဝိသာခါကျောင်းအမကြီးသည် မိုးလေးလပတ်လုံး ကျောင်းတိုက်

အတွင်း၌ ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူဒါနကြီး ပေးလှူ၏။ နောက်ဆုံးနေ့ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့၌ ရဟန်းသံဃာတို့အား သင်္ကန်းလျာအဝတ်တို့ကို လှူဒါန်းလေ၏။ အငယ်ဆုံးသံဃာရအပ်သော သင်္ကန်းလျာအဝတ်သည်ပင် အဖိုး တစ်ထောင် ထိုက်တန်၏။ အားလုံးသော ရဟန်းတို့အား သပိတ်အပြည့် စတုမဓုဆေးကို လှူဒါန်း၏။ လေးလကြာ ကျောင်းလွှတ်ပူဇော်ပွဲ ကျင်းပရာ၌ အသပြာကိုးကုဋေ ကုန်ကျ၏။

ကျောင်းရေစက်ချပွဲကြီး ပြီးဆုံးသောနေ့ ညနေချမ်းအခါဝယ် သားသမီး, မြေးမြစ်အပေါင်းခြံရံလျက် "ငါတောင့်တခဲ့သမျှ ဆုတောင်းခဲ့သမျှ အလုံးစုံဥဿုံ အထွတ်အထိပ်သို့ရောက်ပြီ"ဟု အောက်မေ့ဝမ်းမြောက်ကာ ပြာသာဒ်ကျောင်းတော်ကြီးကို လှည့်လည်လျက် အလွန်သာယာသောအသံဖြင့် ဥဒါန်းကျူးရင့်လေ၏။

## တေဒဂ်ဘွဲ့ထူးကို ရရှိခြင်း

ကျောင်းအမကြီးဝိသာခါ၏အိမ်သည် နံနက်ချိန်ဝယ် သံဃာအဝင် အထွက် များလှသောကြောင့် သင်္ကန်းရောင်တို့ဖြင့် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းနေပေ၏။ သင်္ကန်းတို့မှဖြစ်ပေါ်သော ဖန်ရည်ရနံ့သည်လည်း အိမ်ပတ်ဝန်းကျင်သို့ သင်းပျံ့ကြိုင်လှိုင်နေပေ၏။ အနာထပိဏ်သူဌေး အိမ်မှာကဲ့သို့ပင် ဝိသာခါ၏အိမ်၌လည်း အာဂန္တုဆွမ်း၊ ခရီးသွားဆွမ်း အစရှိသော ဆွမ်းမျိုးစုံတို့သည် အသင့်စီမံချက်ပြုတ်ပြီးသားလျှင် ရှိကုန်၏။

ဝိသာခါသည် နံနက်ခင်း၌ ရဟန်းသံဃာတို့အား ဆိုင်ရာဆိုင်ရာ ဆွမ်းများကို ဆက်ကပ်လှူဒါန်းပြီးနောက် နေမွန်းလွဲသောအခါ

ထောပတ်, ဆီဦ, ပျားရည်, ဆီ, တင်လဲဟူသော ဆေးပစ္စည်းများကိုလည်းကောင်း၊ "**သပြေ, သရက်, မုဒရက်, ဖက်သက်, သစ်မည်စည်, ငှက်ပျောနှစ်မျိုး, ကြာစွယ်တိုး, ရှစ်မျိုးအဖျော်ရည်**"ဟူသော အဖျော်ရှစ်မျိုးတို့ကိုလည်းကောင်း၊ တပည့်တို့အား ထမ်းရွက်ယူဆောင်စေပြီးလျှင် ဘုရား သီတင်းသုံးတော်မူရာ ကျောင်းတော်သို့ သွား၏။ ရဟန်းသံဃာတို့အား လိုအပ်သလို လှူဒါန်းဆက်ကပ်၏။ ထို့နောက် မြတ်စွာဘုရား၏တရားတော်ကို နာကြားပြီး အိမ်သို့ပြန်၏။ ဤကား ဝိသာခါ၏ နိဗ္ဗာန်ကောင်းမှုဝတ်ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ဥပါသိကာများကို အစဉ်အတိုင်း ဧတဒဂ်ရာထူး ထားတော်မူသည်ရှိသော်...

"ရဟန်းတို့...စွန့်ကြဲပေးကမ်းလှူဒါန်းရခြင်း၌ နှစ်ခြိုက်မွေ့လျော်ကြသည့် ငါဘုရား၏ တပည့်မ=ဥပါသိကာတို့တွင် မိဂါရမယ်တော် ဝိသာခါသူဌေးမသည် အသာဆုံး အမြတ်ဆုံးဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ ဝိသာခါအား လှူဒါန်းရခြင်း၌ မွေ့လျော်သောအရာဝယ် အသာဆုံးအမြတ်ဆုံး=ဧတဒဂ်ရာထူးမှာ ထားတော်မူ၏။

(မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ၊ ဒုတိယပိုင်း ၂၄၃-၂၉၄)

## မျက်မှောက်ကာလ စံပြအလှူရှင်များ

ရတနာမြတ်သုံးပါးနှင့် ကံ-ကံ၏အကျိုးကို ယုံကြည်အားထားလျက် မိမိတို့တစ်သက်တာ ရှာဖွေစုဆောင်းခဲ့ကြသည့် ပစ္စည်းဥစ္စာများကို ရက်ရက်ရောရော လှူဒါန်းကြသည့် စေတနာရှင်များသည် မျက်မှောက်ကာလ၌လည်း ရှိကြသည်သာတည်း။

ရန်ကုန်တက္ကသိုလ်မှ**အငြိမ်းစားမြန်မာစာပါမောက္ခဦးအေးမောင်**သည် မိမိမကွယ်လွန်မီတွင် ၃-၉-၈၃ နေ့၌ မိမိပိုင်ဆိုင်သည့် တိုက်တာခြံမြေ, ပစ္စည်းဥစ္စာ အလုံးစုံကို သာသနာတော်အတွက် အဘိဓဇမဟာရဋ္ဌဂုရု- တိပိဋကဓရဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ အမှူးပြုသည့် တိပိဋကနိကာယ သာသနာပြုအဖွဲ့သို့ လှူဒါန်းခဲ့သည်။ လှူဒါန်းသော တိုက်အိမ်နှစ်လုံးနှင့် ဝင်းခြံများသည် ကာလတန်ဖိုးအားဖြင့် ကျပ်သိန်းရာပေါင်းများစွာ ထိုက်တန်ပေသည်။ အလောင်းတော် သုမေဓာထုံးကို နှလုံးမူ၍ လှူဒါန်းသွားသည်မှာ အတုယူဖွယ်ကောင်းလှပါသည်။

ပခုက္ကူမြို့နယ် ထနောင်းကုန်း ရှားတောကျေးရွာတွင် ၁၂၇၉ ခုနှစ်တွင် မွေးဖွားခဲ့သော **ဦးအုန်းဖေ**သည် အသက် ၁၀ နှစ်အရွယ်တွင်မှ ဘုန်းကြီးကျောင်း၌နေ၍ ပညာသင်အံခဲ့ရသည်။ အသက် ၁၅ နှစ်အရွယ်မှစ၍ သူတစ်ပါးအိမ်၌ ထမင်းတစ်ဝမ်းစား အလုပ်သမား၊ မြင်းထိန်း၊ ဖောင်လုပ်သား၊ ရွာသူကြီး၊ ဈေးကောက်၊ ပွဲစား၊ မြန်မာဆေးရွက်ကြီး အရောင်းအဝယ်လုပ်ငန်း၊ ဆေးပေါင်းရုံလုပ်ငန်း၊ ဆေးမျိုးပင်များကို ပျိုးထောင်ဖြန့်ချိသည့်လုပ်ငန်းတို့ကို အဆင့်ဆင့်လုပ်ကိုင်ခဲ့ပြီးလျှင် အသက် ၇၆ နှစ်အရွယ်၌ ငွေကျပ် ၇၆ သိန်းကျော်ကို စာပေဆုရန်ပုံငွေအဖြစ် နိုင်ငံတော်သို့ လှူဒါန်းလိုက်ရာ တစ်ပြည်လုံးက အံ့သြခဲ့ကြရသည်။

မီးဘေးကယ်ဆယ်ရေးရန်ပုံငွေ၊ သာသနာနုဂ္ဂဟဆွမ်းလောင်းအသင်းရန်ပုံငွေ၊ ကောလိပ်ကျောင်းသူ-ကျောင်းသားများအား ပညာသင်စရိတ်ထောက်ပံ့ရေးရန်ပုံငွေ၊ ဆေးရုံသစ်တည်ဆောက်ရေးရန်ပုံငွေစသည်တို့အတွက်လည်း လုံးလုံးခဲခဲ လှူဒါန်းခဲ့လေရာ ယနေ့အထိ

လှူဒါန်းပြီးခဲ့သော အလှူပမာဏစုစုပေါင်းမှာ သိန်း ၁၀၀ ကျော်သွားပြီ ဖြစ်သည်။

စာရေးသူသည် ၂၅-၉-၉၄ ရက်နေ့က **ကျောက်ဖြူမြို့**သို့သွား၍ သာသနာ့ဗိမာန်တွင် ရက်သတ္တတစ်ပတ်ကြာ ဗုဒ္ဓအဘိဓမ္မာသင်တန်းနှင့် တရားပွဲများကို သင်ကြားဟောပြောပေးခဲ့ပါသည်။ ကျောက်ဖြူမြို့တွင် သံယုတ်ဘာသာပြန်အသင်းဥက္ကဋ္ဌဖြစ်သော **ဦးအောင်သာခိုင်**နှင့် ဇနီး **ဒေါ်မစေ့ကေ**တို့၏နေအိမ်၌ တည်းခိုရပါသည်။ ဤအိမ်သည် သံယုတ်ဘာသာပြန်အသင်း၏ တည်ရာဌာနဖြစ်သည့်အပြင် ဘာသာရေး ဆွေးနွေးပွဲများကျင်းပရာနှင့် စာဖြေသံဃာများ သိတင်းသုံးရာ ဌာနလည်း ဖြစ်ပါသည်။

ဦးအောင်သာခိုင်နှင့် ဒေါ်မစေ့ကေတို့သည် မူလက ကျောက်ဖြူမြို့နယ် ကျေးရွာတစ်ရွာမှ မြေဩဇာညံ့ဖျင်းသည့် လယ်ယာမြေ တစ်ခင်းငယ်ကို ပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက်ကြရသော လယ်သမားများဖြစ်ကြသည်။ ငွေကို ချွတ်ချွေစုဆောင်း၍ အပ်ချုပ်စက် ၃ လုံး ထူထောင်သည်။ ထိုအခါ အကြွမ်းဖက်သောင်းကျန်းသူက အဆမတန် ဆက်ကြေးတောင်းခံလာသည်။ တောင်းသည့်အတိုင်း မပေးနိုင်သဖြင့် ကျောက်ဖြူမြို့ပေါ်သို့ ပြေးတက်ကာ ဆိုင်ကလေး တစ်ဆိုင်ငှား၍ လုပ်ကိုင်စားသောက်သည်။ ကြိုးစားလုပ်ကိုင်သဖြင့် ဆိုင်ကလေးမှ ကုန်စုံဆိုင်ကြီး ဖြစ်လာသည်။

ကောဇာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်မှစ၍ သာသနာတော်သို့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသည့် ပစ္စည်းလေးပါးကို ထောက်ပံ့ လှူဒါန်းခဲ့သည်။ ရှင်ပြုမင်္ဂလာနုဂ္ဂဟအလှူကိုပေးသည်၊ ကျောက်ဖြူမြို့နယ် မူရင်းတောင်ကျောင်း, သိမ်တော်ကြီးနှင့် ဓမ္မဝိဇယကျောင်းဆောင်ကြီး

ကို ဆောက်လုပ်လှူဒါန်းသည်၊ ယပ်လှဲကျောင်းတိုက်၌ အုတ်ဇရပ်ဓမ္မာရုံနှင့် မဟာရုံအုတ်တံတိုင်းတို့ကို မွမ်းမံတည်ဆောက်ခဲ့သည်။ မှတ်မှတ်ရရလှူသည့်အခါတိုင်း အလှူငွေကို ကာလတန်ဖိုးအရ တန်ဖိုးတူသည့်ရွှေအလေးချိန်နှင့်ပါ မှတ်တမ်းပြုစုထားခဲ့သည်။ လှူဒါန်းခဲ့ပြီးသောအလှူငွေ စုစုပေါင်းမှာ ရွှေချိန် ၁၈၀ ကျပ်သားကျော် ကာလတန်ဖိုးကျပ် ၉၀ သိန်းကျော် ရှိပါပြီ။ လှူဒါန်းသည့်အတွက် ဆင်းရဲသွားခြင်းမရှိ၊ သိပ်မချမ်းသာသော်လည်း ဆက်လက်လှူဒါန်းဆဲဖြစ်သည်။ အားကျစရာ, ချီးကျူးစရာ၊ အတုယူစရာဖြစ်ပါသည်။

စာရေးသူသည် ၁၀–၁–၉၅ မှ ၁၃–၁–၉၅ အထိ ပဲခူးမြို့တရားပွဲသဘင်များ၌ ဟောပြောပေးခဲ့ပါသည်။ ပဲခူးမြို့၏ ကျက်သရေဆောင် သံဃာအပါး ၁၀၀၀ ကျော်ရှိသည့် ကြခတ်ဝိုင်း ပရိယတ္တိ**စာသင်တိုက်**ကို သွားရောက်ကြည့်ရှုရာ သီရိသုဓမ္မသီဂိဘွဲ့ရ **ဒေါ်မြနွယ်**က သိမ်ကျောင်းအတွက် ကျပ် ၁၄ သိန်း ၃ သောင်းနှင့် ဆွမ်းပဒေသာပင်အတွက် ကျပ် ၁၁ သိန်းလှူဒါန်းကြောင်း ကျောက်စာမော်ကွန်းရေးထိုးထားသည်ကို ဝမ်းမြောက်စွာဖတ်ရှုရသည်။

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်း၊ အမှတ် ၁၀၈ နေ ဒေါ်မြနွယ် (၇၉–နှစ်)သည် ငွေကျပ် ၂၆၅–သိန်းကျော်ကို သာသနာတော်သို့ လှူဒါန်းထောက်ပံ့ခဲ့သဖြင့် နိုင်ငံတော်က သူမအား ၁၉၉၁–၉၂ ခုနှစ်တွင် သီရိသုဓမ္မသီဂိဘွဲ့နှင့် ၁၉၉၃ ခုနှစ်တွင် အဂ္ဂမဟာသီရိသုဓမ္မသီဂိဘွဲ့တို့ကို ချီးမြှင့်ခဲ့သည်။

၁၉၉၁–၉၂ ခုနှစ်က နိုင်ငံတော်က သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များကို ချီးမြှင့်ရာတွင်...

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၁၁၉ နေ **ဦးပွင့်ကောင်း(၇၆ နှစ်)**ကို သာသနာတော်သို့ သိန်း ၁၀၀ ကျော် လှူဒါန်းခဲ့သည့်အတွက် သိရိသုဓမ္မမဏိဇောတဓရဘွဲ့ ချီးမြှင့်သည်။

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ အမှတ် ၉၅ နေ **ဦးစောဦး** (၉၂ နှစ်)ကို သာသနာတော်သို့ ငွေကျပ်သိန်း ၉၀ ကျော် လှူဒါန်းခဲ့သည့်အတွက် အဂ္ဂမဟာသိရိသုဓမ္မမဏိဇောတဓရဘွဲ့ ချီးမြှင့်သည်။

မန္တလေးမြို့၊ အောင်နန်းအနောက် ၈၄–လမ်း၊ အမှတ် ၁၇၀ နေ **နဂါးဒေါ်ဦး**(၈၂ နှစ်)ကို သာသနာတော်သို့ ငွေကျပ် ၁၃၃ သိန်း လှူဒါန်းခဲ့သည့်အတွက် အဂ္ဂမဟာသိရိသုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်ပါသည်။

၁၉၉၃ ခုနှစ်၌ နိုင်ငံတော်က သာသနာနုဂ္ဂဟဘွဲ့များကို ချီးမြှင့်ရာတွင်–

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် ၂၆၂/၂၆၈၊ အခန်း–၃၁ နေ **အဏ္ဏဝါဦးသန်းအောင်** (၆၉–နှစ်)ကို သာသနာတော်သို့ ငွေကျပ်သိန်းတစ်ရာကျော် လှူဒါန်းပူဇော်ခဲ့သည့်အတွက် အဂ္ဂမဟာသိရိသုဓမ္မမဏိဇောတဓရဘွဲ့ အပ်နှင်းသည်။

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ညောင်ဖြူစခန်း၊ အမှတ် ၃၁၊ ၂၁ နေ **ဦးသိန်းတင်(ခေါ်) ဦးစိန်တင်** (၆၁–နှစ်)ကို သာသနာတော်သို့ ငွေကျပ်သိန်း ၉၀–ကျော် လှူဒါန်းခဲ့သည့်အတွက် သိရိသုဓမ္မမဏိဇောတဓရဘွဲ့ ချီးမြှင့်သည်။

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ပဒုမ္မာလမ်း၊ အမှတ် ၂၉ အက်ဖ်နေ **ဒေါ်ဒေါ်အုန်း**(၇၂ နှစ်)အား သာသနာတော်သို့ ငွေကျပ် သိန်း ၁၈၀ ကျော် လှူဒါန်းခဲ့သည့်အတွက် အဂ္ဂမဟာသိရိသုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်သည်။

မန္တလေးတိုင်း၊ မန္တလေးမြို့၊ ငွေဆယ်ဆပ်ပြာစက်ပိုင်ရှင် **ဒေါ်ဆယ်** (ခ) **ဒေါ်ငွေဆယ်** (၆၃ နှစ်)အား သာသနာတော်သို့ ငွေ ၁၃၉ သိန်း ကျော် လှူဒါန်းခဲ့သည့်အတွက် အဂ္ဂမဟာသီရိသုဓမ္မသီဂိဘွဲ့ကို ချီးမြှင့်သည်။

၁၉၉၄ ခုနှစ်၌ နိုင်ငံတော်က သာသနာနုဂ္ဂဟဘွဲ့များကို ချီးမြှင့်ရာတွင်–

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ ၄ ရပ်ကွက်၊ လသာလမ်း အမှတ် ၁၂၁ နေ **ဒေါ်ခင်ကြည်**(၇၄ နှစ်)ကို သာသနာတော်သို့ ငွေကျပ် သိန်း ၈၀ ကျော် လှူဒါန်းခဲ့သည့်အတွက် သီရိသုဓမ္မသီဂိဘွဲ့ကိုလည်းကောင်း၊

မန္တလေးတိုင်း၊ ညောင်ဦးမြို့၊ အမှတ် (၄)နယ်မြေ၊ ချမ်းသာကြီးဆုံကုန်းရပ်၊ **ရွှေယုန်မင်းဆေးလိပ်ခုံဒေါ်တိုး**(၇၈ နှစ်)ကို သာသနာတော်သို့ ငွေကျပ် ၇၈ သိန်းကျော် လှူဒါန်းခဲ့သည့်အတွက် သီရိသုဓမ္မသီဂိဘွဲ့ကိုလည်းကောင်း၊

မန္တလေးတိုင်း၊ သဲတောဝမ်းတွင်းမြို့နယ်၊ မြို့မရပ်၊ မြနန်းဆီအထည်စက်ရုံအမှတ်(၁) **ဒေါ်ကြွယ်**(၆၈–နှစ်)ကို သာသနာတော်သို့ ငွေကျပ် ၇၇ သိန်းကျော် လှူဒါန်းခဲ့သည့်အတွက် သီဟသုဓမ္မသီဂိဘွဲ့ကိုလည်းကောင်း စသည်ဖြင့် ချီးမြှင့်ပေးခဲ့ပါသည်။

၁၉၉၅–ခုနှစ်၌ နိုင်ငံတော်က သာသနာနုဂ္ဂဟဘွဲ့များ ချီးမြှင့်ရာတွင်–

မန္တလေးတိုင်း၊ မိုးကုတ်မြို့၊ ဈေးဟောင်းရပ်နေ **ဦးညီညီ**(၅၉–နှစ်)ကို သာသနာတော်သို့ ငွေကျပ် ၁၅၈ သိန်းကျော် လှူဒါန်းခဲ့သည့်အတွက် သီဟသုဓမ္မမဏိဇောတဓရဘွဲ့ကိုလည်းကောင်း၊

ရန်ကုန်မြို့၊ အမှတ် ၃၂၆ ပြည်လမ်းနေ **ဦးကျော်မင်း(၅၅ နှစ်)** ကို သာသနာတော်သို့ ငွေကျပ်သိန်း ၁၀၀ ကျော် လှူဒါန်းခဲ့သည့်အတွက် သိပဟသုဓမ္မမဏိဇောတဓရဘွဲ့ကိုလည်းကောင်း၊

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ အမှတ် ၂၄–နဝဒေးလမ်းနေ **ဒေါ်မြသီ** (၇၈–နှစ်)ကို သာသနာတော်သို့ ငွေကျပ် ၁၀၃ သိန်းကျော် လှူဒါန်း ခဲ့သည့်အတွက် သီရိသုဓမ္မသီဂိဘွဲ့ကိုလည်းကောင်း၊

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၁၆၃/၁၆၇ ပန်းဆိုးတန်းလမ်းနေ **ဒေါ်ကြည်ကြည်**(၇၅ နှစ်)ကို သာသနာတော်သို့ ငွေကျပ် သိန်း ၃၀၀ ကျော် လှူဒါန်းခဲ့သည့်အတွက် သီရိသုဓမ္မသီဂိဘွဲ့ ကိုလည်းကောင်း စသည်ဖြင့် နိုင်ငံတော်အစိုးရက အသီးသီး ချီးမြှင့် ပေးခဲ့ပါသည်။

ကျွန်တော့်မိတ်ဆွေ **မန်းမြို့တော်ကပီး ဦးအောင်မြင့်**သည် မိဘ နှစ်ပါးကို အမှူးထား၍ မော်လမြိုင်ဖားအောက်တောရရိပ်သာ၊ မန္တလေး ဖားအောက်တောရရိပ်သာ၊ ဘားအံ ဖားအောက်တောရရိပ်သာ စသည် ဖြင့် သာသနာရေးကိစ္စများတွင် စီးပွားရှာရင်း ရှိသမျှ အိတ်သွန် ဖာမှောက် လှူဒါန်းလာခဲ့ရာ ယခုအခါ ကျပ်သိန်း ၁၀၀ ကျော် လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။ စီးပွားရေးကောင်းမွန်လျက်ရှိပါသည်။

ကောဇာသက္ကရာဇ် ၁၃၆၀ ပြည့်နှစ် တပေါင်းလပြည့် (၁–၃–၉၉)နေ့ **ရွှေတိဂုံစေတီတော်၏ ထီးတော်တင်ပွဲ**တွင် ဦးအောင်ကိုဝင်း၊ ဒေါ်နန်းသန်းထွေးမိသားစုက ရွှေ ၅–ပိဿာ၊ မန္တလေးမြို့မှ ဒေါ်မြင့်မြင့် မိသားစုက စိန် ၃၇–ကယ်ရက်ပါရှိသော ရွှေဘီးနှင့် ရွှေရင်ထိုး၊ အချို့က တစ်ဦးတည်း ကျပ်သိန်း ၅၀၀ အထိ စေတနာရှင်များက

သာသနာတော်ကို ကြည်ညိုရှ် သဒ္ဒါထက်သန်စွာ လှူဒါန်းကြသည်မှာ အံ့ဩချီးမွမ်းဖွယ်ကောင်းလှပေတော့၏။

ထို့အပြင် ယုဇနဆောက်လုပ်ရေး၊ ဇေကမ္ဗာဆောက်လုပ်ရေး၊ တက်လမ်းဆောက်လုပ်ရေး၊ ရွှေသံလွင်ဆောက်လုပ်ရေး စသည့် ကုမ္ပဏီများကလည်း လူမှုရေး, ပညာရေး, ဘာသာရေး စသည်တို့ အတွက် ကျပ်သိန်းထောင်ချီ၍ လှူဒါန်းနေကြသည်မှာလည်း ပီတိ လျှမ်းဖွယ်ရာ ချီးကျူးဖွယ်ရာ ကောင်းလှပါတော့သည်။

ရက်ရက်ရောရော လှူဒါန်းသူများသည် နောင်ဘဝများတွင် ကြီးကျယ်သော ဘဝသမ္ပတ္တိကို ရရှိကြမည် ဧကန်တည်း။

## တရားအလှူသည် အမြတ်ဆုံး

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။**

*အလုံးစုံသောအလှူတို့ကို တရားအလှူက အောင်နိုင်၏။*

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသည့် ပစ္စည်းဝတ္ထုများကို လှူဒါန်းခြင်းသည် အာမိသဒါနမည်၏၊ ပစ္စယဒါနဟုလည်း အမည် ရ၏။

သူတစ်ပါးတို့အား ပရိယတ္တိစာပေသင်ကြားပေးခြင်း၊ တရား ဟောပြောခြင်းနှင့် မင်္ဂလာသင်တန်း၊ ဝတ်ရွတ်စဉ်သင်တန်း၊ အဘိဓမ္မာ သင်တန်း၊ ဗုဒ္ဓဝင်သင်တန်း၊ ဗုဒ္ဓယဉ်ကျေးမှုသင်တန်း စသည်တို့ကို ပို့ချပေးခြင်းတို့သည် ဓမ္မဒါနမည်၏။ သမထ–ဝိပဿနာရှုပွားနည်း များကို သင်ကြားပြသပေးခြင်းသည်လည်း ဓမ္မဒါနပင်ဖြစ်သည်။

မြတ်စွာဘုရား၏ တရားတော်သည် အပါယ်မကျအောင် ကယ် ဆောင်နိုင်ပြီး လူချမ်းသာ–နတ်ချမ်းသာ–နိဗ္ဗာန်ချမ်းသာဟူသည့်

သုံးတန်သောချမ်းသာကို ပေးစွမ်းနိုင်၏။ တရားအလှူသည် အများဆုံး အကျိုးရှိအောင် စွမ်းဆောင်ပေးနိုင်သည့်အတွက် တရားအလှူကို အမြတ်ဆုံးအလှူဟု သတ်မှတ်ခြင်းဖြစ်သည်။

တရားအသိပညာရှိအောင် တရားစာအုပ်များကို ပေးလှူခြင်း၊ ပိဋကတ်သုံးပုံကို လှူဒါန်းခြင်း၊ တရားပွဲများဖြစ်အောင် ထောက်ပံ့ လှူဒါန်းခြင်း၊ တရားရိပ်သာများဖြစ်ပေါ်အောင် လှူဒါန်းပံ့ပိုးခြင်း၊ တရားဖြန့်ချိနေသောပုဂ္ဂိုလ်တို့အား တရားဖြန့်ချိနိုင်အောင် လှူဒါန်း ထောက်ကူပေးခြင်း စသည်တို့သည် လူများစွာတို့၏ နှလုံးသားများတွင် တရားကိန်းသွားအောင် အကျိုးဆောင်ပေးခြင်းဖြစ်၍ အလွန်အကျိုးကြီး ပါသည်။ မြတ်စွာဘုရားသည် တရားပူဇော်လိုသောပုဏ္ဏားတစ်ဦးအား ဓမ္မဘဏ္ဍာဂါရိကဖြစ်တော်မူသော အရှင်အာနန္ဒာအား လှူဒါန်းပူဇော်ရန် ညွှန်ကြားခဲ့သော သာဓကရှိပါသည်။

တရားနာခြင်း, တရားဟောပြောခြင်းတို့သည် ကြီးပွားချမ်းသာ ကြောင်း ဓမ္မဿဝနနှင့် ဓမ္မဒေသနာမင်္ဂလာတရားများဖြစ်ကြသည်။ တရားနာကြား၍ တရားအသိရှိလာမှသာလျှင် အာမိသဒါနများကို ပေးလှူနိုင်သည်၊ သီလဆောက်တည်နိုင်သည်၊ ဘာဝနာရှုပွားနိုင်သည်။ တရားအသိသည် သမ္မာဒိဋ္ဌိအယူမှန်ကို ဖြစ်ပေါ်စေသဖြင့် ကုသိုလ် ကောင်းမှုအားလုံးတို့၏ ပင်မရေသောက်မြစ်ကြီး ဖြစ်ပေသည်။

ဓမ္မဒါန၏အကျိုးကြီးကျယ်ပြန့်ပြောပုံကို ထင်ရှားစေလို၍ ရှေးပညာရှိများက "**နာကိုး, တောင်းရှစ်၊ သာဓုတစ်၊ ဟောလစ် အသချေ**"ဟု ဆောင်ပုဒ်ပြုလုပ်ထားသည်။

တရားနာကြားသူသည် ကိုးကမ္ဘာ အပါယ်မလားနိုင်၊ တရား ဟောရန် တောင်းပန်သောသူသည် ရှစ်ကမ္ဘာ အပါယ်မလားနိုင်၊

ဝမ်းမြောက်စွာ သာဓုခေါ်သူသည် တစ်ကမ္ဘာအပါယ်မလားနိုင်၊ လာဘ်လာဘမငဲ့ဘဲ တရားဟောပြောသင်ပြသူသည် ကမ္ဘာအသင်္ချေ တိုင်အောင် အပါယ်မလားနိုင်ကြောင်းကို ညွှန်ပြထားပါသည်။

ဗုဒ္ဓဘာသာဝင်များသည် ဓမ္မဒါနထက် အာမိသဒါနဘက်တွင် ပိုအားသန်နေကြသည်။ သာသနာတော်ထွန်းကားပြန့်ပွား၍ အဓွန့် ရှည်စွာ တည်တံ့ရန်မှာ အာမိသဒါနထက် ဓမ္မဒါနက ပိုအရေးကြီးပါ သည်။ သာသနာဟူသောပင်စည်ကြီး ရှင်သန်တည်တံ့, ခိုင်ခံ့စည်ပင်လို လျှင် လှည်းနေလှေအောင်း မြင်းဖောင်းမကျန် မိရိုးဖလာ ဗုဒ္ဓဘာသာဝင် တိုင်း၏နှလုံးသားတွင် မြတ်စွာဘုရား၏ တရားအသိ ကိန်းအောင်းရန် ဆောင်ရွက်ပေးကြရပေလိမ့်မည်။

"**ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်**"ဟူသော စကားကို အထူးသတိမူသင့်ပါသည်။ ကျောင်း, တန်ဆောင်း, စေတီပုထိုးတို့က ရွှေရောင်တဝင်းဝင်းနှင့် အလွန်ကြည်ညိုဝမ်းမြောက်ဖွယ်ကောင်းပါ သော်လည်း ဆာလောင်ငတ်မွတ်နေသူတို့က မကြည်ညိုနိုင်၊ ထို့ထက် တရားအသိခေါင်းပါးနေသူတို့က မကြည်ညိုမလေးမြတ်နိုင်ကြ။

## "သောခမ္ပဲ ပဿတိ သောဟံ ပဿတိ"

"တရားကိုသိမှ မြတ်စွာဘုရားကို သိသည်"ဟူသည့်အတိုင်း ကလေး, လူငယ်, လူရွယ်, လူကြီးတို့၏နှလုံးသားများတွင် တရားအသိ ကိန်းအောင်းလာပါမှ ခိုင်မာသောသဒ္ဓါတရား ဖြစ်လာကြပြီးလျှင် ရွှေရောင်တဝင်းဝင်းနှင့် ကျောင်း, တန်ဆောင်း, စေတီပုထိုးတို့ကို လေးလေးမြတ်မြတ် ကြည်ညိုလာကြမည်ဖြစ်ပါသည်။

* ကလေးသူငယ်များ လိမ္မာယဉ်ကျေးလာအောင် ယဉ်ကျေးမှုသင်တန်းများ ကျင်းပကြ၊ ကူညီပံ့ပိုးကြ။
* ရင်သွေးငယ်များကို အိမ်မှာရောကျောင်းမှာပါ တရားဆုံးမစာများကို သွန်သင်ညွှန်ပြကြ။
* ရပ်ကွက်တိုင်း ဓမ္မာရုံတိုင်း၌ ဝတ်ရွတ်စဉ်သင်တန်း, မင်္ဂလာဗုဒ္ဓဝင်သင်တန်းများကို ကျင်းပကြ။
* ခေတ်ပညာ အသင့်အတင့်ရှိလာသူများအတွက် အဘိဓမ္မာသင်တန်း, ဝိသုဒ္ဓိမဂ်သင်တန်း, သမထဝိပဿနာသင်တန်းများကို ကျင်းပကြ။
* လူအားလုံးအတွက် တရားပွဲများ၊ တရားဆွေးနွေးပွဲများ၊ စုပေါင်းတရားထိုင်ခြင်းများကို ပြုလုပ်ကြ။
* ခေတ်စာပေ, ဗုဒ္ဓစာပေများကို လူငယ်, လူရွယ်, လူကြီးများဖတ်ရှုနိုင်ရန် ဗုဒ္ဓစာကြည့်တိုက်များ ထူထောင်ကြ။

## လက်တွဲညီညာ သာသနာပြုကြစို့

အလွန်ရှည်လျားသော ကမ္ဘာ့သမိုင်း, လူ့သမိုင်းကို ဆန်းစစ်ကြည့်လျှင် ထေရဝါဒဗုဒ္ဓသာသနာတည်ရှိခဲ့သော အချိန်ကာလသည် အလွန်တိုတောင်းလှပါ၏။ တစ်ချိန်က ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသော လူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၃ ပုံ ၁ ပုံကျော် ရှိခဲ့ပါသော်လည်း ယနေ့ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၆၀၀၀ ကျော်ဖြစ်လာသည့်အချိန်၌ ထေရဝါဒ ၅ နိုင်ငံတွင် ဗုဒ္ဓဘာသာဝင်ဦးရေ သန်း ၁၀၀ ကျော်သာ ရှိပါတော့သည်။

ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်၌သာ တည်နေနိုင်သကဲ့သို့ အလွန်နက်နဲသိမ်မွေ့မြင့်မြတ်သော မြတ်စွာဘုရား၏ အဆုံးအမတို့သည် ပါရမီရှင်များ၏နှလုံးသားတို့၌သာ ကိန်းဝပ်နေနိုင်ပါသည်။ သို့အတွက် ထေရဝါဒဗုဒ္ဓဘာသာဝင်ဦးရေ နည်းပါးရသည်မှာ အံ့ဩဖွယ်မရှိ။ မဟာယာနဗုဒ္ဓဘာသာဝင်ဦးရေများကိုပါ ထည့်သွင်းရေတွက်လျှင် ကမ္ဘာ့ဗုဒ္ဓဘာသာဝင်ဦးရေသည် သန်း ၅၀၀ ခန့်ရှိသည်ဟု ဆိုနိုင်ပါလိမ့်မည်။

ယနေ့ ထေရဝါဒဗုဒ္ဓဘာသာ အထွန်းတောက်ဆုံးဖြစ်သည့် မြန်မာနိုင်ငံတွင် လူဦးရေ ၉၀ ရာခိုင်နှုန်းကျော်သည် ဗုဒ္ဓဘာသာဝင်များဟု ခံယူထားကြသော်လည်း အများစုမှာ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များသာဖြစ်ကြသဖြင့် ဗုဒ္ဓဝါဒ၏ အနှစ်သာရကို မိမိရရ မသိရှိကြချေ။ မသိသည့်အတွက် ပြည့်ပြည့်ဝဝ မခံစားကြရချေ။

ယနေ့ ဗုဒ္ဓဘာသာဝင်အများစုသည် ဗုဒ္ဓဘာသာ၏ သဘောတရားများကို အကျဉ်းချုပ် အနှစ်ထုတ်ပေးထားသော အဘိဓမ္မာသင်္ဂြိုဟ် ၉ ပိုင်းကို လေ့လာဖတ်ရှုရကောင်းမှန်း မသိကြ။ ရင်သွေးငယ်များနှင့် လူငယ်လူရွယ်အများစုတို့သည်လည်း မြန်မာ့ယဉ်ကျေးမှု၏ အမွေအနှစ်ဖြစ်သည့် ဗုဒ္ဓဘာသာယဉ်ကျေးမှု၏အနှစ်သာရများကို မသိနားမလည်ကြ။

ဓမ္မဟူသည့်တရားကို မသိလျှင် ဗုဒ္ဓဟူသည့်ဘုရားကို မသိနိုင်သဖြင့် တရားသဘောကို မသိနားမလည်သူသည် မိမိကိုးကွယ်သည့်ဘာသာကို အလေးအနက်မထားသည့်အပြင် မိမိ၏ ရိုးရာအစဉ်အလာကောင်းဖြစ်သော မြန်မာ့ယဉ်ကျေးမှုကိုလည်း နှစ်သက်မြတ်နိုးရကောင်းမှန်း သိမည်မဟုတ်ချေ။

ဘာသာနှင့်ယဉ်ကျေးမှု တိမ်ကောပပျောက်လျှင် လူမျိုးပါ တိမ်ကောပပျောက်သွားလိမ့်မည်။ လူသားတိုင်းသည် မိမိအမျိုးဘာသာ သာသနာနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းရန် တာဝန်ရှိသည်။ ဤသမိုင်း ပေးတာဝန်ကို ဦးလည်မသုန် ဦးထိပ်ပန်ဆင်၍ ကမ္ဘာ့အမြင့်မြတ်ဆုံး အသိပညာဖြစ်သည့် မြတ်ဗုဒ္ဓ၏တရားတော်နှင့် ကမ္ဘာ့အလှဆုံး ယဉ်ကျေးမှုတစ်ရပ်ဖြစ်သော မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ကြပါစို့။

မိမိကိုယ်တိုင် သိနားလည်အောင် လေ့လာဆည်းပူး၍ သိနားလည်သည့်အတိုင်း ကျင့်သုံးနေထိုင်ခြင်းသည် မိမိ၏ဘာသာယဉ်ကျေးမှုကို ထိန်းသိမ်းသည်မည်၏။ ဘာသာယဉ်ကျေးမှု၏ အရည်အသွေးကို မြှင့်တင်၍ တစ်ပါးသူတို့ပါ သိနားလည်ပြီးကျင့်သုံးအောင် လုပ်ဆောင်ပေးခြင်းသည် ဘာသာယဉ်ကျေးမှုကို မြှင့်တင်ဖြန့်ချိပေးခြင်းမည်ပါ၏။

စာရေးသူအနေဖြင့် ဗုဒ္ဓဘာသာ၏ သဘောတရားပိုင်းဖြစ်သည့် ဗုဒ္ဓအဘိဓမ္မာကို ၃ ရက်တည်းဖြင့် ခြုံငုံ၍ သိနားလည်နိုင်အောင် စနစ်သစ်တီထွင်ကာ ရန်ကုန်တက္ကသိုလ်များမှော်ရုံ၌ ၂–ကြိမ် ပို့ချပေးခဲ့သည်။ ထို့နောက် ၄ ရက်ကြာ ဗုဒ္ဓအဘိဓမ္မာရက်တိုသင်တန်းများကို အမြို့မြို့အနယ်နယ်သို့ လှည့်ပတ်၍ သင်ကြားပို့ချပေးခဲ့သည်။ အချို့မြို့များ၌တစ်ညဉ့် ၃ နာရီနှုန်းဖြင့် ၉ ညဉ့်ကြာ အဘိဓမ္မာသင်္ဂြိုဟ် ၉ ပိုင်းကို ပို့ချပေးခဲ့သည်။

ဤရက်တိုအဘိဓမ္မာသင်တန်းများတွင် နိုင်ငံတော်အစိုးရ သာသနာရေးဦးစီးဌာနမှ နှစ်စဉ်ကျင်းပပေးသော အဘိဓမ္မာရိုးရိုးတန်းစာမေးပွဲ ၃ ဆင့် သင်ရိုးအကုန်ကို ခေတ်အမြင် သိပ္ပံအမြင် လက်တွေ့ တရားအားထုတ်၍ သိရှိရသော အထောက်အထားများနှင့်ပါ ပေါင်းစပ်

လျက် ပြည့်ပြည့်စုံစုံ တိတိကျကျ ရှင်းရှင်းလင်းလင်း ပို့ချပေးပါသည်။ ရက်ရှည်အဘိဓမ္မာသင်တန်းတက်ရသကဲ့သို့ပင် အလွန်အကျိုးကျေးဇူး များပါသည်။ အချို့ဓမ္မာစရိယစာချ ကိုယ်တော်များသည်ပင် သင်တန်း အစအဆုံး နားထောင်ပြီး ချီးကျူးကာ နည်းယူကြပါသည်။

စာရေးသူသည် ၁၉၈၃ ခုနှစ်မှစ၍ အဘိဓမ္မာသင်တန်းကို ပို့ချ ပေးခဲ့ရာ ၁၉၉၉ ခုနှစ် နိုဝင်ဘာလကုန်အထိ သင်တန်းပေါင်း ၁၇၂၊ သင်တန်းတက်သူ ၃၅၀၀၀ ကျော်တို့ကို သင်ကြားပို့ချပေးခဲ့ပြီး ဖြစ်ပါသည်။

မူလတန်း–အလယ်တန်း–အထက်တန်းအဆင့်ရှိကြသော ရင်သွေး ငယ်များနှင့် မောင်မယ်များကို ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို ၁၉၉၅ ခုနှစ် ဧပြီလမှ စတင်ပို့ချပေးခဲ့ရာ ၁၉၉၉ ခုနှစ် နိုဝင်ဘာလ အထိ ယဉ်ကျေးမှုသင်တန်းပေါင်း ၆၄၃ ခု၊ သင်တန်းသား ၃၅၀,၀၀၀ ကျော်ကို သင်ကြားခွင့်ရခဲ့ပါသည်။

အများပြည်သူတို့အတွက် တရားသဘောများကို ရှင်းရှင်း လင်းလင်း သဘောပေါက်နားလည်ရန်အတွက် တရားစာအုပ် ၃၀ အုပ်နှင့် ဆောင်းပါးမြောက်မြားစွာကို ရေးသားခဲ့ပြီးဖြစ်ပါသည်။ အမြို့မြို့အနယ်နယ်သို့ လှည့်ပတ်၍ ဓမ္မသဘင်များကိုလည်း ဆင်ယင် ကျင်းပပေးခဲ့ရာ ၁၉၈၆ ခုနှစ်မှ ၁၉၉၉ ခုနှစ် နိုဝင်ဘာလအထိ တရားပွဲပေါင်း ၈၇၄ ကြိမ် ဟောပြောပေးခဲ့ပါသည်။ ဤဓမ္မစာအုပ်များ၊ ဓမ္မဆောင်းပါးများနှင့် ဓမ္မတရားပွဲများသည် လူသိန်းပေါင်း များစွာကို အကျိုးပြုပေးခဲ့သဖြင့် စာရေးသူအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူ၍မဆုံး ရှိပါသည်။

*"ကိုယ်တည်း တစ်ယောက်၊ ချမ်းသာရောက်ဖို့၊ ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရှည်ကြာအစွန့်၊ ရောင်လျှံကွန့်ဖို့၊ စွန့်စွန့်စားစား၊ ငါကြိုးစားသည်၊ စိတ်ထားငါ့မှာ အမြဲတည်း..."*

စာရေးသူအနေဖြင့် အသက်နှင့်ခန္ဓာ တည်မြဲနေသရွေ့ကာလ ပတ်လုံး ကာယ, ဉာဏ စွမ်းအားရှိသမျှ မြတ်ဗုဒ္ဓ၏ သာသနာတော်ကို ထာဝစဉ် ဦးထိပ်ပန်ဆင်လျက် ပြည်တွင်းပြည်ပ ကျယ်ကျယ်ပြန့်ပြန့် သာသနာပြုနိုင်အောင် ဆက်လက်ကြိုးပမ်းသွားပါမည်။

စာရေးသူ၏ သာသနာပြုလုပ်ငန်းတွင် စေတနာ, သဒ္ဓါကြည်လင်စွာဖြင့် မိမိတို့၏ဆန္ဒအလျောက် ဝိုင်းဝန်းထောက်ပံ့ ကူညီလှူဒါန်းကြသော စေတနာရှင်အပေါင်းတို့အား အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ စာရေးသူနှင့် လက်တွဲ၍ သာသနာပြုကြရန်ကိုလည်း နှိုးဆော်တိုက်တွန်းအပ်ပါသည်။

*"ဗုဒ္ဓသာသနာ၊ ပွင့်ပေါ်လာ၊ လူနတ်များမှာ ချမ်းသာဖို့ပဲ။*
*အတုမရှိတဲ့ မြတ်သာသနာ၊ ရောင်ဝါနေသို့ ထွန်းလင်းနေဆဲ။*
*ဗုဒ္ဓမြတ်စွာ ကြည်ညိုကာ၊ သဒ္ဓါကြည်ဖြူ လှူကြတန်းကြ။*
*သဒ္ဓါကြည်ဖြူ၊ ပေးလို့လှူ၊ ဓမ္မူတစ်ခွင်မှာ ထည်ဝါရလိမ့်။*
*တစ်ပဲရလို့ တစ်မူးလှူ၊ တို့တိုင်းပြည်သူ တူနိုင်ရိုးလား။*
*တစ်ကျပ်လှူတဲ့ မြတ်စေတနာ၊ ရွှေအိုးရတနာ မြှုပ်နှံတာပဲ။*
*ပဒေသာပင်ကြီး ပေါက်လို့လာ၊ ရောက်ရာဘဝမှာ ပျော်ရွှင်ရမြဲ။*

*ထိပ်တန်းရောက်တဲ့ မြတ်သာသနာ၊ ကမ္ဘာတည်သရွေ့ တည်မြဲစေသား။*

**ဒေါက်တာမင်းတင်မွန်**

၁၉၉၅–ခု၊ ဇူလိုင်လ။
၁၉၉၉–ခု၊ ဒီဇင်ဘာလ–ဒုတိယအကြိမ် တည်းဖြတ်သည်။

# ဒေါက်တာမင်းတင်မွန်၏ စာအုပ်ရတနာများ

မြတ်ဗုဒ္ဓ
မြတ်ဓမ္မ
မြတ်သံဃာ
မြတ်သရဏဂုံ
ဘဝအောင်မြင်ရေးသို့ ရှေးရှုကြ
ဘဝချမ်းသာရေး
ဘဝလမ်းနှစ်သွယ်
ဖားအောက်တောရ မိတ်ဆက်
လိမ္မာယဉ်ကျေး တို့ရင်သွေး
မြတ်ဒါန
မြတ်သီလ
မြတ်ဘာဝနာ
မေတ္တာနှင့်သစ္စာအဖွင့်
မေတ္တာနှင့်သစ္စာသရုပ်ဖော်
ဆေးမကုဘဲ ငြိမ်းအေးနည်း
ဝိပဿနာဂုဏ်ထူးဆောင် တော်ကူးဆရာတော်
တော်ကူးဆရာတော် ဘဝဆည်းဆာနှင့် ကျင့်စဉ်တရား
ရှေးဘဝ နောက်ဘဝ သိပ္ပံနည်းကျ အထောက်အထားများ
အမြတ်ဆုံးပန်းတိုင် ဧကန်ပိုင် (၁)
အမြတ်ဆုံးပန်းတိုင် ဧကန်ပိုင် (၂)
ဗုဒ္ဓအဘိဓမ္မာ အနှစ်ချုပ်
တက္ကသိုလ်အဘိဓမ္မာ အတွဲ ၁၊ ၂၊ ၃၊ (ပေါင်းချုပ်)

၂၃။ ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ (အိတ်ဆောင်)

၂၄။ တော်ကူးကျင့်စဉ်တရား (အိတ်ဆောင်)

၂၅။ သပြေကန်ဆရာတော်ဘုရားကြီး

၂၆။ ဘဝရည်မှန်းချက်နှင့် ဘဝလမ်းစဉ်
The Aim & Way of Life.

၂၇။ ဘဝကိစ္စနှင့် ဘဝပန်းတိုင်
The Purpose and the Goal of Life.

၂၈။ ဗုဒ္ဓဘာသာ စာရိတ္တပညာနှင့် ကျင့်ဝတ်များ
Buddhist -Ethics and Duites.

၂၉။ ဗုဒ္ဓဝါဒနှင့် ခေတ်သစ်ဘဝ
Buddhism in Modern Life.

၃၀။ သိပ္ပံနယ်လွန်ဗုဒ္ဓဘာသာ
Supreme Science of the Buddha.

၃၁။ ခေတ်အမြင်နှင့် သိမှတ်စရာ ဗုဒ္ဓဘာသာအကျဉ်း
Buddhism in Nutshell.

၃၂။ လိုရင်းအနှစ်တရား ဗုဒ္ဓစကားတော်
The Word of the Buddha.

၃၃။ ပျော်ရွှင်အောင်မြင်သောနေထိုင်နည်း
How to Live Without Fear and Worry I.

၃၄။ သောက ဒေါသ အတ္တ ဘဝ အခက်အခဲဟူသမျှ ကျော်လွှားအံ့
How to Live Without Fear and Worry II.

၃၅။ ဘဝလွတ်မြောက်ရေးနှင့် အရိယသစ္စာ

၃၆။ ESSENCE OF THE BUDDHA ABHIDHAMMA

၃၇။ အကောင်းဆုံး ဘဝလမ်းညွှန်မှု

၃၈။ သမထနှင့် ဝိပဿနာတို့တွင် အောင်မြင်ပေါက်မြောက်ခြင်း

၃၉။ မှန်ကန်သောဘဝအမြင်၊ အသက်ရှင်ခြင်းနှင့် သေခြင်း

၄၀။ GOOD ENGLISH

၄၁။ GOOD LETTERS

၄၂။ POCKET BEST SPEAKING *medium size*

၄၃။ BEST BASIC SPEAKING *small size*

၄၄။ GOOD SPEAKING

၄၅။ GOOD ESSAYS

၄၆။ ဘဝဖန်တီးရှင်ကံတရား

၄၇။ ဝိသုဒ္ဓိမဂ္ဂအလင်းပြ (ပထမတွဲ)

၄၈။ ဝိသုဒ္ဓိမဂ္ဂအလင်းပြ (ဒုတိယတွဲ)

၄၉။ ဝိသုဒ္ဓိမဂ္ဂအလင်းပြ (တတိယတွဲ)

၂၂၈၉၈

တင့်တယ်လှပ ချမ်းသာကြွယ်ဝရေး

# မြတ်ဒါန

သင့်ဘဝတိုးတက်ကြီးပွားအောင် ဘယ်သူစွမ်းဆောင်ပေးမလဲ။

အချမ်းသာဆုံးလူတွေက ဘယ်လိုနည်းနဲ့ချမ်းသာလာကြသလဲ။

အရိယာသူတော်ကောင်းများဟာ ထိပ်တန်းဘဝကို ဘယ်လိုရရှိကြသလဲ။

ကြာညိုပန်းလိုသင်းပျံ့ပြီး မြတ်လေးပန်းလိုလှပကာ ပဥ္စပါပီလိုအတွေ့ထူးအောင် ဘယ်လိုလုပ်ရမလဲ။

ကမ္ဘာ့အလှဆုံးအမျိုးသမီးဖြစ်အောင် ဥမ္မာဒန္တီ ဘယ်လိုလှူဒါန်းခဲ့သလဲ။

ကမ္ဘာ့အချမ်းသာဆုံးသူဌေးကြီးဖြစ်အောင် ဦးဇောတိက ဘယ်လိုလှူဒါန်းခဲ့သလဲ။

မုယောမုန့်သုံးခု လှူရုံဖြင့် နေ့ချင်းမိဖုရားခေါင်ဖြစ်သွားတယ်ဆိုပါလား။

သဘက်တစ်ထည် လှူရုံမျှဖြင့် လက်ငင်းချမ်းသာကြွယ်ဝသွားတယ် ဆိုပါလား။

ဒေါ်လာတစ်မတ်လှူရုံမျှဖြင့် မီလျံနာသူဌေးကြီးဖြစ်သွားတယ်ဆိုပါလား။

ဤစာအုပ်သည် သင့်ဘဝကို ကောန်တိုးတက်ကြီးပွားစေလိမ့်မည်။

## ဒေါက်တာမင်းတင်မွန်

cover designed by mehm thitsa